www.burmeseclassic.com

# The SUPREME SCIENCE OF The BUDDHA

BY

Egerton C.Baptist

BURMESE CLASSIC .com

# သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ

ဒေါက်တာမင်းတင်မွန်

မြ န် မာ ဘာ သာ ပြ န် ဆို သ ည်

www.burmeseclassic.com

www.burmeseclassic.com

# The Supreme Science of The Buddha

by

Egerton C. Baptist

# သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ

ဒေါက်တာ မင်းတင်မွန်

မြန်မာဘာသာ ပြန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၁၈၆/၉၉)(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၈၁/၉၉)(၆)

●

ပုံနှိပ်ခြင်း
၁၉၉၉ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ – ၁၀၀၀

●

ထုတ်ဝေသူ
မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

ကွန်ပျူတာစာစီ
ခွန်မျိုး၊ ၅၁၃၄၃၅

●

ဖြန့်ချိရေး

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀

●

တန်ဖိုး ၉၀၀ ကျပ်

# CONTENTS

| | | Page |
|---|---|---|
| Preview | ... | 13 |
| Introduction | ... | 19 |
| Foreword | ... | 25 |
| Preface | ... | 39 |
| Chapter I | The Theists and Science ... | 51 |
| Chapter II | A Supreme Buddha Arises in the World ... | 94 |
| Chapter III | The Buddha's Main Teachings ... | 106 |
| Chapter IV | Kamma and the Life-flux-Santati ... | 160 |
| Chapter V | Can We Believe in Re-birth? ... | 209 |
| Chapter VI | Buddhism and Science ... | 222 |
| Chapter VII | Buddhism Solves the Riddle of Life ... | 256 |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| | | |
|---|---|---|
| | အမှာစာ | - ၅ |
| | အကြိုမိတ်ဆက် | - ၁၃ |
| | ဥယျောဇနကထာ | - ၁၉ |
| | စကားဦး | - ၂၅ |
| | နိဒါန်း | - ၃၉ |
| အခန်း (၁) | ဖန်ဆင်းရှင်ဘုရားရှိသည်ဟု ယုံကြည်သူများနှင့် သိပ္ပံပညာ | - ၅၁ |
| အခန်း (၂) | လောက၌ အထွတ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား ပွင့်ထွန်းလာပြီ | - ၉၄ |
| အခန်း (၃) | ဗုဒ္ဓမြတ်စွာ၏ အဓိက သင်ပြချက်များ | - ၁၀၆ |
| အခန်း (၄) | ကံနှင့် အသက်စီးကြောင်း သန္တတိ | - ၁၆၀ |
| အခန်း (၅) | ဘဝသစ်ဖြစ်ခြင်းကို ယုံကြည်နိုင်သလား | - ၂၀၉ |
| အခန်း (၆) | ဗုဒ္ဓဘာသာနှင့် သိပ္ပံပညာ | - ၂၂၂ |
| အခန်း (၇) | ဗုဒ္ဓဘာသာက ဘဝပဟေဠိကို ဖြေရှင်းခြင်း | - ၂၅၆ |

# အမှာစာ

မြစ်ရေ တသွင်သွင် စီးဆင်းနေသကဲ့သို့ ခေတ်ရေစီးကြောင်းသည်လည်း ထာဝစဉ် ပြောင်းလဲလျက် ရှိသည်။

စကြဝဠာ၊ ကမ္ဘာ၊ သက်ရှိသက်မဲ့ လောကများနှင့် ပတ်သက်သော အမှန်တရားများကို စူးစမ်းဆင်ခြင်သည့် ဒဿနိကစနစ်သည်လည်း ယခင်က ဒြပ်ထုမဲ့ ဆင်ခြင်တွေးခေါ်ခဲ့ရာမှ ယခုအခါ ခွဲခြမ်းစိတ်ဖြာ ဝေဖန်သုံးသပ်သည့်စနစ်ကို အသုံးပြုလာပါသည်။ သိပ္ပံ၏ တွေ့ရှိချက်များကို အခြေခံ၍ ဆင်ခြင်သုံးသပ်သည့်စနစ်ကို ကျင့်သုံးလာပါသည်။

သိပ္ပံပညာသည်လည်း လူသားတို့၏ မြင်နိုင်သော စွမ်းရည်၊ ကြားနိုင်သော စွမ်းရည်၊ စမ်းသပ်နိုင်သော စွမ်းရည်တို့ကို တိုးမြှင့်ပေးနိုင်သော ခေတ်မီကိရိယာများကို ကြံဆတီထွင်ပြီးလျှင် သဘာဝ၏ အမှန်တရားများကို စူးစမ်းရှာဖွေလျက် ရှိသည်။ လူသားတို့၏ ဆင်

www.burmeseclassic.com

www.burmeseclassic.com



ခြင် စဉ်းစားနိုင်သော စွမ်းရည်ကိုပါ တိုးမြှင့်နိုင်သည့် ကွန်ပျူတာများကိုလည်း တီထွင်ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်သည်။

တစ်ဆယ့်ကိုးရာစုနှစ်က စတင်အရှိန်ယူခဲ့ပြီး နှစ်ဆယ်ရာစုနှစ်တွင် တစ်ဟုန်ထိုး တိုးတက်လာသော သိပ္ပံ၏ စွမ်းရည်ကြောင့် ယနေ့ လူသားတို့သည် ယခင်က မဖြစ်နိုင်ဟု ထင်မြင်ယူဆခဲ့ကြသည့် အံ့ဖွယ်ရာ များစွာကို တီထွင်ကာ အသုံးပြုနေကြပြီ ဖြစ်သည်။

ကုန်ချိန်တန်ချောင်ပေါင်းများစွာ တင်ဆောင်နိုင်သော သင်္ဘောများကိုလည်း တီထွင်ခဲ့ကြပြီ။ ကျည်ဆန်ကဲ့သို့ လျင်မြန်သော ရထားများကိုလည်း အသုံးပြုနေကြပြီ။ ခရီးသည် ရာပေါင်းများစွာကို တင်ဆောင်ကာ ကမ္ဘာ့ လိုရာဒေသသို့ ၂၄ နာရီအတွင်း ပျံသန်းနိုင်သည့် လေယာဉ်ကြီးများသည်လည်း ပေါ်ပေါက်လာကြပြီ။ သိပ္ပံကိရိယာများကို တပ်ဆင်ထားသော ဂြိုဟ်တုများနှင့် အာကာသယာဉ် စခန်းသည်လည်း ကမ္ဘာကိုပတ်ပျံလျက် ရှိကြသည်။ ကမ္ဘာမြေပြင်ပေါ် မည်သည့် နေရာ၌မဆို ဖြစ်ပျက်နေသည့် သတင်းများကို တစ်ကမ္ဘာလုံးသို့ တစ်မုဟုတ်ချင်း ရုပ်သံဖြင့် လွှင့်ပြနိုင်သော ခေတ်သို့လည်း ရောက်လာပါပြီ။

ဤသို့ အံ့ချီးစဖွယ်ကောင်းအောင် သိပ္ပံပညာက တိုးတက်လာသောအခါ အရာရာကို သိပ္ပံ ရှုထောင့်မှ ရှုကြည့်လာသည်။ မိမိတို့ လက်ခံကိုးကွယ်နေကြသည့် ဘာသာတရားများကိုလည်း သိပ္ပံ မှတ်ကျောက်ပေါ် တင်ကာ ဆန်းစစ်လာကြပါသည်။

ကိုးကွယ်ရာ ဘာသာသည် ကိုးကွယ်သူအပေါင်းတို့အား တကယ် အားကိုးဖွယ်ရာ အစစ်ဖြစ်ကာ ဘေးရန် အန္တရာယ်အပေါင်းမှ ကာ



ကွယ်ပေးနိုင်ရမည်၊ ထာဝရချမ်းသာကို ပေးစွမ်းနိုင်ရမည်။ ကိုးကွယ်မှု ဘာသာသည် လူသားတို့၏ ပြုမူနေထိုင်ပုံကို ပြဋ္ဌာန်းပေးထားပြီး လူသားအားလုံး ချစ်ကြည်ရင်းနှီးစွာ ချမ်းသာပျော်ရွှင်စွာ အတူ ယှဉ်တွဲ နေထိုင်နိုင်ရန် စီမံပေးနိုင်သည့်အတွက် မှန်ကန်သော ကိုးကွယ်မှုကို ရရှိရန် အလွန်အရေးကြီးပါသည်။

ဘာသာတရားတို့သည် မိမိတို့ ဟောပြော ညွှန်ပြထားသည့် အတိုင်း တကယ်မှန်ကန်ပါမှ လူသားတို့၏ အကျိုးစီးပွားကို တကယ် စွမ်းဆောင်ပေးနိုင်ပေလိမ့်မည်။ သိပ္ပံမှတ်ကျောက်ပေါ်တွင် အတင်ခံနိုင်ပါမှလည်း လူသားတို့၏ ကြည်ညိုအားကိုးရာ အမှန် ဖြစ်လာလိမ့်မည်။

တစ်ဖန် မှန်ကန်သော ဘာသာတရားသည် မည်သည့်ခေတ်၌မဆို၊ မည်သည့်နေရာ၌မဆို၊ မည်သည့်အခြေအနေမျိုး၌မဆို အမြဲ မှန်ကန်နေရမည်။ ဒဿနိက၊ ယုတ္တိဗေဒ နည်းဖြင့်ဖြစ်စေ သိပ္ပံနည်းဖြင့်ဖြစ်စေ မည်သည့်နည်းဖြင့်မဆို ဆန်းစစ်ဝေဖန်မှုအားလုံးကို ကြံ့ကြံ့ခံနိုင်ရပေမည်။

ဗုဒ္ဓဘာသာသည် အကြောင်းအကျိုး ညီညွတ်သော စာတွေ့နှင့် လက်တွေ့ယှဉ်တွဲလျက်ရှိသော မြတ်စွာဘုရား၏ ကိုယ်ပိုင် အတွေ့အကြုံနှင့် သဗ္ဗညုတဉာဏ်ပေါ်တွင် အခြေခံထားသော တရားတော် ဖြစ်သဖြင့် ထိုသို့သော ဆန်းစစ်ဝေဖန်မှုအားလုံးကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိပါသည်။ သိပ္ပံက ဘယ်လောက်ပဲ တိုးတက် တိုးတက်၊ သိပ္ပံရှေ့က အမြဲမပျက် ပြေးသွားနိုင်သော ဘာသာတရား ဖြစ်သည်။

"ဗုဒ္ဓမြတ်စွာ၏ အတုမရှိသော အထွတ်အထိပ် သိပ္ပံပညာ" ဟု

www.burmeseclassic.com

www.burmeseclassic.com



အမိပ္ပာယ်ရသည့် "The Supreme Science of the Buddha" စာအုပ်ကို ရေးသားခဲ့သူ အဂ္ဂါတန်၊စီ၊ဘက်(ပ)တစ်(စ်)သည် ဘာသာတရား ဗဟုသုတနှင့် သိပ္ပံဗဟုသုတ စွယ်စုံပြည့်စုံသူ တစ်ဦး ဖြစ်ပါသည်။ အီတလီနိုင်ငံ ရောမမြို့ရှိ ဘုရားရှိခိုးကျောင်းကြီး တစ်ခု၌ ပြောဟောနေခဲ့သော တရားဟောဆရာအဖြစ်မှ ဗုဒ္ဓဘာသာကို လေ့လာ လေ့ကျင့်ပြီး ကိုယ်တိုင် နက်နက်နဲနဲ သိမြင်လာသူတစ်ဦးဖြစ်၍ ဘာသာတရားတို့ကို သိပ္ပံနှင့်ယှဉ်လျက် သူ၏ ဆန်းစစ်ဝေဖန်ပုံမှာ အဆင့်မြင့်ပြီး ပညာသားပါလှပါသည်။

ဤကျမ်းစာအုပ်ငယ်ကို ၁၉၈၁ ခုနှစ်ကတည်းကပင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ ဘုန်းကြီးကျောင်းတွင် ကျွန်တော် ဖတ်ရှုခဲ့ရသည်။ ကျွန်တော် အလွန် သဘောကျ နှစ်သက်သဖြင့် မိတ္တူကူးယူထားခဲ့ပါသည်။ ဤစာအုပ်ကို ထပ်ကာထပ်ကာ ဖတ်မိပါသော်လည်း ဘာသာပြန်ရန် စိတ်မကူးမိပါ။ ၁၉၉၈ ခုနှစ်၌ အမေရိကန် ပြည်ထောင်စုသို့ ဒုတိယအကြိမ် ကျွန်တော့် ဓမ္မဒူတ ခရီး ထွက်ရာတွင် ဘာသာစုံ ပရိသတ်များကို ပြောဟောဖို့အတွက် ဤစာအုပ်ကို တစ်ဖန် ပြန်လည်၍ လေ့လာမိပါသည်။ ဤအကြိမ်တွင် မြန်မာစာရှုပရိသတ်အား ဤစာအုပ်ကို ဘာသာပြန်၍ တင်ပြရန် ဆုံးဖြတ်လိုက်ပါသည်။

ယခု ဤစာအုပ်သည် စာရှုပရိသတ်ရှေ့မှောက်သို့ ရောက်လာပါပြီ။ စာပေမိတ်ဆွေအပေါင်းတို့...ဖတ်ရှုလေ့လာကြည့်ပါ။ မည်သည့်ဘက်သို့မျှ မလိုက်မူဘဲ အမှန်တရားကို စူးစမ်းရှာဖွေသည့် ဦးတည်ချက်ဖြင့် ဖတ်ရှုလေ့လာပြီး လေးလေးနက်နက် စဉ်းစားဝေဖန်ပါ။



လူတို့ နေ့စဉ်မြင်တွေ့ကြားသိနေကြရသော အကြောင်းအရာများသည် သမုတိသစ္စာ (conventional truth) များသာ ဖြစ်ကြသည်။ ထာဝရမှန်ကန်သည့် ပရမတ္ထသစ္စာ (ultimate truth) ကို မြင်သိလာသောအခါ၌ သမုတိသစ္စာပညတ်များသည် ကွယ်ပျောက်သွားကြပေလိမ့်မည်။

'The Supreme Science of the Buddha' စာအုပ်ကို သီရိလင်္ကာ– ကိုလံဘိုမြို့၌ ၁၉၅၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်ကို ဘာသာပြန်ဆိုရာ၌ ဒုတိယအကြိမ် တည်းဖြတ်၍ ၁၉၅၉ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်ပုံနှိပ်သောမူကို အသုံးပြုပါသည်။ စာမူရင်းကို တိကျနိုင်သမျှ တိကျအောင် ဘာသာပြန်ထားချက်နှင့်အတူ ယှဉ်တွဲဖော်ပြထားပါသည်။ အချို့သုတ္တန်များကို ဖော်ပြရာ၌ မူရင်းသုတ္တန်အဆိုနှင့် ညီညွတ်အောင် ညှိနှိုင်းထားပါသည်။

ဗုဒ္ဓဘာသာ၏ ပရမတ်တရားများသည် မည်သည့်ဒေသ၊ မည်သည့်အခါကာလ၌မဆို မားမားမတ်မတ် မှန်ကန်နေမည် ဖြစ်သည်။ ပတ္တမြားအစစ် စိန်အစစ်ကို ပွတ်တိုက်လေလေ၊ အရောင်တောက်ပြောင်လာလေလေ ဖြစ်သကဲ့သို့ ဗုဒ္ဓတရားတော်သည်လည်း ဆန်းစစ်လေလေ ပို၍ တောက်ပြောင်မှန်ကန်လာလေလေပင် ဖြစ်သည်။

သိပ္ပံပညာ၏ တိုးတက်ခြင်းသည် ဗုဒ္ဓဘာသာ၏ ဆန်းသစ်ခြင်းကို ပေါ်လွင်ထင်ရှားစေလိမ့်မည်။

အမှန်တရားကို ရှာဖွေနေသူအပေါင်းတို့သည် အမှန်တရားကို မြင်တွေ့၍ ချမ်းသာအေးမြနိုင်ကြပါစေသတည်း။

ဒေါက်တာ မင်းတင်မွန်

www.burmeseclassic.com

www.burmeseclassic.com



## Dedicated to my Father,

to whom I have much to be grateful. Though himself a staunch Protestant Christian, yet he was liberal-minded enough to place no obstacles in the path of my own Emancipation. May he, through realization that all compounded things are subject to dissolution, one day win his own Freedom.

## ကျွန်ုပ်၏ဖခင်သို့ ရည်ညွှန်းချက်

ကျွန်ုပ်၏ အပေါ်တွင် ဖခင်၏ ကျေးဇူးသည် များစွာ တင်ရှိနေပါသည်။ သူကိုယ်တိုင်မှာ ပရိုတက်စတန် ခရစ်ယာန်ဘာသာဝင်အဖြစ် အလေးအနက် ခံယူထားပါသော်လည်း ကျွန်ုပ်၏ ဘဝ လွတ်မြောက်ရေးလမ်းခရီးတွင် မည်သည့် အတားအဆီးမျှ မထားရှိရန် သူသည် သဘောထားကြီးလှပါသည်။ သူသည်လည်း ပြုပြင်စီမံထားသော ရုပ်နာမ်တရားအားလုံးသည် ပျက်စီးခြင်းသဘောရှိကြောင်းကို သိမြင်လာပြီးလျှင် တစ်နေ့သောအခါ၌ သူ၏ ကိုယ်ပိုင် လွတ်မြောက်မှုကို အောင်မြင်စွာ ရယူနိုင်ပါစေသတည်း။

အင်္ဂါတန်၊ စီ၊ ဘက် (ပ) တစ် (၆)

www.burmeseclassic.com

www.burmeseclassic.com



'Let a man of intelligence come to me, who is honest, candid, straight forward – I will instruct him. I will teach him the Norm.'

said the Supreme Buddha 2500 years ago.
(Udumbarika Sihavāda Sutta)

ရိုးသားပွင့်လင်းသော ဖြောင့်မတ်၍ အသိဉာဏ်ရှိသော လူ တစ်ယောက်ကို ကျွန်ုပ်ထံသို့ လာပါစေ၊ သူ့အား ကျွန်ုပ်ညွှန်ပြမည်၊ စံပြုထိုက်သည့် တရားဓမ္မကို ကျွန်ုပ်သင်ပြပေးမည်။

နှစ် ၂၅၀၀ ကျော်က မြတ်စွာဘုရား၏ ဩဝါဒ
(ဥဒုမ္ဗရိက သီဟဝါဒ သုတ်)

In that same spirit may Western peoples
seeking Wisdom find their
Liberation.

ထိုတူညီသော စိတ်ထားဖြင့် အသိဉာဏ်ပညာ ရှာမှီးနေကြသော
အနောက်တိုင်းသားများသည် သံသရာဝဋ်ဆင်းရဲမှ
လွတ်မြောက်ခြင်းကို တွေ့ရှိနိုင်ကြပါစေသတည်း။

# Preview
# အကြိုပိတ်ဆက်

This small precious treatise, on the scientific aspect of Buddhism in relation to modern developments in the realm of Western Science, may well prove to be the fore-running herald of awakement for a planet hypnotically immersed in the sleep of Ignorance. (P.25)

အနောက်တိုင်း သိပ္ပံပညာ နယ်ပယ်တွင် ခေတ်သစ် တိုးတက်မှုများနှင့် ဆက်စပ်၍ ဗုဒ္ဓဘာသာ၏ သိပ္ပံနည်းကျသော ရှုထောင့်ရှုကွက်များကို ဖော်ပြထားသည့် ဤအဖိုးတန်သော ကျမ်းစာအုပ်ငယ်သည် မသိတွေဝေမှု၏ အိပ်ပျော်ခြင်းတွင် အိပ်မွေ့ချခံရကာ နစ်မြုပ်နေသော ဤကမ္ဘာဂြိုဟ်အတွက် အိပ်မောကျရာမှ နိုးထလာအောင် ရှေ့ပြေး သံတော်ဆင့်တစ်ရပ်အဖြစ် နှိုးဆော်ပေးမည့်အကြောင်းကို ဤစာအုပ်က ကောင်းစွာ သက်သေပြပါလိမ့်မည်။ (နှာ–၂၆)

www.burmeseclassic.com

www.burmeseclassic.com



In a time when the world is torn between conflicting ideologies, when primitive beliefs are torn from their foundations, when men despair, the Message of the Supreme Buddha stands like a mighty Rock unshaken by the challenge of this Atomic Age. (P.40)

သဘောထားကွဲလွဲသော အတွေးအခေါ်များအကြားတွင် ကမ္ဘာကြီး အစိတ်စိတ် အမြွာမြွာ ဖြစ်နေသည့်အခါ၊ ရှေးကျသော အယူအဆများကို ၎င်းတို့၏ အခြေခံအုတ်မြစ်များမှ ပယ်နုတ်နေသည့်အခါ၊ လူသားတို့ စိတ်ပျက်ကာ လက်မှိုင်ချနေရသောအခါများတွင် အထွတ်အထိပ် ဖြစ်တော်မူသည့် မြတ်စွာဘုရား၏ တရားတော်သည် ဤအဏုမြူခေတ်၏ စိန်ခေါ်မှုကြောင့် မတုန်လှုပ်ဘဲ ရောမ ကျောက်ဆောင်ကြီးကဲ့သို့ ရပ်တည်နေပါ၏။ (နှာ–၄၁)

The Buddha was not a God. There is no deification of this great Teacher. He exhorted His disciples to depend on themselves for their Salvation, for both defilement and purity depend on oneself. (P.102)

မြတ်စွာဘုရားသည် နတ်ဘုရားတစ်ဆူ မဟုတ်ပါ။ ဤကြီးကျယ်သော ဆရာသမားကို နတ်ဘုရားတစ်ဆူအဖြစ် တင်မြှောက်ခြင်းလည်း မရှိပါ။ သူသည် သူ့တပည့်များအား မိမိတို့၏ ကယ်တင်ခြင်း (သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း) အတွက် မိမိတို့ကိုယ်ကို အားကိုးရန် အလေးအနက် တိုက်တွန်းတော်မူသည်။ အဘယ့်



ကြောင့်ဆိုသော် စိတ်ညစ်ညမ်းခြင်းနှင့် ဖြူစင်ခြင်းတို့သည် မိမိအပေါ်တွင်သာ မူတည်သောကြောင့်တည်း။ (နှာ – ၁၀၂)

To depend on others for Salvation (or liberation from the recurring cycles of birth and death) is negative, but to depend on oneself is positive. Dependence on others means surrender of one's efforts. Hence, the saying 'the beginning of Wisdom is fear of the Lord' has no meaning to the Buddhist. For, says the Buddha, 'wherever fear arises it ariseth in the fool, not in the wise man.' (P.103)

ကယ်တင်ခြင်း (သို့မဟုတ် ထပ်ကာဖန်ဖန်ဖြစ်နေသော မွေးဖွားခြင်းနှင့် သေခြင်း သံသရာမှ လွတ်မြောက်ခြင်း) အတွက် သူတစ်ပါးတို့အား အားထားမှီခိုရခြင်းသည် အနုတ်လက္ခဏာဖြစ်၏၊ သို့သော် မိမိကို အားထားမှီခိုခြင်းသည် အပေါင်းလက္ခဏာဖြစ်၏။ သူတစ်ပါးတို့အား အားထားမှီခိုခြင်းသည် မိမိ၏ ကြိုးပမ်းမှုများကို စွန့်လွှတ်လိုက်ခြင်းဖြစ်၏။ သို့ဖြစ်၍ "ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသည် ဉာဏ်ပညာ၏ အစဖြစ်သည်" ဟူသော စကားရပ်သည် ဗုဒ္ဓဘာသာဝင်အဖို့ အဓိပ္ပာယ်မရှိချေ။ အဘယ့်ကြောင့်ဆိုသော် "ဘယ်နေရာ၌ဆို ကြောက်ရွံ့မှုဖြစ်ပေါ်လာပါက မိုက်မဲသူ၌သာ ဖြစ်ပေါ်၏၊ ဉာဏ်ပညာရှိသူ၌ မဖြစ်ပေါ်ချေ" ဟု ဗုဒ္ဓမြတ်စွာ မိန့်ဆိုတော်မူသည်။ (နှာ – ၁၀၄)

Anatta or 'No-Soul' is the central pivot on which the whole of the Buddha's philosophy turns. The

www.burmeseclassic.com

www.burmeseclassic.com



belief in a permanent 'Soul' or 'Atma' is due to the deceptive data provided by the five senses. This belief is the chief impediment to the attainment of complete freedom from sorrow. (P.112)

အနတ္တ(ဝါ)'အတ္တမရှိခြင်း'သဘောသည် ဗုဒ္ဓမြတ်စွာ၏ဒဿန အမြင် အားလုံးက လည်ပတ်နေသော ဗဟိုမဏ္ဍိုင်ဖြစ်၏။ တည်မြဲသော 'ဝိညာဉ်ကောင်' (ဝါ) 'အတ္တ' ရှိသည်ဟု ယုံကြည်ခြင်းသည် အာရုံငါးပါးတို့က ပေးသည့် လှည့်စားတတ်သော အချက်အလက်များကြောင့် ဖြစ်ပေါ်လာရသည်။ ဤယုံကြည်မှုသည် ဝမ်းနည်း ပူဆွေးခြင်းမှ လုံးဝလွတ်မြောက်နိုင်ရေးအတွက် အဓိက အတားအဆီး ဖြစ်ပါသည်။ (နှာ-၁၁၂)

The teaching of 'No-Soul' has a profound ethical value. So long as man believes in a soul-entity, it is impossible for him to get rid of selfishness. Hence, the Buddha says "Wheresoever self is, virtue cannot exist." Banish the self-idea and altruism is replaced on its proper ethical basis. (P.113)

အနတ္တသဘောကို သင်ကြားပေးခြင်း၌ လေးနက်သိမ်မွေ့သော ကိုယ်ကျင့်တရား တန်ဖိုး ရှိပါသည်။ လူတို့သည် အတ္တကို အမှန်တကယ် ရှိသည်ဟု ယုံကြည်နေသမျှကာလပတ်လုံး တစ်ကိုယ်ကောင်းဆန်ခြင်းကို စွန့်ပယ်နိုင်လိမ့်မည် မဟုတ်။ ဤအကြောင်းကြောင့် မြတ်စွာဘုရားသည် 'အတ္တ' (ဝါ) 'ငါ' ရှိသည့်နေရာတိုင်း၌ စင်ကြယ်



သည့် ကိုယ်ကျင့်သီလ မရှိနိုင်'ဟု မိန့်ဆိုတော်မူ၏။ 'ငါ' ဟူသော ယူဆချက်ကို မောင်းထုတ်လိုက်စမ်းပါ။ ကိုယ်ကျိုး စွန့်၍ အများအကျိုး သယ်ပိုးခြင်းသည် ၎င်း၏ နေရာမှန်ဖြစ်သော ကိုယ်ကျင့်တရား အခြေခံပေါ်တွင် ပြန်လည်နေရာရပြီးသား ဖြစ်သွားပေလိမ့်မည်။

(နှာ-၁၁၃)

The Buddha taught mankind only what was absolutely essential for emancipation. Even so, He has forestalled many a scientist and philosopher of today. (P.159)

မြတ်စွာဘုရားသည် လူသားတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် အမှန်တကယ် အတိအကျ လိုအပ်သော တရားများကိုသာ ဟောကြားတော်မူ၏။ သို့စင်လျက်လည်း မြတ်စွာဘုရားသည် ယခုခေတ် သိပ္ပံပညာရှင်များစွာနှင့် ဒဿနိက ပညာရှင်များစွာတို့ထက်ပို၍ ဦးအောင် အမှန်တရားများကို ဟောကြားညွှန်ပြတော်မူခဲ့ပြီး ရှေ့က ကြွသွားလျက် ရှိတော်မူသည်။ (နှာ-၁၅၉)

"Transient, alas! are all component things;
Subject are they to birth,-- and then decay;
Having gained birth to death the life flux swings;
Bliss truly dawns when unrest dies away."

"အလို... သင်္ခါရတရားအားလုံးသည် မတည်မြဲကြပါတကား။
ရုပ်နာမ်အစု အားလုံးသည် မွေးဖွားပြီးသည့်နောက် ...

www.burmeseclassic.com

www.burmeseclassic.com



ရင့်ရော်သေဆုံးကြရမည်ပါတကား။
ဇာတိပြီးလျှင် မရဏ၊ မရဏပြီးလျှင် ဇာတိဟူ၍ ...
ဘဝယန္တရားသည် လည်ပတ်နေပါတကား။
မတည်ငြိမ်မှု ချုပ်ငြိမ်းသွားသည့်အခါမှသာလျှင် ...
ချမ်းသာအစစ် ထွန်းသစ်လာမည်ပါတကား။

◇◇◇

## INTRODUCTION

by-

The Venerable NARADA, MAHA-THERA

## ဥပေါဒ္ဃာတနိဒါန်းကထာ

Buddhism is a moral and philosophical system which appeals both to the masses and the intelligentsia.

As Buddhism emphasises the importance of practice and self-realization it is not a mere philosophy which deals with speculations and theories. Nevertheless, it must be admitted that the Buddha has forestalled many a philosopher.

ဗုဒ္ဓဘာသာသည် ပြည်သူလူထု အပေါင်းကိုလည်း ကောင်း၊ ဉာဏ်ထက်မြက်ကြသည့် ပညာရှိအသိုင်းအဝိုင်းကိုလည်းကောင်း၊ စိတ်ဝင်စားစေ၊ နှစ်သက်စေသည့် ကိုယ်ကျင့်တရားနှင့် ဒဿနိက စနစ်တစ်မျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာသည် လက်တွေ့ကျင့်ခြင်းနှင့် ကိုယ်တိုင်သိနားလည်ခြင်းတို့၏ အရေးပါမှုကို အလေးဂရုပြုသဖြင့် တွေးခေါ်ကြံဆမှုနှင့် မှန်ကန်ကြောင်း သက်သေမပြရသေးသည့် အဆို (သီအိုရီ) များကိုသာ ထုတ်ဖော်သုံးသပ်နိုင်သော ဒဿနိကဗေဒ မည်ကာမတ္တ မဟုတ်ချေ။ သို့ဖြစ်စေကာမူ ဗုဒ္ဓမြတ်စွာဘုရားသည် ဒဿနိက ဗေဒ ပညာရှင် များစွာတို့ထက် ပို၍ဦးအောင် ဒဿနိကဆိုင်ရာ အကြောင်းအရာများစွာကို တင်ကြိုဟောပြောတော်မူခဲ့ကြောင်းကို ဝန်ခံရပေမည်။

Buddhism teaches a psychology without a psyche. When Professor James referred to a stream of consciousness and remarked that 'thoughts themselves are the thinkers' he was echoing the Buddhist doctrine of Anatta, the crux of Buddhism, in his own words.

ဗုဒ္ဓဘာသာသည် ဇီဝ,အတ္တ ခေါ် အသက်ကောင်၊ ဝိညာဉ်ကောင် မပါဘဲ စိတ်ပညာကို သင်ကြားပေးသည်။ အမေရိကန် ပညာရှင် ပါမောက္ခ ဂျိမ်း(စ်) က စိတ်သည် တစ်ခုတည်းမဟုတ်ဘဲ ရေစီးကြောင်း အသွင် အစဉ်အတန်းအရ ဖြစ်ပျက်သွားခြင်းနှင့် 'စိတ်ကူးကြံစည်မှုတို့ကပင်လျှင် စိတ်ကူးကြံစည်သူများဖြစ်သည်' ဟု ရည်ညွှန်းပြောဆိုသည့်အခါ ဗုဒ္ဓဘာသာ၏ ပဓာန အနှစ်သာရဖြစ်သည့် အနတ္တ တရားတော်ကို သူ၏ကိုယ်ပိုင် စကားလုံးများဖြင့် ပဲ့တင်ထပ် လိုက်စေခြင်းပင် ဖြစ်ပေသည်။

Apart from mind and matter, the constituents of this so-called being, there is no permanent soul



either emanating from a Universal Soul or created by a God.

သက်ရှိသတ္တဝါဟု ခေါ်ဆိုရသော ဉာဏ်ပုဂ္ဂိုလ်၏ ဖွဲ့စည်းပါဝင်သည့် အစိတ်အပိုင်းများအဖြစ် နာမ်နှင့် ရုပ်မှလွဲလျှင် စကြဝဠာဝိညာဉ်မှ ထွက်ပေါ်လာသော သို့မဟုတ် ဘုရားသခင်က ဖန်ဆင်းထားသော ထာဝရ တည်မြဲသည့် ဝိညာဉ်ဟူ၍ မရှိချေ။

The Buddha denied the fundamental teachings of most religions, based on the fear of the unknown and on blind faith. He expounded a rational and tolerant teaching that could be tested and verified by personal experience. To its unique credit it should be said that throughout its peaceful march of 2500 years not a drop of blood was shed to propagate the peaceful message of the Buddha.

ဗုဒ္ဓမြတ်စွာသည် မသိရသော အရာများကို ကြောက်ရွံ့မှုနှင့် မျက်ကန်းယုံကြည်မှုတို့အပေါ်တွင် အခြေခံထားကြသည့် ကိုးကွယ်မှု ဘာသာအများစုတို့၏ အခြေခံ သင်ပြချက်များကို ငြင်းပယ်တော်မူသည်။ သူသည် ကိုယ်ပိုင်အတွေ့အကြုံဖြင့် စမ်းသပ်နိုင်ပြီး မှန်ကန်ကြောင်း သက်သေပြနိုင်သော အကြောင်းအကျိုး ညီညွတ်၍ သည်းခံနိုင်စွမ်း ရှိသည့် တရားတော်ကို ဟောကြားညွှန်ပြတော်မူသည်။ ဤတရားတော်၏ အတုမရှိသည့် ဂုဏ်ယူဖွယ် ဖြစ်ရပ်တစ်ခုမှာ ထိုတရားတော်၏ ငြိမ်းချမ်းစွာ ချီတက်သွားသော နှစ် ၂၅၀၀ ခရီးလမ်း တစ်လျှောက်၌ မြတ်စွာဘုရား၏ ငြိမ်းချမ်းရေး တရားတော်ကို ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် သွေးဟစ်စက်မှု မြေခ ရခြင်း မရှိကြောင်းကို ပြောဆိုနိုင်ခြင်းပင် ဖြစ်သည်။

Metta or boundless loving-kindness that binds all as fellow-beings, irrespective of creed, colour, race, or sex, has always been the guiding principle of all Buddhists. This war-weary restless world that has almost reached the zenith of material progress ignoring all spiritual values, that has prostituted science to cause indescribable suffering to millions, that has sacrificed the most precious thing on earth – life – at the altar of brute force, is greatly in need of this universal loving-kindness which is the only non-aggressive antidote to the powerful alphabetical bombs of this chaotic atomic age.

အယူဝါဒ၊ အသားရောင်၊ လူမျိုး သို့မဟုတ် လိင်တို့ကို ပမာနမထားဘဲ လူသားအားလုံးကို ရောင်းရင်းမိတ်ဆွေများအဖြစ် ပေါင်းစည်းပေးသော မေတ္တာ (ဝါ) အကန့်အသတ်မဲ့ ချစ်ခင်ကြင်နာမှုသည် ဗုဒ္ဓဘာသာဝင် အားလုံးတို့အတွက် လမ်းညွှန်သဘောတရားအဖြစ် အမြဲတည်ရှိခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးများကို လျစ်လျူရှုလျက် ရုပ်ပိုင်းတိုးတက်မှု၏ အထွတ်အထိပ်သို့ ရောက်လုရောက်ခင် ဖြစ်နေသည့် စစ်ဘေးဒဏ်ကြောင့် နွမ်းနယ်ခဲ့ရပြီး ငြိမ်သက်မှု ကင်းသော ဤကမ္ဘာကြီးသည် လူသန်းပေါင်းများစွာတို့အား ဖော်မပြနိုင်လောက်သော ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေရန် သိပ္ပံပညာကို ဖျောင်းဖျယုယခဲ့သည်၊ ကမ္ဘာပေါ်တွင် အဖိုးတန်ဆုံးဖြစ်သည့် အသက်ကို ယုတ်ကြမ်းသည့် ခွန်အား၏ ဘုရားစင်တွင် ယဇ်ပူဇော်ခဲ့သည်၊ ဤစကြဝဠာသည် ချစ်ခင်ကြင်နာမှုကို အကြီးအကျယ် လိုအပ်လျက်ရှိသည်၊ ဤချစ်ခင်ကြင်နာမှု (ဝါ) မေတ္တာသည် ဤကစဉ့်ကလျားဖြစ်နေသော အဏုမြူခေတ်၏ စွမ်းအားကြီးသည့် အက္ခရာစဉ်လိုက် ဗုံးများကို ဟန့်တားနိုင်သည့် တစ်ခုတည်းသော ဘေးရန်ကင်းသည့် ဖြေဆေး ဖြစ်ပေသည်။



In this little book Mr. Egerton Baptist, a Buddhist by conviction, has made a humble attempt to present some of the fundamental teachings of the Compassionate Buddha to seekers of truth. He is to be congratulated on his noble endeavour to propagate the sublime teachings of Buddhism which are diametrically opposed to the fundamental tenets of christianity, his ancestral religion.

**Bhaddanta Narada**
Maha-thera

Vajirārāma,
Colombo, 28th June 1955.

ဤစာအုပ်ငယ်တွင် ခိုင်မာသော ယုံကြည်မှုအရ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာသည့် မစ္စတာအဂ္ဂါတန် ဘက်(ပ)တစ်(စ်)သည် မဟာကရုဏာရှင် မြတ်ဗုဒ္ဓ၏ အခြေခံကျသည့် သင်ကြားမှုအချို့ကို အမှန်တရား ရှာဖွေသူများသို့ တင်ပြနိုင်ရေးအတွက် ရိုးသားကျိုးနွံစွာ ကြိုး

www.burmeseclassic.com



ပမ်းခဲ့သည်။ သူ၏ မိဘ ဘိုးဘွားများ ကိုးကွယ်ကြသည့် ခရစ်ယာန် ဘာသာ၏ အခြေခံ သဘောတရားများနှင့် လုံးလုံးလျားလျား ဆန့်ကျင်သည့် ဗုဒ္ဓဘာသာ၏ သိမ်မွေ့သော သင်ကြားမှုများကို ဖြန့်ချိရန် သူ၏ မွန်မြတ်သည့် ကြိုးပမ်းမှုအတွက် သူ့အား ချီးကျူးထိုက်လှပါ တော့သည်။

**ဘဒ္ဒန္တ နာရဒ မဟာထေရ**

သီရိလင်္ကာဆရာတော်ဘုရားကြီး

ဝဇိရာရာမ

ကိုလံဘို၊ ၁၉၅၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်။

◇◇◇

## FOREWORD

by

Dr. W.Y. EVANS-WENTZ

Author of 'The Tibetan Book of the Dead', etc.

## စကားဦး

This small precious treatise, on the scientific aspect of Buddhism in relation to modern developments in the realm of Western Science, may well prove to be a fore-running herald of awakenment for a planet hypnotically immersed in the Sleep of Ignorance. As it was among the Mediterranean peoples when the Roman Empire was falling, so it is today in Europe and the Americas. Occidental mankind have lost that enthusiasm of their pioneer forefathers without which no social order, religious faith, or cultural heritage can long endure.

www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်း သိပ္ပံပညာနယ်ပယ်တွင် ခေတ်သစ် တိုးတက်မှုများနှင့် ဆက်စပ်၍ ဗုဒ္ဓဘာသာ၏ သိပ္ပံနည်းကျသော ရှုထောင့်ရှုကွက်များကို ဖော်ပြထားသည့် ဤအဖိုးတန်သော ကျမ်းစာအုပ်ငယ်သည် မသိတွေဝေမှု၏ အိပ်ပျော်ခြင်းတွင် အိပ်မွေ့ချခံရကာ နစ်မြုပ်နေသော ဤကမ္ဘာဂြိုဟ်အတွက် အိပ်မောကျရာမှ နိုးထလာရန် ရှေ့ပြေး သံတော်ဆင့် တစ်ရပ်ဖြစ်ကြောင်းကို ကောင်းစွာသက်သေပြပါလိမ့်မည်။ ရောမအင်ပါယာကြီး ပြိုကွဲစဉ်အခါက မြေထဲပင်လယ်ဒေသရှိ လူများအကြား၌ ဖြစ်ပျက်ခဲ့သလို ယခုလည်း ဥရောပတိုက်နှင့် အမေရိကတိုက်များ၌ ဖြစ်ပျက်လျက်ရှိသည်။ ကမ္ဘာ့အနောက်ဘက်ခြမ်းရှိ လူသားများသည် သူတို့၏ ရှေ့ဆောင် ဘိုးဘွားဘီဘင်များ၌ ရှိခဲ့သော စိတ်အားထက်သန်မှုမျိုးကို ဆုံးရှုံးသွားခဲ့ကြပြီ။ ဤသို့သော စိတ်အားထက်သန်မှု မရှိလျှင် လူမှုရေးစည်းစနစ်ကျမှု၊ ဘာသာရေး ယုံကြည်မှုသို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်တို့သည် တာရှည်စွာ တည်တံ့နိုင်မည် မဟုတ်ပါ။

The dreams of a generation now almost extinct have not been realized. The promises of the machine age and of a once boastful technology have failed, and, instead of a prophesied era of triumphant and joyous living, there is dark despondency and bitter disillusionment. And precisely as the Mediterranean peoples when Rome was falling looked for deliverance by means of a prayed-for extra-terrestrial saviour rather than by means of self-



directed effort, so do the peoples of the Occident look for their own deliverance now.

မျိုးဆက် တစ်ဆက်၏ ယခုအခါ ပျောက်ကွယ်လုနီးပါးဖြစ်နေသော အိပ်မက်များ၊ မျှော်လင့်ချက်များသည် အကောင်အထည် ပေါ်မလာကြပါ။ စက်မှုခေတ်နှင့် တစ်ချိန်က ကြွားဝင့်ခဲ့သော နည်းပညာတို့၏ ကတိကဝတ်များသည် ပျက်ယွင်းသွားကြပြီ။ ထို့အပြင် ကြိုတင် ဟောကိန်းထုတ်ထားသော အောင်မြင်၍ ပျော်ရွှင်ဖွယ်ကောင်းသည့် လူနေမှုခေတ်အစား မှောင်မိုက်သော စိတ်မချမ်းမြေ့မှုနှင့် ခါးသီးသည့် အထင်နှင့် အမြင် ကွာဟမှုတို့သာ တည်ရှိကြသည်။ ထိုမှတစ်ပါးလည်း ရောမမြို့ကြီး ပြိုလဲစဉ်က မြေထဲပင်လယ်ရပ်ဝန်းနေ လူအပေါင်းတို့သည် ဘဝလွတ်မြောက်ရေးအတွက် ကိုယ်တိုင် လမ်းညွှန်သည့် အားထုတ်မှုအစား ဆုတောင်းအပ်သော ကမ္ဘာပြင်ပ ကယ်တင်ရှင် နည်းလမ်းကို မျှော်လင့်စောင့်စားခဲ့ကြသလို အနောက်တိုင်းသား လူအပေါင်းတို့သည်လည်း မိမိတို့၏ ဘဝ လွတ်မြောက်ရေးအတွက် ထပ်တူထပ်မျှပင် မျှော်လင့်စောင့်စားနေကြ၏။

Western scientists have sought and in some encouraging and not unimportant measure have found truth, not in their inherited theology, but in their laboratories and test-tubes and by means of their mathematics and microscopes and telescopes. But, unfortunately, unlike their brethren in Asia, they have been content to study effects rather than causes, phenomena rather than noumena.

www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်း သိပ္ပံပညာရှင်များသည် အမှန်တရားကို ရှာဖွေခဲ့ကြပြီး အတော်အသင့် အားတက်ဖွယ်ကောင်း၍ အရေးမကြီးဟု မဆိုသာသော အတိုင်းအတာတစ်ရပ်အနေဖြင့် အမှန်တရားကို တွေ့ရှိခဲ့ကြသည်။ သူတို့ တွေ့ရှိခဲ့သည်မှာ သူတို့အမွေခံ ရရှိခဲ့သော ထာဝရဘုရားဆိုင်ရာ လောကုတ္တရာပညာ၌ မဟုတ်ဘဲ သူတို့၏ ဓာတ်ခွဲခန်းများနှင့် စမ်းသပ်ဖန်တီးမှုများထဲ၌ သူတို့သင်္ချာပညာနှင့် အဏုကြည့်မှန်ပြောင်းများ၊ အဝေးကြည့်မှန်ပြောင်းများဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ကံမကောင်းချင်တော့ သူတို့သည် အာရှတိုက်ရှိ သူတို့၏ ညီနောင်များနှင့် မတူဘဲ အကြောင်းတရားများအစား အကျိုးတရားများကို လေ့လာခြင်း၊ ပင်ကိုဉာဏ်ဖြင့်သာ သိရသည့် မမြင်နိုင်သော ဖြစ်ရပ်များအစား မြင်နိုင်သည့် သဘာဝဖြစ်ရပ်များကို လေ့လာခြင်းတို့နှင့် သူတို့ ကျေနပ်ခဲ့ကြသည်။

Nevertheless, although thus limited in outlook and understanding, they have, as Mr. Baptist very rightly emphasizes, approached closer and closer to the Supreme Science of the Buddha.

သို့ဖြစ်စေကာမူ ဤသို့ရှုမြင်သုံးသပ်ပုံနှင့် နားလည်မှုတွင် အကန့်အသတ် ရှိသော်လည်း သူတို့သည် မစ္စတာ ဘက်(ပ)တစ်(စ်) က အလွန်မှန်ကန်စွာ အလေးအနက်ပြောခဲ့သလို ဗုဒ္ဓမြတ်စွာ၏ အမြင့်မားဆုံး သိပ္ပံပညာဆီသို့ ပို၍ပို၍ နီးကပ်စွာ ချဉ်းကပ်လာနေကြသည်။

I perceive, as Mr. Baptist does, that the failure of the West to advance culturally rather than uti-



litariantly has been due to lack of Right Guidance. Instead of the Right knowing, or Gnostic, and Esoteric, Doctrine of the Christos, the West has been taught, exoterically and vulgarly, to believe in an anthropomorphic deity full of vengeance and jealous of all other deities and as much an advocate of human warfare as are his worshippers, and in a personal immortal self, or 'soul', and in one-incarnation sojourn on Earth followed by transference to an eternal heaven of blissfulness for the elect or to a state of never-ending torture called hell for the damned.

လက်တွေ့အသုံးဝင်လျှင် မှန်ကန်သည်ဟူသော အမြင်အရ တိုးတက်ခြင်းထက် ယဉ်ကျေးမှုအရ တိုးတက်ရန် အနောက်တိုင်းသားတို့၏ ပျက်ကွက်ခြင်းသည် မှန်ကန်သော လမ်းညွှန်မှု မရှိခြင်းကြောင့် ဖြစ်သည်ဟု မစ္စတာ ဘက်(ပ)တစ်(စ်) သိမြင်လာသလို ကျွန်ုပ်လည်း သိမြင်လာသည်။ အနောက်တိုင်းသားများသည် မှန်ကန်စွာ သိမြင်ခြင်း သို့မဟုတ် အတွင်းနေ တပည့်အနည်းငယ်အတွက်သာ ရည်မှန်းထားသည့် ခရစ်ယာန်တို့၏ ခက်ခဲနက်နဲသော တရားတော်များအစား လက်တုံ့ပြန်မှု၊ အခြားနတ်များကို မနာလိုမှုနှင့် ပြည့်နှက်လျက်ရှိသော လူသားများ စတင်ဖြစ်ပေါ်ခြင်းနှင့် သက်ဆိုင်သော နတ်ဘုရား၌ ယုံကြည်ရန် အပြင်လူတို့ နားလည်လွယ်အောင် ရုန့်ရင်းကြမ်းတမ်းစွာ သင်ကြားပေးခြင်းကို ခံခဲ့ကြရသည်။ ထိုနတ်ဘုရားသည် လူသားတို့

www.burmeseclassic.com

www.burmeseclassic.com



၏ စစ်မက်ရေးရာနှင့် သူ့အားကိုးကွယ်သူများ၏ ရှေ့ဆောင်ဖြစ်၏။ ၎င်းပြင် ပုဂ္ဂိုလ်အသွင်ဆောင်သည့် သေခြင်းကင်းသော ပုဂ္ဂိုလ် (ဝါ) ဝိညာဉ်အနေဖြင့် လူသားတို့အား ကမ္ဘာပေါ်တွင် တစ်ဘဝလူဖြစ်စေပြီးလျှင် ရွေးချယ်ခံရသူတို့အား ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ထာဝရကောင်းကင်ဘုံသို့ ပို့ဆောင်ပေးကာ အပြစ်ဒဏ်ခံရသူတို့အား ငရဲခေါ် အဆုံးအပိုင်းအခြားမရှိ ညှဉ်းပန်းနှိပ်စက်ခံရသော အခြေသို့ ပို့ဆောင်ပေး၏။

Had Right christianity prevailed in Europe and the Americas the two world wars would never have been fought. Nor would there have been need for missionaries to go from the nations of the West to Ceylon or to any other Buddhist land, for, as I made clear in my controversy with the missionaries of Church Council Christianity in Ceylon more than thirty years ago, Right Christianity, like Buddhism, is based upon the fundamental and scientifically-tenable doctrines of Kamma and Rebirth, which I am glad to observe, Mr. Baptist has expounded in an altogether new and fascinating way.

မှန်ကန်သော ခရစ်ယာန် ဘာသာသည်သာ ဥရောပတိုက်နှင့် အမေရိကတိုက်များ၌ အောင်နိုင်ခဲ့လျှင် ကမ္ဘာစစ်ကြီးနှစ်ခု ဖြစ်ပွားခဲ့မည် မဟုတ်ချေ။ အနောက်တိုင်းနိုင်ငံများမှ မစ်ရှင်သာသနာပြုအဖွဲ့များသည်လည်း သီဟိုဠ် (သီရိလင်္ကာ) နှင့် အခြားဗုဒ္ဓဘာသာနယ်မြေ



သို့ သွားရောက်ရန် လိုအပ်မည် မဟုတ်ချေ။ အကြောင်းမှာ လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ဘုရားရှိခိုးကျောင်း ကောင်စီ ခရစ်ယာန် မစ်ရှင်သာသနာပြုအဖွဲ့များနှင့် ကျွန်ုပ် အချေအတင် ဆွေးနွေးရာ၌ ကျွန်ုပ် ရှင်းလင်းစွာ ပြောဆိုခဲ့သည့်အတိုင်း မှန်ကန်သော ခရစ်ယာန်ဘာသာသည် ဗုဒ္ဓဘာသာကဲ့သို့ပင်လျှင် အခြေခံကျ၍ သိပ္ပံနည်းကျသော ကံနှင့် ပဋိသန္ဓေနေခြင်း သဘောတရားများအပေါ်တွင် အခြေပြုသည်။ ဤအချက်ကို မစ္စတာ ဘက်(ပ) တစ်(စ်) က လုံးလုံးလျားလျား ဆန်းသစ်၍ အလွန်စိတ်ဝင်စားဖွယ်ကောင်းအောင် ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်ဝမ်းသာမိပါသည်။

There is in the West at the present time a remarkable revival, emotional rather than intellectual, of that form of exoteric Christianity which commonly opposes, in an unscholarly and untenable manner, as its missionaries in Ceylon do, the doctrines of Kamma and Rebirth. This revival is, in large degree, the outcome of the fear-obsession of the occidental peoples.

ယခုအခါ အနောက်တိုင်းနိုင်ငံများ၌ အများနားလည်လွယ်သည့် ခရစ်ယာန်ဘာသာသည် အံ့ချီးဖွယ်ကောင်းအောင် အသိဉာဏ်ပညာအရ မဟုတ်ဘဲ ခံစားမှုအရ ပြန်လည်လန်းဆန်းလာသည်။ ဤခရစ်ယာန် ဘာသာအသွင်သည် သီဟိုဠ် (သီရိလင်္ကာ) ရှိ ၎င်း၏ မစ်ရှင်သာသနာပြုအဖွဲ့များ ပြုမူသလို ပညာရှင်မဆန်သော မခံရပ်နိုင်သော နည်းဟန်ဖြင့် ကံနှင့် ပြန်လည်ပဋိသန္ဓေနေခြင်း သဘောတရားများကို

www.burmeseclassic.com

www.burmeseclassic.com



အများနည်းတူ ဆန့်ကျင်နေကြသည်။ ဤပြန်လည်ဆန်းသစ်ခြင်းသည် အဓိကအားဖြင့် အနောက်တိုင်းသားများ၏ စိတ်၌ ဖျောက်ဖျက်မရအောင် စွဲလမ်းနေသော ကြောက်ရွံ့မှုအပေါ်တွင် အခြေခံပါသည်။

After two world wars have destroyed their over-lordship of the Earth and their scientists have discovered means for national and all-world suicide, they grasp the old dogmatism in desperation, as though it were a life-preserver affloat in a storm-tossed sea. Buddhism is, as yet, too little known in the occident to be, as it otherwise could be, the efficient means of restoring confidence to the bewildered and error-fettered people.

ကမ္ဘာစစ်ကြီးနှစ်ခုက သူတို့၏ ကမ္ဘာကို အုပ်စိုးခြယ်လှယ်ခြင်းကို ဖျက်ဆီးပစ်ကာ သူတို့၏ သိပ္ပံပညာရှင်များက တစ်မျိုးသားလုံး မိမိကိုယ် မိမိ သတ်သေမှုနှင့် တစ်ကမ္ဘာလုံးကို သတ်သေမှုတို့အတွက် နည်းလမ်းများကို ရှာဖွေတွေ့ရှိပြီးသည့်နောက် သူတို့သည် ကြံရာမရ ဖြစ်လုပ်သည့်အနေဖြင့် တစ်ယူသန်ဝါဒဟောင်းကို ဆွဲကိုင်ကြသည်၊ လေမုန်တိုင်းကျနေသော ပင်လယ်ပြင်၌ မျောနေသူက အသက်ကယ် ကိရိယာကို ဆွဲကိုင်သကဲ့သို့တည်း။ ဗုဒ္ဓဘာသာသည် တွေဝေပြီး အမှားသံခြေချင်း ခတ်ခံနေရသော လူအပေါင်းတို့အား ယုံကြည်မှုကို ပြန်လည်ထူထောင်ရန် ထိရောက်သောနည်းလမ်းအဖြစ် အကျိုးဆောင်ပေးရန်အတွက် အနောက်တိုင်း၌ အလွန်လူသိနည်းသေးသည်၊ သို့မဟုတ်လျှင် ထိရောက်စွာ အကျိုးဆောင်ပေးနိုင်ပါသည်။



Monasticism, which in all known ages and faiths has ever afforded the disillusioned an easy escape from a disordered society, is, like the revival, also enjoying such precipitate prosperity that there are today three times as many Roman Catholic renunciates in the United States alone as there were fifty-five years ago. This, too, parallels a like condition which prevailed in the days of the disintegrating Empire of Rome.

ဘုန်းကြီးရဟန်း ပြုလုပ်ခြင်းသည် သိရှိပြီးသော ခေတ်အဆက်ဆက်နှင့် ယုံကြည်ကိုးကွယ်မှု ဘာသာအားလုံး၌ အထင်နှင့် အမြင် တွက်ခြေမကိုက်သူတို့အား စည်းစနစ်မရှိသည့် လူမှုအဖွဲ့အစည်းမှ အလွယ်တကူ လွတ်မြောက်အောင် အမြဲတစေ အကျိုးဆောင်ပေးသည်။ ထိုဘုန်းကြီးရဟန်းပြုခြင်းသည် ဘာသာရေး ပြန်လည် လန်းဆန်းလာသကဲ့သို့ အခြေကျသည့် ကြီးပွားတိုးတက်မှုကို ခံစားလျက်ရှိသည်။ ယခုအခါ အမေရိကန်ပြည်ထောင်စု၌ လူဝတ်ကြောင်ဘဝကို စွန့်ခွာ၍ ဘုန်းကြီးရဟန်းပြုသွားသော ရိုမန်ကက်သိုလစ် ဦးရေသည် လွန်ခဲ့သော ၅၅ နှစ်ကထက် သုံးဆ မြင့်တက်လာသည်။ ဤအချက်သည်လည်း ရောမ အင်ပါယာကြီး ပြိုပျက်နေဆဲ အခါသမယ၌ ဖြစ်ပျက်ခဲ့သော အခြေအနေနှင့် ဆင်တူလျက် ရှိသည်။

Oswall Spengler may yet prove to have been a true seer when he wrote 'The Decline of the West'

www.burmeseclassic.com

www.burmeseclassic.com



At all events, when the course of empire on it western way shall have crossed the Pacific an reached India and Ceylon and so completed th circuit of the planet, as, of yore, there will dawn truly New Age: and a Federated World will be in th enjoyment of that Right Guidance to which this sma volume refers and which all the Buddhas sinc prehistoric times have made available to mankin Only then will the race of men be restored to sanity economically, politically and psychicly.

အောဖစ်ဝေါလ်စပင်ဂလာသည် "အနောက်တိုင်းတို့၏ မေးမို ကျဆင်းခြင်း" စာအုပ်ကို ရေးသားရာ၌ သူ့ကိုယ်သူ မှန်ကန်သည် ရှေ့ဖြစ် ဟောကြားသူတစ်ဦး ဖြစ်ကြောင်း သက်သေပြရာ ရောက် ကောင်း ရောက်ပေလိမ့်မည်။ အဖြစ်အပျက်အားလုံး၌ အနောက်ဘက် ခရီးတစ်ခွင်အင်ပါယာ၏ ခရီးစဉ်တွင် ပစိဖိတ်သမုဒ္ဒရာကို ကျော်ဖြတ် ပြီးနောက် အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ကို ရောက်သောအခါ ကမ္ဘာဂြိုဟ်ကို ပတ်သည့်ခရီး ပြီးမြောက်သွားပြီဟု ဆိုနိုင်၏။ ထိုအခါ ရှေးယခင်ကကဲ့သို့ မှန်ကန်သော ခေတ်သစ်တစ်ခေတ် ပေါ်ထွန်းလာ ပြီးလျှင် ညီညွတ်စွာ ပေါင်းဖွဲ့ထားသော ကမ္ဘာက ဤစာအုပ်ငယ် ရည် ညွှန်းထားသည့် သမိုင်းမပေါ်မီ အချိန်ကပင် ဘုရားအဆူဆူတို့ လူ သားတို့အား ဟောကြားတော်မူခဲ့သော 'မှန်ကန်သော လမ်းညွှန်မှု' ကို ပျော်ရွှင်စွာ ခံယူကြရလိမ့်မည်။ ထိုအခါ ရောက်မှသာလျှင် လူသား မျိုးနွယ်တို့သည် စီးပွားရေးအရ နိုင်ငံရေးအရ စိတ်ဓာတ်ရေးအရ



ဆင်ခြင်တုံတရားနှင့် ပြည့်စုံသည့် မှုမှန်အခြေသို့ ပြန်လည်ရောက်ရှိ လိမ့်မည်။

Valuable for all who seek Right Understanding is Mr. Baptist's praiseworthy dethronement of the anthropomorphic God of the Bible in Chapter I. The next two chapters contain an excellent outline account of the life and chief teachings of the Buddha. Then in Chapter IV and V, is set forth one of the best expositions available of Kamma and Rebirth. In his treatment of Buddhism and Science, in Chapter VI, Mr. Baptist shows deep insight and originality; and, in Chapter VII, he expounds convincingly how Buddhism solves the riddle of life.

ဤစာအုပ်ငယ်၏ အခန်း (၁) ၌ လူသားများ စတင်ဖြစ်ပေါ်ခြင်း နှင့် သက်ဆိုင်သော သမ္မာကျမ်းစာလာ ဘုရားသခင်ကို ရာဇပလ္လင်မှ ချထားခြင်းဆိုင်ရာ မစ္စတာ ဘက်(ပ)တစ်(စ်) ၏ ချီးမွမ်းထိုက်သည့် ရေးသားမှုသည် မှန်ကန်စွာ သိနားလည်ခြင်းကို ရှာဖွေနေကြသော လူသားတို့အတွက် အဖိုးတန်လှပါ၏။ ဒုတိယနှင့် တတိယ အခန်း နှစ်ခန်းတွင် မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်နှင့် ပဓာန ဟောပြောချက် များတို့၏ အလွန်ကောင်းမွန်သော လိုရင်းသရုပ်ဖော်ချက်ကို ဖော်ပြ ထား၏။ ထို့နောက် အခန်း (၄) နှင့် (၅) တို့တွင် ကံနှင့်ပြန်လည်မွေးဖွား ခြင်းဆိုင်ရာ အသေးစိတ် ရှင်းလင်းတင်ပြချက်များအနက် အကောင်း ဆုံး တင်ပြချက်တစ်ရပ်ကို တင်ပြပေးထားသည်။ ဗုဒ္ဓဘာသာနှင့် သိပ္ပံ

www.burmeseclassic.com

www.burmeseclassic.com



ပညာတို့ကို အခန်း (၆) ၌ တင်ပြရာတွင် မစ္စတာ ဘက်(ပ) တစ်(စ်) သည် နက်နဲသည့် ထိုးထွင်းဉာဏ်နှင့် ပင်ကိုဟန်တို့ကို ဖော်ပြသည်။ အခန်း (၇) တွင်မူ ဘဝပြဿနာကို ဗုဒ္ဓဘာသာက မည်သို့ဖြေရှင်းပေးကြောင်းကို သဘောကျနှစ်ခြိုက်နိုင်အောင် အသေးစိတ် ရှင်းလင်းတင်ပြထားပါသည်။

Once a communicant of the Church of Rome, Mr. Baptist has, in virtue of intense search and meditation, arrived at the sound conviction that Church-Council Christianity is not, as I made clear to the people of Ceylon during the Rebirth Controversy, Right Christianity. And, in the wondrous and scientific teachings of the Enlightened One, he has discovered the Port of Self-Realization and Self-salvation, having left far behind, as being of no futher use on the Voyage to the Other Shore, the Port of Salvation by Faith.

တစ်ချိန်က ရောမမြို့၏ ဘုရားရှိခိုးကျောင်းတော်၌ တရားဟောပြောသူဖြစ်ခဲ့သော မစ္စတာဘက်(ပ) တစ် (စ်) သည် လွန်ကဲစွာ ရှုးစမ်းရှာဖွေမှုနှင့် ဘာဝနာရှုပွားမှုတို့၏ အကျိုးအာနိသင်ကြောင့် ဘုရားရှိခိုးကျောင်းကောင်စီ ခရစ်ယာန်ဝါဒသည် မှန်ကန်သော ခရစ်ယာန်ဝါဒ မဟုတ်ကြောင်းကို ပြန်လည်ပငိုသန္ဓေနေခြင်းဆိုင်ရာ အချေအတင် ဆွေးနွေးပွဲ၌ သီရိလင်္ကာနိုင်ငံသားတို့အား ကျွန်ုပ် ရှင်းရှင်းလင်းလင်း သိမြင်စေခဲ့သလို အလေးအနက် ယုံကြည်သိမြင်လာပါ



သည်။ ၎င်းအပြင် သဗ္ဗညုတဉာဏ်ပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ အံ့ဩဖွယ်ကောင်း၍ သိပ္ပံနည်းကျသည့် သင်ကြားမှုများ၌ မစ္စတာဘက်(ပ) တစ်(စ်) သည် ကိုယ်တိုင်သိရှိနားလည်ခြင်းနှင့် ကိုယ်တိုင် ကယ်တင်ခြင်း ဟူသည့် ဆိပ်ကမ်းကို ရှာဖွေတွေ့ရှိပြီးလျှင် ယုံကြည်မှု သက်သက်မျှဖြင့် ကယ်တင်ခြင်း ခံရသည်ဟူသည့် ဆိပ်ကမ်းကို ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ကြွလှမ်းရန် ခရီးစဉ်ဝယ် ထပ်မံအသုံးပြုရန် မလိုအပ်တော့သည့်အတွက် အလွန်ဝေးကွာစွာပင် ချန်လှပ်ခဲ့ပြီး ဖြစ်ပေ၏။

Nay those Great Ones who assist mankind in the aeon-long journey, vouchsafe their blessings on this book, and empower its author for many years to come, to continue his services on behalf of his brethren seeking to emerge from the mist-enshrouded valleys and attain the sun-illuminated Heights.

**Dr. W. Y. Evans - Wentz**

San Diego, California,
Vaisakha, 1955.

အလွန့်အလွန် ရှည်လျားသော သံသရာခရီးလမ်းတစ်လျှောက်၌ လူသားတို့အား ကူညီစောင်မကြသည့် ကြီးကျယ်သော ပုဂ္ဂိုလ်များသည် သနားကြင်နာစွာ ဤစာအုပ်ကို ကောင်းချီးမင်္ဂလာများ ပေးဝေကြပြီးလျှင် ဤစာအုပ် ရေးသားသူအား မြူခိုးများ လွှမ်းခြုံနေသည့် တောင်ကြားချိုင့်ဝှမ်းများမှတစ်ဆင့် နေရောင်ထွန်းလင်းတောက်ပ

www.burmeseclassic.com



ရာ-တောင်ထိပ်များပေါ်သို့ တက်ရောက်နိုင်ရန် လမ်းကြောင်းရှာဖွေကာ ကြိုးပမ်းနေကြသော သူ၏ညီတော် နောင်တော်များအကျိုးငှာ အကျိုးပြုလုပ်ငန်းများကို နောင်နှစ်ပေါင်းများစွာ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် စွမ်းအား ဖြည့်တင်းပေးနိုင်ပါစေသတည်း။

**ဒေါက်တာ ဒဗလျူ၊ ဝိုင်၊ အီဗန့်(စ်)ဝင်း(တ်စ်)**

ကမ္ဘာကျော် 'သေသူတို့၏ တိဗက်တန်စာအုပ်' စသည်ကို ရေးသားသူ။

စန်ဒီးဂိုး၊ ကယ်လီဖိုးနီးယား

ဧသာ၁၊ ၁၉၅၅ ခုနှစ်။

# PREFACE

## နိဒါန်း

The purpose of this work is to commemorate the Sambuddha-Jayanti – the 2500th year of the Supreme Buddha's Pari-Nibbāna.

ဤစာအုပ်ကို ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်သည် အမြင့်မြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုမှု၏ နှစ် ၂၅၀၀ မြောက် သမ္ဗုဒ္ဓဇယန္တီကို အမှတ်တရ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုကြိုဆိုရန် ဖြစ်ပါသည်။

The seed from which this little book has sprung, however, was planted in the columns of the Ceylon Observer, a Lake-House Journal, wherein I initiated a controversy in good humour in the existence or non-existence of God. A storm broke out in the press, and when calm was restored my good friend

www.burmeseclassic.com

www.burmeseclassic.com



**Prema de Silva** suggested that I might suitably adapt and present the main arguments of that controversy for analysis by thinking men in the West who had not heard of the Buddha Dhamma, and who, as Dr. Evans-Wentz aptly remarks in his Foreword, have been studying for long 'phenomena rather than noumena.'

သို့သော် ဤစာအုပ်ငယ် ပေါက်ဖွားလာခဲ့သောမျိုးစေ့ကို ရေအိုင်အိမ် ဂျာနယ်တစ်ခုဖြစ်သည့် 'သိဟိုဠ်မျှော်စင်'၏ ကော်လံများတွင် ဖန်ဆင်းရှင်ဘုရားသခင် ရှိသည် မရှိသည်ဟူသော အချေအတင်ငြင်းခုံပွဲကို ကောင်းမြတ်သည့်ဟာသအမြင်ဖြင့် ကျွန်တော်စတင်ရေးသားချိန်၌ စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါသည်။ သတင်းစာ ဂျာနယ်များတွင် လေမုန်တိုင်းတစ်ခု ပေါက်ဖွားလာပါသည်၊ ငြိမ်သက်မှုကို ပြန်လည်ရရှိသည့်အခါ ကျွန်တော်၏ သူငယ်ချင်းကောင်း **ပရေမဒီဆီလဗာက** ထိုအချေအတင် ငြင်းခုံပွဲ၌ အဓိက ငြင်းခုံကြသော အချက်များကို အနောက်တိုင်း တွေးခေါ်ရှင်များ ဝေဖန်စိစစ်နိုင်ရန်အလို့ငှာ သင့်လျော်သလို ပြုပြင်မွမ်းမံ ရေးသားတင်ပြဖို့ အကြံပေးပါသည်။ အနောက်တိုင်း တွေးခေါ်ရှင်များသည် ဗုဒ္ဓဓမ္မကို မကြားဖူးကြသည့်အပြင် စကားဦး၌ ဒေါက်တာအီဗန်(စ်)ဝင်း(တ်ဇ်)က ဆီလျော်စွာကောက်ချက်ချခဲ့သလို ပင်ကိုဉာဏ်ဖြင့်သာ သိရသည့် မမြင်နိုင်သောဖြစ်ရပ်များအစား မြင်နိုင်သည့်သဘာဝဖြစ်ရပ်များကိုကာလကြာမြင့်စွာ လေ့လာနေခဲ့ကြသည်။

In a time when the world is torn between



conflicting idealogies, when primitive beliefs are torn from their foundations, when men despair, the Message of the Supreme Buddha stands like a mighty Rock unshaken by the challenge of this Atomic Age. His message neither added to nor subtracted from, holds true today as it did 2500 years ago. Its appeal is not to emotion, but to the intelligence of all thinking men and women the world over.

သဘောတရားကွဲလွဲသော အတွေးအခေါ်များ အကြားတွင် ကမ္ဘာကြီး အစိတ်စိတ် အမြွှာမြွှာဖြစ်နေသည့်အခါ၊ ရှေးကျသော အယူအဆများကို ၎င်းတို့၏ အခြေခံ အုတ်မြစ်များမှ ပယ်နုတ်နေသည့်အခါ၊ လူသားတို့ စိတ်ပျက်ကာ လက်မှိုင်ချနေရသောအခါများတွင် အထွတ်အထိပ် ဖြစ်တော်မူသည့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည် ဤအဏုမြူခေတ်၏ စိန်ခေါ်မှုကြောင့် မတုန်လှုပ်ဘဲ ကျောက်ဆောင်ကြီးကဲ့သို့ ရပ်တည်နေပါ၏။ ဖြည့်စွက်ခြင်း ထုတ်ပယ်ခြင်းကင်းသော ဗုဒ္ဓတရားတော်သည် လွန်ခဲ့သော နှစ် ၂၅၀၀ က မှန်ကန်ခဲ့သလို ယနေ့၌လည်း မှန်ကန်လျက်ပင်ရှိ၏။ တရားတော်သည် ခံစားမှုကို ဆွဲဆောင်ခြင်းမပြုဘဲ ကမ္ဘာတစ်ဝန်းလုံးရှိ စဉ်းစားနိုင်းချိန်တတ်သည့် ယောကျ်ား မိန်းမများ အားလုံး၏ အသိဉာဏ်ကို ဆွဲဆောင်၏။

May this little book play its modest part in promoting knowledge of the Sublime Buddha Dhamma wherever the English language is spoken,

www.burmeseclassic.com

www.burmeseclassic.com



especially among our brothers and sisters across the seas in that great land of freedom, the United States of America.

ဤစာအုပ်ငယ်သည် အင်္ဂလိပ်စကားကို ပြောဆိုသည့်နေရာတိုင်း၌ အထူးသဖြင့် ပင်လယ်သမုဒ္ဒရာများ၏ ဟိုမှာဘက်ကမ်းတွင် တည်ရှိသော လွတ်လပ်သည့်နိုင်ငံကြီးဖြစ်သည့် အမေရိကန် ပြည်ထောင်စု၌ နက်နဲသိမ်မွေ့သော ဗုဒ္ဓဓမ္မ ဗဟုသုတကို ဖြန့်ချိရာတွင် မဝင့်ဝါ မပလွှားသည့် အခန်းကဏ္ဍမှ အကျိုးဆောင်ပေးနိုင်ပါစေသား။

My thanks are due to the **Venerable Nārada** Mahāthera, for having kindly written the Introduction to this book. Like Buddhisattas of old, sacrificing his own opportunities of emancipation, he has taken the Message of the Dhamma to the four corners of the world. Were it not for his efforts to spread Enlightenment far and wide, many would still be languishing in a backyard of ignorance. But his work has not been sufficiently appreciated, and it is a privilege for me to pay him this tribute.

ဤစာအုပ်၏ ဥပေါဒ္ဃာတကထာကို ရေးသားပေးတော်မူသော **ဘဒ္ဒန္တ နာရဒ မဟာထေရ်**ကိုကျွန်ုပ် ကျေးဇူးဥပကာရတင်ရှိပါသည်။ ဆရာတော်ဘုရားကြီးသည် ရှေးဘုရားလောင်းများကဲ့သို့ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် မိမိ၏ အခွင့်အရေးများကို စွန့်လွှတ်၍



ကမ္ဘာအရပ်ရပ်သို့ ဓမ္မသဝဏ်လွှာကို ဖြန့်ချိပေးတော်မူခဲ့သည်။ အသိဉာဏ် ပွင့်လင်းစေသော ဗုဒ္ဓဓမ္မကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိခဲ့သော သူ၏ ကြိုးပမ်းမှုများသာ မရှိခဲ့ပါလျှင် လူများစွာတို့သည် အဝိဇ္ဇာ အမှောင်တိုက်တွင် စမ်းတဝါးဝါးနှင့် နွမ်းနယ်နေကြပါလိမ့်မည်။ သို့သော် သူ၏ကြိုးပမ်းမှုကို ထိုက်ထိုက်တန်တန် ကျေးဇူးမတင်ကြသေးပါ။ ထို့ကြောင့် ကျွန်ုပ်အဖို့ သူ့အား ယခုကဲ့သို့ ချီးကျူးဂုဏ်ပြုခြင်းသည် အခွင့်ထူးတစ်ရပ် ဖြစ်ပါသည်။

To those whose interest is aroused by this little book to go deeper into the subject and make a fairly comprehensive study of the pure unadulterated teachings of the Buddha as found in Theravāda schools of Ceylon, Burma and Siam, I can do no better than recommend the venerable Mahā-Thera's own book, The Buddha Dhamma. It is one of the finest books ever written on the Buddha Dhamma.

ဤစာအုပ်ကို ဖတ်ရှု၍ တရားအကြောင်းကို ပို၍ နက်နက်နဲနဲ သိလိုသော ဆန္ဒ နိုးကြားလာကြသည့်သူများသည် သီရိလင်္ကာ၊ မြန်မာ၊ ထိုင်းနိုင်ငံ ထေရဝါဒကျောင်းများတွင် တွေ့ရှိရသည့်အတိုင်း သန့်စင်၍ ရောနှောထားခြင်း မရှိသော မြတ်စွာဘုရား၏ သင်ပြချက်များကို အသင့်အတင့်ပြည့်စုံကျယ်ပြန့်စွာ လေ့လာလိုလျှင် ဘဒ္ဒန္တ နာရဒ မဟာထေရ်ကိုယ်တိုင် ရေးသားထားတော်မူသော 'ဗုဒ္ဓဓမ္မ' စာအုပ်ကို ထောက်ခံပေးခြင်းထက် ပို၍ကောင်းအောင် ကျွန်ုပ် မစွမ်းဆောင်နိုင်ပါ။

www.burmeseclassic.com



To **Dr. Evans Wentz**, I am deeply indebted for his very encouraging and illuminating Foreword. Hailing as he does from the Americas, and himself a profound and independent thinker, his appeal to the West to study not only the original teachings of Jesus, but the Sublime Doctrines of the Blessed One, would, no doubt, not fall on deaf ears.

**ဒေါက်တာအီဗန့်(စ်)ဝင်း(တ်စ်)**အား လည်း သူ၏ အလွန် အားတက်ဖွယ်ကောင်းသော ရှင်းလင်းပြတ်သား၍ အသိဉာဏ်တိုးစေသော စကားဦးအတွက် ကျွန်ုပ် အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။ သူကိုယ်တိုင်ပင် နက်နက်နဲနဲ လွတ်လပ်စွာ တွေးခေါ်တတ်သူတစ်ဦးဖြစ်သည့်အပြင် အမေရိကတိုက်များမှနေ၍ နှီးဆော်လျက် အနောက်တိုင်းသားတို့အား ယေရှုသခင်၏ မူလ သင်ပြချက်များအပြင် ဗုဒ္ဓမြတ်စွာ၏ နက်နဲသိမ်မွေ့သည့် တရားတော်များကိုပါ လေ့လာရန် မေတ္တာရပ်ခံခြင်းကို ပညာလိုလားသူတို့ အလေးမမူဘဲ နေကြမည်မဟုတ်ဟု သံသယကင်းစွာ ကျွန်ုပ်ယုံကြည်ပါသည်။

**Mr. Dharmapriya Mahinda**, Proctor, Supreme Court, of Panadura, has kindly met the costs of printing. His response to my appeal was immediate and spontaneous and was at a time I had almost despaired of ever being able to place the manuscript in the Printers' hands. I offer to him my sincere thanks for his generosity. May his tireless efforts in the cause of the Dhamma, when his work is done, bring him the peace of Nibbāna, which he so richly deserves.



ပနဒူရမြို့ တရားရုံးချုပ်၏ အုပ်ချုပ်ရေးမှူးဖြစ်သူ **မဓမ္မတာဓမ္မပရိယာယမဟိန္ဒ**သည် ဤစာအုပ် ပုံနှိပ်ခ ကျသင့်ငွေကို လှူဒါန်းခဲ့ပါသည်။ ဤစာမူကို ပုံနှိပ်သူများ၏ လက်ထဲသို့ ထည့်ပေးရန် အခက်အခဲ တွေ့၍ ကျွန်ုပ်စိတ်ပျက်စ ပြုနေသည့်အခါ ကျွန်ုပ်၏ မေတ္တာရပ်ခံချက်ကို သူ ချက်ချင်းပင် စိတ်ထက်သန်စွာ တုံ့ပြန်ပေးခဲ့သည်။ သူ၏ သဒ္ဓါစေတနာအတွက် ကျွန်ုပ်သည် ရိုးသားဖြောင့်မတ်စွာ သူ့အား ကျေးဇူးဥပကာရ တင်ရှိပါသည်။ ဗုဒ္ဓဓမ္မကို ဖြန့်ချိရေး၌ သူ၏ လုပ်ငန်း ပြီးစီးသောအခါ သူ၏ မမောနိုင် မပန်းနိုင် ကြိုးစားအားထုတ်မှုများသည် သူ ထိုက်တန်စွာ ရအပ်သော နိဗ္ဗာန်ချမ်းသာကို ပေးဆောင်နိုင်ပါစေသတည်း။

A meed of praise is due to a very young friend, **Denzil Dissanayake**, still a student, who sought my help and guidance in an endeavour to understand some of the deeper teachings of the Buddha. His contact with me, was like the erupting of a volcano that had long been smouldering.

ကျွန်ုပ်၏ အလွန်ငယ်ရွယ်သော မိတ်ဆွေတစ်ဦးဖြစ်သူ ကျောင်းသားဘဝ၌သာ ရှိသေးသည့် **ဒင်စီးလ်ဒီသာနယကေ**ကိုလည်း ချီးကျူးစကား ပြောကြားထိုက်ပါ၏။ သူသည် နက်နဲသော မြတ်စွာဘုရား၏ သင်ကြားမှုအချို့ကို နားလည်ရန် ကြိုးပမ်းနေရာတွင် ကျွန်ုပ်၏အကူ

www.burmeseclassic.com

www.burmeseclassic.com



အညီနှင့် လမ်းညွှန်မှုကို တောင်းခံလာပါသည်။ ကျွန်ုပ်နှင့် သူ၏ ထိတွေ့မှုသည် ကြာရှည်စွာ တငွေ့ငွေ့ တောက်လောင်နေသော မီးတောင်ကြီးကို ရုတ်တရက် ပေါက်ကွဲစေခြင်းနှင့် တူသွားပါသည်။

With rare intelligence and equally rare sincerity, he set to work questioning and cross-questioning me on many human problems that had earlier eluded his comprehension. For, like most born Buddhists he too had little appreciation of the Sublime Buddha Dhamma. But, now, through conviction, he feels that through a study of Buddhism, he would be able 'to yet reason out of the mass of incongruity we call human life'.

There is every hope that he would someday blossom forth into a worthy apostle of the Sublime Teaching. I need hardly add that his persistent questioning helped me in no small measure to make many of my own views clearer to the average reader.

ရှားပါးစွာ ထက်မြက်သော အသိဉာဏ်၊ တူညီစွာ ရှားပါးသည့် ရိုးသားဖြောင့်မတ်မှုတို့ဖြင့် သူသည် စောစောပိုင်းက နားမလည်ခဲ့သော လူ့ဘဝပြဿနာများစွာနှင့် ပတ်သက်၍ ကျွန်ုပ်အား အပြန်ပြန်အလှန်လှန် မေးမြန်းပါတော့သည်။ အကြောင်းမှာ မွေးရာပါ ဗုဒ္ဓဘာသာဝင်များစွာကဲ့သို့ သူသည်လည်း သိမ်မွေ့နက်နဲသော ဗုဒ္ဓဓမ္မကို အနည်းငယ်သာ တန်ဖိုးထားခဲ့သည်။ သို့သော် ယခုအခါ၌ကား



ခိုင်ခိုင်မာမာ ယုံကြည်လာခြင်းကြောင့် ဗုဒ္ဓဘာသာကို လေ့လာခြင်းဖြင့် လူ့ဘဝဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့် မညီညွတ်သော ပရမ်းပတာ အစုအပုံထဲမှ အကြောင်းအကျိုးတရားများကို ဖော်ထုတ်နိုင်မည်ဟု သူ ခံစားမိသည်။

တစ်နေ့သောအခါတွင် သူသည် အထွတ်အမြတ်ဖြစ်သည့် တရားတော်ကို ဟောကြားဖြန့်ချိမည့် အဖိုးထိုက်တန်သော တမန်တော် တစ်ဦး ဖြစ်လာမည်မှာ မျှော်လင့်ချက် အပြည့်အဝ ရှိပါသည်။ သူ၏ ခွဲကောင်းသော မေးမြန်းမှုများက ကျွန်ုပ်၏ ကိုယ်ပိုင်အမြင်များစွာကို သာမန် စာဖတ်သူများ ရှင်းလင်းစွာ နားလည်ရန်အတွက် မသေးငယ်သည့် အတိုင်းအတာဖြင့် ကျေးဇူးပြုခဲ့ခြင်းကို ကျွန်ုပ်အထူးချဲ့ ပြောရန် မလိုတော့ပါ။

I also thank my good friend **Alec Robertson** for reading the proofs for me. He has followed my every footstep so sincerely and zealously that I have now come to regard him as a Kalyānamithra (a genuine friend, of abiding sincerity on the path to emancipation). My deep conviction is that we have often been together, through the ups and downs of life in previous incarnations.

ကျွန်ုပ်၏ ကိုယ်စား ပုံနှိပ်စာမူများကို ဖတ်ရှုပေးသော ကျွန်ုပ်၏ မိတ်ဆွေကောင်း **အယ်လက်ရိုဘတ်ဆင်** အားလည်း ကျွန်ုပ်ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏ ခြေလှမ်းတိုင်းကို အထူးရိုးသားဖြောင့်မတ်စွာ ခွန်နပဲ ကြိုးစွာဖြင့် လိုက်နှင်းခဲ့ရာ ယခုအခါ သူ့အား ကျွန်ုပ်၏

www.burmeseclassic.com

www.burmeseclassic.com



ကလျာဏမိတ္တ (သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးလမ်းခရီးတွင် သည်းညည်းခံနိုင်သော ရိုးသားဖြောင့်မတ်မှုရှိသည့် မိတ်ဆွေစစ်) အဖြစ် ကျွန်ုပ် မှတ်ယူလိုက်ပါပြီ။ စုန်တစ်ခါ ဆန်တစ်လှည့် သံသရာခရီးရှည်တွင် ရေးဘဝပေါင်းများစွာ၌ သူနှင့် ကျွန်ုပ်တို့သည် မကြာခဏ အတူတကွ ရှိခဲ့ကြသည်ဟု ကျွန်ုပ် လေးနက်စွာ ယုံကြည်မိပါသည်။

For myself no praise is sought. Fame and glory are cherished only by the foolish. For, even if one were to rule a kingdom today, there is the ever grim possibility of being reborn a dog tomorrow, in the household of even an enemy. So intricate is the working of the Kamma. All I seek is to present the available evidence, in as simple a manner as possible, having sifted and analysed what I have myself gathered from time to time in my own search for enlightenment.

ကျွန်ုပ်၏အဖို့မှု မည်သည့် ချီးကျူးမှုကိုမျှ မရှာဖွေပါ။ ကျော်ကြားမှုနှင့် ဂုဏ်ကျက်သရေတို့ကို လူမိုက်များသာလျှင် မြတ်နိုးယုယကြသည်။ အကြောင်းမူ ယနေ့တွင် လူတစ်ယောက်သည် နိုင်ငံ တစ်နိုင်ငံကို အုပ်စိုးရစေကာမူ နက်ဖြန်ခါ၌ ရန်သူ၏အိမ်တွင်ပင်လျှင် ခွေးတစ်ကောင်အဖြစ်ဖြင့် ပြန်လည်မွေးဖွားရမည့်ထိတ်လန့်ကြောက်ရွံ့ဖွယ် အလားအလာသည် အမြဲရှိနေသောကြောင့် ဖြစ်၏။ ကံ၏အလုပ်လုပ်ပုံမှာ အလွန်သိမ်မွေ့ကာ အနုစိတ်လှပါသည်။ ကျွန်ုပ် ရှာ



ဖွေသော အရာအားလုံးမှာ သစ္စာလေးပါးကို ထိုးထွင်းမြင်သိရေး အတွက် ကျွန်ုပ်ကြိုးပမ်းနေစဉ် ကျွန်ုပ်ကိုယ်တိုင် အခါအားလျော်စွာ စုဆောင်း ရရှိခဲ့ပြီး ဂရုတစိုက် စိစစ်စိတ်ဖြာ လေ့လာခဲ့သော အချက်အလက် အထောက်အထားများကို အရိုးရှင်းဆုံး အနေအထားဖြင့် တင်ပြရန် ဖြစ်သည်။

And, in doing this, when dealing with intricate scientific processes, language easily understood by the man-in-the-street has been used, to bring home to the average reader the great truths propounded by the Supreme Buddha, and which now 'find confirmation in the laboratories and test-tubes of the West.' If, even a few adults, among religionists, are aroused by this little book to give more serious thought to the problem of existence, my pains will be well repaid.

တစ်ဖန် ဤသို့တင်ပြရာတွင် အလွန်နက်နဲသိမ်မွေ့သည့် သိပ္ပံဖြစ်စဉ်များကို ရှင်းပြရသောအခါ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ကြီးကျယ်သော အမှန်တရားများကို ပျမ်းမျှစာဖတ်သူတို့ နားလည်သဘောပေါက်ရန်အတွက် လမ်းပေါ်ကလူ နားသည်လွယ်မည့် ဆေါဟာရစကားကို အသုံးပြုပါသည်။ ထိုကြီးကျယ်သော အမှန်တရားများသည် ယခုအခါ အနောက်တိုင်း ဓာတ်ခွဲခန်းများနှင့် စမ်းသပ်ဖန်ပြွန်များ၌ အတည်ပြုချက်ကို တွေ့ရှိနေရပြီဖြစ်သည်။ အကယ်၍ ဘာသာရေးစိတ်ဝင်စားသူများအနက်မှ လူကြီး

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်တို့သည် ဤစာအုပ်ငယ်ကြောင့် နိုးကြွလာကြပြီးလျှင် ဘဝပြဿနာကို ပိုမိုလေးနက်စွာ စဉ်းစားလာကြမည်ဆိုလျှင် ကျွန်ုပ်၏ ကြိုးပမ်းမှုများသည် ကောင်းစွာ အောင်မြင်ပြီ ဖြစ်သည်။

By my efforts to promote Right Knowledge and Right Understanding among peoples of goodwill in all climes and in all lands, it is my hope that I too would one day win the fruits of liberation from the recurring cycles of birth and death through Full Enlightenment.

**Egerton C. Baptist**

159, Hill Street, Dehiwela, Ceylon.
13th July, 2499 / 1955.

အရပ်ဒေသ အားလုံးနှင့် တိုင်းနိုင်ငံ အားလုံးတွင် စိတ်ထားကောင်းမွန်ကြသော ပြည်သူများအကြား၌ မှန်ကန်သော အသိပညာနှင့် မှန်ကန်သော သိနားလည်မှုတို့ တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းခြင်းဖြင့် ကျွန်ုပ်သည်လည်း တစ်နေ့နေ့တွင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိ၍ ဆုံလည်နွားပမာ အဖန်ဖန် ကျင်လည်နေရသည့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းဟူသော အသီးအပွင့်ကို ရယူနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

**အဂ္ဂါတန်၊စီ၊ဘက်(ပ)တစ်(စ်)**

အမှတ် ၁၅၉၊ ကုန်းမြင့်လမ်း၊ ဒေဟိဝေလ၊ သီဟိုဠ်
၁၉၅၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (သာသနာနှစ် ၂၄၉၉)

# CHAPTER I

## အခန်း (၁)

## THE THEISTS AND SCIENCE

## ဖန်ဆင်းရှင်ဘုရားရှိသည်ဟု ယုံကြည်သူများနှင့် သိပ္ပံပညာ

### God ဘုရားသခင်

THERE arises from time to time the question of God, His existence, or non-existence. Pepole ask what is the ultimate origin of life ?

ဖန်ဆင်းရှင် ဘုရားသခင်၊ သူ၏ တည်ရှိခြင်း သို့မဟုတ် မတည်ရှိခြင်းတို့နှင့် ပတ်သက်သော မေးခွန်းသည် မကြာမကြာ ပေါ်ပေါက်လာတတ်ပါသည်။ သက်ရှိတို့၏ အဆုံးစွန်သော မူလအစသည် အဘယ်နည်းဟု လူတို့မေးမြန်းကြပါသည်။

'Hinduism, in endeavouring to solve the problem, traces the origin of life to a mystical **Para-**

www.burmeseclassic.com



**mātma** from which emanate all **ātmas** or souls that transmigrate from existence to existence, until they are finally reabsorbed in Paramātma.'

'ဟိန္ဒူဂုဝါဒသည် ဤပြဿနာကို ဖြေရှင်းနိုင်အောင် ကြိုးပမ်းရာ၌ ~သ.ဘ်ရှိတို့၏ အစကို ခြေရာကောက်သွားရာ နားလည်ရန် ခဲယဉ်းသည့် ပရမ အတ္တသို့ ဆိုက်ရောက်သွားသည်၊ ဤပရမ အတ္တမှ အတ္တ (ဝါ) ဝိညာဉ်အားလုံး ထွက်ပေါ်လာကြ၏၊ ဤအတ္တတို့သည် တစ်ဘဝမှ တစ်ဘဝသို့ ကူးသန်းနေပြီးလျှင် နောက်ဆုံး၌ ပရမ အတ္တနှင့် ပြန်လည် ပေါင်းစပ်သွားကြသည်။'

Theistic creeds, like Christianity, for example in attempting to give an explanation attributes everything to the fiat of an **Almighty God**. But before we direct our energies to the solving of the riddle of the universe, it is as well that we begin by asking what is implied by God, as theists are themselves confused in their minds on this question

**နမူနာအားဖြင့် ခရစ်ယာန်ဘာသာကဲ့သို့သော ဖန်ဆင်းရှင်ဘုရား** သခင်ကို ယုံကြည်ကြသော အယူဝါဒများသည် ဖြေရှင်းချက်တစ်ရပ် **ကို** ထုတ်ဖော်ရန် ကြိုးပမ်းရာ၌ တန်ခိုးအားလုံးနှင့် ပြည့်စုံတော်မူသည့် **ဘုရားသခင်၏** အမိန့်တော်မှ အရာအားလုံး ဖြစ်ပေါ်လာကြသည်ဟု ယူဆကြသည်။ သို့သော် စကြဝဠာပဟေဠိကို ဖြေရှင်းရေးသို့ ကျွန်ုပ်တို့၏ ခွန်အားများကို ဦးမလှည့်မီ ဘုရားသခင်ဟူသည် အဘယ်အရာ



ကိုဆိုလိုသနည်းဟု မေးမြန်းခြင်းဖြင့် စတင်လျှင် ကောင်းပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းရှင် ဘုရားသခင်ရှိသည်ဟု ယုံကြည်ကြသောသူများ ကိုယ်တိုင်က ဤမေးခွန်းနှင့်ပတ်သက်၍ သူတို့၏ စိတ်များ၌ ရှုပ်ထွေးနေသောကြောင့် ဖြစ်ပါ၏။

Is God, for instance, a personal God as depicted in the guise of an old man with long white hair and beard and flowing robes pictured in the paintings of Michaelangelo in the Sistine Chapel in Rome and the Cathedral of Chalons or as depicted in ecclesiastical dress with a bishop's mitre in the Church La Chapellsur – Crecy, or is God a Supernatural Force? Either way the difficulties are great and innumerable for any one to surmount.

ဘုရားသခင်သည် ဥပမာအားဖြင့် ရောမမြို့ရှိ စစ္စတင်း ဘုရားရှိခိုးကျောင်းငယ်နှင့် ချာလွန်း၏ ဘုရားရှိခိုးကျောင်းတော်ကြီးတို့၌ ... ကျော်ပန်းချီဆရာ မိုက်ကယ်အင်ဂျယ်လို၏ ပန်းချီကားများ၌ ရေးဆွဲထားသလို ဖြူဖွေးသော ဆံပင်ရှည်၊ မုတ်ဆိတ်နှင့် ဝတ်ရုံရှည်တို့နှင့်တကွ အဘိုးအို အသွင်သဏ္ဌာန် အယောင်ဆောင်ထားသော ပုဂ္ဂလိက ဘုရားသခင် ဖြစ်ပါသလား၊ သို့တည်းမဟုတ် ချယ်လ်ဆာ ... ရေစီ ဘုရားရှိခိုးကျောင်း၌ ဘုန်းတော်ကြီး ဗောင်းတော်နှင့် ဘာသာရေး ဆိုင်ရာ ဝတ်စုံတို့နှင့်တကွ ရေးဆွဲထားသည့် ပုဂ္ဂလိကဘုရား ဖြစ်ပါသလား၊ သို့တည်းမဟုတ် ဘုရားသခင်သည် သဘာဝလွန် ခွန်အား တစ်ရပ် ဖြစ်ပါသလား။ မည်သို့ပင်ဆိုစေ တစ်စုံတစ်ယောက်သော

www.burmeseclassic.com

www.burmeseclassic.com



သူက ကျော်လွှားနိုင်ရန်အတွက် အခက်အခဲများမှာ ကြီးမားပြီး များပြားလှပါသည်။

Science သိပ္ပံပညာ

Notwithstanding their theories theists also assert that eminent scientists testify to the presence or existence of God. However eminent, sincere and unprejudiced such scientists may be, such testifications are not a scientific method of approach to the question whether 'God' exists.

သိပ္ပံနည်းကျစဉ်းစားခြင်းသည် သိရှိပြီးသော အချက်အလက်များကို အခြေခံ၍ စတင်ဆင်ခြင်ရသော နည်းစဉ်တစ်ခု ဖြစ်သည်။ အကယ်၍ မသိရှိရသေးသော ယူဆချက်များကို ထည့်သွင်းခဲ့လျှင် ဤယူဆချက်များကို အတွေ့အကြုံဖြင့် အတည်ပြုသည် သို့မဟုတ် ငြင်းပယ်သည်ဟူသော အချိန်အထိ မှန်သည် မှားသည်ဟု ပြောဆို၍မရ ချေ။ သို့ဖြစ်၍ ကျော်ဇောထင်ရှား၍ 'ရိုးသားဖြောင့်မတ်ကာ ဘက်မလိုက်သော သိပ္ပံပညာရှင်များ၏ သက်သေပြချက်များ' ကို အားကိုးပြုခြင်းသည် ဘုရားသခင်ဟူသော ပြဿနာကို သိပ္ပံနည်းကျ ချဉ်းကပ်သော နည်း မဟုတ်ချေ။

The medieval philosophers and their ancestors **Descartes**, **Berkely**, **Leibniz**, **Spinoza**, maintained, it is true, that the existence of God could be demonstrated by logical reasoning. But these so-called classical proofs of God's existence, including the much vaunted Metaphysical and Teleological Arguments of Theologian **Aquinas**, received such devastating treatment at the hands of **Kant**, that they need not be resurrected today.



အလယ်ခေတ် ဒဿနပညာရှင်များနှင့် သူတို့၏ဘိုးဘေးဘီဘင်များဖြစ်ကြသော **ဒေးကား၊ ဘာကလေ၊ လိုက်ဗနီနှင့် စပင်နိုဇာ**တို့သည် ယုတ္တိဗေဒနည်းကျသည့် ဆင်ခြင်မှုဖြင့် ဘုရားသခင် တည်ရှိကြောင်းကို ထင်ရှားစေနိုင်သည်ဟူသော အယူကို ဆုပ်ကိုင်ထားကြသည်မှာ မှန်ပါ၏။ သို့သော် ထာဝရဘုရားသခင်ဆိုင်ရာ လေ့လာမှုပညာ ပါရဂူဖြစ်သည့် **အကွိနတ်(စ်)**၏ များစွာ ဂုဏ်ယူကြွားဝင့်ခဲ့သော ဒြပ်ထုမဲ့အကြောင်းအကျိုး ဆင်ခြင်မှုနှင့် ဘုရားသခင် စီမံထားသည့်အတိုင်းသာ ဖြစ်ရပ်များက ဖြစ်ကြရသည်ဟူသည့် ဓောဒကတက်မှုများ အပါအဝင် ဘုရားသခင်တည်ရှိကြောင်း ဂန္ထဝင်မြောက် သက်သေပြချက်များဟု ခေါ်ဆိုခဲ့ကြသော သက်သေပြချက်များသည် ဂျာမန် ဒဿနပညာရှင်ကြီး **ကန့်**၏ လက်ထဲတွင် ပျက်စီးခြင်းမလှ ပျက်စီး ကြေမွကုန်ရကား ၎င်းအဆိုများကို ယနေ့ ပြန်လည်ရှင်သန် ထမြောက်လာအောင် ထူထောင်ဖို့ မလိုတော့ချေ။

**Hermon Minkowski** resorting to mathematics proved that if we accept the velocity of light as constant, then the measuring instruments must have undergone a change as a result of their motion.

www.burmeseclassic.com

www.burmeseclassic.com



He showed that when the velocity of the observer is increased his distance begins to shorten and his time-intervals begin to lengthen. So that when he attains the speed of light his distance will dwindle down to zero and his time-intervals will extend to eternity. This makes the existence of God a definite possibility, for God alone is represented as being eternally present everywhere at the same time.

**ဟားမွန်မင်ကောင်စကီ**သည် အကြံကုန် ဂဠုန်ဆားချက်သည့်သဘောဖြင့် သင်္ချာနည်းကို သုံး၍ ဘုရားသခင် တည်ရှိကြောင်းကို သက်သေပြ၏။ အကယ်၍ အလင်း၏အလျင်ကို တည်မြဲသည်ဟု ကျွန်ုပ်တို့လက်ခံလျှင် တိုင်းတာသော ကိရိယာများသည် ၎င်းတို့၏ ရွေ့လျားမှုအကျိုးကြောင့် ပြောင်းလဲမှုဖြစ်ခဲ့လိမ့်မည်ဟု သူ သက်သေပြ၏။ ကြည့်ရှုသူ၏ အလျင်ကို တိုးမြှင့်လျှင် သူ၏ အကွာအဝေးသည် တိုဝင်လာပြီးလျှင် ကြားအချိန်ကာလမှာ ရှည်လျားလာလိမ့်မည်ဟု သူ ပြဆို၏။ သို့ဖြစ်၍ သူသည် အလင်း၏ အလျင်အတိုင်း ရွေ့လျားလာနိုင်သောအခါ သူ၏ အကွာအဝေးမှာ သုညသို့ တစ်စတစ်စ ယုတ်လျော့သွားပြီးလျှင် သူ၏ ကြားအချိန်ကာလများမှာ ထာဝရအခြေသို့ ရှည်လျားသွားလိမ့်မည်။ ဤအချက်သည် ဘုရားသခင်တည်ရှိခြင်းကို အတိအကျ ဖြစ်နိုင်သည်ဟု သက်သေပြရာရောက်၏၊ အကြောင်းမှာ ဘုရားသခင်တစ်ဦးသာလျှင် အချိန်တစ်ခုတည်း၌ မည်သည့်နေရာ၌မဆို ထာဝရတည်ရှိနိုင်သည်ဟု တင်ပြထားသောကြောင့် ဖြစ်၏။

Unfortunately, however, for the theist, Minkow-



ski also proved mathematically that the velocity of light is a critical velocity which can never be attained by any physical force. Thus, Minkowski proved mathematically that, even as a force, God does not exist.

သို့ပါသော်လည်း ဘုရားသခင် တည်ရှိသည်ကို ယုံကြည်သောသူတို့အဖို့ ကံမကောင်းစွာပင် မင်ကောင်စကီသည် အလင်း၏ အလျင်သည် မည်သည့်ရုပ်ပိုင်းဆိုင်ရာ စွမ်းအားကမျှ မည်သည့်အခါမျှ မရရှိနိုင်သော အဆုံးသတ်အလျင် ဖြစ်ကြောင်းကိုလည်း သင်္ချာနည်းဖြင့် သက်သေပြခဲ့၏။ ထို့ကြောင့် စွမ်းအားအသွင်ဖြင့်ပင်လျှင် ဘုရားသခင် မတည်ရှိခြင်းကို မင်ကောင်စကီက သင်္ချာနည်းအရ သက်သေပြခဲ့သည်။

It may be mentioned here, however, that while the West always keeps thinking in terms of physical forces, and seems unable, as yet, to alter its materialistic theory, in the East, Buddhist Psychology taught so long as 2,500 years ago, that thought has an infinite velocity; that is to say, that it could transcend time and space, overcoming all barriers.

ဤနေရာ၌ ဖော်ပြလိုသည်မှာ အနောက်တိုင်းသားတို့သည် ရုပ်ပိုင်းဆိုင်ရာ စွမ်းအားများအနေဖြင့် အမြဲတစေ စဉ်းစားတတ်ကြပြီး သူတို့၏ ရုပ်ဝတ္ထုဆန်သည့် အယူအဆကို ယခုတိုင်အောင် ပြောင်းလဲရန် မစွမ်းနိုင်သေးသည့် အခြေအနေ၌ တည်ရှိစဉ် အရှေ့တိုင်းဝယ်မူ၌

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပညာသည် စိတ်ကူး၌ အကန့်အသတ်မဲ့ အလျင်ရှိကြောင်းကို နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းကပင် သင်ကြားပြသပေးခဲ့သည်၊ အကန့်အသတ်မဲ့အလျင်ဟု ဆိုလိုက်ခြင်းမှာ စိတ်ကူးသည် အချိန်နှင့် ဟင်းလင်းနယ်တို့ကို ကျော်လွန်နိုင်ပြီး အတားအဆီးအားလုံးကို ကျော်လွှားနိုင်ခြင်းကို ဆိုလို၏။

It is a faculty which, when developed, enables one to penetrate, for instance, into the most secret recesses of other peoples' hearts, see how people die and are reborn in other spheres of existence, see distant objects (clairvoyance), hear distant sounds (clairaudience), go through physical barriers, walk on water, traverse through space, etc. (magical powers). In Buddhist parlance, these powers are known as the **Pañca-abhiññā** (i.e., the five super-normal powers).

စိတ်သည်စွမ်းအားတစ်ရပ်ဖြစ်၏၊ ဤစွမ်းအားကိုပြုစုပျိုးထောင်ပေးလျှင် လူတစ်ယောက်အား ဥပမာအားဖြင့် အခြားသူတို့၏ နှလုံးသားများရှိ အလျှို့ဝှက်ဆုံး အခန်းငယ်များအထိ ထွင်းဖောက်၍မြင်သိစေ၏၊ လူများသည် မည်သို့သေဆုံး၍ အခြားဘုံဘဝများ၌ မည်သို့ပြန်လည်မွေးဖွားလာကြသည်ကိုလည်း မြင်သိ၏၊ (ဒိဗ္ဗစက္ခု) ဖြင့် ဝေးလံသောအရာဝတ္ထုများကို မြင်နိုင်စေ၏၊ (ဒိဗ္ဗသောတ) ဖြင့် ဝေးလံသောအသံများကို ကြားနိုင်စေ၏၊ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို ဖောက်ထွင်းသွားနိုင်စေ၏၊ ရေပေါ်တွင် လမ်းလျှောက်နိုင်စေ၏၊



ကောင်းကင်တွင် ပျံသန်းသွားနိုင်စေ၏ စသည့် (ဣဒ္ဓိဝိဓ စွမ်းအားများ) ကို ရစေပါသည်။ ဗုဒ္ဓဘာသာ ဝေါဟာရစကားဖြင့်ဆိုလျှင် ဤစွမ်းအားများသည် **အဘိညာဉ်ငါးပါး** (သဘာဝလွန် စွမ်းအားငါးရပ်) ဟု ခေါ်ပါသည်။

**Dr. J. B. Rhine**, the U.S. scientist, is now conducting certain experiments in extra-sensory-perception, in that branch of science known as Para-psychology, seeking to explain telepathy, pre-cognition, etc., and it may perhaps be only a matter of time before the West too proves conclusively what the East has all the time known, namely, that Mind is Supreme in all human activity:

'*Manobubbangamā dhammā manosetthā manomayā*', said the Buddha; meaning thereby, that:

*All states arising have Mind for their cause.*
*Of Mind are the offspring.*

အမေရိကန် သိပ္ပံပညာရှင် **ဒေါက်တာရော့ဘ်ရိုင်း**သည်ပရစိတ်ပညာဟု အမည်ရသည့် သိပ္ပံဘာသာခွဲတွင် အကျုံးဝင်သည့် ပြင်ပအာရုံသိမှု၌ စမ်းသပ်ချက်အချို့ကို ပြုလုပ်လျက်ရှိသည်၊ တယ်လီပသီခေါ် အဝေး၌ရှိသူသို့ မနောဖြင့် ဆက်သွယ်မှု၊ အနာဂတ် ဖြစ်ရပ်များကို ကြိုတင်၍ သိမြင်မှု စသည်တို့ကို ရှင်းပြနိုင်အောင် အဖြေရှာနေခြင်း ဖြစ်၏။ သို့ဖြစ်၍ အရှေ့တိုင်းက တစ်ချိန်လုံး သိရှိခဲ့သောအရာ

www.burmeseclassic.com

www.burmeseclassic.com



ကို အနောက်တိုင်းကလည်း သေသေချာချာ မငြင်းဆိုနိုင်အောင် သက်သေပြရန်မှာ အနေးနှင့်အမြန် အချိန်က ဆုံးဖြတ်ပေးပါလိမ့်မည်။ ထို အရာမှာ လူသားတို့၏ လုပ်ဆောင်မှုအားလုံး၌ စိတ်သာလျှင် အထွတ်အထိပ်ဖြစ်သည်ဆိုသောအချက်ပင်တည်း။

'*မနောပုဗ္ဗင်္ဂမာ ဓမ္မာ မနောသေဋ္ဌာ မနောမယာ*' ဟု မြတ်စွာဘုရား မိန့်ဆိုတော်မူသည်၊ အဓိပ္ပာယ်မှာ ...

*နာမ်ခန္ဓာ လေးပါးတို့သည် စိတ်လျှင်ရှေ့သွား ရှိကုန်၏၊*
*စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏။*

Let us digress for a while to clarify this statement. Mind is certainly, as the Buddha taught, supreme in all human activities. And, the primary aim of mental exercise is to bring the Mind to a state of one-pointedness. Thereafter, transcending in four stages the space-time continuum of phenomenal perception, one reaches to the timeless and unconditioned state, known to Buddhists, as Nibbāna.

ဤအချက်ကို ရှင်းလင်းရန်အတွက် ကျွန်ုပ်တို့ ခေတ္တမျှ စကားလွှဲ၍ ပြောဆိုရေးသားပါရစေ။ မြတ်စွာဘုရား သင်ပြတော်မူခဲ့သည့်အတိုင်း စိတ်သည် လူတို့၏ ပြုလုပ်မှုအားလုံး၌ အဓိကဖြစ်သည်မှာ သေချာပါသည်။ ၎င်းအပြင် စိတ်လေ့ကျင့်မှု (ဝါ) ဘာဝနာ ရှုပွားမှု၏ မူလ ရည်မှန်းချက်မှာ အမှတ်တစ်ခုတည်း၌ တည်ရှိသော အခြေ (သမာဓိ) ကို ထူထောင်ရန်ဖြစ်သည်။ ထိုနောက် သဘာဝရုပ်နာမ် ဖြစ်



ရပ် ဆိုင်ရာ မြင်သိမှု၏ အာကာသ–ကာလ အဆက်မပြတ် ဖြစ်ပျက်မှုကို အဆင့်လေးဆင့်ဖြင့် လွန်မြောက်၍ ဗုဒ္ဓဘာသာဝင်တို့ **နိဗ္ဗာန်** ဟု ခေါ်ဆိုကြသော အချိန်ကာလမဲ့ပြီး ပြုပြင်ဖန်တီးမှုကင်းသော အခြေသို့ ရောက်ရှိသွားပါသည်။

If we are to view phenomena objectively, then, our Minds must be unconditioned, and outside the causal process. And that is the aim of every Buddhist. For, the Mind that is circumscribed by ideas imposes 'limits', as it were, or phenomena, or, 'events' in the continuum of space and time. And, we, therefore, use such conventional modes of expression as 'past', 'present', and 'future', because our Minds are still circumscribed by concepts. We are still within the subject-object relationship.

ကျွန်ုပ်တို့သည် ရုပ်နာမ်ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်လိုလျှင် ကျွန်ုပ်တို့၏ စိတ်များသည် အထိန်းအကွပ် ကန့်သတ်ချက်ကင်းရှင်းရပေမည်၊ အကြောင်းတရား ဖြစ်စဉ်၏ ပြင်ပ၌ ရှိရပေမည်။ ဤအရာသည် ဗုဒ္ဓဘာသာဝင်တိုင်း၏ ရည်မှန်းချက်ဖြစ်၏။ အကြောင်းမှာ စိတ်ကူးထည်များနှင့် ကန့်သတ်ထားသော စိတ်သည် အာကာသနှင့် ကာလ အဆက်မပြတ်ဖြစ်ပျက်မှု၌ ရုပ်နာမ်ဖြစ်ရပ်များ (ဝါ) အဖြစ်အပျက်များအပေါ်တွင် အကန့်အသတ်များကို ပြဋ္ဌာန်းလေ့ရှိသည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် 'အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်' ကဲ့သို့သော အစဉ်အလာ အသုံးအနှုန်းများကို အသုံးပြုသည်၊ အ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ စိတ်များသည် အယူအဆများနှင့် အကန့်အသတ်ခံရဆဲ ဖြစ်သောကြောင့်တည်း။ ကျွန်ုပ်တို့သည် ရှုကြည့်သူ-အာရုံဝတ္ထုဆက်သွယ်မှုဘောင်အတွင်း၌ပင် ရှိနေကြသေးသည်။

When a **yogi**, for instance, through mental exercise attains one-pointedness **(Samãdhi)** in the fourth jhãna, he begins to transcend the 'limits' of time and space imposed by our conceptual thinking. And, develops the faculty referred to earlier as the Pañcã-abhiññã, which enables him to 'see' and to 'hear' what we do not. This faculty is the natural outcome of one's ability to concentrate on one point to the exclusion of all distracting sensations that normally arise in ordinary thinking. Hence, such a person's insight is beyond the capacity of ordinary mortals, though, of course, he too, still remains within the subject-object relationship.

ဥပမာအားဖြင့် **ယောဂီ**တစ်ဦးသည် ဘာဝနာ ရှုပွားခြင်းဖြင့် စတုတ္ထဈာန်နှင့်ယှဉ်သည့် စိတ်တည်ငြိမ်မှု (**သမာဓိ**) ကို ရရှိသည့်အခါ သူသည် ကျွန်ုပ်တို့၏ မှတ်သားထားချက်အရ စဉ်းစားမှုဖြင့် ကန့်သတ်ထားသည့် အချိန်ကာလနှင့် အာကာသဆိုင်ရာ အဆုံးစွန်နယ်နိမိတ်များကို သူ စတင်ကာ ကျော်လွန်နိုင်လာပါပြီ။ ထို့အပြင် သူသည် အဘိညာဉ်ငါးပါးအဖြစ် စောစောက ရည်ညွှန်းခဲ့သော စွမ်းအားကိုလည်း ပြုစုပျိုးထောင်နိုင်လာသဖြင့် ကျွန်ုပ်တို့ မမြင် မကြား



နိုင်သည်များကို သူ မြင်နိုင်စွမ်း၊ ကြားနိုင်စွမ်း ရှိလာသည်။ ဤစွမ်းအားသည် သာမန်စဉ်းစားဆင်ခြင်မှု၌ ပုံမှန်အားဖြင့် ဖြစ်ပေါ်လာလေ့ရှိသော စိတ်ပျံ့လွင့်စေသည့် ခံစားမှုများအားလုံးကို ဖယ်ရှားထားနိုင်သော သမာဓိစွမ်းရည် (ဝါ) အမှတ်တစ်ခု၌ စိတ်ကိုရှူးစိုက်ထားနိုင်သော စွမ်းရည်၏ သဘာဝအကျိုးဆက်ပင် ဖြစ်ပေ၏။ သို့ဖြစ်၍ ထိုသို့သော ပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် သာမန်လူသားတို့၏ စွမ်းရည်ကို ကျော်လွန်သွားပါသည်။ သို့ပါသော်လည်း သူသည်လည်း ရှုကြည့်သူ-အာရုံဝတ္ထုဆက်သွယ်မှု၏ ဘောင်အတွင်း၌ တည်ရှိဆဲ ဖြစ်သည်။

There are sects in every country who try to gain control of the vital forces in nature, whether among the Jains, the Hindus, the early Christians in the Hermetic Lodges of Egypt where Christianity first took root, or among the early Buddhists and Brahmans inhabiting the eastern valley of the Ganges in the time of the Buddha. In Egypt people were trained in the temple of Ma-at to develop the psychic eye, and when they responded to the training, were called' 'Seers', because they were able to look into the past and foretell the future.

နိုင်ငံအားလုံး၌ပင်လျှင် အဓိကရ သဘာဝစွမ်းအားများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြသည့် ဂိုဏ်းများ ရှိပေ၏။ ဥပမာအားဖြင့် ဂျိန်းဘာသာဝင်များအကြား၌လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များ

www.burmeseclassic.com

www.burmeseclassic.com



အကြား၌လည်းကောင်း၊ အီဂျစ်နိုင်ငံတွင် ခရစ်ယာန်ဘာသာစတင်၍ အမြစ်စွဲရာ လုံးဝလေလုံသည့် အိမ်ငယ်များ၌ နေထိုင်ကြသော ရှေးဦး ခရစ်ယာန်များအကြား၌လည်းကောင်း၊ ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ၌ ဂင်္ဂါမြစ် အရှေ့ဘက်ကမ်းတွင် နေထိုင်ကြသော ရှေးဦး ဗုဒ္ဓဘာသာဝင်များနှင့် ဗြဟ္မဏများ အကြား၌ လည်းကောင်း ထိုဂိုဏ်းမျိုး ရှိကြ၏။

အီဂျစ်နိုင်ငံ၌ စိတ်နယ်လွန်မျက်စိ (ဒိဗ္ဗစက္ခု) ကို ပြုစုပျိုးထောင်နိုင်အောင် လူတို့ကို မာအတ် ဘုရားရှိခိုးကျောင်း၌ လေ့ကျင့်ပေး၏၊ ထိုလေ့ကျင့်မှုကို အောင်မြင်သောအခါ သူတို့ကို 'မြင်သူများ' ဟု ခေါ်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် အတိတ်ဆီသို့ ကြည့်ရှုနိုင်ပြီးလျှင် အနာဂတ်ကို ကြိုတင်ဟောပြောနိုင်ခြင်းကြောင့် ဖြစ်၏။

This psychic faculty was called the '**Third Eye**', and corresponds to one of the five Supernormal Powers or Pañca-abhiññā of Buddhists, with but one fundamental exception. Ancient Egyptians and other 'Seers' had a limited vision, extending to a **maximum range of forty kalpas (world-cycles of time) into the past and forty kalpas into the future.**

**The limited vision was because they had still to destroy what are known** to Buddhists as the *Asavas* **(Defilements)**, i.e., Kāma-*tanhā* (Sense-desires), *Bhava-tanhā* (desire for Eternalism), *Ditthi* (False Views), and *Avijja* (Ignorance), which bind beings,



however exalted they might be, to the recurring cycles of birth and death.

ဤစိတ်စွမ်းရည်ကို '**တတိယမျက်စိ**' ဟု ခေါ်ဆိုခဲ့ကြရာ ဗုဒ္ဓဘာသာဝင်တို့၏ သဘာဝလွန် စွမ်းအားငါးရပ် (ဝါ) ပဉ္စအဘိညာဉ် အနက် တစ်ပါးနှင့် ဆင်တူ၏။ သို့သော် အခြေခံကျသော ခြွင်းချက် တစ်ရပ်ရှိ၏။ ရှေးဂေ အီဂျစ်လူမျိုးများနှင့် အခြား 'မြင်သူများ' သည် ကန့်သတ်ထားသည့် အမြင်အာရုံရှိကြပြီး အများဆုံးနယ်ပယ်အပိုင်း အခြားအဖြစ် အတိတ်သို့ ကမ္ဘာ (ကပ္ပ) လေးဆယ်၊ အနာဂတ်သို့ ကမ္ဘာ လေးဆယ် မြင်နိုင်ကြသည်။

ကန့်သတ်ထားသော အမြင်အာရုံ ရှိခြင်းမှာ ဗုဒ္ဓဘာသာဝင်တို့ သိရှိထားကြသည့် အာသဝများ (ကိလေသာများ) ကို မပယ်သတ်ရ သေးသောကြောင့် ဖြစ်၏။ အာသဝလေးပါးမှာ ကာမတဏှာ (ကာမဂုဏ် အာရုံကို လိုချင်တပ်မက်ခြင်း)၊ ဘဝတဏှာ (ထာဝရတည်မြဲနေမှုကို လိုချင်တပ်မက်ခြင်း)၊ ဒိဋ္ဌိ (အယူလွဲမှားခြင်း) နှင့် အဝိဇ္ဇာ (မသိတွေဝေမှု) တို့ ဖြစ်ကြ၏။ ဤအာသဝတို့သည် မည်မျှမြင့်မြတ်သော ပုဂ္ဂိုလ်များ ဖြစ်ကြစေကာမူ သတ္တဝါတို့အား ထပ်ကာတလဲလဲဖြစ်နေသော ဇာတိ - မရဏ သံသရာနှင့် ချည်နှောင်ထားသည်။

The Buddhist **Arahat's** capacity to 'see' into the continuum of space and time, on the other hand, is not restricted, but dependent on his attainments, he could see far into space and time. A **Pacceka-Buddha's** vision is even greater than that of an Arahat, but a **Supreme Buddha's** vision surpasses

www.burmeseclassic.com

www.burmeseclassic.com





them all, and He alone possesses an added faculty, namely, the ability to see at a glance what previous good or evil acts (Kamma) conditioned a being's present existence and would condition his future existence. He alone knew when the moment of fruition, the ripening of Wisdom can come.

အာကာသနှင့် ကာလ အဆက်မပြတ် ဖြစ်ပျက်မှုဆီသို့ 'မြင်သိ' နိုင်သော ဗုဒ္ဓဘာသာဝင် **ရဟန္တာ**၏ စွမ်းရည်သည် သာသနာပ အမြင်ရ ပုဂ္ဂိုလ်များကဲ့သို့ ကန့်သတ်ထားချက်များ မရှိချေ။ ရဟန္တာ၏ စွမ်းရည်သည် သူ၏ပါရမီဖြည့်ကျင့်ထားချက်များအပေါ်တွင် မူတည်သည်။ သူသည် အာကာသနှင့် အချိန်ကာလအတွင်းသို့ နက်ရှိုင်းစွာ မြင်တွေ့နိုင်သည်။ **ပစ္စေကဗုဒ္ဓါ**၏ အမြင်အာရုံသည် ရဟန္တာတစ်ပါး၏ အမြင်အာရုံထက်ပင် သာလွန်သည်။ သို့သော် **သမ္မာသမ္ဗုဒ္ဓ**မြတ်စွာဘုရား၏ အမြင်အာရုံကား အခြား ပုဂ္ဂိုလ်အားလုံးတို့ထက် သာလွန်သည်။ သူတစ်ဦးတည်းသာလျှင် နောက်ထပ် အပိုစွမ်းရည် တစ်ရပ်ကိုလည်း ရရှိသည်၊ ထိုစွမ်းရည်ကား မည်သည့်အတိတ်ကောင်းမှု သို့မဟုတ် မကောင်းမှု (ကံ) တို့က သတ္တဝါတစ်ဦး၏ ပစ္စုပ္ပန်ဘဝကို စီမံဖန်တီးပေးသည်၊ သူ၏ နောင်အနာဂတ်ဘဝကို စီမံဖန်တီးဦးမည် ဆိုသည်တို့ကို တစ်ချက်ဝေ့ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် မြင်သိနိုင်သော စွမ်းရည်ဖြစ်သည်။ သူတစ်ဦးတည်းသာလျှင် မည်သည့် အချိန်တွင် ဉာဏ်ပညာ ရင့်ကျက်၍ အကျွတ်တမ်း ဝင်နိုင်မည်ကို သိရှိနိုင်သည်။

This faculty is peculiar to a Supreme Buddha because He has practised the ten Perfections (*Paramis*) to saturation-point over a longer period of time than an Arahat or even a Pacceka-Buddha, and has gained excellence in every department of knowledge, mundane and supramundane. Hence, His vision is unsurpassed, both in the realms of gods, and among men. They may be likened to three types of beings who 'see' with the aid of Starlight, Moonlight and Sunlight, respectively.

ဤစွမ်းရည်သည် အထွတ်အထိပ် ဖြစ်တော်မူသော မြတ်စွာ ...ရားအဖို့ ထူးခြားနေရသည့်အကြောင်းမှာ မြတ်စွာဘုရားသည် ...ရမီဆယ်ပါးကို ရဟန္တာထက်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါထက် ...ည်းကောင်း ပို၍ကြာရှည်စွာ ပြည့်စုံအောင် ဖြည့်ကျင့်ထားသည့် ...ပြင် လောကီနှင့် လောကုတ္တရာ အသိပညာ အရာအားလုံး၌ အထူး... အပြောင်မြောက်ဆုံး တတ်သိနားလည်သောကြောင့် ဖြစ်၏။ သို့... ...၍ သူ၏အမြင်အာရုံသည် နတ်ဘုံ၊ ဗြဟ္မာဘုံများ၌လည်းကောင်း၊ ...သားတို့၏ အကြား၌လည်းကောင်း အတုမရှိ အသာလွန်ဆုံး ဖြစ်... ...၏။ ဤပုဂ္ဂိုလ်တို့ကို ကြယ်ရောင်၊ လရောင်၊ နေရောင်တို့၏ ...ထောက်အကူ အသီးသီးဖြင့် 'မြင်တွေ့' နိုင်ကြသော ပုဂ္ဂိုလ်သုံးမျိုး ...နှိုင်းယှဉ်နိုင်ပါသည်။

Now, in keeping with each individual person's development, there are some among us, who we say are psychic. Indeed, to a greater or lesser degree,

www.burmeseclassic.com

www.burmeseclassic.com



we are all psychic, but, most of us, only to an infinit simal degree. A few there are, however, to a mark degree. The latter have practised, to a greater lesser degree in previous incarnations, the ment exercises leading to one-pointedness, though th do not apparently know it now. Equipped thus wi a more sensitive mental apparatus than most bein into events in the continuum of space and time.

ယခုအခါ ပုဂ္ဂိုလ်တစ်ဦးစီ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျေ ညီစွာ ကျွန်ုပ်တို့၏အကြားရှိလူအချို့ကို စိတ်တန်ခိုးရှိသည်ဟု ကျွ တို့ ဆိုနိုင်သည်။ အမှန်တကယ်တွင် ကြီးကျယ်သော သို့မဟုတ် သေ ငယ်သော အတိုင်းအတာတစ်ရပ်အနေဖြင့် ကျွန်ုပ်တို့အားလုံးပင်လျှ စိတ်တန်ခိုး ရှိကြသည်၊ သို့သော် ကျွန်ုပ်တို့အများစုမှာ အလွန်တ သေးငယ်သော အတိုင်းအတာအထိသာ စိတ်တန်ခိုးရှိကြသည်။ အနည်းငယ်၌မူ သိသာထင်ရှားစွာပင် စိတ်တန်ခိုးရှိကြသည်။ ဤ အနည်းစုတို့သည် အတိတ်ဘဝများ၌ သမာဓိ ထူထောင်သော ဘာဝ ရှုမှားခြင်းကို အနည်းအများဆိုသလို လေ့ကျင့်ခဲ့ကြသည်။ သို့သေ ဤအကြောင်းကို သူတို့ ယခုသိရှိကြပုံ မရချေ။ ဤသို့ လူအများစုထ ပို၍ အာရုံသိလွယ်သော စိတ်ကိရိယာကို ပိုင်ဆိုင်ထားကြသောသူ သည် အာကာသနှင့် အချိန်ကာလ အဆက်မပြတ် ဖြစ်ပျက်မှုအစဉ် ဖြစ်ရပ်များကို ထူးဆန်းစွာ ပို၍ နက်ရှိုင်းအောင် သိမြင်နိုင်စွမ်း ရှိ သည်။

Accordingly some are able to predict events



erely reading cards or holding an article to their reheads against the awakened or dormant 'Third e', which tunes in to (consciously or unconscious- and commingles with the vibrations emanating m the article. And as these vibrations represent certain picture or 'event' just as do our thoughts, ch folk are able to describe the associations ached to it. The emanations are often so fine d numerous that they continue to be given off for ousands of years, just as with radium. That this so is evidenced by an episode narrated in the ddhist Scriptures.

ဤအကြောင်းကြောင့် အချို့သောသူများသည် ကတ်ပြားများ ဖတ်ရှုခြင်း' ဖြင့်လည်းကောင်း၊ အရာဝတ္ထုတစ်ခုကို သူတို့၏ နဖူး ၌ နိုးကြားနေသည့် သို့မဟုတ် ငုပ်လျှိုးနေသည့် 'တတိယ မျက်စိ' ၌ မှောက်ဝယ် ကိုင်ထားခြင်းဖြင့် လည်းကောင်း၊ ထိုတတိယ က အရာဝတ္ထုမှ ထွက်ပေါ်လာသော တုန်ခါမှုများနှင့် (သိလျက် စေ၊ မသိလျက်ဖြင့်ဖြစ်စေ) ညှိနှိုင်းရောနှောကာ တုန်ခါလာ ဖြင့် အဖြစ်အပျက်များကို ကြိုတင်ဟောပြောနိုင်သည်။ ကျွန်ုပ် စိတ်ကူးများက တစ်စုံတစ်ခုသော ရုပ်ပုံ သို့မဟုတ် 'ဖြစ်ရပ်' ကို သကဲ့သို့ ထိုတုန်ခါမှုများကလည်း တစ်စုံတစ်ခုသော ရုပ်ပုံ သို့ တ် 'ဖြစ်ရပ်' ကို ဖော်ပြကြသဖြင့် ထိုသို့သော ပုဂ္ဂိုလ်များသည် ဝတ္ထုနှင့် ဆက်စပ်နေမှုများကို ဖော်ပြနိုင်ခြင်း ဖြစ်သည်။ ပေါ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကြသော တုန်ခါမှုများသည် မကြာခဏဆိုသလို အလွန်သိမ်
မွေ့ပြီး များပြားရကား နှစ် ထောင်ပေါင်းများစွာ ဆက်လက်ထွက်ပေါ်
လျက် ရှိကြသည်၊ ရေဒီယမ်ဒြပ်စင်မှ ရေဒီယိုဓာတ်ကြွ ရောင်ခြည်များ
အမြဲတစေ ထွက်ပေါ်နေသကဲ့သို့တည်း။ ဤသို့ဖြစ်ပေါ်နေကြောင်း
သက်သေအထောက်အထားတစ်ရပ်မှာ ဗုဒ္ဓဘာသာကျမ်းဂန်များတွင်
အောက်ပါအတိုင်း ဖော်ပြထားသည်။

There was once, we are told a man, a grea *yogi* called **Vanghisa**. He was able to tell by merel tapping on a skull, where a particular person ha been re-born. He was an adept in the science Sound. Many people flocked to him with the skull of their dead, if only they might hear a word hope, a word of good cheer! The Buddha, in Hi compassion always seeking to lead men on to th Path that brings peace through Nibbāna, reasoned that so clever a man was likely to grasp His teachin easily. Accordingly, having arranged to produ three skulls before Vanghisa. He went to see him Vanghisa, was naturally flattered and not a litt amused, and so was the populace. For, here wa the Supreme Buddha Himself visiting the *yog* Vanghisa, with skulls. The customary greetings we exchanged, and the skulls produced.



တစ်ချိန်တုန်းက **ဝင်္ဂီသ** အမည်ရှိသော ကြီးကျယ်ထင်ရှားသည့် ယောဂီကျားယောဂီတစ်ဦး ရှိကြောင်း ကျွန်ုပ်တို့ ကြားသိရပါသည်။ သူသည် ဦးခေါင်းခွံတစ်ခုကို ခေါက်ကြည့်ရုံမျှဖြင့် ထိုသေဆုံးသွားသော ပုဂ္ဂိုလ်က မည်သည့်နေရာ၌ ပြန်လည်မွေးဖွားသည်ကို ပြောပြနိုင်၏။ သူသည် အသံဆိုင်ရာ သိပ္ပံပညာ၌ ကျွမ်းကျင်လိမ္မာသူ တစ်ဦး ဖြစ်၏၊ လူများစွာတို့သည် သူတို့၏ သေဆုံးသွားသော ဆွေမျိုးများ၏ ဦးခေါင်းခွံများကို ယူဆောင်လျက် သူ့ထံသို့ ဝိုင်းအုံလာကြ၏။ မျှော်လင့်ချက်စကားတစ်လုံး၊ ကောင်းသော အားပေးစကား တစ်လုံးမျှကို သူတို့ကြားရပေမလားဟု လာကြခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် သူ၏ မဟာကရုဏာတော်ဖြင့် လူအပေါင်းတို့အား နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ငြိမ်းချမ်းခြင်းကို ပေးဆောင်နိုင်သည့် အဲလယ်လမ်းစဉ်သို့ လမ်းညွှန်ပြနိုင်အောင် အမြဲတစေ ရှာဖွေကြည့်ရှုနေတော်မူရကား ဝင်္ဂီသကဲ့သို့ အလွန်ကျွမ်းကျင်လိမ္မာသူ တစ်ယောက်သည် သူ၏ သင်ပြချက်ကို လွယ်ကူစွာပင်လျှင် ဆုပ်ကိုင်နိုင်လိမ့်မည်ဟု ဆင်ခြင်မိတော်မူ၏။ သို့ဖြစ်၍ ဝင်္ဂီသ ရှေ့မှောက်၌ ဦးခေါင်းခွံ သုံးလုံးကို ထုတ်ဖော်ပြသရန် စီစဉ်တော်မူပြီးလျှင် ဝင်္ဂီသ ထံသို့ သွားရောက်တွေ့ဆုံ၏။

ဝင်္ဂီသ သည် သဘာဝကျစွာပင် မြှောက်ပင့်ခံရသည်ဟု ခံစားမိပြီးလျှင် အလွန်ရွှင်လန်းဝမ်းမြောက်သွား၏။ ပြည်သူများကလည်း ထပ်တူပင် ဝမ်းမြောက်ကြကုန်၏။ အထွတ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင် ဦးခေါင်းခွံများ ယူဆောင်လျက် ယောဂီ ဝင်္ဂီသ ထံသို့ ကြွရောက်လာခြင်း မဟုတ်ပါလား။ ထုံးစံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော နှုတ်ဆက်စကားများကို အပြန်အလှန် ပြောဆိုကြ၏။ ဦးခေါင်းခွံများကိုလည်း ထုတ်ပြကြ၏။

Vanghisa (so the story goes) examined the skulls and pronounced that the first skull showed rebirth in the *peta* world (i.e., one of the lower ghost purgatorial states). 'Very well', the Buddha said, 'you are right'. The second skull, Vanghisa said, showed rebirth in the *Deva* world (i.e., a celestial realm). 'Quite right', agreed the Buddha. But, tap as he may the third skull, Vanghisa was literally 'stumped'. He tried and tried, but could not tell. Thereupon, he enquired of the Buddha, if He knew. And, the Buddha smilingly replied. 'Yes. I do know, but I will explain only if you will visit me some time'.

(ဖြစ်စဉ်ကို ဆက်လက်ဖော်ပြထားသည်မှာ) ဝင်္ဂီသ သည် ဦးခေါင်းခွံများကို စစ်ဆေးပြီးလျှင် ပထမခေါင်းခွံက ပြိတ္တာဘုံ (အပြစ်အားလျော်စွာ ဆင်းရဲဒုက္ခ ခံစားနေရသော အပါယ်လေးဘုံအနက်တစ်ဘုံ) ၌ ပြန်လည်မွေးဖွားခြင်းကို ဖော်ပြကြောင်း ကြေညာလိုက်၏။ 'သိပ်ကောင်းတာပဲ၊ မင်း မှန်ပါတယ်' ဟု မြတ်စွာဘုရားက မိန့်ဆို၏။ ဒုတိယဦးခေါင်းခွံသည် (ကောင်းကင်ဘုံတစ်ခုဖြစ်သည့်) နတ်ဘုံ၌ ပြန်လည်မွေးဖွားခြင်းကို ဖော်ပြကြောင်း ဝင်္ဂီသ ထပ်မံပြောဆို၏။ 'သိပ်မှန်တာပဲ' ဟု မြတ်စွာဘုရားက သဘောတူ၏။

သို့သော် တတိယ ဦးခေါင်းခွံကို အကြိမ်ကြိမ် ခေါက်ပါသော်



လည်း ဝင်္ဂီသသည် အမှန်ကို ပြောရလျှင် သစ်ငုတ်တိုကဲ့သို့ ငိုင်နေပါတော့သည်၊ သူ ထပ်ကာထပ်ကာ ကြိုးစားသည်၊ သို့သော် အဖြေ မရပါ။ ထိုအခါ မြတ်စွာဘုရားကို အဖြေသိပါသလားဟု သူ စုံစမ်း မေးမြန်း၏။ မြတ်စွာဘုရားက ပြုံးတော်မူလျက် 'ဟုတ်တယ်၊ ငါ အဖြေသိပါတယ်၊ ဒါပေမဲ့ မင်း ငါ့ဆီကို တစ်ချိန်ချိန်မှာ အလည်လာတဲ့အခါမှ ငါရှင်းပြမယ်' ဟု ပြန်မိန့်တော်မူ၏။

Vanghisa was an honest man, and decided to visit the Buddha. And, while expounding the sublime Dhamma the Buddha explained why the third skull had baffled him. That being, indeed, had actually not been reborn in any one of the thirty-one states of sentient existence. His Kamma had been brought to a state of Perfect Balance, and there was no 'attraction or repulsion' – it was the skull of an Arahat. Hence, Vanghisa had failed to locate a 'place' of rebirth. For, Arahats are reborn no more in the world of sentient existence. Since there is no rebirth for an Arahat, there were no vibrations linking this skull with a new abode. There being no vibrations, there was no 'wave-length' established too. That is why Vanghisa had failed.

ဝင်္ဂီသ သည် ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်၍ မြတ်စွာဘုရားထံသို့ အလည်သွားရန် ဆုံးဖြတ်လိုက်၏။ မြတ်စွာဘုရားသည် သိမ်

www.burmeseclassic.com

www.burmeseclassic.com



မွေ့သော တရားမေ့ကို အသေးစိတ် ရှင်းလင်းပြောပြစဉ် တတိယ ဦးခေါင်းခွံက ဝင်္ဂီသကို ဝေခွဲမရအောင် စိတ်ရှုပ်စေခဲ့သည့်အကြောင်းကို ရှင်းပြ၏။ ထိုပုဂ္ဂိုလ်သည် အမှန်အားဖြင့် အာရုံခံစားတတ်သော ဘဝဖြစ်ပေါ်ရာ သုံးဆယ့်တစ်ဘုံအနက် မည်သည့်ဘုံတွင်မျှ အမှန်တကယ် ပြန်လည်မွေးဖွားခြင်း မရှိပါ။ သူ၏ကံသည် ရာနူန်းပြည့်ဟာန်နေနိုင်သော အခြေသို့ ရောက်ရှိသွားပြီဖြစ်၍ 'ဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်း' တို့ မရှိတော့ပါ။ ထိုဦးခေါင်းခွံသည် ရဟန္တာတစ်ပါး၏ ဦးခေါင်းခွံ တည်း။

ထိုအကြောင်းကြောင့် ဝင်္ဂီသ သည် ပြန်လည်မွေးဖွားမည့် 'နေရာ' တစ်နေရာကို ရှာဖွေ၍ မတွေ့ရှိခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရဟန္တာများသည် အာရုံခံစားတတ်သော ဘုံဘဝများ၌ တစ်ဖန် ထပ်၍ မွေးဖွားခြင်းမရှိတော့ပါ။ ရဟန္တာတစ်ပါးအတွက် တစ်ဖန် ဇာတိပဋိသန္ဓေနေခြင်း မရှိခြင်းကြောင့် ဤဦးခေါင်းခွံနှင့် ဘုံဘဝတစ်ခုကို ဆက်သွယ်ပေးသော တုန်ခါမှုများ မရှိတော့ချေ။ ဤအကြောင်းကြောင့် ဝင်္ဂီသပြန်လည်မွေးဖွားရာဌာနကို မရှာဖွေနိုင်ခဲ့ခြင်း ဖြစ်ပေ၏။

And, just as a clean cloth from which all stain has been washed away will readily take in the dye, so did Vanghisa obtain, in no long time, the pure and spotless Eye for the Truth, and he knew: 'Whatsoever has beginning in that is inherent also the necessity of dissolution'. In other words, Vanghisa too attained to the unconditioned – he became another Arahat.



ထို့နောက် အစွန်းအထင်းအားလုံးကို ဖွပ်လျှော်ထုတ်ထားပြီးသော စင်ကြယ်သည့် အဝတ်သည် ဆိုးဆေးကို အလွယ်တကူ စွဲယူနိုင်သကဲ့သို့ ဝင်္ဂီသသည်လည်း အချိန်မကြာမြင့်မီတွင်ပင် အမှန်တရားအတွက် စင်ကြယ်၍ အစွန်းအထင်း ကင်းသော မျက်စိကို ရရှိလေ၏။ ရရှိပြီးလျှင် သူသည် 'အစရှိသော မည်သည့်အရာ၌မဆို ပျက်စီးရန် လိုအပ်ချက်သည်လည်း ကိန်းဝပ်ပါရှိနေ၏' (ပြုပြင်ပေးရသော ... ၏ ရ တရားတို့သည် ပျက်စီးခြင်း သဘော ရှိကုန်၏) ဟု သိမြင်လာ၏။ တစ်နည်းဆိုသော် ဝင်္ဂီသသည်လည်း ပြုပြင်ခြင်း ကင်းသော (နိဗ္ဗာန်) ကို မျက်မှောက်ပြုရလေပြီ၊ သူသည် ရဟန္တာတစ်ပါး ဖြစ်လာလေပြီ။

This briefly explains certain aspects of extra-sensory perception like card-reading, etc., which work, more or less, on the same principles of modern Radar and were known to Buddhists from ancient times. But in certain instances of pre-cognition, where no event is seen before it actually 'occurs', what really happens is that that person touches momentarily the 'summits' of his former achievements, which through mental exercise, had bordered on the unconditioned and timeless. The latter have, indeed, confounded some of the greatest thinkers of our time.

ဤဖြစ်ရပ်သည် ကတ်ပြားဖတ်ခြင်းကဲ့သို့သော အပိုအာရုံသိမှု၏ အချက်အလက် ရှုထောင့်အချို့ကို အကျဉ်းမျှ ရှင်းပြပေ၏။ အပို

www.burmeseclassic.com

www.burmeseclassic.com



အာရုံသိမှုသည် အနည်းအများ ဆိုသလို ခေတ်သစ် ရေဒါသဘော တရားအတိုင်း လုပ်ဆောင်၏။ ဤပညာကို ဗုဒ္ဓဘာသာဝင်တို့သည် ရှေးအခါကပင် သိနားလည်ခဲ့ကြပါသည်။ သို့သော် ကြိုတင်အာရုံ သိခြင်း၏ အချို့သော ဖြစ်ရပ်များ၌ တုန်ခါမှု လွတ်ထုတ်သော အရာ ဝတ္ထုကို အသုံးမပြုဘဲ ဖြစ်ရပ်တစ်ခုကို ၎င်းဖြစ်ရပ် တကယ်မဖြစ်ပေါ် မီ မြင်တွေ့ရ၏။ ဤဖြစ်ရပ်မျိုး၌ တကယ်ဖြစ်ပျက်သွားသော ဖြစ် စဉ်မှာ ထိုတင်ကြိုမြင်တွေ့သော ပုဂ္ဂိုလ်သည် ပြုပြင်ခြင်း ကင်းမဲ့၍ အချိန်ကြန့်ကြာမှုမရှိသော အခြေ၏ နယ်နိမိတ်ဖြစ်သော ဘာဝနာ ရှုပွားခြင်းဖြင့် ရောက်ရှိထားခဲ့ဖူးသော အတိတ်စွမ်းဆောင်မှုများ၏ 'အထွတ်အထိပ်များ' နှင့် ခေတ္တခဏမျှ ထိတွေ့မိခြင်း ဖြစ်၏။ ဤဖြစ် ရပ်မျိုးသည် ကျွန်ုပ်တို့၏ ခေတ်၌ အကြီးကျယ်ဆုံးသော တွေးခေါ် ရှင် များ အချို့ကိုပင် အံ့သြစေခဲ့ပါသည်။

Dr. Rhine's researches, therefore, into the realms of pre-cognition, when concluded, should be not only interesting, but even revealing to many, who now, through fear and superstition, believe in Divine-inspiration.

ထို့ကြောင့် ဒေါက်တာရိုင်း၏ တင်ကြိုအာရုံသိမှုဆိုင်ရာ သုတေ သနများသည် အဆုံးသတ်နိုင်သည့်အခါ၌ ကျွန်ုပ်တို့အား စိတ်ဝင်စား မှုဖြစ်စေရုံမျှသာမက ကြောက်ရွံ့မှုနှင့် အစွဲအလမ်းတို့ကြောင့် ဘုရား သခင်၏ အားပေးတိုက်တွန်းချက်ကို ယခုယုံကြည်နေကြသော လူ များစွာကိုပါ အမှန်တရားကို သိမြင်အောင် ထုတ်ဖော်ပြနိုင်ပါလိမ့် မည်။



Theists have also tried to learn on the Second Law of Thermo-Dynamics in their efforts to maintain the existence of God. Now, what is the Second Law of 'Thermo-Dynamics'? Briefly, this law says that natural processes cannot be reversed. In other words, it means that the universe has been expanding, or going 'forward', and does not, and cannot go 'backward'.

ဘုရားသခင် ရှိသည်ကို ယုံကြည်ကြသော သူတို့သည် ဘုရား သခင် တည်ရှိကြောင်းကို ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းကြရာ၌ သာမိုဒိုင်းနမစ် ဒုတိယနိယာမကို အားကိုးအားထားပြုရန်လည်း ကြိုး စားခဲ့ကြသည်။ ယခု သာမိုဒိုင်းနမစ် ဒုတိယ နိယာမ ဟူသည်ကား အဘယ်နည်း။ အကျဉ်းမျှ ဖော်ပြရလျှင် သဘာဝဖြစ်စဉ်များကို ပြောင်း ပြန်လှန်၍ မရဟု ဤနိယာမက ဆို၏။ တစ်နည်းဆိုသော် 'စကြဝဠာ သည် ပို၍ပို၍ ကျယ်ပြန့်နေခဲ့သည်' သို့မဟုတ် 'ရှေ့သို့' သွားနေသည်၊ တစ်ဖန် 'နောက်သို့' ပြန်ဆုတ်ခြင်း မရှိ၊ 'ပြန်မဆုတ်နိုင်' ဟု ၎င်းနိယာမ က မိန့်ဆိုခြင်း ဖြစ်၏။

The layman of non-scientific mind can grasp the underlying principle of this Law by considering a few simple examples: Say, for instance, a child is born of a woman's womb. Now, according to the Law of Thermo-Dynamics, this child must develop in a 'forward' direction: that is to say, it cannot go

www.burmeseclassic.com

www.burmeseclassic.com



back into the same womb', as it were; no, not at any rate, in that incarnation! Take another simple example: say, a seed is planted and a tree results. Now, the tree that sprouts forth from the seed cannot get back into that seed again.

အရပ်သူ အရပ်သား သို့မဟုတ် သိပ္ပံနည်းကျ မတွေးခေါ်တတ်သူတို့သည် ရိုးရှင်းသည့် နမူနာအနည်းငယ်ကို စဉ်းစားဆင်ခြင်ခြင်းဖြင့် ဤနိယာမ၏ အခြေခံသဘောတရားကို နားလည်နိုင်ပါသည်။ ပုံစံအားဖြင့် အမျိုးသမီး၏ ဝမ်းကြာတိုက်မှ ကလေးငယ်တစ်ယောက် မွေးဖွားလာသည် ဆိုပါစို့။ ယခု သာမိုဒိုင်းနမစ် ဒုတိယနိယာမအရ ဤကလေးငယ်သည် 'ရှေ့သို့' ဖွံ့ဖြိုးတိုးတက်သွားရမည်၊ တစ်နည်းဆိုသော် ကလေးငယ်သည် 'မူလအမိဝမ်းကြာတိုက်ထဲသို့ပြန်မသွားနိုင်ပါ'၊ အနည်းဆုံး လက်ရှိဘဝ၌ ပြန်မသွားနိုင်ပါ။ အခြားရိုးရှင်းသော နမူနာတစ်ခုကို စဉ်းစားပါဦး၊ မျိုးစေ့တစ်စေ့ကို မြေမှာချစိုက်၍ အပင်ပေါက်လာသည် ဆိုပါစို့။ ယခုထိုမျိုးစေ့မှ ပေါက်လာသော အပင်ငယ်သည် ထိုမျိုးစေ့ထဲသို့ တစ်ဖန်ပြန်မဝင်နိုင်တော့ချေ။

The process is one of going 'forward' all the time. From this, theists try to argue that as natural processes cannot be reversed, the universe has had a beginning in time, implying 'Creation'. In fact, some scientists in hazarding a guess, have actually calculated the beginning to have occurred about two billion years ago.



ထိုဖြစ်စဉ်သည် 'ရှေ့သို့' သာလျှင် အမြဲတစေ ရွေ့လျားသွားနေ၏။ ဤဖြစ်စဉ်မှ ဘုရားသခင် တည်ရှိသည်ဟု ယုံကြည်သူများသည် သဘာဝဖြစ်စဉ်များက ပြောင်းပြန် ပြန်လှည့်၍ မရသည်နှင့်အညီ စကြဝဠာသည်လည်း တစ်ချိန်ချိန်က စတင်ခဲ့ရပေမည်၊ ထို့ကြောင့် 'ဖန်ဆင်းမှု' ရှိသည်ဟု သွယ်ဝိုက်၍ ဆိုနိုင်ကြောင်း ဓောဒကပြုရန် ကြိုးစားကြသည်။ အမှန်တွင်လည်း သိပ္ပံပညာရှင်အချို့သည် ဤမှန်းဆချက်ကို အကဲစမ်းသည့်အနေဖြင့် ကမ္ဘာစတင်ခဲ့သော အချိန်ကို တွက်ချက်ကြည့်ရာ လွန်ခဲ့သည့် နှစ် သန်းနှစ်ထောင်ခန့်က စတင်ခဲ့သည်ဟု ဆိုကြ၏။

The Second Law of Thermo-Dynamics cannot be challenged. But there is one important weak link in the chain of argument which appears to have been safely ignored by theists and such scientists in their calculations.

သာမိုဒိုင်းနမစ် ဒုတိယနိယာမကို စိန်ခေါ်၍ မရပါ။ သို့ရာတွင် အချေအတင် ငြင်းခုံပြောဆိုကြသည့် ကွင်းဆက်၌ အရေးကြီး၍ အားနည်းသော အချက်တစ်ခု ရှိပါသည်၊ ဤအချက်ကို ဘုရားသခင် တည်ရှိသည်ဟု ယုံကြည်သူများကရော၊ ထိုတွက်ချက်မှု ပြုကြသည့် သိပ္ပံပညာရှင်များကပါ စိတ်ချစွာ လျစ်လျူရှုခဲ့ကြဟန် တူပါသည်။

For, while it is true that scientists have proved that natural processes cannot be reversed, it is also equally scientifically true that the universe has been both expanding and contracting. And, this process

www.burmeseclassic.com

www.burmeseclassic.com



has been going on through eternity. Where then is the beginning of time that is said to have occurred two billion years ago?

အဘယ့်ကြောင့်ဆိုသော် သဘာဝဖြစ်စဉ်များသည် ပြောင်းပြန်ပြန်လှည့်၍ မရကြောင်းကို သိပ္ပံပညာရှင်များက သက်သေပြခဲ့သည်မှာ မှန်ပါသော်လည်း စကြဝဠာသည် ကျယ်ပြန့်ခြင်း ဖြစ်နေသည့်နည်းတူ ကျုံ့ဝင်ခြင်းလည်း တစ်ပြိုင်နက် ဖြစ်နေသည်ကို သိပ္ပံနည်းအရ ထပ်တူထပ်မျှ မှန်ကန်ကြောင်း သက်သေပြနိုင်သောကြောင့် ဖြစ်၏။ ထို့အပြင် ဤဖြစ်စဉ်သည် ထာဝရအတိုင်းအတာဖြင့် အတိတ်ကာလ၌ရော ပစ္စုပ္ပန်၌ပါ ဖြစ်ပေါ်နေခဲ့၏။ သို့ဖြစ်လျှင် လွန်ခဲ့သော နှစ်သန်းနှစ်ထောင်က စတင်ခဲ့သည်ဟူသော အချိန်၏ အစသည် အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

Thus if the underlying principle of the Second Law of Thermo-Dynamics is understood, it could be of no practical value or assistance to theists who vainly endeavour to find a beginning in time that might imply Creation.

ထို့ကြောင့် သာမိုဒိုင်းနမစ် ဒုတိယနိယာမ၏ အခြေခံ သဘောတရားကို သဘောပေါက်နားလည်လျှင် ဖန်ဆင်းခြင်းကို သွယ်ဝိုက်၍ သက်သေပြနိုင်မည့် အချိန်၏ အစကို အချည်းနှီးကြိုးပမ်းရှာဖွေနေကြသော ဘုရားသခင် တည်ရှိကြောင်း ယုံကြည်သူတို့အတွက် သာမိုဒိုင်းနမစ် ဒုတိယနိယာမသည်လည်း လက်တွေ့တန်ဖိုး (ဝါ) အထောက်အကူ မဖြစ်နိုင်ပါချေ။



Now, let us examine the theistic view – a little further. Theists say that God created the earth (matter) first, and then man (mind). But, we know that man is to this world what mind is to matter. That is to say: Man and his external world is a relationship, for if there is no man, there would be no world as far as 'he' is concerned, and, if there is no mind, there would be no matter to be observed.

ယခု ဘုရားသခင်တည်ရှိကြောင်း ယုံကြည်သူတို့၏ အမြင်ကို အနည်းငယ် ထပ်မံ၍ ကျွန်ုပ်တို့ စိစစ်ကြပါစို့။ သူတို့သည် ကမ္ဘာမြေကြီး (ဒြပ်) ကို ဘုရားသခင် ပထမဖန်ဆင်းပြီးနောက် လူ (စိတ်) ကို ဖန်ဆင်းသည်ဟု ဆိုကြ၏။ သို့ရာတွင် ဤကမ္ဘာမြေကြီးအတွက် လူသည် အရေးပါသလို ဒြပ်အတွက်လည်း စိတ်သည် အရေးပါ၏။ တစ်နည်းဆိုသော် လူနှင့် သူ၏ ပြင်ပကမ္ဘာတို့သည် အဆက်အသွယ်ရှိကြသည်၊ အကြောင်းမှာ အကယ်၍ လူမရှိခဲ့လျှင် 'သူ' နှင့် သက်ဆိုင်သော ကမ္ဘာသည်လည်း မရှိနိုင်ချေ။ ထို့အပြင် အကယ်၍ စိတ်မရှိခဲ့လျှင် ကြည့်စရာ ဒြပ်သည်လည်း မရှိနိုင်ချေ။

This is confirmed by **Einstein** who says that mind and matter must arise together or not at all. Hence, all philosophical views which look upon mind as evolved from matter are clearly wrong. For the **Theory of Relativity** proves the simultaneous genesis of mind and matter quite conclusively.

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို သိပ္ပံပညာကျော် **အိုင်းစတိုင်း**က အတည်ပြု
ခဲ့၏။ စိတ်နှင့် ရုပ် (ဒြပ်) တို့သည် အတူတကွ ဖြစ်ပေါ်ကြရမည်
မဟုတ် လုံးဝ မဖြစ်ပေါ်နိုင်ကြဟု အိုင်းစတိုင်းက မိန့်ဆိုခဲ့သည်။
ဒ ကြောင်းကြောင့် စိတ်သည် ရုပ်မှ တစ်စတစ်စ ပြောင်းလဲတိုးတ
ဟသည်ဟု ရှုမြင်ကြသော ဒဿန အမြင်များအားလုံးသည် မှားယွ
ကြောင်း ထင်ရှားပါသည်။ အကြောင်းမှာ **ဆက်သွယ်မှု သီအို**
စိတ်နှင့် ရုပ်တို့ တစ်ပြိုင်နက် ဖြစ်ပေါ်ကြကြောင်းကို အလွန်သေ
ပြတ်သားစွာ သက်သေပြထားသောကြောင့် ဖြစ်၏။

This confutes the Biblical story of spec
creation, quite apart from the fact that it loo
somewhat superfluous to call in an Almighty G
to create two illusions. For, is not the material wor
including mind and matter, an illusion, depende
on the arising of causes?

ဤအချက်သည် အတူးဖန်ဆင်းခြင်းဆိုင်ရာ သမ္မာကျမ်းစာ
ဖော်ပြချက် မှားယွင်းကြောင်းကို ပြဆို၏။ ဘုန်းတန်ခိုး ကြီးမြ
တော်မူသော ဘုရားသခင်ကို အမြင်မှားနှစ်ရပ် ဖန်ဆင်းရန်အတွ
ဖိတ်ခေါ်ရခြင်းသည် အတော်အတန်အားဖြင့် မလိုအပ်သောအချ
ဖြစ်သည်ဟု ထင်မြင်ရ၏။ အကြောင်းသော်ကား စိတ်နှင့် ရုပ်တို့
ဝင်သော ရုပ်နာမ်လောကသည် အကြောင်းတရားများ ဖြစ်ပေါ်ခြ
ပေါ်တွင် မှီခိုနေရသဖြင့် အမြင်မှားတစ်ရပ် မဟုတ်ပါလား။

And now, finally we come to an argument th



is a favourite among theists. In Ceylon, it is known as the '**Watchmaker**' argument. Here we are told, that even so small and relatively simple a piece of machinery as a watch must have a maker. It cannot come into existence automatically. And so it follows, say the protagonists of the theory of God, that the Universe with all its complex balance of force, all its wonders, all its stars and planets and other celestial bodies working in perfect co-ordination, must have had a Creator.

ယခုနောက်ဆုံးတွင် ဘုရားသခင်တည်ရှိကြောင်း ယုံကြည်ကြသူများအကြား၌ ရေပန်းစားနေသော အကြောင်းပြချက် တစ်ရပ်သို့ ကျွန်ုပ်တို့ ရောက်ရှိလာပါသည်။ သီဟိုဠ် (သီရိလင်္ကာနိုင်ငံ) ၌ ၎င်းကို '**နာရီပြုလုပ်သူ**'အကြောင်းပြချက်ဟု ခေါ်ဆိုကြ၏။ ဤ၌ လက်ပတ် နာရီကဲ့သို့ အလွန်သေးငယ်၍ နှိုင်းဆလိုက်လျှင် ရိုးရှင်းသော စက်ကိရိယာ တစ်ခုပင်လျှင် ပြုလုပ်သူ ရှိရသည်ဟု ကျွန်ုပ်တို့အား ပြောဆို၏။ လက်ပတ်နာရီသည် မိမိအလိုအလျောက် မဖြစ်ပေါ်လာနိုင်ပါ။ ထိုနည်းတူစွာ စကြဝဠာသည် ၎င်း၏ ရှုပ်ထွေးစွာ ဟန်နေကြသော စွမ်းအားများ၊ အံ့သြစရာများ၊ ၎င်း၏ ကြယ်များ၊ ဂြိုဟ်များနှင့် အခြား အာကာသဝတ္ထုများနှင့် အတူတကွ အပြစ်အနာအဆာ ကင်းအောင် ပူးတွဲညှိနှိုင်းကာ အလုပ်လုပ်နေကြသည်မှာ ဖန်ဆင်းသူ တစ်ဦး ရှိခြင်းကြောင့်ဖြစ်သည်ဟု ဘုရားသခင် အယူအဆကို ရှေ့ဆောင်ရှေ့ရွက်ပြုနေသူများက ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



But there are many objections in this argu-ment, a few of which we shall consider here.

For instance, who ever heard of any watch-maker coming into existence automatically. If w[e] are therefore to be logical, this should apply equall[y] to the Universe-maker as well. He too must hav[e] had a maker, who in his turn must have had a make[r] and so on. The argument ends in futility, for wher[e] is one to stop?

သို့ရာတွင် ဤအကြောင်းပြချက်ကို ငြင်းဆိုနိုင်သော အချက် များစွာ ရှိပါသည်၊ အချက်အချို့ကို ကျွန်ုပ်တို့ ဤတွင် စဉ်းစားကြ ပါမည်။

ဥပမာအားဖြင့် အလိုအလျောက် ဖြစ်ပေါ်လာသော နာရီပြုလု[ပ်] သူ တစ်စုံတစ်ယောက်ကို မည်သူ ကြားဖူးပါသနည်း။ ထို့ကြော[င့်] အကယ်၍ ကျွန်ုပ်တို့သည် ယုတ္တိဗေဒနည်းကျ စဉ်းစားကြမည် ဆိုပ[ါ] လျှင် ဤအချက်သည် စကြဝဠာပြုလုပ်သူအတွက်လည်း မှန်ရပေလိ[မ့်] မည်။ သူသည်လည်း သူ့ကိုပြုလုပ်ပေးမည့်သူတစ်ဦး ရှိရပေလိမ့်မည်၊ ထိုပြုလုပ်သူသည်လည်း သူ့ကို ပြုလုပ်ပေးသည့်သူ တစ်ဖန်ရှိရပေဦး မည်။ ဤနည်းဖြင့် ပြုလုပ်သူ၏ ပြုလုပ်သူတွေ မဆုံးနိုင်အောင် ရှိပေ လိမ့်မည်။ ဤအရေးအတင် ငြင်းဆိုခြင်းသည် အဆုံးအပိုင်းအခြာ မရှိသည့်အတွက် အချည်းနှီး ဖြစ်သွားပါလိမ့်မည်။

Now can we ever find a watchmaker who mad[e] a watch out of absolutely nothing? How, then ca[n]



[w]e think of an Universe-maker who achieved this [i]mpossible feat? On the assumption, however, that [h]e too, like our watchmaker, had materials, from [w]here did he obtain his materials? Had these [m]aterials any prior existence?

ယခု လုံးဝဥဿုံ ဘာမျှမရှိပါဘဲလျက် လက်ပတ်နာရီတစ်လုံး [ပြု]လုပ်နိုင်သော နာရီပြုလုပ်သူတစ်ဦးကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိ [နိုင်]ပါသလား။ သို့ဆိုလျှင် ဤသို့ ဘာမျှမရှိသည့်အခြေမှ စကြဝဠာ [ကို ဖ]န်တီးသည်ဟူသော ဘယ်လိုမျှ မဖြစ်နိုင်သည့် စွမ်းဆောင်ချက် [ကို] စွမ်းဆောင်နိုင်သည်ဆိုသော စကြဝဠာပြုလုပ်သူတစ်ယောက် အ[ကြော]င်းကို ကျွန်ုပ်တို့ မည်သို့စဉ်းစားနိုင်ပါသနည်း။ သို့ပါသော်လည်း [ကျွ]န်ုပ်တို့၏ နာရီပြုလုပ်သူကဲ့သို့ စကြဝဠာပြုလုပ်သူသည်လည်း ကုန် [ကြမ်]းပစ္စည်းများကို ရရှိထားသည်ဟု ယူဆလျှင် ထိုကုန်ကြမ်းပစ္စည်း [များ]ကို သူ အဘယ်က ရရှိခဲ့သနည်း။ ဤကုန်ကြမ်းပစ္စည်းများသည် [ယခင်]ကြိုတည်ရှိနေကြပါသလား။

On the watchmaker theory if we are to regard [th]is as an argument at all, we are led inevitably to [th]e conclusion that the universe was built not by [on]e Universe-Maker, but by several of them. For, [w]e find that even so simple a mechanism as a watch [i]s the work of creation of several people, each one a [s]pecialist in his own branch of activity. On this [an]alogy, the Universe, if ever it was created by a

www.burmeseclassic.com

www.burmeseclassic.com



conscious and intelligent agency, would have had a large body of people working for that Agency. There would have then been a team of makers, rather than one sole maker; a Syndicate in fact.

လက်ပတ်နာရီပြုလုပ်သူ သီအိုရီ(အယူအဆ) နှင့် ပတ်သက်၍ ဤယူဆချက်ကို အကြောင်းပြချက်တစ်ရပ်အဖြစ် အကယ်၍ ကျွန်ုပ်တို့ မှတ်ယူနိုင်လျှင် စကြဝဠာကို စကြဝဠာပြုလုပ်သူတစ်ဦးဖြင့် တည်ဆောက်ခဲ့သည်မဟုတ်ဘဲ စကြဝဠာပြုလုပ်သူများစွာဖြင့် တည်ဆောက်ခဲ့ရပေလိမ့်မည်။ အကြောင်းမှာ လက်ပတ်နာရီကဲ့သို့ အလွန်ရိုးရှင်းသော စက်ပစ္စည်းတစ်ခုပင်လျှင် လူများစွာတို့၏ အလုပ် သို့မဟုတ် ဖန်တီးမှု ဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့ရသောကြောင့် ဖြစ်၏။ ထိုနာရီပြုလုပ်သူအပေါင်းတို့အနက် တစ်ဦးစီသည် မိမိဆိုင်ရာ လုပ်ငန်းခွင်တွင် အထူး ကျွမ်းကျင်သူ ဖြစ်၏။

ဤဆင်တူမှုအရ အကယ်၍ စကြဝဠာသည် အာရုံသိ၍ ဉာဏ်ထက်မြက်သော အကျိုးဆောင်သူတစ်ဦးဦးက ဖန်ဆင်းပေးရိုး မှန်ခဲ့လျှင် ထိုအကျိုးဆောင်သူကို ဝိုင်းဝန်းကူညီပေးကြသော လူပေါင်းမြောက်မြားစွာ ရှိရပေမည်။ ပြုလုပ်သူ တစ်ဦးတည်းအစား ပြုလုပ်သူများ အသင်းတစ်သင်း ရှိရပေမည်၊ အသင်းစုတစ်စုဟု ဆိုလျှင် ပို၍ မှန်ပါလိမ့်မည်။

The purpose of mentioning this point of view is not as an argument in support of a Syndicate or Agency as the Creating Force of the universe, but merely to point out that it is a logical conclusion,



rfectly consistent with the data provided, and the soning sought to be applied thereto by reference the 'Watchmaker' theory.

ဤအမြင်ရှုထောင့်ကို ဖော်ပြရသည့် ရည်ရွယ်ချက်မှာ စကြဝဠာ န်ဆင်းသော စွမ်းအားအဖြစ် အသင်းစု သို့မဟုတ် အကျိုးဆောင် ကို ထောက်ခံသော အကြောင်းပြချက်တစ်ခုအနေဖြင့် တင်ပြခြင်း တ်ဘဲ ယုတ္တိဗေဒနည်းကျသော ကောက်ချက် ချခြင်းဖြစ်သည်ကို ပြရန်အတွက်သာ ဖြစ်ပါသည်။

ဤသို့ ကောက်ချက်ချခြင်းသည် ရရှိထားသော အချက်အလက် နှင့်လည်း အပြည့်အဝ ကိုက်ညီပါသည်၊ 'လက်ပတ်နာရီပြုလုပ် သူ'ဆချက်ကို ကိုင်ထား၍ အသုံးချရန် ရည်ရွယ်ထားသော စဉ်း ဆင်ခြင်ပုံနှင့်လည်း ကိုက်ညီပါသည်။

The Buddha has however spoken of gods. For Buddhist cosmology there are many gods. They e called Devas. He taught the hard truth that se gods, too, like us human beings, are subject decay and death, as the inexorable law of change plies to gods, in as much as it does to men. The s live long, much longer than humans, because their own good kamma. Some of these gods are y powerful, again this is a result of their own d kamma and this fact should not surprise any e and create the impression of omnipotency. For,

www.burmeseclassic.com

www.burmeseclassic.com



do we not find even among us humans, some wh are endowed with much power, some with much wisdom and so forth.

မြတ်စွာဘုရားသည် နတ်များအကြောင်းကို ပြောဆိုတော်မူခဲ့ ပါသည်။ အကြောင်းမှာ ဗုဒ္ဓဘာသာ စကြဝဠာပညာတွင် နတ်များစွာ ပါရှိသောကြောင့် ဖြစ်၏။ သူတို့ကို 'ဒေဝ' ဟု ခေါ်ကြ၏။ အသနား ခံ၍မရသော မတည်မြဲခြင်း (အနိစ္စ) နိယာမသည် လူသားများအတွက် မှန်ကန်သကဲ့သို့ နတ်များအတွက်လည်း ထပ်တူမှန်ကန်သောကြောင့် ဤနတ်များသည်လည်း လူများကဲ့သို့ပင် အိုမင်းရင့်ရော် သေဆုံးကြ ရသည်ဟူသော ခက်ခဲသည့် အမှန်တရားကို မြတ်စွာဘုရား ညွှန်ပြ တော်မူခဲ့သည်။ နတ်များသည် သူတို့၏ကုသိုလ်ကံကြောင့် အသက် ရှည်ကြသည်၊ လူတို့ထက် များစွာပင် အသက်ရှည်ကြသည်။ တစ်ဖန် သူတို့၏ ကိုယ်ပိုင်ကောင်းမှုကံအကျိုးကြောင့် အချို့သော နတ်များ သည် အလွန် တန်ခိုးကြီးကြသည်။ ဤအချက်သည် မည်သူ့ကိုမျှ အံ့သြမှုမဖြစ်စေသင့်ပါ၊ အကြွင်းမဲ့ အနန္တ တန်ခိုးရှိသည်ဟူသော ထင် မြင်ချက်ကိုလည်း မဖန်ဆင်းစေသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့လူသားများအကြား၌ပင်လျှင် လွန်စွာ တန်ခိုးကြီးသောသူ အချို့ကို လည်းကောင်း၊ အလွန် ဉာဏ်ပညာကြီးသောသူ အချို့ကို လည်းကောင်း စသည်ဖြင့် ကျွန်ုပ်တို့ မမြင်တွေ့ရပါသလော။

Unfortunately, as with most humans, gods too sometimes imagine that since they live long and very powerul, they would continue as they are through



eternity. And, when the hard day comes of separation from their lofty pedestals, with the exhaustion of the Kamma-force that propelled them into positions, once again there is grief, pain, lamentation, suffering, and misery, at the prospect of having to give up what they prized so much and held before. The greatest fallacy from ...uch the gods themselves suffer is this erroneous belief that they will live for ever.

ကံမကောင်းစွာပင် လူများစွာတို့ကဲ့သို့ နတ်တို့သည်လည်း သူ တို့ အသက်ရှည်ပြီး အလွန်တန်ခိုးကြီးကြခြင်းကြောင့် သူတို့ ထာဝရ ဆက်လက်တည်နေနိုင်ကြလိမ့်မည်ဟု တစ်ခါတစ်ရံစိတ်ကူးမိကြ၏။ ထို့နောက် သူတို့အား မြင့်မားသော အခြေအနေသို့ တွန်းပို့ပေးလိုက် သော ကံစွမ်းအား ကုန်ခန်းသဖြင့် သူတို့၏ မြင့်မားသည့် ဘုံဗိမာန် များနှင့် ခွဲခွာရမည့် သူတို့ ရင်မဆိုင်လိုသောနေ့သို့ ဆိုက်ရောက်လာ သည့်အခါ သူတို့လွန်စွာ တန်ဖိုးထား၍ ရရှိထားသော စည်းစိမ်ကို စွန့်လွှတ်ရမည့်အရေးကြောင့် ပူဆွေးမှု၊ နာကျင်မှု၊ ငိုကြွေးမှု၊ ဝေဒနာ ခံစားမှုနှင့် ဆင်းရဲမှုတို့ ဖြစ်ပေါ်လာကြ၏။ နတ်များကိုယ်တိုင် ခံစား ကြရသည့် အကြီးကျယ်ဆုံးသော ယုံမှားခြင်းမှာ သူတို့အမြဲထာဝရ အသက်ရှင်နေနိုင်လိမ့်မည်ဟု မှားယွင်းသော ယုံကြည်ချက်ပင် ဖြစ် ၏။

They do not realize that their glory will not last for ever and will cease with the expending of their

www.burmeseclassic.com

www.burmeseclassic.com



Kamma or Merit. They are lulled into a sense of false security and complacency owing to their longevity and power. But, in time, the gods too must die, and are once again reborn into some other phenomenal state, in keeping with the law of Kamma. For, just as cattle die, so do men and flies; and gods, too, must one day die, because they also are conditioned beings, not as yet having attained the supreme, unconditioned state of Nibbāna, which alone can provide immunity from the recurring cycles of birth and death.

နတ်တို့သည် သူတို့၏ဂုဏ်ကျက်သရေဝိဘာဝရမတည်မြဲဘဲ သူတို့၏ကံ သို့မဟုတ် ကုသိုလ် ကုန်ဆုံးသွားသည်နှင့်တစ်ပြိုင်နက် ရုပ်စဲသွားလိမ့်မည်ကိုမသိကြပါ။ သူတို့၏ အသက်ရှည်ခြင်းနှင့်စွမ်းအားရှိခြင်း အကြောင်းကြောင့် မှားယွင်းသော လုံခြုံမှုနှင့် မိမိကိုယ်ကို မိမိ ကျေနပ်နေမှုဟူသော အသိတရားသို့ သူတို့ချော့သိပ် ဆွဲဆောင်ခြင်းခံကြရသည်။ သို့စေကာမူ အချိန်ကျရောက်လာသည့်အခါ၌ နတ်များသည်လည်း သေဆုံးကြရပြီးလျှင် ကမ္မနိယာမနှင့် လျော်ညီစွာ တစ်စုံတစ်ခုသော ရုပ်နာမ်ဖြစ်ရပ်အခြေ (ဘုံဘဝ) ၌ တစ်ဖန်ပြန်လည် မွေးဖွားကြရမည်။ အကြောင်းမှာ ကျွဲနွားများ သေဆုံးကြသကဲ့သို့ လူများနှင့် ယင်ကောင်များလည်း သေကြရမည်၊ ပြီးတော့ နတ်များသည်လည်း တစ်နေ့နေ့တွင် သေဆုံးကြရမည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည်လည်း အကြောင်းတရားတို့ ပြုပြင်စီရင်ပေးထား



သော သတ္တဝါများ ဖြစ်ကြပြီးလျှင် နိဗ္ဗာန်ဟူသည့် အထွတ်အထိပ်ဖြစ်သော ပြုပြင်စီရင်မှု ကင်းသော အခြေကို မရရှိကြသေးသောကြောင့် ဖြစ်ပေ၏။ နိဗ္ဗာန်တစ်ခုတည်းကသာလျှင် အဖန်တလဲလဲ မွေးဖွားခြင်းနှင့် သေဆုံးခြင်း သံသရာမှကင်းလွတ်ခွင့် ပေးနိုင်သည်။

The gods often suffer from self-complacency, and, in their ignorance, they appear, from time to time, among men and mislead them by urging them to endeavour to reach the god-states. It is a case of the blind leading the blind!

နတ်များသည် မကြာခဏပင်လျှင် မိမိတို့၏ဘဝကို မိမိတို့ ကျေနပ်နှစ်သိမ့်နေကြပြီးကာ သူတို့၏ မသိမှုကြောင့် တစ်ခါတစ်ရံ လူတို့အကြား၌ ပေါ်လာကြပြီးလျှင် လူတို့အား နတ်ဘဝများ ရအောင် ကြိုးပမ်းရန် တိုက်တွန်းခြင်းဖြင့် လူတို့ကိုလမ်းမှားအောင် ပြုလုပ်ကြသည်။ မျက်စိကန်းသူတို့က မျက်စိကန်းသူတို့ကို ဦးဆောင်သွားသော သာဓက တစ်ရပ်ပေတည်း။

But it must be understood that the Buddha's denial of God is only in respect of a Supreme Being -- as Creator, Vanquisher and Controller of the Universe! There is no such Deity, Omnipotent and Unchanging, even in Nibbāna, the highest Goal of Buddhism. For Nibbāna is 'soulless', or without the substratum of self-void of even a 'causeless cosmic power'. This is admirably brought out, with-

www.burmeseclassic.com

www.burmeseclassic.com



out ambiguity and doubt. by the use of the word dhamma in the third line of the Buddha's own words:

* '*Sabbe sankhãrã aniccã*' (all component things are transient).
* '*Sabbe sankhãrã dukkhã* (all component things are sorrowful).
* '*Sabbe dhammã anattã*. (all mundane and supramundane "things" are soulless').

သို့သော် မြတ်စွာဘုရားက နတ်ဘုရားကို ငြင်းဆိုခြင်းသည် အထွတ်အထိပ် ပုဂ္ဂိုလ်– စကြဝဠာကို ဖန်ဆင်းသူ၊ အောင်နိုင်သူနှင့် ချုပ်ထိန်းသူ – နှင့် ပတ်သက်၍သာ ဖြစ်သည်ကို နားလည် သဘောပေါက်ရပေမည်။ ဗုဒ္ဓဘာသာတွင် အမြင့်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်၌ပင်လျှင် အနန္တ တန်ခိုးရှင်ဖြစ်သော မပြောင်းလဲသော ထိုသို့သော နတ်ဘုရား ဟူသည်မှာ မရှိပါ။ အကြောင်းမှာ နိဗ္ဗာန်တွင် 'ဝိညာဉ် မရှိပါ' သို့မဟုတ် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ ဟု ခေါ်ဆိုနိုင်သော အခြေခံ အကြောင်းလည်း မရှိပါ။ 'အကြောင်းတရားကင်းသော စကြဝဠာ စွမ်းအား' သည်ပင်လျှင် မရှိပါ။ ဤအချက်ကို မြတ်စွာဘုရား၏ ကိုယ်ပိုင် စကားတော် ဖြစ်သည့် အောက်ပါ တတိယ စာကြောင်း၌ 'ဓမ္မာ' ဟူသော စကားလုံးကို အသုံးပြုခြင်းဖြင့် ဒွိဟနှင့် ယုံမှားသံသယ တို့ မဖြစ်ပေါ်စေဘဲ ချိုးကျိုးဖွယ်ကောင်းအောင် ထုတ်ဖော်တင်ပြထားပါသည်။



* '*သဗ္ဗေ သင်္ခါရာ အနိစ္စာ* (ရုပ်နာမ် သင်္ခါရတရားတို့သည် မတည်မြဲကြကုန်။)
* '*သဗ္ဗေ သင်္ခါရာ ဒုက္ခာ*' (ရုပ်နာမ် သင်္ခါရတရားတို့သည် ဆင်းရဲခြင်းသဘော ရှိကြကုန်၏။)
* '*သဗ္ဗေ ဓမ္မာ အနတ္တာ*' (အလုံးစုံသော လောကီနှင့် လောကုတ္တရာတရားတို့သည် အတ္တ၊ ဇီဝ မရှိကြကုန်။)

◇◇◇

www.burmeseclassic.com

www.burmeseclassic.com

## CHAPTER II

### အခန်း (၂)

### A Supreme Buddha Arises in the World

### လောက၌ အထွတ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား ပွင့်ထွန်းလာပြီ

### His Early Life

### သူ၏ငယ်ရွယ်စဉ်ဘဝ

Now, unlike the theists who have played into the hands of the Communists and do not yet realize the damage they have done and are continuing to do even today to the Free World by persisting in their own pet theories, there arose in the eastern valley of the Ganges, in India, 2,500 years ago, a



great World Teacher -- a Supreme Buddha -- who satisfactorily solved the riddle of life.

ဘုရားသခင် တည်ရှိသည်ဟု ယုံကြည်နေကြသော သူတို့သည် ကွန်မြူနစ် လက်တွင်းသို့ ရောက်အောင် ကစားခဲ့ကြပြီး သူတို့၏ အသည်းစွဲ အယူအဆ အများကို မစွန့်လွှတ်နိုင်ဘဲ ဖွတ်အတင်း ဆုပ်ကိုင်ထားခြင်းဖြင့် လွတ်လပ်သောကမ္ဘာကို သူတို့မည်မျှ ပျက်စီးစေခဲ့သည်၊ ယနေ့တွင်လည်း ဆက်လက်၍ ပျက်စီးမှုဖြစ်နေစေသည်တို့ကို မသိနားမလည်ကြသေးချေ။ ယခု သူတို့နှင့် ခြားနားလျက် ကြီးကျယ်ထင်ရှားသော ကမ္ဘာ့ဆရာကြီး အထွတ်အထိပ် ဖြစ်တော်မူသည့် မြတ်စွာဘုရားသည် လွန်ခဲ့သော နှစ် ၂၅၀၀ ကျော်ကတည်းကပင် အိန္ဒိယနိုင်ငံ၊ ဂင်္ဂါမြစ်၏ အရှေ့ဘက်မြစ်ဝှမ်းဒေသတွင် ပွင့်ထွန်းခဲ့ပါသည်။ သူသည် ဘဝနှင့်ဆိုင်သော ပဟေဠိကို ကျေနပ်ဖွယ် ကောင်းအောင် ဖြေရှင်းပေးခဲ့ပါသည်။

The Communist point of view was not unknown to the Buddha. In fact, it was well known to the people of Jumbūdvīpa (India) ever so long as 2,500 years ago. In the Brahma -- Jāla Sutta (or Supreme Net), the Buddha enumerates 62 False Theorisings (Micchā diṭṭhi) prevalent at the time, and, among these, is Uccheda-Vāda, which, in effect, is the Marxist view of today. That perhaps is why eastern peoples have refused to be scared by the Communist bogey, and are only concerned with restoring their

www.burmeseclassic.com

www.burmeseclassic.com



ancient cultures and civilizations, and re-establishing those forms of government that were in existence prior to the invasions by western colonial rulers. For, inherent in such systems was a type of Socialist Democracy built in the best traditions of Cakkravarti kings.

ကွန်မြူနစ်တို့၏ အမြင်ရှုထောင့်ကို မြတ်စွာဘုရား မသိသည် မဟုတ်။ အမှန်တကယ်ပင် ကွန်မြူနစ်ဝါဒကို ဇမ္ဗူဒီပါ (အိန္ဒိယ) နေ ပြည်သူအပေါင်းတို့သည် အလွန်ကြာမြင့်သော နှစ်ပေါင်း ၂၅၀၀ ကျော် ကတည်းကပင် ကောင်းစွာ သိရှိကြပါ၏။ ဗြဟ္မဇာလ (အကြီးမား ဆုံး ကွန်ရက်) သုတ်တော်၌ မြတ်စွာဘုရားသည် ထိုစဉ်အခါက ရေ ပန်းစားနေသော မှားယွင်းသော ကြံဆ တွေးခေါ်မှု (မိစ္ဆာဒိဋ္ဌိ) ၆၂ မျိုး ကို ရှင်းလင်း ရေတွက်ပြတော်မူခဲ့သည်။ ထိုအထဲတွင် ဥစ္ဆေဒ ဝါဒ သည် အမှန်အားဖြင့် ယနေ့ သိရှိနေသော ကွန်မြူနစ် ဝါဒပင် ဖြစ် သည်။

ဤအကြောင်းကြောင့်ပင် အရှေ့တိုင်းသားများသည် ကွန်မြူနစ် တစ္ဆေကို ကြောက်ရွံ့ရန် ငြင်းဆန်ခဲ့ကြပြီးလျှင် သူတို့၏ ရှေးယဉ် ကျေးမှုများနှင့် မြို့ပြတည်ထောင်မှုများကို ပြန်လည်ပြုစုပျိုးထောင် ရန်အတွက်လည်းကောင်း၊ အနောက်တိုင်း ကိုလိုနီအုပ်ချုပ်သူများ မကျူးကျော် မဝင်ရောက်လာမီအချိန်က တည်ရှိခဲ့သော အစိုးရစနစ် များကို ပြန်လည်တည်ထောင်ရန်အတွက်လည်းကောင်း သူတို့အာရုံ စိုက် ကြိုးပမ်းနေခဲ့ကြခြင်း ဖြစ်ဟန်တူပါသည်။ အဘယ့်ကြောင့်ဆို သော် ထိုစနစ်များ၌ စကြဝတေးမင်းတို့၏ အကောင်းဆုံး အစဉ်အလာ



...ရ တည်ဆောက်ထားသည့် ဆိုရှယ်လစ် ဒီမိုကရေစီတစ်မျိုးသည် ...နွေကိန်းဝပ်နေလျက်ရှိနေသောကြောင့်တည်း။

Briefly, this is the history of the Supreme [B]uddha. He was born about 623 B.C. in the district [o]f Nepal, and Indian Sakyan Prince, by name [S]iddhatta Gotama. At the age of sixteen he married [hi]s cousin, the beautiful Princess Yasodhara.

After his happy marriage he lived for nearly [thi]rteen years in royal splendour and luxury, bliss[ful]ly ignorant of the vicissitudes of life outside the [p]alace gates.

အကျဉ်းချုပ်အားဖြင့် ဤဖော်ပြမည့် အကြောင်းသည်ကား ဘုန်း ...တ်အနန္တ နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အတ္ထုပ္ပတ္တိ ဖြစ် ...။ သူ့ကို ၆၂၃ ဘီစီခန့်၌ နီပေါနိုင်ငံ၏ ဒေသတစ်ခု၌ ဖွားမြင်ခဲ့ ...ည်။ အိန္ဒိယ သကျမင်းသားတစ်ပါးဖြစ်ပြီးလျှင် အမည်အားဖြင့် ...ဒ္ဓ ဂေါတမ မဟု ခေါ်၏။ သက်တော် ၁၆ နှစ်အရွယ်၌ သူ၏ ဝမ်း ...ဖြစ်သည့် လှပသော ယသော်ဓရာမင်းသမီးကို လက်ထပ်ခဲ့၏။

ပျော်ရွှင်စွာ လက်ထပ်ထိမ်းမြားပြီးသည့်နောက် ခမ်းနား ကြီး ...သော နန်းစည်းစိမ်တွင် ၁၃ နှစ်ခန့် သူ နေထိုင်ခဲ့သည်။ ထိုသို့ ...သာသုခနှင့် ပျော်ပိုက်နေဆဲတွင် နန်းတော်ဝင်းတံခါးများပြင်ပ ...ပေါ်နေသည့် ဘဝ၏ အဆိုးအကောင်း အပြောင်းအလဲများကို ...သိချေ။

www.burmeseclassic.com

www.burmeseclassic.com



As the years passed, truth gradually illumine him. In his twenty-ninth year, which marked th turning point of his career, his son Rahula was bor Realizing that all living things are, without exception subject to birth, decay, and death, and that a worldly pleasures are merely a prelude to suffering he regarded even his offspring as a bondage Comprehending thus the universality of sorrow, h decided to discover a panacea for this universa malady of humanity.

နှစ်တွေ ကုန်လွန်သွားသောအခါ အမှန်တရားသည် သူ့ကို တဖြည်းဖြည်း အသိဉာဏ်ပေးလာသည်။ သူ၏အသက် ၂၉ နှစ်သို့ ရောက်သည့်အခါ သူ့ဘဝ၏ လှည့်မှတ်သို့ ရောက်လာသည်၊ ထို အချိန်တွင် သူ၏သား ရာဟုလာကို မွေးဖွားလာသည်။ ထိုအခါ သက်ရှိအရာအားလုံးသည် ခြွင်းချက်မရှိဘဲ မွေးဖွားရမည်၊ အိုမင်း ရင့်ရော်ရမည်၊ပြီးတော့ သေဆုံးရမည်ကိုလည်းကောင်း၊ ထို့အပြင် လောကီပျော်ရွှင်မှုအားလုံးသည် ဆင်းရဲဒုက္ခ၏ နိဒါန်းမျှဖြစ်သည်ကို လည်းကောင်း သူ သိနားလည်လာပြီဖြစ်၍ သူ၏ ရင်သားကိုပင် အနှောင်အဖွဲ့ တစ်ရပ်အနေဖြင့် သူမှတ်ယူသည်။ ဤသို့ ဝမ်းနည်း ပူဆွေးခြင်း၏ စကြဝဠာတစ်ခုလုံး အတိုင်းအတာဖြင့် အမှန်သဘော ကို သိနားလည်ခြင်းကြောင့် ဤလူသားတို့၏ စကြဝဠာရောဂါ အ တွက် ရောဂါစုံ ပျောက်ကင်းစေနိုင်သော ဆေးကို ရှာဖွေရန် သူ ဆုံး ဖြတ်လိုက်ပါသည်။



Accordingly, he renounced his royal pleasures, donned the simple garb of an ascetic, and became a wandering Seeker of Truth. He approached many a distinguished teacher of his day, but none could solve for him the riddle of existence. All the so-called philosophers were groping in the dark. As they were ignorant and themselves caught in the whirpool of life and death, it was, again, an instance of the blind leading the blind.

ဤအကြောင်းကြောင့် သူသည် နန်းစည်းစိမ်ချမ်းသာ ပျော်ရွှင် မှုများကို စွန့်လွှတ်၍ ရိုးရှင်းသော ရသေ့ဝတ်စုံကို ဝတ်လျက် သစ္စာ တရားကို လှည့်လည်ရှာဖွေသူ တစ်ဦး ဖြစ်လာပါသည်။ သူ့ခေတ် အခါ၌ ထင်ရှားကျော်ကြားသော ဆရာများစွာကို သူ ချဉ်းကပ်ခဲ့သည်၊ သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့အတွက် ဘဝပဟေဠိ ကို မဖြေရှင်းပေးနိုင်ချေ။ ဒဿနပညာရှင်များဟု အခေါ်ခံကြရသော သူအားလုံးသည် အမှောင်ထဲတွင် စမ်းတဝါးဝါး သွားနေကြသည်။ သူ တို့သည် မသိနားမလည်ကြသည့်အပြင် သူတို့ကိုယ်တိုင်ပင် ရှင်ရေး သေရေး ဝဲဂယက်ကြီး၌ လှည့်လည်နေကြရသဖြင့် တစ်ဖန် အကန်း က အကန်းကို ဦးဆောင်နေသော သာဓကတစ်ရပ် ဖြစ်ပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## The Middle Path

## အလယ်လမ်း

Departing from his teachers, he decided to g forth on the Great Quest alone and independently And, one morning, as he sat in solitude and pro found meditation under the Bodhi Tree (or Tree o Enlightenment, as it afterwards came to be called at Budh-Gãyã, unaided and unguided by an Supernatural Agency, but relying solely on his ow efforts and wisdom, he attained understanding o things as they really are and became the Fully Awakened One. He became a Supreme Buddha – World Teacher – a Teacher of both Gods and Men

သူ၏ဆရာများထံမှ ဖဲခွာ၍ ကြီးကျယ်သော ရှာဖွေမှု ခရီးစဉ်ကို အမှီအခိုမရှိ တစ်ဦးတည်း ဆက်နှင်ရန် သူ ဆုံးဖြတ်လိုက်ပါသည် ထို့နောက် တစ်နေ့သော နံနက်တွင် ဗုဒ္ဓဂါယာရှိ ဗောဓိပင်အောက် တစ်ကိုယ်တည်း ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူလျက် လေးလေးနက် နက် ဘာဝနာရှုပွားနေစဉ် မည်သည့်သဘာဝလွန် အသင်းအဖွဲ့ အထောက်အကူနှင့် လမ်းညွှန်မှုတို့ကို မရယူဘဲ သူ၏ ကိုယ်ပိုင် ကြိုး ပမ်းမှုများနှင့် ဉာဏ်ပညာတို့ကိုသာလျှင် အားကိုးအားထားပြု၍ အရာ ဝတ္ထုများကို ၎င်းတို့အမှန်တကယ် တည်ရှိသည့်အတိုင်း သူနားလည် သိမြင်လာပါသည်။ ထို့နောက် သူသည် အပြည့်အဝ နိုးထလာသော သူ



(သဗ္ဗညုတ ဉာဏ်ကို ရရှိသူ) ဖြစ်လာပါတော့သည်။ သူသည် အထွတ် အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ ကမ္ဘာ့ဆရာကြီး၊ လူ နတ် ဗြဟ္မာတို့၏ ဆရာတစ်ဆူ ဖြစ်လာပါတော့သည်။

His method of attainment, which avoided the two extremes of mortification and self-indulgence, came to be known as the Middle Path – Majjhima Patipadã.

သူ၏ မဂ်ဖိုလ်ကို ရရှိသော နည်းသည် အစွန်းနှစ်ပါးဖြစ်သော ကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မိမိ၏ ပျော်ရွှင်မှုအတွက် ကာမ ခံစားခြင်းတို့ကို ရှောင်ရှားရသဖြင့် အလယ်လမ်း– မဇ္ဈိမပဋိပဒါ အမည်တွင်လာပါသည်။

Having attained Supreme Enlightenment, that is to say, the Perfection of Nibbãna, He devoted the remainder of His life to the service of mankind, both by example and precept, dominated by no personal motive whatsoever; and, after a very successful ministry of forty-five years, passed away into Pari-nibbãna.

အထွတ်အထိပ် ဉာဏ်ပွင့်လင်းခြင်း (သဗ္ဗညုတဉာဏ်)၊ တစ် နည်းဆိုသော် နိဗ္ဗာန်၏ ပြည့်စုံခြင်းကို ရရှိပြီးသောအခါ သူ၏ လက် ကျန်ဘဝကို လူသားတို့၏ အကျိုးပြုလုပ်ငန်းတွင် သူ မြှုပ်နှံထားတော် မူသည်။ သူသည် မည်သည့်ပုဂ္ဂလိက ရည်ရွယ်ချက်ကိုမျှ မထားဘဲ ပုံသက်သေပါင်းတို့အား စံနမူနာပြင့်လည်းကောင်း၊ ဝိနည်းကျင့်ဝတ်ကျင့်

www.burmeseclassic.com

www.burmeseclassic.com



စဉ်များကို ပြဋ္ဌာန်း၍လည်းကောင်း သာသနာပြုတော်မူခဲ့ရာ အလွန်
အောင်မြင်သော ဘာသာရေးအကြီးအကဲအဖြစ် ၄၅ နှစ်ကြာအောင်
ဆောင်ရွက်တော်မူပြီးလျှင် ပရိနိဗ္ဗာန် ပြုတော်မူပါသည်။

## This Extraordinary Man defeated God

## ဤထူးခြားသောပုဂ္ဂိုလ်သည် ဘုရားသခင်ကို အောင်နိုင်၏

The Buddha was not a God. He was born hu[man] and died a human, but he was an extra[-] ordinary man. He left no room for anyone to fa[ll] into the error of believing Him to be an immort[al] being, or a reincarnation of a saint or God. The[re] is no deification of this great Teacher.

မြတ်စွာဘုရားသည် နတ်ဘုရားတစ်ဆူ မဟုတ်ပါ။ သူသည် လူ
သား အဖြစ် မွေးဖွားလာပြီးလျှင် လူသားအနေဖြင့်ပင် ပရိနိဗ္ဗာန်
တော်မူသည်။ သို့သော် သူသည် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်
သူ့အား ထာဝရတည်မြဲသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် သူတော်စ
သို့မဟုတ် နတ်ဘုရားတစ်ပါးပါး ဝင်စားလာသူတစ်ဦး ဖြစ်သည်
ယုံကြည်သော အမှားကို ကျူးလွန်မိစေသည့် အခွင့်အလမ်းကို သူ ချ
ရစ်မထားခဲ့ပါ။ ဤကြီးကျယ်သော ဆရာသမားကို နတ်ဘုရား တ
ဆူအဖြစ် တင်မြှောက်မှတ်ယူခြင်း မရှိပါ။

He exhorted His disciples to depend on them[-] selves for their Salvation, for both defilement an[d] purity depend on oneself.

*'You yourselves should make the exertion. The Tathāgatas (another name applied to Buddhas) are only teachers',*

He used to say.

သူသည် သူ၏တပည့်များအား မိမိတို့၏ ကယ်တင်ခြင်း (သံသရာ
[ဝ]ဲဆင်းရဲမှ လွတ်မြောက်ခြင်း) အတွက် မိမိတို့ကိုယ်ကို အားကိုးရန်
[ဆုံး]မ လေးအနက် တိုက်တွန်းတော်မူသည်၊ အဘယ်ကြောင့်ဆိုသော် စိတ်
[ညစ်]ညမ်းခြင်းနှင့် ဖြူစင်ခြင်းတို့သည် မိမိအပေါ်တွင်သာ မူတည်သော
ကြောင့်တည်း။

*'သင်တို့ကိုယ်တိုင် ကြိုးစားအားထုတ်မှုကို ပြုလုပ်ကြ ရမည်၊ တထာဂတတို့ (မြတ်စွာဘုရားတို့ကို ရည်ညွှန်းသော အခြား နာမည်တစ်ခု) သည် ဆရာများသာ ဖြစ်ကြသည်'*

ဟု သူ မိန့်ဆိုလေ့ရှိသည်။

To depend on others for Salvation (or liberation [fro]m the recurring cycles of birth and death) is [n]egative, but to depend on oneself is positive. [D]ependence on others means surrender of one's [eff]orts. Hence, the saying 'the beginning of Wisdom [is] fear of the Lord' has no meaning to the Buddhist. [Fea]r, says the Buddha, 'Wherever fear arises it ariseth [in] the fool, not in the wise man (Maj. Nik. 115). [Bu]ddhist Saints – Arahats – do not weep. People [w]eep because they are ignorant, emotional, un-

www.burmeseclassic.com

www.burmeseclassic.com



balanced – worldlings yet! The foolish weep; th
Wise do not weep!

ကယ်တင်ခြင်း (သို့မဟုတ် ထပ်ကာဖန်ဖန် ဖြစ်နေသော မွေ
ဖွားခြင်းနှင့် သေခြင်း သံသရာမှ လွတ်မြောက်ခြင်း) အတွက် သူ
တစ်ပါးတို့အား အားထားမှီခိုရခြင်းသည် အနုတ်လက္ခဏာဖြစ်၏၊ သို့
သော် မိမိကို အားထားမှီခိုခြင်းသည် အပေါင်းလက္ခဏာဖြစ်၏။ သူ
တစ်ပါးတို့အား အားထားမှီခိုခြင်းသည် မိမိ၏ကြိုးပမ်းမှုများကို စွန့်
လွှတ်လိုက်ခြင်း ဖြစ်၏။ သို့ဖြစ်၍ 'ဘုရားသခင်ကို ကြောက်ရွံ့ခြင်း
သည် ဉာဏ်ပညာ၏အစ ဖြစ်သည်' ဟူသော စကားသည် ဗုဒ္ဓဘာသာ
ဝင်အဖို့ အဓိပ္ပာယ် မရှိချေ။ အဘယ်ကြောင့်ဆိုသော် 'ဘယ်နေရာ
မဆို ကြောက်ရွံ့မှုဖြစ်ပေါ်လာပါက မိုက်မဲသူ၌သာ ဖြစ်ပေါ်၏၊ ဉာဏ်
ပညာ ရှိသူ၌ မဖြစ်ပေါ်ချေ' ဟု ဗုဒ္ဓမြတ်စွာ မိန့်ဆိုတော်မူသည် (မဇ္ဈိမ
နိကာယ–၁၁၅)။ ဗုဒ္ဓဘာသာဝင် သူတော်စင်များ၊ ရဟန္တာများသည်
မငိုကြွေးကြပါ၊ လူတို့သည် မသိမှု၊ ပြင်းပြစွာခံစားမှု၊ စိတ်မတည်ငြိမ်
မှုတို့ကြောင့် ငိုကြွေးကြသည်၊ ပုထုဇဉ်များသာ ဖြစ်ကြသောကြောင့်
တည်း။ မိုက်မဲသူတို့သာ ငိုကြွေးကြ၏၊ လိမ္မာသူများက မငိုကြွေးကြ
ပါ။

The Buddha's last Message to His disciples, when He lay dying was:-

'Be ye islands unto yourselves, be ye a refuge unto yourself; seek for no refuge in others.



Subject to decay are all component things; with diligence work out your own Salvation."

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံရန် လဲလျောင်းနေတော်မူစဉ်
သူ၏ တပည့်သာဝကများကို အောက်ပါ နောက်ဆုံးစကားဖြင့် မိန့်
တော်မူ၏ –

'သင်တို့သည် မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခို
ရာ ရှိကုန်သည်ဖြစ်၍ မိမိသာလျှင် ကိုးကွယ်ရာ ရှိကုန်
သည် ဖြစ်၍ မိမိမှတစ်ပါး အခြား ကိုးကွယ်ရာ မရှိကုန်
သည် ဖြစ်၍ နေကုန်လော့။

ပေါင်းစပ်ထားသော ရုပ်နာမ်တရားအားလုံးတို့သည်
ယိုယွင်းပျက်စီးခြင်းသဘော ရှိကုန်၏၊ မမေ့သော သတိ
တရားဖြင့် သင်တို့၏ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်
ရေးကို အားထုတ်ကြလော့။'

In effect, His teachings seemed to say: 'What I have achieved, you, too, can accomplish. For what Man has done, Man can DO!'

အမှန်အားဖြင့် သူ၏ သင်ပြမှုများသည် ဤသို့ ဆိုလိုဟန် ရှိ
သည်။ "ငါ အောင်မြင်ခဲ့ပြီးသော အရာကို သင်တို့သည်လည်း အောင်
မြင်နိုင်သည်၊ အဘယ်ကြောင့်ဆိုသော် လူတို့ ပြုလုပ်ခဲ့ပြီးသောအရာ
ကို လူတို့ ပြုလုပ်နိုင်သောကြောင့်တည်း။'

◇◇◇

www.burmeseclassic.com

www.burmeseclassic.com

# CHAPTER III

## အခန်း (၃)

## The Buddha's Main Teachings

## ဗုဒ္ဓမြတ်စွာ၏ အဓိကသင်ပြချက်များ

### Transiency, Sorrow and Substancelessness

### မမြဲခြင်း၊ ဆင်းရဲခြင်းနှင့် အနှစ်သာရ မရှိခြင်း

THE Buddha's main teachings concerned the transiency of all component things – phenomena, the non – existence of a 'soul' or 'ãtma' or the substancelessness of mundane and supramundane things, and the impossibility of finding an eternal heaven in a process of continual change. He also taught that we ourselves are responsible for the conditions or situations we find ourselves in today and at any time. His teaching is tersely summed up in the Anguttara Nikãya – Pt. 1, p.286, which reads:--



'Whether the Tathãgatas appear or not, O Bhikkhus (i.e., monks) it remains a fact, an established principle, a natural law that all conditioned things are transient (Anicca), sorrowful (Dukkha), and everything (including even supramundane things) is soul-less (Anattã). This fact the Tathãgata realizes, understands, and when He has realized and understood it, He announces, teaches, proclaims, establishes, discloses, analyses, and makes it clear, that all conditioned things are transient, sorrowful, and everything (including even supramundane things) is soul-less.'

မြတ်စွာဘုရား၏ အဓိက သင်ပြချက်များသည် ပေါင်းစပ်ထားသော ရုပ်နာမ်တရားအားလုံး၊ ရုပ်နာမ်ဖြစ်ရပ်များ၏ မတည်မြဲခြင်း၊ 'ဝိညာဉ်' (ဝါ) 'အတ္တ'၏ မတည်ရှိခြင်း သို့မဟုတ် လောကီ လောကုတ္တရာတရားတို့၏ ခိုင်မြဲသော အနှစ်ဒြပ်သား မရှိခြင်းနှင့် အဆက်မပြတ် ပြောင်းလဲနေသောဖြစ်စဉ်၌ ထာဝရတည်မြဲသော ကောင်းကင်ဘုံကို ရှာဖွေ၍မရနိုင်ခြင်းတို့နှင့် သက်ဆိုင်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ယနေ့နှင့်နောင် မည်သည့်အခါ၌မဆို ကျွန်ုပ်တို့ တွေ့ရှိရသော အခြေအနေများအတွက် ကျွန်ုပ်တို့ကိုယ်တိုင်ပင်လျှင် တာဝန်ရှိကြကြောင်းကို လည်း သူ သင်ပြပါသည်။ သူ၏ တင်ပြချက်

www.burmeseclassic.com

www.burmeseclassic.com



ကို အင်္ဂုတ္တရနိကာယ (အပိုင်း ၁၊ စာမျက်နှာ–၂၈၆) ၌ ထိထိမိမိ တိတိကျကျ ဖော်ပြထားပါသည်။ ယင်းဖော်ပြချက်မှာ–

"အို… ရဟန်းတို့၊ မြတ်စွာဘုရားတို့ ပွင့်ထွန်းလာလျှင်ဖြစ်စေ၊ မပွင့်ထွန်းလာလျှင်လည်းဖြစ်စေ ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် မတည်မြဲကုန် (အနိစ္စ)၊ ဆင်းရဲခြင်းသဘော ရှိကုန်၏ (ဒုက္ခ)၊ ထို့အပြင် (လောကုတ္တရာတရားများ အပါအဝင်) အလုံးစုံသော တရားတို့သည် အတ္တ မရှိကုန် (အနတ္တ) ဟူသော သဘောတို့သည် အမှန်တရားအနေဖြင့် မှန်ကန်ကြောင်း သက်သေပြနိုင်သော သဘောတရားအနေဖြင့် သဘာဝနိယာမအနေဖြင့် တည်ရှိနေမည်သာတည်း။ ဤအမှန်သဘောကို မြတ်စွာဘုရားသည် သိမြင်တော်မူပြီး နားလည်သဘောပေါက်လာ၏၊ သူ သိမြင်နားလည်ပြီးသည့်နောက် ထိုသဘောကို သူ ဟောကြားတော်မူ၏၊ သင်ပြတော်မူ၏၊ ကြေညာတော်မူ၏၊ မှန်ကန်ကြောင်း အတည်ပြုပေးတော်မူ၏၊ ထုတ်ဖော်၍ ခွဲခြမ်းစိတ်စစ်ပြတော်မူ၏၊ ဤသို့ဖြင့် ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် မတည်မြဲကုန်၊ ဆင်းရဲခြင်းသဘော ရှိကုန်၏၊ ထို့အပြင် (လောကုတ္တရာတရားများ အပါအဝင်) အလုံးစုံသော တရားတို့သည် အတ္တမရှိကုန် ဟူသော သဘောတရားကို ထင်ရှားစေတော်မူ၏။"



## Soul အတ္တ သို့မဟုတ် ဝိညာဉ်

Denying the existence of an unchanging 'Soul' or 'ãtma', the Buddha said:-

'The body (Rũpa), O Bhikkhus, is soul-less (Anattã). If, O Bhikkhus, there were in this a soul (i.e., a permanent unchanging "entity" or "ego" created by a God, or emanating from a Paramãtma), then this body would not be subject to ill. "Let this body be thus, let this body be not thus" -- such possibilities would also exist. But, O Bhikkhus, in as much as this body is soul-less it is subject to ill, and no possibility exists for (commanding the body from within) saying: "Let this be so, let this not be so."

'In the same manner sensations (vedanã), perceptions (saññã), volitional activities (sankhãra) and consciousness (viññãna are soul-less' (Anattalakkhana Sutta).

မပြောင်းလဲသော 'ဝိညာဉ်' သို့မဟုတ် 'အတ္တ' တည်ရှိသည် ဆိုသော အချက်ကို ငြင်းဆိုသည့်အနေဖြင့် မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားတော်မူ၏ –

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတို့... ခန္ဓာကိုယ်(ရုပ်)သည် အတ္တမဟုတ် (အနတ္တ)တည်း။ အကယ်၍... အို... ရဟန်းတို့၊ ဤခန္ဓာကိုယ်၌ အတ္တ (ဘုရားသခင်က ဖန်ဆင်းထားသည့် သို့မဟုတ် ပရမအတ္တမှ ထွက်ပေါ်လာသည့် တည်မြဲ၍ မပြောင်းလဲသော 'အမှန်ရှိသည့်အရာ' (ဝါ) 'ဝိညာဉ်'ဟု ဆိုလိုသည်) ရှိခဲ့လျှင် ဤရုပ်ခန္ဓာသည် မကျန်းမမာ ဖျားနာခြင်း အမျိုးမျိုးဖြစ်ခြင်းငှာ မထိုက်။ "ငါ၏ရုပ်ခန္ဓာသည် ဤသို့ဤပုံ လှလှပပ ရောဂါဘယ ထွေထွေပြားပြားနှင့် မဖြစ်ပါစေလင့်"ဟု ဤသို့စီမံနိုင်ရာ၏။ သို့ရာတွင် အို... ရဟန်းတို့၊ ဤရုပ်ခန္ဓာသည် အနတ္တဖြစ်သည့်အတွက် မကျန်းမမာ ဖျားနာရ၏၊ ထို့အပြင် "ဤသို့ဖြစ်ပါစေ၊ ဤသို့မဖြစ်ပါစေနှင့်" ဟု (ခန္ဓာကိုယ်တွင်းမှနေ၍ ရုပ်ခန္ဓာအား အမိန့်ပေးခြင်း) ကိုလည်း မပြုလုပ်နိုင်ပါ။

'ထိုနည်းတူစွာ ခံစားမှု (ဝေဒနာ)၊ မှတ်သားမှု (သညာ)၊ ပြုပြင်စီရင်မှု (သင်္ခါရ) နှင့် အာရုံကို သိမှု (ဝိညာဏ်) တို့သည်လည်း အနတ္တဖြစ်ကြ၏။' (အနတ္တလက္ခဏသုတ်)

The so-called being is composed of these five Groups. Outside them there is no being. If one removed the Groups nothing remains. A Soul abides neither in any one Group nor in all of them nor outside them.



'And just as when the parts are rightly set,
The word "chariot" ariseth (in our minds):
So doth our usage convenant to say,
"A being" when the aggregates are there.'

'No doer is there who does the deed,
Nor is there one who feels the fruit
Constituent parts alone roll on...[1]

သတ္တဝါဟု ခေါ်ဆိုရသော အရာသည် ဤခန္ဓာငါးပါးနှင့် ဖွဲ့စည်းထား၏။ ဤခန္ဓာငါးပါး၏ ပြင်ပ၌ သတ္တဝါမရှိချေ။ ဤခန္ဓာငါးပါးကို ဖယ်ရှားလိုက်လျှင် ဘာမှမကျန်ရစ်တော့ချေ။ အတ္တ (ဝါ) ဝိညာဉ်ကောင်သည် ခန္ဓာတစ်ခုစီ၌လည်း မတည်ရှိ၊ ခန္ဓာအားလုံး၌လည်း မတည်ရှိ၊ ခန္ဓာပြင်ပ၌လည်း မတည်ရှိချေ။

'ရထား၏ အစိတ်အပိုင်းများကို စနစ်တကျ တပ်ဆင်လိုက်သည့်အခါ (ကျွန်ုပ်တို့၏စိတ်ဝယ်) 'ရထား' ဟူသော စကားလုံး ပေါ်လာသကဲ့သို့ ထို့အတူ ပြောဆိုရန် သဘောတူညီထားကြသော ကျွန်ုပ်တို့၏အသုံးအနှုန်း 'သတ္တဝါတစ်ဦး'သည် ခန္ဓာငါးပါးပြည့်စုံလျှင် ပေါ်ထွက်လာ၏။'

'ပြုလုပ်မှုသာ ရှိ၏၊ ထိုအမှုကို ပြုလုပ်သူ မရှိ၊
ပြုလုပ်မှု၏ အကျိုး ရှိ၏၊ ထိုအကျိုးကို ခံစားသူ မရှိ၊

---

1. Ven. Nārada, The Buddha Dhamma

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းပါဝင်သော အစိတ်အပိုင်းများကသာလျှင်
ရွေ့လျားသွားကြ၏ ...'

(ဆရာတော်ဘဒ္ဒန္တ နာရဒ၏ 'ဗုဒ္ဓဓမ္မ'စာအုပ်မှ)

Anatta or 'No-Soul' is the central pivot on which the whole of the Buddha's philosophy turns. Even as all sea-water has the same taste of salt, so if we take any part of the Dhamma, or for the matter of that, any phase of life in a Buddhist country, we shall find it saturated with the blessedness of its saving grace.

အနတ္တ (ဝါ) 'အတ္တမရှိခြင်း!' သဘောသည် မြတ်စွာဘုရား၏ ဒဿနအမြင်အားလုံးက လည်ပတ်နေသော ဗဟိုမဏ္ဍိုင်ဖြစ်၏။ ပင်လယ် သမုဒ္ဒရာရေအားလုံးသည် ဆား၏ငန်သော အရသာရှိသကဲ့သို့ ထို့အတူ ဓမ္မဟူသော တရားတော်၏ မည်သည့်အစိတ်အပိုင်းကိုမဆို သို့မဟုတ် ဗုဒ္ဓဘာသာနိုင်ငံ၏ မည်သည့်ဘဝအစိတ်အပိုင်းကိုမဆို ကျွန်ုပ်တို့ ယှဉ်ကြည့်ရှုလိုက်ပါက ထိုအစိတ်အပိုင်းသည် အနတ္တသဘော၏ ရုပေါင်းဂုဏ်ကျက်သရေ၏ ကောင်းခြင်းမင်္ဂလာနှင့်ပြည့်ဝနေသည်ကို တွေ့ရလိမ့်မည်။

The belief in a permanent 'Soul' or 'Atma' is due to the deceptive data provided by the five senses. This belief is the chief impediment to the attainment of complete freedom from sorrow.



တည်မြဲသော 'ဝိညာဉ်ကောင်' (ဝါ) 'အတ္တ' ရှိသည်ဟု ယုံကြည်
သည် အာရုံငါးပါးတို့က ပေးသည့် လှည့်စားတတ်သော အချက်
လက်များကြောင့် ဖြစ်ပေါ်လာရသည်။ ဤယုံကြည်မှုသည် ဝမ်း
ပူဆွေးခြင်းမှ လုံးဝလွတ်မြောက်နိုင်ရေးအတွက် အဓိက အတား
ဆီး ဖြစ်ပါသည်။

The teaching of 'No-Soul' has a profound ethical lue. So long as man believes in a soul-entity it is possible for him to get rid of selfishness. Hence, e Buddha says, "Wheresoever self is, virtue cannot st'. Banish the self-idea and altruism is replaced n its proper ethical basis. Even as in the domain Astronomy, the heliocentric system has supanted the now exploded geocentric theory, the aching of 'No-Soul', or the new psychology has erthrown ego-centric system of the attavādi.

အနတ္တသဘောကို သင်ကြားပေးခြင်း၌ လေးနက်သိမ်မွေ့သော
ကျင့်တရား တန်ဖိုး ရှိပါသည်။ လူတို့သည် အတ္တကို အမှန်
ယ်ရှိသည်ဟု ယုံကြည်နေသမျှကာလပတ်လုံး တစ်ကိုယ်ကောင်း
ခြင်းကို စွန့်ပယ်နိုင်လိမ့်မည် မဟုတ်။ ဤအကြောင်းကြောင့်
ဘုရားသည် 'အတ္တ (ဝါ) 'ငါ' ရှိသည့် နေရာတိုင်း၌ စင်ကြယ်
ကိုယ်ကျင့်သီလ မရှိနိုင်' ဟု မိန့်ဆိုတော်မူ၏။ 'ငါ' ဟူသော
ချက်ကို မောင်းထုတ်လိုက်စမ်းပါ၊ ကိုယ်ကျိုးစွန့်၍ အများအကျိုး
ပိုးခြင်းသည် ၎င်း၏ နေရာမှန်ဖြစ်သော ကိုယ်ကျင့်တရား အခြေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ပြန်လည်နေရာရပြီးသား ဖြစ်သွားပေလိမ့်မည်။ နက္ခတ္တဗေ
နယ်ပယ်၌ နေကိုဗဟိုပြုသော စနစ်သည် ယခုပေါက်ကွဲပျက်စီးသွ
ပြီ ဖြစ်သော ကမ္ဘာမြေကြီး ဗဟိုပြုစနစ်ကို အစားထိုး ဝင်ရောက်ခဲ့ပြီ
ဖြစ်သကဲ့သို့ အနတ္တအကြောင်းကို သင်ကြားပြသမှု သို့မဟုတ် စိတ်
ပညာအသစ်သည်လည်း အတ္တဝါဒီတို့၏ အတ္တဗဟိုပြုသောစနစ်ကို
ဖြုတ်ချခဲ့ပြီး ဖြစ်ပါသည်။

The anattavādī alone can thus realise the fu
significance of all life. Once this sublime idea
grasped, it would be folly to steal one's neighbour
purse or to kill one's brother man, for these offence
would be committed against one's self.

သို့ဖြစ်၍ အနတ္တဝါဒီတို့သာလျှင် ဘဝအလုံးစုံ၌ အလွန်အရေ
ပါပုံ အပြည့်အစုံကို သိနားလည်နိုင်ပါသည်။ ဤသိမ်မွေ့နက်နဲသော
ယူဆချက်ကို လက်ဆုပ်လက်ကိုင် ယူနိုင်ပါလျှင် မိမိ၏ အိမ်နီးချ
ပုဂ္ဂိုလ်၏ ပိုက်ဆံအိတ်ကို ခိုးယူခြင်း သို့မဟုတ် မိမိ၏ ညီရင်းအစ်
သဖွယ် ဖြစ်သော လူတစ်ယောက်ကို သတ်ခြင်းတို့သည် မိုက်မဲ
ရောက်သွားပါလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် ဤကျူးလွန်မှုမျ
ကို မိမိ၏ ကိုယ်ကို ဆန့်ကျင်၍ ကျူးလွန်ရာရောက်သွားလိမ့်မည် ဖြ
သောကြောင့်တည်း။



## Heavens ကောင်းကင်ဘုံများ

The Buddha taught that heavenly conditions and states are attainable, but that they are fleeting and impermanent, being characterised by transiency (Anicca) and substancelessness (Anatta), which are the inherent features of all phenomena. For, when the energy that gave birth to a being in a celestial realm is exhausted, that being, of necessity, dies to that state and remanifests on some other appropriate plane of consciousness.

ကောင်းကင်ဘုံ အခြေအနေများနှင့် ဘုံဘဝများကို ရရှိနိုင်သည်
ဟု မြတ်စွာဘုရား သင်ကြားပေးတော်မူသည်။ သို့သော် ၎င်းတို့သည်
လျှင်မြန်စွာ ပြောင်းလဲတတ်၍ မတည်မြဲကြချေ။ ၎င်းတို့တွင် မတည်
မြဲခြင်း (အနိစ္စ) နှင့် အနှစ်အသား ကင်းမဲ့ခြင်း (အနတ္တ) သဘော
လက္ခဏာများ ရှိကြ၏။ ဤသဘောလက္ခဏာတို့သည် ရုပ်နာမ်ဖြစ်
စဉ်များအားလုံး၌ ကိန်းဝပ်ပါရှိနေသော ထူးခြားချက်များ ဖြစ်ကြ
၏၊ အဘယ့်ကြောင့်ဆိုသော် ကောင်းကင်ဘုံ (နတ်ဘုံ) တစ်ခု၌ မွေး
ဖွားရန် ဆောင်ကြဉ်းပေးလိုက်သော စွမ်းအား ကုန်ခန်းသွားသည့်
အခါ သက်ဆိုင်ရာပုဂ္ဂိုလ်သည် ထိုဘုံဘဝမှ စုတေ၍ ကံအကျိုးပေး
နှင့် အခြားဆီလျော်သည့် ဘုံဘဝ၌ ပြန်လည်မွေးဖွားရသောကြောင့်
ဖြစ်၏။

Heavenly states endure for a long period, thousands of years, and aeons of time, which, when

www.burmeseclassic.com

www.burmeseclassic.com



compared with 60, 70, or a 100 years of human life seem to be almost eternal. But this is only a Delusion (Moha), and is based on deceptive data provided by the senses, says the Buddha. Delusion springs from Ignorance (Avijjā); and beings crave for happiness, now here and now there, not realizing the real nature of the cosmos. Ignorance (Avijjā) is, therefore, according to the Buddha's Message to suffering humanity, the source of all Sorrow.

ကောင်းကင်ဘုံ အခြေအနေများ (နတ်ဗြဟ္မာဘဝများ) သည် နှစ်ထောင်ပေါင်းများစွာ အလွန် ကာလရှည်ကြာစွာ တည်တံ့ကြသည်၊ နှစ် ၆၀၊ ၇၀ သို့မဟုတ် ၁၀၀ ဟူသော လူ့သက်တမ်းနှင့် နှိုင်းစာလျှင် အမြဲထာဝရနီးပါး တည်မြဲကြသည်ဟု ထင်ရပါ၏။ သို့သော် ဤအချက်သည် ထင်ယောင်ထင်မှား (မောဟ) သာဖြစ်၍ အာရုံများက ဖြစ်ပေါ်စေသည့် လှည့်စားသော အချက်များပေါ်တွင် အခြေခံသည်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်။

ထင်ယောင်ထင်မှားဖြစ်မှုသည် မသိမှု (အဝိဇ္ဇာ) မှ ပေါက်ပွားလာသည်၊ သတ္တဝါတို့သည် စကြဝဠာ၏ အမှန်သဘောကို မသိမြင်ကြသည့်အတွက် ခဏဤနေရာ ခဏထိုနေရာတို့၌ ချမ်းသာ ပျော်ရွှင်မှုကို လိုလားတောင့်တကြသည်။ ဆင်းရဲဒုက္ခ ရောက်နေကြသော လူသားများဆီသို့ မြတ်စွာဘုရား မှာကြားလိုက်သည့် စကားတော်အရ မသိမှု (အဝိဇ္ဇာ) သည် ဆင်းရဲဒုက္ခအားလုံး၏ အကြောင်းရင်း ဖြစ်ပါသည်။



Being of impermanency, hells, too, are not eternal; and gods also must eventually die.

Transient, alas! are all component things,
Subject are they to birth,-- and then decay:
Having gained birth to death the life flux swings:
Bliss truly dawns when unrest dies away.

မတည်မြဲခြင်း ဟူသော အကြောင်းကြောင့် ငရဲဘုံဘဝများသည်လည်း ထာဝရမတည်မြဲကြချေ၊ ထို့အပြင် နတ်ဘုရားများသည်လည်း နောက်ဆုံး၌ စုတေကြရသည်။

အလို... သင်္ခါရတရားအားလုံးသည် မတည်မြဲကြပါတကား။
ရုပ်နာမ်အစုအားလုံးသည် မွေးဖွားပြီးသည့်နောက်...
ရင့်ရော်သေဆုံးကြရမည်ပါတကား။

ဇာတိပြီးလျှင် မရဏ၊ မရဏပြီးလျှင် ဇာတိဟူ၍...
ဘဝယန္တရားသည် လည်ပတ်နေပါတကား။
မတည်ငြိမ်မှု ချုပ်ငြိမ်းသွားသည့်အခါမှသာလျှင်...
ချမ်းသာအစစ် ထွန်းသစ်လာမည်ပါတကား။

Creator

ဖန်ဆင်းရှင်

The Buddha refuted the theory that, everything is the creation of a Supreme Being, a God, or Creator. On one occasion, He said (Jātaka 528 – Mahabodhi):-

www.burmeseclassic.com

www.burmeseclassic.com



If there exists some Lord all powerful to fulfi
In every creature bliss or woe, and action go
or ill,
That Lord is stained with Sin. Man does b
work his will'.

အရာအားလုံးသည် အနန္တ တန်ခိုးရှင် ဘုရားသခင်ဖန်ဆင်း
၏ ဖန်ဆင်းမှု ဖြစ်သည်ဟူသော အယူအဆကို မြတ်စွာဘုရား ပယ်
တော်မူသည်။ အခါတစ်ပါး (ဇာတက ၅၂၈ – မဟာဗောဓိ) ၌ မြတ်
ဘုရား မိန့်ဆိုတော်မူသည်မှာ –

'သတ္တဝါအားလုံး၌ ချမ်းသာမှု သို့မဟုတ် ပျော်ရွှင်မှု၊ ထို့နောက် ကောင်းသော အပြုအမူ သို့မဟုတ် ဆိုးသော အပြုအမူတို့ကို ဖြည့်ဆည်းပေးရန် အလုံးစုံ တန်ခိုးကြီးသော အနန္တ တန်ခိုးရှင်တစ်ဦးရှိသည်ဆိုလျှင် ထိုဖန်ဆင်းရှင် တန်ခိုးရှင်သည် အပြစ်များနှင့် စွန်းငြိလျက်ရှိပြီ။ လူတို့သည် သူ၏အလိုဆန္ဒကို အကောင်အထည်ဖော်ဆောင်၍ ပြုလုပ်ကြခြင်းသာ ဖြစ်သည်။'

On another occasion (Jātaka 513 – Bhūridat
the Buddha said:-

'He who has eyes can see the sickening sig
Why does not Brahma (i.e., God) set his cre
tures right?
If his wide power no limits can restrain,
Why is his hand so rarely spread to bless?



Why are his creatures all condemned to pain?
Why does he not to all give happiness?
Why do fraud, lies and ignorance prevail?
Why triumphs falsehood-truth and justice fail?
I count you Brahma (i.e., God) one th'unjust
among
(like other unjust beings Buddha regards God
also as another unjust being).
Who made a world in which to shelter wrong'
(as He had made a world to shelter wrong).[1]

အခြားသော အခါသမယတစ်ခု၌ (ဇာတက ၅၁၃ – ဘူရိဒတ္တ) မြတ်စွာဘုရားသည် ဤသို့ မိန့်ဆိုတော်မူ၏ –

'မျက်စိ ရှိသောသူသည် စိတ်မချမ်းမြေ့ဖွယ်သော မြင်ကွင်းကို ရှုမြင်နိုင်သည်၊ ဗြဟ္မာ (ဘုရားသခင်ဟု ဆိုလို) သည် အဘယ့်ကြောင့် သူဖန်ဆင်းထားသော သတ္တဝါများကို မှန်ကန် တည့်မတ်အောင် မပြုလုပ်သနည်း'

သူ၏ကြီးမားကျယ်ပြောသော စွမ်းအားသည် အကန့်အသတ် အချုပ်အထိန်း မရှိဘူးဟုဆိုလျှင် အဘယ့်ကြောင့် သူ၏လက်တော်သည် ကောင်းချီးပေးရန် တစ်ခါတစ်ရံသာ ဆန့်တန်းရသနည်း။

1. Ven. Narada, The Buddha Dhamma.

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် သတ္တဝါ အားလုံးတို့အား ချမ်းသာသုခ
မပေးသနည်း။
အဘယ့်ကြောင့် မရိုးသားမှု၊ လိမ်ညာမှုနှင့် မသိမှုတို့က လွှမ်း
နေရသနည်း။
အဘယ့်ကြောင့် မှသားသည် အောင်နိုင်၍ သစ္စာနှင့် တ
မျှတမှုတို့က ရှုံးနိမ့်ရသနည်း။
ဗြဟ္မာ (ဘုရားသခင်ဟု ဆိုလို) – သင့်ကို မတရားသူများအ
တွင် တစ်ဦးအဖြစ် ကျွန်ုပ် သတ်မှတ်မည်။ (အခြား မတ
သော ပုဂ္ဂိုလ်များကဲ့သို့ ဘုရားသခင်ကိုလည်း မတရား
ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဗုဒ္ဓမြတ်စွာ ယူဆတော်မူသည်)
သင်သည် အမှားများကို နိုအောင်းခွင့်ပေးရန် ကမ္ဘာကြီးတ
ကို ဖန်ဆင်းခဲ့သည်။
(ဘုရားသခင်သည် အမှားများကို ခိုလှုံရာပေးဖို့ ကမ္ဘာကြီး
ဖန်ဆင်းခဲ့သည်။)

(ဆရာတော်ဘဒ္ဒန္တ နာရဒ၏ 'ဗုဒ္ဓဓမ္မ' စာအုပ်

## Origin of the World
## ကမ္ဘာလောက၏ မူလအစ

But, could there have been a beginning in tim
If **Einstein's Theory** of **Relativity** is accepted, Spa
and Time are merely ideas giving us one conce
in mathematics, and there could never have been
beginning in time, as the concept of time itself de



pends on the movement of objects occupying physical space. For, without material bodies and the physical space they occupy, there could be no time. Conversely, without time, nothing could come into existence, and without the existence of phenomena there could be no time. It is therefore meaningless to talk of the beginning of 'Creation', or a First Cause.

အချိန်ကာလတွင် အစဟူသည် ရှိခဲ့နိုင်ပါသလား။ ကမ္ဘာကျော် သိပ္ပံပညာရှင် **အိုင်းစတိုင်း၏ 'ဆက်သွယ်မှု သီအိုရီ'** ကိုလက်ခံမည် ဆိုလျှင် ဟင်းလင်းပြင်နှင့် အချိန်တို့သည် သင်္ချာပညာတွင် ကျွန်ုပ်တို့အား ယူဆချက်တစ်ရပ်ကို ဖန်တီးပေးသော စိတ်ကူးများမျှသာ ဖြစ်ကြသည်။ ထို့ကြောင့် အချိန်ကာလတွင် မူလအစဟူ၍ မည်သည့်အခါမျှ မရှိခဲ့နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် အချိန်ဟူသော ယူဆချက်ကိုယ်တိုင်ပင်လျှင် ရုပ်ပိုင်းဟင်းလင်းပြင်တွင် နေရာအသီးသီးယူကြသော အရာဝတ္ထုများ၏ ရွေ့လျားမှုပေါ်တွင် မူတည်သောကြောင့် ဖြစ်၏။ အကြောင်းကား အရာဝတ္ထုများနှင့် ၎င်းတို့ နေရာယူရန် ရုပ်ပိုင်းဟင်းလင်းပြင်တို့သာ မရှိခဲ့လျှင် အချိန် ဟူ၍ မရှိနိုင်သောကြောင့်တည်း။ အပြန်အလှန်အားဖြင့် အချိန်မရှိခဲ့လျှင် မည်သည့်အရာမျှ မဖြစ်ပေါ်လာနိုင်ပါ၊ တစ်ဖန် ဖြစ်ရပ်များ မတည်ရှိခဲ့လျှင် အချိန်လည်း မရှိနိုင်ပါ။ ထို့ကြောင့် 'ဖန်ဆင်းခြင်း'၏ မူလအစ သို့မဟုတ် 'ပထမ အကြောင်းတရား' ကို ပြောဆိုခြင်းသည် အဓိပ္ပာယ်မရှိပါ။

**Because Creation of something out of nothing can only mean the creation of 'time', and to create**

www.burmeseclassic.com

www.burmeseclassic.com



'time', there must be phenomena, which again means the prior existence of 'time', or a time when the phenomenon was not there, as there can be no time without phenomena. Hence, as the Buddha insists, there could never have been a time when Saṁsāra (i.e., phenomenal existence) and a physical universe in some form or another did not exist.[1]

ဘာမျှမရှိသော အခြေမှ တစ်စုံတစ်ခုကို ဖန်ဆင်းခြင်းသည် 'အချိန်' ကို ဖန်ဆင်းသည်ဟု ဆိုရာရောက်၏၊ 'အချိန်' ကို ဖန်ဆင်းရန်မှာ ဖြစ်ရပ်များ ရှိရ၏၊ တစ်ဖန် ဖြစ်ရပ်များ ရှိရန်မှာ အချိန် တင်ကြို၍ တည်ရှိရ၏၊ သို့မဟုတ် ဖြစ်ရပ်များ မရှိသေးသောအချိန်သည် ရှိရ၏၊ အဘယ့်ကြောင့်ဆိုသော် ဖြစ်ရပ်များ မရှိဘဲ အချိန်မရှိနိုင်သောကြောင့် ဖြစ်၏၊ ဤအကြောင်းကြောင့် ဗုဒ္ဓမြတ်စွာ အနိုင်အမာ ပြောဆိုတော်မူခဲ့သည်နှင့်အညီ သံသရာ (ဖြစ်ရပ်များ တည်ရှိခြင်းကို ဆိုလို) နှင့် ရုပ်ပိုင်း စကြဝဠာတို့ကို တစ်စုံတစ်ခုသော အသွင်သဏ္ဌာန်ဖြင့် မတည်ရှိခဲ့သော အချိန်ဟူသည် မည်သည့်အခါမျှ မရှိနိုင်ပါ။

(ဖရန်စစ်စတိုရီ ရေးသားသည့် 'မတ် (ခ်စ်) ဝါဒ၏ စိန်ခေါ်ခြင်းကို ဗုဒ္ဓဘာသာ၏ ဖြေရှင်းချက်များ' စာအုပ်မှ အကျဉ်းချုပ်၍ ရေးသား ဖော်ပြသည်။)

With scientific exactness, therefore, the Buddha's own view on the matter is recorded thus:-

1. Condensed from Buddhism Answers the Marxist Challenge by Francis Story.



"Without cognisable end is this Saṁsāra (cycles of birth and death – phenomenal existence). A first beginning of beings, who, obstructed by ignorance and fettered by craving, wander and fare on, is not to be perceived. Incalculable is the beginning, brethren, of this faring on. The earliest point is not revealed of the running on, the faring on, of beings cloaked in ignorance, tied to craving'.

သို့အတွက် ဤအကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ၏ သိပ္ပံနည်းကျ တိကျသော ကိုယ်ပိုင်အမြင်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

'ဤသံသရာ (မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့ အဖန်ဖန် လည်ပတ်နေမှု၊ ရုပ်နာမ်ဖြစ်ရပ်တို့၏ တည်ရှိမှု) သည် မြင်သိနိုင်သော အဆုံးမရှိပါ။ မသိမှု အဝိဇ္ဇာ ပိတ်ဖုံး၍ လိုချင်တပ်မက်မှု–တဏှာနှင့် ချည်နှောင်ခံနေရသဖြင့် လှည့်လည် ကျက်စားကာ ဖြစ်ပျက်သွားနေကြသော သတ္တဝါတို့၏ ပထမအစကို မမြင်သိနိုင်ပါ။ ညီနောင်တို့... ဤသွားလာကျက်စား ဖြစ်ပျက်နေမှု၏ အစမူလကို မတွက်ချက်နိုင်ပါ။ အဝိဇ္ဇာလွှမ်းခြုံ၍ တဏှာနှင့် ချည်နှောင်ခံနေရသော သတ္တဝါတို့၏ ပြေးလွှားနေရခြင်း၊ သွားလာကျက်

www.burmeseclassic.com

www.burmeseclassic.com



စား ဖြစ်ပျက်နေရခြင်းတို့၏ အစောဆုံးအချိန်ကို ဖွင့်လှစ် ထုတ်ဖော်ပြထားခြင်း ဟူသည် မရှိပါ။

## How Belief in a creator Originated
## ဖန်ဆင်းရှင်အယူဝါဒ စတင်ပေါ်ပေါက်လာပုံ

Explaining the origin of the belief in an Almighty God as represented by Mahã Brahma, the so-called Creator, and how certain supposedly-inspired teachers of humanity from time to time come to believe in such an illusory creature, the Buddha said:-

'There comes a time, friends, when, sooner or later, after the lapse of a long epoch, the world is dissolved and evolved. When this takes place, beings have mostly been reborn in the World of Radiance. There they dwell, made of mind, feeding on rapture, radiating light from themselves, traversing space, continuing in beauty, and thus they remain-- for a long, long period of time.

ဖန်ဆင်းရှင်ဟု ခေါ်ဆိုကြသော မဟာဗြဟ္မာက ကိုယ်စားပြုသော ဘုန်းတန်ခိုး အနန္တ ရှိသည့်ဘုရားသခင်၌ သက်ဝင်ယုံကြည်မှု၏ အစ မူလကို ရှင်းပြရန်အတွက်လည်းကောင်း၊ စိတ်အားထက်သန် တက်ကြွအောင် အားပေးခံရသည်ဟု ယူဆကြသော အကြောင်းအရာအချို့



တို့သည် ထိုကဲ့သို့ အထင်အမြင် လွဲမှားသွားကြသည့် သတ္တဝါတို့၌ အဘယ်ကဲ့သို့ ရံဖန်ရံခါ သက်ဝင်ယုံကြည်လာပုံကို ရှင်းပြရန်အတွက်လည်းကောင်း ဗုဒ္ဓမြတ်စွာသည် အောက်ပါအတိုင်း ရှင်းလင်းမိန့်ကြားတော်မူသည်။

"ရှည်လျားသော သမိုင်းခေတ်တစ်ခေတ် ကုန်လွန်ပြီးနောက် အနေးနှင့် အမြန် ဆိုသလို ကမ္ဘာကြီး ပြိုကွဲပျက်စီးပြီးလျှင် တဖြည်းဖြည်း ပြောင်းလဲတိုးတက်လာသော အချိန်သည် ရောက်လာပါသည် ရိုသတ်အပေါင်းတို့ ...။ ဤသို့ဖြစ်ပေါ်နေသည့်အချိန်တွင် သတ္တဝါများသည် အများအားဖြင့် ကိုယ်ရောင်တောက်ပနေသော ဗြဟ္မာဘုံ (အာဘဿရာဘုံ) ၌ ပြန်လည်မွေးဖွားကြ၏။ ထိုနေရာ၌ သူတို့ နေထိုင်ကြ၏ (ဈာန်) စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်း 'ပီတိ' လျှင် အစာ ရှိကုန်၏။ မိမိတို့၏ ကိုယ်ရောင်ဖြင့် လန်းလျက် ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သောနေရာ ရှိကုန်၏၊ ဤသို့ဖြင့် အလွန်ရှည်ကြာသောအချိန်ကာလပတ်လုံး သူတို့တည်နေကြ၏။

"Now there comes also a time, friends, when sooner or later this world-system begins to re-evolve. When this happens, the abode of the Brahmas appears, but it is empty. And some being or other, either because his span of years has passed, or because his merit is exhausted, deceases from the world of Radiance, and comes to life in the abode of the Brahmas. And there also he lives, made of mind,

www.burmeseclassic.com

www.burmeseclassic.com



feeding on rapture, radiating light from himself, traversing space, continuing in beauty; and thus does he remain for a long, long period of time.

ယခု အနေးနှင့် အမြန်ဆိုသလို ဤကမ္ဘာစနစ်သည် ပြန်လည်၍ တဖြည်းဖြည်း စတင်ပြောင်းလဲ တိုးတက်လာသော အချိန်အခါသို့ ရောက်ရှိလာပြန်၏။ ပရိသတ်အပေါင်းတို့ ... ဤအခါမျိုးသည် ရှိသည်သာတည်း။ ဤသို့ဖြစ်ပေါ်သောအခါ ဗြဟ္မာ့ဘုံတို့၏ ဘုံ ပေါ်ပေါက်လာသည်၊ သို့သော် နေထိုင်သူ ကင်းမဲ့နေ၏။ ထို့နောက် တစ်စုံတစ်ယောက်သော သတ္တဝါတို့သည် သူ၏ သက်တမ်းကာလ ကုန်ဆုံးသောကြောင့်ဖြစ်စေ သို့မဟုတ် သူတို့၏ ကုသိုလ်ကံ ကုန်ဆုံးသောကြောင့်ဖြစ်စေ ကိုယ်ရောင်တောက်ပသော ဘုံ (အာဘဿရာဘုံ) မှ စုတေ၍ ဗြဟ္မာတို့၏ဘုံ (မဟာဗြဟ္မာဘုံ) ၌ ဘဝသစ် ဖြစ်ပေါ်လာ၏။ ဤဘုံ၌လည်း သူသည် (ဈာန်) စိတ်ကြောင့်ဖြစ်၏၊ နှစ်သိမ့်ခြင်း (ပီတိ) လျှင် အစာရှိ၏၊ မိမိ၏ ကိုယ်ရောင်ဖြင့် လင်းလျက်ရှိ၏၊ ကောင်းကင်၌ ကျက်စား၏၊ တင့်တယ်သော နေရာရှိ၏။ ဤသို့လျှင် အချိန်ကာလ အလွန်ကြာရှည်စွာ သူ တည်ရှိ၏။

"Now there arises in him, from his dwelling there so long alone, a dissatisfaction and a longing: Oh, would that other beings too might come to join me in this place ! And just then, either because their span of years had passed, or because their merit was exhausted, other beings fall from the world of Radiance and appear in the abode of the Brahmas



as companions to him and in all respects they lead a life like his (They are One with the Father, as it were !)

ထိုဘုံ၌ တစ်ဦးတည်း အလွန်ကြာရှည်စွာ နေထိုင်ပြီးသောအခါ ယခု သူ့သန္တာန်ဝယ် မကျေနပ်မှုနှင့် တောင့်တမှုတစ်ရပ် ပေါ်ပေါက်လာသည်၊ အို ... အခြားသော သတ္တဝါများသည် ဤဘုံဌာန၌ ငါနှင့်အတူနေထိုင်ဖို့ လာရောက်ကြလျှင် ကောင်းလေစွ။ ထိုအခိုက်တွင်ပင် သူတို့၏ သက်တမ်းများ ကုန်ဆုံးသောကြောင့် ဖြစ်စေ၊ သူတို့၏ ကုသိုလ်ကံ ကုန်ဆုံးသောကြောင့်ဖြစ်စေ အခြားသော သတ္တဝါတို့သည်လည်း ကိုယ်ရောင်တောက်ပသော ဘုံမှ စုတေ၍ မဟာဗြဟ္မာဘုံ၌ သူ၏ အဖော်များအဖြစ် ဖြစ်ပေါ်လာကြ၏။ အခြင်းအရာအားလုံး၌ပင်လျှင် သူ၏ ဘဝနှင့်တူသော ဘဝကို သူတို့ရရှိကြ၏၊ (သူတို့၏ အဖေနှင့်အတူ တစ်ဦးတည်း ဖြစ်သွားသကဲ့သို့တည်း။)

'On this, friends, that being who was first reborn thinks thus: I am Brahma, the Great Brahma, the Vanquisher, the Unvanquished, the All-seeing, the Disposer, the Lord, the maker, the Creator, the Chief, the Assigner, the Master of Myself, the Father of all that are and are to be. By me are these beings created. And why is that so? A while ago I thought: Would that other beings too might come to this state of being! Such was the aspiration of my mind, and lo! these beings did come.

www.burmeseclassic.com

www.burmeseclassic.com



'ဤအရာနှင့် ပတ်သက်၍ ပရိသတ်အပေါင်းတို့ ...ပဌမ မွေးဖွားခဲ့သော ပုဂ္ဂိုလ်သည် ဤသို့စဉ်းစား၏။ ငါသည် ဗြဟ္မာ(ဝါ)မဟာဗြဟ္မာဖြစ်၏၊ အောင်နိုင်သူ ဖြစ်၏၊ အနိုင်မခံရသူ ဖြစ်၏၊ အားလုံးကို မြင်သူ ဖြစ်၏၊ ဖျက်ဆီးသူဖြစ်၏၊ အရှင်သခင်ဖြစ်၏၊ ပြုလုပ်သူ ဖြစ်၏၊ ဖန်ဆင်းသူဖြစ်၏၊ အကြီးအကဲဖြစ်၏၊ တာဝန်သတ်မှတ်ပေးသူ ဖြစ်၏၊ ငါကိုယ်တိုင်၏ သခင်ဆရာဖြစ်၏၊ အားလုံးသော ရှိပြီးသူတို့နှင့် နောင်ဖြစ်ပေါ်လာမည့်သူတို့၏ဖခင် ဖြစ်၏။ ငါသည် ဤသတ္တဝါများကို ဖန်ဆင်း၏။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရသနည်း။ မကြာမီက ငါသည် စဉ်းစားခဲ့၏၊ အခြားသော သတ္တဝါများသည်လည်း ငါကဲ့သို့ပင် ဖြစ်လာကြလျှင် ကောင်းလေစွ။ ဤသို့လျှင် ငါ့စိတ်၏ ရည်မှန်းချက် ဖြစ်ခဲ့၏၊ ထို့နောက် ကြည့်ပါ၊ ဤသတ္တဝါများ တကယ်ဖြစ်လာကြသည်။'

"And those beings themselves who arose after him, they too think thus: This worthy must be Brahma (i.e., God), the Great Brahma, the Vanquisher, the Unvanquished, the All-seeing, the Disposer, the Lord, the Maker, the Creator, the Chief, the Assigner, the Master of Himself, the Father of all that are and are to be. By this Brahma (i.e., God) have we, good sirs, been created. And why is that so? Because he, as we see, arose here first, but we arose after him."

"တစ်ဖန် သူ၏နောက်မှဖြစ်ပေါ်လာကြသော ထိုပုဂ္ဂိုလ်များ



ကိုယ်တိုင်ကလည်း ဤသို့ စဉ်းစားကြ၏၊ ဤထိုက်တန်သောပုဂ္ဂိုလ်သည် ဗြဟ္မာ (ဘုရားသခင်ဟု ဆိုလို) ဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊ အောင်နိုင်သူဖြစ်၏၊ အနိုင်မခံရသူဖြစ်၏၊ အားလုံးကို မြင်သူဖြစ်၏၊ ဖျက်ဆီးသူဖြစ်၏၊ အရှင်သခင်ဖြစ်၏၊ ပြုလုပ်သူဖြစ်၏၊ ဖန်ဆင်းသူဖြစ်၏၊ အကြီးအကဲဖြစ်၏၊ တာဝန်သတ်မှတ်ပေးသူ ဖြစ်၏၊ သူ့ကိုယ်တိုင်၏ သခင်ဆရာဖြစ်၏၊ အားလုံးသော ရှိပြီးသူတို့နှင့် နောင်ဖြစ်ပေါ်လာမည့် သူတို့၏ ဖခင် ဖြစ်၏၊ ဤဗြဟ္မာ (ဘုရားသခင်ဟု ဆိုလို) သည်ပင် ကျွန်ုပ်တို့ကို ဖန်ဆင်းပေးခဲ့၏ ...သူတော်ကောင်းတို့။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသနည်း။ အဘယ့်ကြောင့်နည်းဟူမူ ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း သူသည် ဤနေရာ၌ ပဌမဦးဆုံး ဖြစ်ပေါ်သာ၏၊ ကျွန်ုပ်တို့က သူ့နောက်မှဖြစ်ပေါ်လာကြသောကြောင့်တည်း။

"On this, friends, that being who first arose becomes longer lived, handsome, and more powerful, but those who appeared after him become shorter lived, less comely, less powerful. And it might well be, friends, that some other being, on deceasing from that state, should come to this state (on Earth). So come, he might go forth from the household life unto the homeless state (i.e., become a homeless Wanderer or Ascetic). And having thus gone forth by reason of ardour, effort, devotion, earnestness, perfect intellection, he reaches up to such rapt concentration (through Meditation) that

www.burmeseclassic.com

www.burmeseclassic.com



with rapt mind he calls to mind his former dwelli
place (with Brahmã), but remembers not what wei
before. He says thus: 'That Worshipful Brahm
(i.e., God), the Vanquisher, the Unvanquished
Father of all that are and are to be, he by whom w
were created, he is permanent, constant, eterna
unchanging, and he will remain so for ever and eve
But we who were created by that Brahmã (i.e., God
we have come hither all impermanent, transien
unstable, short-lived, destined to pass away.

"ဤအကြောင်းနှင့် ပတ်သက်၍ ပရိသတ်အပေါင်းတို့ ...
ပထမဖြစ်ပေါ်လာသော ပုဂ္ဂိုလ်သည် အသက်ပိုရှည်၏၊ ခံ့ညား၏၊
၍ တန်ခိုးကြီး၏၊ သို့သော် သူ့နောက်မှ ဖြစ်ပေါ်လာကြသောသူတို့
သည် အသက်ပို၍ တိုကြ၏၊ ကြော့ရှင်းမှု လျော့နည်း၏၊ တန်ခိုးလည်
လျော့နည်း၏၊ ထို့နောက် ကောင်းစွာဖြစ်နိုင်သည်မှာ တစ်စုံ တ
ယောက်သော ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘဝမှ စုတေ၍ (ဤကမ္ဘာမြေပေ
၌) လူ့ဘဝဖြစ်လာ၏၊ ထိုသို့ဖြစ်ပြီးနောက် သူသည် အိမ်ရာထူထော
သော လူ့ဘောင်မှ စွန့်ခွာ၍ အိမ်ရာမဲ့သော ဘဝသို့ ရောက်ရှိသွားနို
သည် (ဆိုလိုသည်မှာ အိမ်ရာမဲ့သော လှည့်လည်သူ သို့မဟုတ် ရသေ့
ဖြစ်လာသည်)။

ထို့နောက် စိတ်ဝင်စားမှု၊ ကြိုးစားမှု၊ အလေးထားမှု၊ စိတ်အာ
ထက်သန်မှု၊ အလွန်ကောင်းမွန်သော ဉာဏ်ပညာရှိမှုတို့၏ အစွမ်းဖြ
ရသေ့ဘဝ၌ (ဘာဝနာရှုပွားသည်ဖြစ်၍) ဈာန်သမာဓိသို့ သူရောက်

လာသည်။ ထိုဈာန်သမာဓိနှင့် ယှဉ်သောစိတ်ဖြင့် သူ ယခင်ဘဝက
(ဗြဟ္မာကြီးနှင့်အတူ) နေထိုင်ခဲ့သော ဘုံနေရာကို ပြန်လည်သတိရလာ
သည်၊ သို့သော် ထိုအချိန်မတိုင်မီ အကြောင်းအရာများကို မမှတ်မိချေ။

သူ ဤသို့ဆို၏ – 'ထိုကိုးကွယ်ထိုက်သော ဗြဟ္မာ (ဘုရားသခင်
ဟု ဆိုလို) သည် အောင်နိုင်သူဖြစ်၏၊ အနိုင်မခံရသူဖြစ်၏ ... အားလုံး
သော ရှိပြီးသူတို့နှင့် နောင်ဖြစ်ပေါ်လာမည့်သူတို့၏ ဖခင်ဖြစ်၏၊ ကျွန်ုပ်
တို့ကို သူဖန်ဆင်းပေးခဲ့၏၊ သူသည် တည်မြဲ၏၊ အဆက်မပြတ် တည်
၏၊ ထာဝရတည်မြဲ၏၊ မပြောင်းလဲ၊ သူသည် ဤသို့ အမြဲထာဝရတည်ရှိ
သွားလိမ့်မည်၊ သို့ရာတွင် ဗြဟ္မာ (ဘုရားသခင် ဆိုလို) ဖန်ဆင်းပေးခဲ့
သော ကျွန်ုပ်တို့မှာ ဤနေရာသို့ ရောက်ရှိလာကြပြီး အားလုံးပင်
မတည်မြဲကြ၊ ပြောင်းလဲနေကြ၏၊ မတည်ငြိမ်ကြ၊ အသက်တိုတောင်း
ကြ၏၊ ကွယ်လွန်ကြရမည် မလွဲတည်း။

Thus was appointed the beginning of things which ye, sirs, declare as your traditional doctrine, to wit, that it has been wrought by an overlord, by Brahmã (i.e., God)'.[1]

1. Pãtikã Sutta, Dig.Nik. by Rhys Davids.

'ဤသို့လျှင် သတ္တဝါများ အရာဝတ္ထုများ၏ အစကို သတ်မှတ်
ခဲ့ကြသည်ကို သင် လူကြီးမင်းတို့က သင်တို့၏ အစဉ်အလာ အယူ
ဝါဒ အဖြစ် ကြေညာကြသည်၊ ဓဝနဉာဏ်နှင့် စဉ်းစားလျှင် ဤအရာ
အားလုံးကို အရှင်သခင်တစ်ဦးဖြစ်သူ ဗြဟ္မာ (ဘုရားသခင်ဆိုလို) က
ဖန်ဆင်းဖန်တီးခဲ့ခြင်း ဖြစ်ပေ၏။

[ရိုက်(စ်) ဒေးဗစ်တို့ ရေးသားသည့် 'ပါတိကာ သုတ္တန်၊ ဒီဃနိကာယ်' မှ]

www.burmeseclassic.com

www.burmeseclassic.com



## A New Heaven and a New Earth
## ကောင်းကင်ဘုံသစ်နှင့် ကမ္ဘာသစ်

In the Aggañña Sutta the Buddha explains th at the stage when the world re-evolves, the Earth lark and covered with water. This, it will be notec is an exact description of the early phase of th Earth before the Sun dissipated the steam that fille the atmosphere. Beings existing then were un differentiated as to sex. Ages having passed, th moisture gradually cleared and the Earth beings t appear. 'Earth with its savour was spread out i the waters. Even as a scum forms on the surface o boiled milky rice that is cooling so did the dry lan appear. The description is one of scientific exac ness.

ကမ္ဘာမြေကြီး ပြန်လည်၍ အဆင့်ဆင့် ပြောင်းလဲတိုးတက် သည့်အခါ အဆင့်တစ်ခု၌ ကမ္ဘာမြေကြီးသည် မှောင်မိုက်၍ ရေဖုံ လွှမ်းနေသည်ဟု အဂ္ဂညသုတ်တွင် မြတ်စွာဘုရား ရှင်းပြတော်မူခဲ့၏ ဤအချက်သည် လေထု၌ ပြည့်နှက်နေသော ရေခိုးရေငွေ့များကို မင်းကြီးက ပျံ့လွင့်သွားအောင် မပြုလုပ်မီအချိန်တွင် တည်ရှိခဲ့သည် ကမ္ဘာမြေကြီး၏ အစောပိုင်းအနေအထားကို တိတိကျကျ ဖော်ပြလိုက် ခြင်းပင် ဖြစ်သဖြင့် မှတ်သားစရာကောင်းပေ၏။

ထိုအချိန်က တည်ရှိခဲ့သော သတ္တဝါများသည် လိင်ကွဲပြားမှုမရှိ ကြသေးချေ။ ခေတ်များ ကျော်လွန်သွားကြ၏၊ ရေငွေ့များ တဖြည်း



ည်း ရှင်းသွားပြီးနောက် ကမ္ဘာမြေကြီး ထင်ပေါ်လာ၏။ အရသာနှင့် ည့်စုံသော မြေဆီသည် ရေများပေါ်၌ ပျံ့နှံ့ကာ တည်ရှိနေ၏။ ချက် က်ပြီး အအေးခံထားသော နို့ရောင် ထမင်း၏ မျက်နှာပြင်၌ အမြှုပ် ာ်များ ဖြစ်ပေါ်လာသကဲ့သို့ပင် ခြောက်သွေ့သော မြေသားသည် ည်း ဖြစ်ပေါ်လာ၏။ ဤဖော်ပြချက်သည် သိပ္ပံနည်းကျ တိကျမှု ှသည်။

'The radiant, mind-formed beings then begin feed on the acum of the waters: the taste is easing and craving enters into them. As they feed, dies become grosser: 'And in measure as they us fed, did their bodies become solid, and did riety in their form and comeliness become mani- st'. This process continues for ages, and mean- ile the land and waters separate and the mist ears, allowing Sun and Moon to become visible.'

ထွန်းလင်းတောက်ပနေသော (ဥပစာရဈာန်) စိတ်ကြောင့် ဖြစ် သော သတ္တဝါတို့သည် ရေပေါ်တွင် ပျံ့နှံ့နေသည့် မြေဆီကိုစတင် သုံးကြ၏၊ အရသာသည် အလွန်နှစ်သက်ဖွယ်ဖြစ်၍ တပ်မက်ခြင်း သည် သူတို့၏ သန္တာန်၌ ဖြစ်ပေါ်လာ၏။ သူတို့ စားသုံးစဉ် တို့၏ ခန္ဓာကိုယ်များသည် ကြမ်းတမ်းလာကြ၏။ ဤသို့ သူတို့ သုံးသော အတိုင်းအတာပေါ် မူတည်၍ သူတို့၏ခန္ဓာကိုယ်များ အစိုင်အခဲဖြစ်လာကြပြီးလျှင် ပုံသဏ္ဌာန် အမျိုးမျိုး၊ ရုပ်အဆင်း မျိုး ကွဲပြားလာကုန်၏။ ဤဖြစ်စဉ်သည် ရှည်လျားစွာသော

www.burmeseclassic.com

www.burmeseclassic.com



ကာလပတ်လုံး ဆက်လက်ဖြစ်ပေါ်၏။ ထိုစဉ်အခါ ကုန်းနှင့် ရေတို့သည် ကွဲပြားသွားပြီးလျှင် မြူနှင်းများလည်း ကင်းရှင်းသွား၏၊ သို့အတွက် နေနှင့် လတို့ကို မြင်တွေ့လာကြရ၏။

'As beings develop, discrimination appears be- tween them, and they become conscious of differen- ces. Various species begin to differentiate. Graduall the pleasing savour of the earth on which the nourished themselves disappears. Craving for di ferent nourishment arises: 'Then, Vasettha, whe the savoury earth had vanished for these being outgrowths appeared in the soil. The manner o the rising up thereof was as the springing up of mushroom, it had colour, odour and taste ... The those beings began to feast on these outgrowths o the soil, and thus continued for a long time'. Thi is a description of the first fungoid vegetation. 'An so did their bodies grow ever more solid, and th differences in their comeliness more manifest'.

သတ္တဝါများ ဖွံ့ဖြိုးတိုးတက်လာသောအခါ သူတို့အကြား၌ ကွဲပြားခြားနားမှုသည်လည်း ထင်ပေါ်လာ၏။ သူတို့၏ ခြားနားချက်များကိုလည်း သူတို့သိလာကြ၏။ တရွေ့ရွေ့နှင့် သူတို့၏ ခန္ဓာကိုယ်ကို သူတို့ အာဟာရဖြစ်စေသော နှစ်သက်ဖွယ်ကောင်းသည့်အရသာရှိသော မြေဆီသည်ကွယ်ပျောက်သွား၏။ အာဟာရအမျိုးမျိုး၌ တပ်မက်ခြင်း တဏှာသည် ဖြစ်ပေါ်လာ၏။

'ထို့နောက် ဝါသေဋ္ဌ၊ ဤသတ္တဝါတို့အတွက် မြေဆီ ကွယ်ပျောက်သွားသောအခါ မြေလွှာသည် ထင်ရှားဖြစ်ပေါ်လာ၏၊ မှိုသည် ထင်ရှားဖြစ်ပေါ်လာသကဲ့သို့ ဤအတူလျှင် မြေလွှာသည်ဖြစ်ပေါ်လာ၏။ ထိုမြေလွှာသည် အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံ၏။ ထိုအခါ သတ္တဝါတို့သည် ထိုမြေလွှာကို စတင်စားကြကုန်၏။ ဤသို့လျှင် ထိုသူတို့သည် ထိုမြေလွှာတွင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။'

ဤအရာသည် မှိုကဲ့သို့သော (အရွက်၊ အပွင့်၊ အစိမ်းရောင် မရှိသော) ပထမ အပင်ပေါက်ခြင်းအကြောင်းကို ဖော်ပြခြင်း ဖြစ်သည်။ ထိုအခါ သူတို့၏ ခန္ဓာကိုယ်များသည် ပို၍ အစိုင်အခဲသဘောဆောင်လာ၏၊ သူတို့၏ ခန္ဓာကိုယ်သည် ပိုမို၍ ကြမ်းတမ်းလာပြီး သူတို့၏ ရုပ်အဆင်းကွဲပြားမှုများသည်လည်း ပို၍ ထင်ပေါ်လာ၏။

Thereafter, creeping plants appear and beings take to eating these; after lapse of ages rice begins to grow. Beings then feed on rice: 'And in measure as they, thus feeding went on existing, so did the bodies of those beings become even more solid and more differentiated... In the female appeared the distinctive features of the female, and in the male those of the male. Then truly did the female contemplate the male too closely, and the male the female. In them contemplating overmuch the one the other, passion arose and burning entered the

www.burmeseclassic.com

www.burmeseclassic.com



body. They in consequence thereof followed their lusts'.

ထို့နောက်၌ နွယ်ချိုပင်များ ဖြစ်ပေါ်လာကြသဖြင့် သတ္တဝါတို့သည် ထိုနွယ်ချိုကို စားရန် အားထုတ်ကြ၏။ ရှည်ကြာသော ကာလလွန်မြောက်သွားသောအခါ သလေးဆန်များ စတင်ပေါက်ရောက်လာကြ၏။ ထိုအခါ သတ္တဝါတို့သည် သလေးဆန်ကို စားကြ၏၊ အကြင်အကြင် အခြင်းအရာအားဖြင့် ထင်းဖြင့် မချက်ရသော သလေးဆန်ကို စားကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။ ထိုထို အခြင်းအရာအားဖြင့် ထိုသူတို့၏ ခန္ဓာကိုယ်များသည် ပိုမို၍ ကြမ်းတမ်းလာပြီးလျှင် ပိုမို၍ ကွဲပြားခြားနားလာကြ၏။ ...

မိန်းမများ၌ မိန်းမ၏ ထူးခြားထင်ရှားသော အင်္ဂါရုပ်များသည် ထင်ရှားစွာ ဖြစ်ပေါ်လာကြ၏။ ယောကျ်ားများ၌လည်း ယောကျ်ား၏ ထူးခြားထင်ရှားသော အင်္ဂါရုပ်များသည် ထင်ရှားစွာဖြစ်ပေါ်လာကြ၏။ ထို့နောက် မိန်းမသည်လည်း ယောကျ်ားကို တစိန်းစိန်းကြည့်၏၊ ယောကျ်ားသည်လည်း မိန်းမကို တစိန်းစိန်းကြည့်၏၊ အချင်းချင်း တစိန်းစိန်းကြည့်ကုန်သော ထိုမိန်းမ ယောကျ်ားတို့အား ပြင်းစွာတပ်မက်ခြင်း 'ရာဂ'သည် ထင်ရှားဖြစ်လေ၏။ ရာဂကြောင့် ဖြစ်သော ပူပန်ခြင်းသည် ကိုယ်၌ ဖြစ်၏။ သူတို့သည် ရာဂကြောင့် ဖြစ်သော ပူပန်မှုကြောင့် မေထုန်အကျင့်ကို မှီဝဲကုန်၏။'

'From this began hatreds and enmities. Here again the description of how beings from being sexually undifferentiated, became bi-sexual, is biologically exact.' At this point the origin of sexual



morality is described, followed by details of the social structure and property system: 'And so ... they stored up rice enough for four, then for eight days. Now from that time, Vasettha, the rice began to degenerate ... the reaped or cut stems (which grew again before the hoarding for four and eight days began) did not grow again; a break became manifest where the rice had been cut and the rice-stubble stood in clumps'.

'ထိုအခါမှ စတင်၍ မုန်းတီးမှုများနှင့် ရန်မူခြင်းများ ပေါ်ပေါက်လာကုန်၏။ ဤနေရာ၌လည်း သတ္တဝါများသည် လိင်အားဖြင့် ကွဲပြားမှု မရှိသည့် အခြေအနေမှ လိင်နှစ်မျိုး ကွဲပြားလာပုံကို ဖော်ပြခြင်းသည် ဇီဝဗေဒအရ တိကျပါသည်။ ဤနေရာ၌ လိင်ဆိုင်ရာ ကိုယ်ကျင့်တရား၏ အစမူလကို ဖော်ပြ၍ လူမှုရေးဖွဲ့စည်းပုံနှင့် ပစ္စည်းပိုင်ဆိုင်မှုစနစ်အကြောင်းကို အသေးစိတ် ဖော်ပြသည်– 'ထို့ကြောင့် ... သူတို့သည် သလေးဆန်ကို လေးရက်စာ၊ ထို့နောက် ရှစ်ရက်စာ အတွက် အလုံအလောက် သိုလှောင်ကြ၏။ ယခု ထိုအချိန်မှစ၍ ဝါသေဋ္ဌ ... သလေးဆန်သည် ယိုယွင်းဆုတ်ယုတ်လာသည် .... ရိတ်သိမ်းပြီး သို့မဟုတ် ဖြတ်တောက်ပြီးသော ပင်စည်တို့သည် (ယခင် လေးရက်နှင့် ရှစ်ရက်စာ သိုလှောင်မှု မစတင်မီက ပြန်လည်ကြီးထွား စည်ပင်လာသော်လည်း) ထပ်မံ၍ မကြီးထွား မစည်ပင်တော့ချေ။ ရိုးပြတ်တို့သည် ပြန်၍ မစည်ပင်၊ ပြတ်ရာအရပ်သည် ထင်ရှား၏၊ သလေးပင်တို့သည် အစုလိုက် အစုလိုက် တည်ကုန်၏။'

www.burmeseclassic.com

www.burmeseclassic.com



Theft then begins together with laws against theft and ultimately the strongest and handsomest of the community is chosen as Chief or Lawgiver 'Chosen by the people, Vasettha, is what is meant by Mahā Sammata, the Great Elect. (Mahā Sammata, traditionally, was the first great king of the Solar Dynasty, from which the Sakya clan, to which the Buddha belonged, was descended. Perhaps the germ for our belief in a "Divine Right of Kings" is to be found here). Lord of the fields is what is meant by Khattiya; so Khattiya (Noble) was the next expression to arise. Rājā was the third standing phrase to arise.... 'Their origin was from among those very beings, and no others'.

ထို့နောက် ခိုးမှုသည် စတင်ပေါ်ပေါက်လာသဖြင့် ခိုးမှုကို နှိမ်နင်းရန် တရားဥပဒေသည်လည်း ပေါ်ပေါက်လာ၏၊ နောက်ဆုံး၌ ပြည်သူလူထုထဲမှ ခွန်အားအကြီးဆုံး အခံ့ညားဆုံး အကြည်ညိုထိုက်ဆုံး ပုဂ္ဂိုလ်ကို ရွေးချယ်၍ အကြီးအကဲ သို့မဟုတ် ဥပဒေပြုသူအဖြစ် တင်မြှောက်ကြ၏။ 'ဝါသေဋ္ဌ ... ပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ်ခံရသောကြောင့် မဟာသမ္မတ (ဝါ) ကြီးကျယ်စွာ ရွေးချယ်ခံရသူဟု ခေါ်တွင်၏ (မဟာသမ္မတသည် အစဉ်အလာအားဖြင့် နေမင်းဆက်၏ ပထမဘုန်းတန်ခိုးကြီးသော မင်း ဖြစ်၏၊ ထိုနေမင်းဆက်မှ သကျမျိုးနွယ်စု ဆင်းသက်လာခဲ့၏၊ ဗုဒ္ဓမြတ်စွာသည် သကျမျိုးနွယ်စုမှ ပေါက်ဖွားလာ၏။ 'ဘုရင်များ၏ မြင့်မြတ်သော အခွင့်အရေး' ဟူသော ယုံကြည်ချက်၏ မျိုးစေ့သည် ဤမဟာသမ္မတမင်းမှ ဖြစ်ထွန်းလာသည်ဟု ဆိုနိုင်ဖွယ် ရှိ၏။) လယ်မြေတို့၏ အရှင်သခင် ဖြစ်သောကြောင့် 'ခတ္တိယ' ဟူသော ဒုတိယဝေါဟာရ 'နှစ်ဆင့်မြှောက် ခေါ်ဆိုခြင်း' သည် ဖြစ်ပေါ်လာ၏။ တရားဖြင့် သူတစ်ပါးတို့ကို နှစ်သက်စေတတ်သောကြောင့် 'ရာဇာ' ဟူသော တတိယဝေါဟာရ '[illegible]ဆင့်မြှောက် ခေါ်ဆိုခြင်း' သည် ဖြစ်ပေါ်လာ၏။ သူတို့၏ အစမူလသည် ထိုပထမသတ္တဝါများအကြားမှ ဖြစ်ပေါ်လာသဖြင့် အခြားသောသူတို့မှ ဖြစ်ပေါ်လာခြင်း မဟုတ်ချေ။'

After this rose the priest class of Brahmins, whose duty was to instruct the laity in moral principles and themselves live austere lives, practising meditation in forest retreats. Some, who found this life too arduous, returned to the villages and became known as Ajjhāyaka, repeaters of the Vedas: 'Thus the third phrase for such people came into use. At that time they were looked upon as the lowest; now they are thought the best'.

ထို့နောက် ဗြဟ္မဏများဟု ခေါ်ဆိုသော ဘုန်းတော်ကြီး (ပုဏ္ဏား) လူတန်းစား ပေါ်ပေါက်လာ၏။ ဤသူတို့၏ တာဝန်ဝတ္တရားမှာ လူဝတ်ကြောင်တို့အား ကိုယ်ကျင့်သီလဆိုင်ရာ တရားများကို သင်ပြပေးပြီး လျှင် သူတို့ကိုယ်တိုင်က အလွန်ခြိုးခြံသောဘဝဖြင့် နေထိုင်ကြ၏၊ တောထဲ သစ်ရွက်မိုးကျောင်းတို့၌ ဘာဝနာရှုပွားကြ၏။ ရာန်ရသူများ

www.burmeseclassic.com



ကို 'ဈာယက'ဟု ခေါ်ဆိုကြ၏။ ဤဘဝသည်အလွန်ကြီးကြီးစားစား အားထုတ်ရသော ဘဝဖြစ်သည်ဟု ရှုမြင်သူ အချို့တို့က ရွာများသို့ ပြန်လာ၍ ဝေဒကျမ်းများကို ပြုစုပို့ချလျက် နေကြကုန်၏၊ ဤသူတို့ ကို 'အဈာယက' (ဈာန်မရနိုင်သူ) ဟု ခေါ်ဆိုကြ၏။ ဤသို့ဖြင့်'အဈာ ယက'ဟူသော တတိယဝေါဟာရသည် ဖြစ်ပေါ်လာ၏။ ထိုအချိန်က သူတို့ကို အယုတ်ညံ့ဆုံးလူတန်းစားဟု ရှုမြင်ကြ၏၊ ယခုမူ သူတို့ကို အကောင်းဆုံး လူတန်းစားဟု မှတ်ယူကြ၏။

BURMESE CLASSIC .com

Then follows a description of how certain men became merchants (Vessas) while others became hunters and followed other degrading pursuits thus becoming the Suddas (Sūdras), the lowest caste. From each of the four castes individuals would from time to time forsake the world to become religious recluses, when all caste distinctions ceased to exist for them. 'And it took place according to a norm (a fitness, justly)'. Any one of the four castes who has led a bad life in deed, word and thought, whose views of life are wrong, will, in consequence of his views and deeds be reborn after death in one of the realms of misery, but one who, no matter what his caste, is self-restrained in deed, thought and word and has fulfilled the Seven Principles of Enlightenment, will attain to complete liberation in this very life.



ထို့နောက် ထိုသတ္တဝါတို့တွင် အချို့သည် အိမ်ထောင်ပြုကုန်၍ အသီးအခြား (ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ လယ်လုပ်ခြင်း စသည့်) အလုပ်တို့ကို အားထုတ်ကုန်၏။ ဤအလုပ်တို့ကို အားထုတ်ခြင်း ကြောင့် သူတို့ကို 'ဝေဿ' (ကုန်သည်များ) ဟု ခေါ်တွင်ကြ၏။

ကြွင်းကျန်ရစ်သော သူတို့မှာ အမဲလိုက်ခြင်းစသည့်ကြမ်းသော အလုပ်၊ သေးနုပ်သော အလုပ်ဖြင့် အသက်မွေးကြ၏။ ထိုသူတို့ကို 'သုဒ္ဒ' (သုဒရ) ဟု ခေါ်တွင်ကြ၏။ 'သုဒ္ဒ'သည် အနိမ့်ကျဆုံး ဇာတ် ဖြစ်၏။

အမျိုးဇာတ်လေးခုတို့မှ ပုဂ္ဂိုလ်အချို့တို့သည် ရံဖန်ရံခါ အိမ်ရာ တည်ထောင်လူ့ဘောင်ကို စွန့်၍ ဘာသာရေးဆိုင်ရာ တစ်ကိုယ်တော် နေသူ 'ရသေ့' 'ရဟန်း'များ ဖြစ်လာကြ၏။ ရသေ့ ရဟန်းများဖြစ်လာ ကြသည့်အခါ သူတို့အတွက် အမျိုးဇာတ် ကွဲပြားမှု ပပျောက်သွား၏။

'ဝါသေဋ္ဌ ... ဤအမျိုးလေးပါးတို့မှ ရဟန်းမျိုး၏ အမည်သည် ဖြစ်သောကြောင့် ထိုသတ္တဝါတို့၏ အမည်သာလျှင် စံထားမှု (သင့် လျော်မှု၊ တရားမျှတမှု) အရဖြစ်၏၊ တစ်ပါးသော သတ္တဝါတို့၏ အမည် မဖြစ်။'

ထိုအမည်လေးပါးမှ မည်သူမဆို ယုတ်ညံ့စွာ နေထိုင်၏၊ ကိုယ် ဖြင့် ပြုသော မကောင်းသော အကျင့်ရှိ၏၊ နှုတ်ဖြင့်ပြုသော မကောင်း သော အကျင့်ရှိ၏၊ စိတ်ဖြင့်ပြုသော မကောင်းသော အကျင့်ရှိ၏၊ မှား သော အယူဝါဒရှိ၏၊ မှားသော အယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာ ကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်း သော လားရာ အပါယ်လေးပါးသို့ ကျရောက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တစ်စုံတစ်ယောက်သည် သူ၏အမျိုးဇာတ်မည်သို့ ဖြစ်သည်ပင်ဆိုစေကာမူ ကိုယ်၊ နှုတ်၊ စိတ်တို့ကို ချုပ်ထိန်း၍ ကိုယ်ဖြင့် ပြုသော ကောင်းသော အကျင့်၊ နှုတ်ဖြင့် ပြုသော ကောင်းသော အကျင့်၊ စိတ်ဖြင့် ပြုသော ကောင်းသောအကျင့်တို့ကို ကျင့်၍ မှန်သော အယူဝါဒ ရှိ၏၊ မှန်သောအယူဝါဒဖြင့် ပြုသောကံ ရှိ၏၊ မှန်သော အယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏။ 'ကိုယ်၊ နှုတ်၊ စိတ်တို့ကို စောင့်စည်း၍ ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွားများအားထုတ်လျှင် ဤဘဝတွင်ပင်လျှင် လုံးဝလွတ်မြောက်ခြင်းဟူသော ကိလေသ ပရိနိဗ္ဗာန်ပြုရလိမ့်မည်။'

It can truly be said that no parallel, or anything remotely approaching this accurate description of the genesis and biological development of life on the earth is to be found in the original teachings of any other religion. In its uniqueness it establishes beyond question the supramundane insight and omniscience of the Buddha.[1]

ဤကမ္ဘာမြေပေါ်၌ သက်ရှိများ စတင်ဖြစ်ပေါ်လာပုံ၊ ဇီဝဗေဒအရ ဖွံ့ဖြိုးတိုးတက်လာပုံတို့ကို တိတိကျကျ ဖော်ပြထားသည့် ဤဖော်ပြချက်ကို တုယှဉ်နိုင်သော သို့မဟုတ် ဝေးကွာစွာ ချဉ်းကပ်နိုင်သော ဖော်ပြချက်မျိုးကို အခြားသော မည်သည့် ဘာသာတရား၏

1. Condensed from Dig. Nik. by Rhys Davids and Sangiti by Francis Story.



မူလသင်ကြားချက်တွင်မှ မတွေ့နိုင်ဟု မှန်ကန်စွာ ဆိုနိုင်ပါသည်။ ဤအတုမရှိသော ထူးခြားချက်သည် မြတ်စွာဘုရား၏ လောကုတ္တရာဉာဏ်အမြင်နှင့် သဗ္ဗညုတဉာဏ်တော်ကို စောဒကတက်စရာ မရှိအောင် အတည်ပြုပေးလိုက်ခြင်း ဖြစ်ပေ၏။

[ရိုက်(စ်) ဒေးဗစ် ရေးသားသည့် 'ဒီဃနိကာယ'နှင့် ဖရန့်စစ္စတိုရီ ရေးသော 'သံဂီတိ' တို့ကို 'အကျဉ်းချုံ့၍ တင်ပြပါသည်။]

Now, such periods of dissolutions and re-evolutions of the world have been going on through eternity, and is well known to Buddhists throughout the world. It is no mere theory to those living in the Orient.

ယခု ထိုကဲ့သို့သော ကမ္ဘာပျက်စီးခြင်းနှင့် ပြန်လည်၍ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်ခြင်း အချိန်ကာလတို့သည် အစဉ်ထာဝရဖြစ်ပေါ်နေကြ၏။ ဤအကြောင်းအရာတို့သည် ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များ ကောင်းစွာ သိကြ၏၊ အရှေ့တိုင်း၌ နေထိုင်ကြသောသူတို့အဖို့ ဤအကြောင်းသည် သီအိုရီအယူအဆမျှသာ မဟုတ်ချေ။

Perhaps it is this early phase of life on the earth at a time when the world re-evolves that is looked forward to by certain Christian sects who speak of a 'New Heaven and a New Earth', though perhaps they do not realize it themselves.

ကမ္ဘာ ပြန်လည်၍ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်နေသောအချိန်

www.burmeseclassic.com

www.burmeseclassic.com



၌ ကမ္ဘာပေါ်တွင်ဖြစ်ပေါ်မည့်သက်ရှိတို့၏ ဤအစောပိုင်းအခြေအနေမျိုးကို 'ကောင်းကင်ဘုံအသစ်နှင့် ကမ္ဘာသစ်' ဟု အချို့သော ခရစ်ယာန်ဂိုဏ်းများက မျှော်မှန်း၍ပြောဆိုနေခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့ပါသော်လည်း ဤအကြောင်းအရာကို သူတို့ကိုယ်တိုင် မသိဘဲ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

Buddhists admit all this, but maintain that in as much as sentient existence continues through each new world cycle, there is no cessation of Suffering, even if we are to be the first to enjoy such happy conditions on a new and savoury Earth when the world begins to re-evolve. In fact, the Buddha explained that in three ways the world is destroyed (or dissolved), – by fire, water and wind. In whichever manner the world is dissolved, when the Earth re-evolves, conditions are as described herein.

ဗုဒ္ဓဘာသာဝင်တို့သည် ဤအကြောင်းအရာအားလုံးကို ယုံကြည်ကြောင်း ဝန်ခံကြ၏၊ သို့ရာတွင် ကမ္ဘာသံသရာအသစ် လည်ပတ်တိုင်း သက်ရှိလောက ဆက်လက်ဖြစ်ပွားသွားသော်လည်း ဆင်းရဲဒုက္ခ ချုပ်ငြိမ်းခြင်း မရှိကြောင်း ခံယူထားကြ၏။ ကမ္ဘာကြီး စတင်ကာ ပြန်လည်၍ အဆင့်ဆင့် ပြောင်းလဲသဖြင့် အနံ့အရသာ ဩဇာတို့နှင့် ပြည့်စုံသော မြေဆီ မြေလွှာ ပြည့်လျှမ်းနေသော ကမ္ဘာသစ်ပေါ်၌ ထို ပျော်စရာကောင်းသည့် အခြေအနေမျိုးကို ကျွန်ုပ်တို့သည် ပထမဦးဆုံး ခံစားရသည် ဖြစ်ပါစေ၊ ဆင်းရဲဒုက္ခသည် မချုပ်ငြိမ်းပါ။ အမှန်တွင် မြတ်စွာဘုရားသည် ကမ္ဘာပြိုကွဲပျက်စီးနိုင်သော အကြောင်းသုံးပါးကို ဟောင်းပြတော်မူ၏ – မီး၊ ရေ၊ လေ အသီးသီးကြောင့် ကမ္ဘာပျက်စီးနိုင်၏။ မည်သည့်နည်းဖြင့် ကမ္ဘာပျက်စီးသွားသည်ဖြစ်ပါစေ ကမ္ဘာသစ် ပြန်လည်ဖြစ်ပေါ်လာသည့်အခါ အခြေအနေများသည် ဖော်ပြခဲ့သည့်အတိုင်းပင် ဖြစ်၏။

The Buddha had Himself been through many such dissolutions of the world and re-evolutions, and had enjoyed heavenly conditions from time to time. Thus, through His own experiences He tells us rather than continue through such cycles in circles, birth itself must be stopped. For birth itself is Suffering.

မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင် ထိုသို့သော ကမ္ဘာပျက်ခြင်းနှင့် ကမ္ဘာပြန်လည်၍ အဆင့်ဆင့် ဖြစ်ပေါ်ခြင်းတို့ကို ကြုံဆုံခဲ့သည်၊ ကောင်းကင်ဘုံ အခြေအနေများ (နတ်ဘဝ၊ ဗြဟ္မာဘဝများ) ကိုလည်း ရံဖန်ရံခါ ခံစားခဲ့ပါသည်။ သို့ဖြစ်၍ သူ၏ကိုယ်ပိုင် အတွေ့အကြုံများမှတစ်ဆင့် သူသည် ကျွန်ုပ်တို့အား ထိုသို့သော ကမ္ဘာ သံသရာ၊ ဘဝသံသရာတွင် ကျင်လည်နေမည့်အစား ဇာတိကို ရပ်တန့်ရမည်ဟု ပြောပြတော်မူ၏။ အဘယ်ကြောင့်ဆိုသော် ဇာတိသည်ပင်လျှင် ဆင်းရဲဒုက္ခဖြစ်သည် မဟုတ်ပါလား။

Incidentally, it may be noted here that the 'New Heaven and New Earth' re-evolve from the matter of another dissolved universe. Nothing is destroyed.

www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာပင် 'ကောင်းကင်ဘုံ အသစ်နှင့် ကမ္ဘာသစ်' တ သည် ပျက်စီးသွားသော အခြားစကြဝဠာတစ်ခု၏ ဒြပ်သားမှ ဖြ လည်း၍ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာရခြင်း ဖြစ်သည်။ မည် သည့်အရာမျှ ပျက်စီးသွားခြင်း မရှိချေ။

## The Buddha's Silence
## မြတ်စွာဘုရား၏ ဆိတ်ဆိတ်နေခြင်း

Many were the questions asked of the Buddha. But He did not answer every question put to Him by His followers. If questions were irrelevant and not conducive to deliverance from bondage, that is to say, the recurring cycles of birth and death, He observed Silence.

မြတ်စွာဘုရားကို မေးခွန်း မြောက်မြားစွာ မေးမြန်းခဲ့ကြသည် သို့ရာတွင် မြတ်စွာဘုရားသည် သူ့အား သူ့တပည့်များ မေးမြန်းသော မေးခွန်းတိုင်းကို ဖြေဆိုခြင်း မပြုချေ။ အကယ်၍ မေးခွန်းများသည် မဆီမဆိုင်သော မေးခွန်းများဖြစ်လျှင် တစ်နည်း မွေးဖွားခြင်းနှင့် သေ ခြင်းတို့ အဖန်ဖန် ဖြစ်ရသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မှု အထောက်အကူမပြုလျှင် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ ၏။

For instance, there was once a young man named **Malunkyaputta** who had various speculations on whether the world was eternal or not eternal, whether the world was finite or infinite, and to this question, the Buddha made reply:-

> 'If it be the belief, Malunkyaputta, that the world is eternal, will there be the observance of the Holy Life? In such a case–No. If it be the belief, Malunkyaputta, that the world (i.e. Sorrow) is not eternal, will there be the observance of the Holy Life? In that case also–No. But, Malunkyaputta, whether the belief be that the world is eternal or that it is not eternal, undoubtedly, there is birth, there is old age, there is death... the extinction of which in this life itself I make known.

ဥပမာအားဖြင့် တစ်ချိန်က **မာလုကျပုတ္တ**အမည်ရသောလူငယ် တစ်ယောက်သည် လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ လောက သည် မမြဲဟူ၍လည်းကောင်း၊ လောကသည် အဆုံးရှိ၏ဟူ၍ လည်း ကောင်း၊ လောကသည် အဆုံးမရှိဟူ၍လည်းကောင်း စသည်ဖြင့် စိတ် ကူး အကြံအစည်များစွာရှိ၏။ ထိုသို့ သူမေးမြန်းသော မေးခွန်းများ ကို မြတ်စွာဘုရားသည် ဤသို့ ဖြေကြားတော်မူ၏ –

> 'မာလုကျပုတ္တ ... လောကသည် မြဲ၏ဟု အယူရှိ လတ်သော် မြတ်သောအကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ရာသလော။ ဤသို့အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ၊ လောကသည် မမြဲဟု အယူရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလော။ ဤသို့ အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ ... လောကသည် မြဲ၏ဟု အယူရှိလျှင်သော်လည်းကောင်း၊ လောကသည် မမြဲဟု အယူရှိလျှင်သော်လည်းကောင်း၊ ပဋိသန္ဓေနေရခြင်းသည် ရှိသည်သာတည်း၊ အိုရခြင်းသည် ရှိသည်သာတည်း၊ သေရခြင်းသည် ရှိသည်သာတည်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ရှိကုန်သည်သာတည်း။ ယင်းတရားတို့ကို မျက်မှောက်သော ကိုယ်၏ အဖြစ်နှင့်ပင် ပျက်စီးရမည်ဟု ငါ ပညတ်၏။

'Malunkyaputta, I have not revealed whether the world is eternal or not eternal; whether the world is finite or infinite. Why have I not revealed these? Because these are not profitable, do not concern the bases of holiness, are not conducive to aversion, to passionlessness, to cessation, to tranquility, to intuitive wisdom, to enlightenment, or to Nibbāna (i.e. the Deathless state). Therefore I have not revealed these.'

(Majjhima Nikāya--Cula--Mālunkyaputta Sutta, No.63).



'မာလုကျပုတ္တ ... လောကသည် မြဲ၏ဟု ငါ မဟောကြား၊ လောကသည် မမြဲဟု ငါ မဟောကြား၊ လောကသည် အဆုံးရှိ၏ဟု ငါ မဟောကြား၊ လောကသည် အဆုံးမရှိဟု ငါမဟောကြား၊ အဘယ့်ကြောင့် ငါ မဟောကြားသနည်း၊ မာလုကျပုတ္တ ...ထိုအကြောင်းသည် အကျိုးစီးပွားနှင့် မစပ်၊ မြတ်သော သာသနာတော်၏ အစအနမှုလည်း မဖြစ်၊ ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာ မဖြစ်နိုင်၊ ရာဂကင်းခြင်းငှာ မဖြစ်နိုင်၊ ရာဂ ချုပ်ခြင်းငှာ မဖြစ်နိုင်၊ ကိလေသာမီး ငြိမ်းအေးခြင်းငှာ မဖြစ်နိုင်၊ ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ မဖြစ်နိုင်၊ သစ္စာလေးပါးကို သိခြင်းငှာ မဖြစ်နိုင်၊ သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ မဖြစ်နိုင်၊ ထို့ကြောင့် ထိုအကြောင်းအရာကို ငါမဟောကြား။

(မဇ္ဈိမ နိကာယ – စူဠမာလုကျပုတ္တသုတ်၊ နံပါတ်၆၃)

Sometimes people made inquiry concerning the Deathless State of Nibbāna. Here, too, the Buddha observed Silence. For, Nibbāna is beyond imagination and description and the Buddha made no attempt to depict it, knowing that any such attempt would only present a false picture which would raise itself objectively--a deceptive goal--before the mind striving for liberation. The mind creates concepts and is shackled by them; this is part of the mental

www.burmeseclassic.com

www.burmeseclassic.com



craving for ideas. Hence, Nibbāna cannot be described, though Nibbāna can be experienced here in this very life.

တစ်ခါတစ်ရံတွင် လူတို့သည် သေခြင်းကင်းသော အခြေအနေ ဖြစ်သည့် နိဗ္ဗာန်နှင့် ပတ်သက်၍ စုံစမ်းမှုများကို ပြုလုပ်ကြသည် ဤနေရာ၌လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်သည် စိတ်ကူးကြံဆခြင်းနှင့် သရုပ်ဖော်ခြင်းတို့ကို လွန်မြောက်နေသော သဘောဖြစ်၍ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို သရုပ်ဖော်ရန် မကြိုးပမ်းချေ။ အကယ်၍ သရုပ်ဖော်လျှင်လည်း မှားယွင်းသော ပုံသဏ္ဌာန်ကိုသာ တင်ပြနိုင်မည်ဖြစ် ထိုသဏ္ဌာန်များသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အားထုတ်နေသော စိတ်၏ ရှေ့မှောက်၌ လှည့်စားထားသော ပန်းတိုင် အဖြ ဖြင့် အာရုံထင်ပေါ်လာစေမည်ဖြစ်သောကြောင့်တည်း။ စိတ်သည် ယူဆချက်များကို ဖန်တီးပြီးလျှင် ထိုယူဆချက်များဖြင့် အနှောင်အဖွဲ့ ခံရသည်၊ ဤကား စိတ်ကူးထည်များကို တပ်မက်တွယ်တာမှု၏ တင် စိတ် တစ်ဒေသ ဖြစ်၏။ ဤအကြောင်းတို့ကြောင့် နိဗ္ဗာန်ကို သရုပ်ဖော်ပြ၍ မရပါ။ သို့ပါသော်လည်း နိဗ္ဗာန်ကို ဤနေရာ ဤဘဝ၌ပင်လျှင် ကိုယ်တိုင်တွေ့ကြုံသိရှိနိုင်သည်။

A beautiful and interesting fable related by the late **Silācāra Thero** brings this point out well.

'Once upon a time there was a fish. And just because it was a fish, it had lived all its life in the water and knew nothing whatever about anything else but water. And one day as it swam about in the pond where all its days had been spent, it happened to meet a turtle of its acquaintance who had just come back from a little excursion on the land.



**သီလာစာရထေရ်**ပြောပြသော လှပ၍စိတ်ဝင်စားဖွယ်ကောင်းသည့် ပုံပြင်သည် ဤအချက်ကို ကောင်းစွာထင်ရှားစေပါသည်။

'လွန်လေပြီးသောအခါက ငါးတစ်ကောင် ရှိ၏၊ ငါးတစ်ကောင်ဖြစ်သည့် အကြောင်းကြောင့် ၎င်း၏ တစ်သက်လုံး ရေထဲ၌သာ နေထိုင်ခဲ့ပြီးလျှင် ရေမှလွဲ၍ အခြား မည်သည့်အကြောင်းအရာကိုမျှ မသိချေ။ ထို့နောက် တစ်နေ့တွင် ထိုငါးသည် ၎င်း၏ နေ့အားလုံးကို ကုန်လွန်စေခဲ့သော ရေကန်အတွင်း၌ ကူးသန်းနေစဉ် ၎င်းသိကျွမ်းသည့် လိပ်တစ်ကောင်ကို ဆုံတွေ့မိ၏။ ထိုလိပ်သည် ကုန်းပေါ်၌ လေ့လာရေး ခရီး အနည်းငယ်ထွက်ပြီးနောက် ပြန်ရောက်လာခါစ ဖြစ်၏။

"Good day, Mr. Turtle!" said the fish: "I have not seen you for a long time. Where have you been?"

"O", said the turtle, "I've just been for a trip on dry land."

"On dry land!" exclaimed the fish: "What do you mean by 'on dry land'? There is no dry land. I had never seen such a thing. Dry land is nothing."

"Well", said the turtle good-naturedly, "if you want to think so, of course you may; there's no one

www.burmeseclassic.com

www.burmeseclassic.com



who can hinder you. But that's where I've been, al the same."

"O come", said the fish, "try to talk sense. Jus tell me now what is this land of yours like? Is it al wet?"

"No, it is not wet", said the turtle.

"Is it nice and fresh and cool?" asked the fish

"No, it is not nice and fresh and cool", the turtl replied.

"မင်္ဂလာနေ့ခင်းပါ ... ကိုရွှေလိပ်၊ ကျွန်ုပ် သင့်ကို မမြင်ရတာ ကြာပြီ၊ သင်ဘယ်ရောက်နေသလဲ" ငါးက ပြော၏။

"အို ... ခြောက်သွေ့တဲ့ ကုန်းမြေပေါ်မှာ ငါ ခုနတုန်းက ခရီး ထွက်နေလို့ပါ" လိပ်က ပြော၏။

"ခြောက်သွေ့တဲ့ကုန်းမြေ ...'ခြောက်သွေ့တဲ့ကုန်းမြေ' ဆိုတာ သင် ဘာကို ဆိုလိုသလဲ၊ ခြောက်သွေ့တဲ့ကုန်းမြေဆိုတာ မရှိပါဘူး၊ အဲသလို အရာမျိုးကို ငါ တစ်ခါမှ မတွေ့ဖူးဘူး၊ ခြောက်သွေ့တဲ့ကုန်း မြေဆိုတာ ဘာမှ မဟုတ်ပါဘူး" ငါးက အံ့သြစွာ ပြော၏။

"ကောင်းပြီ" လိပ်က ကောင်းသောစိတ်ထားနှင့် ပြော၏။ "မင်း အဲသလို ထင်ရင် ထင်နိုင်ပါတယ်၊ မင်းကို တားဆီးနိုင်တဲ့သူ တစ် ယောက်မှ မရှိပါဘူး၊ ဒါပေမဲ့ ငါရောက်ခဲ့တဲ့နေရာက အဲဒီ ခြောက် သွေ့တဲ့ ကုန်းမြေပါပဲ"

"အို ... လာစမ်းပါ၊ အဓိပ္ပာယ်ရှိတာကို ပြောစမ်းပါ၊ သင် ပြော



တဲ့ ကုန်းမြေဆိုတာ ဘာနဲ့တူသလဲဆိုတာကို ကျွန်ုပ်ကို ပြောပြစမ်းပါ၊ အဲဒီကုန်းမြေက အားလုံး စိုစွတ်နေသလား" ငါးက မေး၏။

"ဟင့်အင်း ... ကုန်းမြေဆိုတာ မစိုစွတ်ဘူး" လိပ်က ဖြေ၏။

"ကုန်းမြေဟာ ကောင်းမွန်လန်းဆန်းပြီး အေးမြသလား" ငါး က ထပ်မေး၏။

"ဟင့်အင်း ... ကုန်းမြေက ကောင်းမွန်လန်းဆန်း အေးမြခြင်း မရှိဘူး" လိပ်က ပြန်ပြော၏။

"Is it clear, so that light can come through it?"

"No, it is not clear: light cannot come through it."

"Is it soft and yielding; so that I could move my fins about in it and push my nose through it?"

"No, it is not soft and yielding; you could not swim in it."

"Does it move or flow in streams?"

"No, it neither moves nor flows in streams."

"Does it ever rise up into waves, then, with white foam in them?" asked the fish, becoming just a little impatient at this string of Noes.

"No", replied the turtle truthfully: "it never rises up into waves that I have seen."

"ကုန်းမြေဆိုတာ ကြည်လင်ပြီး အလင်းဖောက်ထွင်းသွားနိုင် သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...မကြည်လင်ဘူး၊ အလင်းဖောက်ထွင်းပြီး မသွားနိုင်ဘူး"

"ကုန်းမြေဆိုတာ ၎င်းအထဲမှာ ကျွန်ုပ်ရဲ့ဆူးတောင်တွေကို လှုပ်ရှားပြီး ကျွန်ုပ်ရဲ့နှာခေါင်းကို တွန်းသွားနိုင်အောင် ပျော့ပျောင်းပြီး နေရာဖယ်ရှားပေးတတ်သလား"

"ဟင့်အင်း...ကုန်းမြေဆိုတာ မပျော့ပျောင်းဘူး၊ နေရာမဖယ်ရှားပေးတတ်ဘူး၊ ကုန်းမြေထဲမှာ မင်းကူးသန်းသွားလို့မရဘူး"

"ကုန်းမြေက ရွေ့လျားတတ်သလား၊ စမ်းချောင်းများလို စီးဆင်းတတ်သလား"

"ဟင့်အင်း...ကုန်းမြေက ရွေ့လဲ မရွေ့လျားဘူး၊ စမ်းချောင်းများလိုလဲ စီးဆင်းပြီး မသွားဘူး"

"ဒီလိုဆိုရင် ကုန်းမြေက ဖြူဖွေးတဲ့ အမြှုပ်များနဲ့တကွ လှိုင်းများ အသွင်နဲ့ ကြွတက်တတ်သလား" ငါးက 'မဟုတ်ဘူး'တွေ စီတန်းနေတာကို စိတ်မရှည်တော့သည့်ဟန်နှင့် မေးလိုက်၏။

"မဟုတ်ဘူး" လိပ်က မှန်ကန်စွာ ဖြေကြားလိုက်၏။ "ကုန်းမြေဟာ ငါမြင်ဖူးသလောက် ဘယ်အခါကမှ လှိုင်းများအသွင်နဲ့ ကြွတက်မလာဘူး"

"There Now!" exclaimed the fish triumphantly. "Didn't I tell that this land of yours was just nothing? I have just asked, and you have answered me that it is neither wet nor cool, not clear nor soft and that it does not flow in streams nor rise up into waves. And if it isn't a single one of these things what else is it, but nothing? Don't tell me!"



"Well, Well", said the turtle, "if you are determined to think that dry land is nothing, I suppose you must just go on thinking so. But any one who knows what is water and what is land would say you were just a very silly fish, for you think that anything you have never known is nothing just because you have never known it".

"And with that the turtle turned away and, leaving the fish behind in its little pond of water, set out on another excursion over the land that was nothing." [1]

1. Ven. Narada, The Buddha Dhamma.

"ကဲ...ကြည့်" ငါးက အာမေဍိတ်သံဖြင့် အောင်မြင်စွာ ပြောလိုက်၏။ "ကျွန်ုပ် သင့်ကိုမပြောဘူးလား၊ ဒီကုန်းမြေဆိုတာ ဘာမှမဟုတ်ပါဘူးလို့၊ ကျွန်ုပ် ခုတင်က မေးပြီး သင်က ဖြေကြားပေးခဲ့တယ်၊ ကုန်းမြေဟာ စိုလဲ မစိုစွတ်ဘူး၊ အေးလဲ မအေးမြဘူး၊ ကြည်လဲ မကြည်လင်ဘူး၊ ပျော့လဲ မပျော့ပျောင်းဘူး၊ စမ်းချောင်းတွေလိုလဲ မစီးဆင်းဘူး၊ လှိုင်းများအသွင်နဲ့လဲ မကြွတက်ဘူး၊ ဒါတွေ တစ်ခုမှ မဟုတ်ဘူးဆိုလျှင် တခြားဘာဖြစ်နိုင်ဦးမလဲ၊ ဒါကြောင့်ဘာမှမဟုတ်ဘူးပေါ့၊ ကျွန်ုပ်ကို မပြောပြနဲ့တော့"

"ကောင်းပြီ...ကောင်းပြီ" လိပ်က ပြော၏။ "အကယ်လို့ မင်းက ကုန်းမြေဟာ ဘာမှမဟုတ်ဘူးလို့ စဉ်းစားဖို့ ဆုံးဖြတ်ထားရင်

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပဲ မင်း ဆက်ပြီး စဉ်းစားပါတော့လို့ ငါ ယူဆတယ်၊ ဒါမေမဲ့ ရေက ဘာလဲ၊ ကုန်းမြေက ဘာလဲလို့ သိတဲ့လူတိုင်းက မင်းဟာ အင်မတန် မိုက်မဲတဲ့ ငါးပဲလို့ ပြောဆိုလိမ့်မယ်၊ ဘာကြောင့်လဲ ဆိုတော့ မင်း တစ်ခါမှ မသိဖူးတဲ့ အရာတစ်ခုကို မင်း ဘယ်အခါကမှ မသိဖူးတဲ့အကြောင်း တစ်ခုတည်းနဲ့ ဘာမှ မဟုတ်ဘူးလို့ မင်းထင်မှတ်တဲ့ အတွက်ပဲ"

ဤသို့ ပြောဆိုပြီးနောက် လိပ်သည် လှည့်ထွက်သွား၏။ ငါးကို ၎င်း၏ ရေကန်ငယ်၌ ချန်ရစ်ထားကာ ဘာမျှမဟုတ်ဘူး ဆိုသည့် ကုန်းမြေပေါ်၌ နောက်ထပ် လေ့လာရေးခရီး ပြုလုပ်ရန် ထွက်ခွာသွားလေ၏။

(ဆရာတော် ဘဒ္ဒန္တ နာရဒ၏ 'ဗုဒ္ဓဓမ္မ' စာအုပ်မှ)

It is evident from this fable that neither the turtle, which is acquainted with both land and sea could explain to the fish the real nature of the land, nor could the fish understand what land is as it is acquainted only with the sea. In the same way the Arahats who are acquainted with both the mundane and the supramundane cannot explain to a worldling what the supramundane exactly is by mundane terms, nor can a worldling understand the supramundane merely by mundane knowledge.

ဤပုံပြင်မှ ထင်ရှားစွာ သိရသောအချက်မှာ လိပ်သည် ကုန်းမြေနှင့် ရေပြင်လယ် နှစ်မျိုးလုံးကို သိကျွမ်းပါသော်လည်း ကုန်းမြေ၏ အစစ်အမှန် သဘာဝကို ငါးအား မရှင်းပြနိုင်ပါ။ ငါးသည်လည်း ရေပြင်လယ်နှင့်သာ သိကျွမ်းမှုရှိသဖြင့် ကုန်းမြေ မည်သို့ဖြစ်သည်ကို နားမလည်နိုင်ပါ။ ထိုနည်းတူစွာ ရဟန္တာများသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော တရားများကို သိကျွမ်းပါသော်လည်း လောကုတ္တရာဟူသည် မည်သို့ အတိအကျဖြစ်သည်ကို လောကီဝေါဟာရများဖြင့် ပုထုဇဉ်တစ်ဦးအား မရှင်းပြနိုင်ပါ။ ပုထုဇဉ်တစ်ဦးကလည်း မိမိ၌ရှိသော လောကီအသိ ဗဟုသုတမျှဖြင့် လောကုတ္တရာတရားကို နားမလည်နိုင်ပါ။



Thus, rather than give his hearers a wrong impression, in His Wisdom, the Buddha observed Silence on such metaphysical questions, as they did not concern the main issue. This Silence has unfortunately been misinterpreted: sometimes by biassed writers; sometimes by uniformed writers, thereby conveying a false impression of the Buddha's teachings to those who might otherwise profit by His Message.

သို့ဖြစ်၍ သူ၏ ကြားနာသူများကို လွဲမှားသော ထင်မြင်ချက် ဖြစ်ပေါ်စေခြင်းငှာ မြတ်စွာဘုရားသည် ဉာဏ်အမြော်အမြင် ရှိသည် ဖြစ်၍ ရုပ်နာမ်ဖြစ်ရပ် နယ်ပယ်ကို လွန်မြောက်သွားသော မေးခွန်းများကို ဖြေကြားခြင်း မပြုဘဲ ဆိတ်ဆိတ်နေ တော်မူ၏။ အခြား

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ရပ်မှာ ထိုမေးခွန်းများသည် အဓိက အကြောင်းအရာနှင့် မသက်ဆိုင်ဘဲ ဖြေကြားလျှင်လည်း အကျိုးမရှိခြင်းကြောင့် ဖြစ်သည်။

ဤသို့ ဆိတ်ဆိတ်နေတော်မူခြင်းကို ကံမကောင်း အကြောင်း မလှစွာပင် တစ်ခါတစ်ရံတွင် တစ်ဖက်စောင်းနင်းအမြင်ရှိကြသည့် စာရေးဆရာများက တလွဲတချော် အဓိပ္ပာယ်ဖော်ကြသည်။ တစ်ခါတစ်ရံတွင် မသိနားမလည်ကြသော စာရေးသူများက လွဲချော်စွာ အဓိပ္ပာယ်ကောက်ကြသည်။ သူတို့၏ လွဲမှားသော ရေးသားမှုများသည် မြတ်စွာဘုရား ၏ တရားတော်များကို မှန်မှန်ကန်ကန် လေ့လာခွင့်ရလျှင် အကျိုးဖြစ်ထွန်းခွင့် ရကြမည့်သူတို့အား လွဲမှားသော ထင်မြင်ချက်ကို ရရှိစေပါသည်။

It might be added that the Buddha did not teach all that He knew. For, on one occasion whilst passing through a forest, He took a handful of leaves and said: 'O Bhikkhus, are there more leaves in my hand or more leaves in the forest yonder?' and they replied, 'There are more leaves in the forest, Lord'. 'Yea, what I have taught you is like the leaves in my hand, but what I know is like the leaves in the forest', He then said.

ထပ်မံ၍တင်ပြလိုသည်မှာ မြတ်စွာဘုရားသည် သူသိသမျှတရားအားလုံးကို ဟောကြား သင်ပြပေးခြင်း မပြုပေ။ တစ်ချိန်က ယင်း



တိုက်တောကို ဖြတ်သန်းနေစဉ် သစ်ရွက်တစ်ဆုပ်ကို ကောက်ယူပြီးလျှင် ...

'အို... ရဟန်းတို့၊ ငါ့လက်မှာ ရှိသည့် သစ်ရွက်များနှင့် သစ်တောတစ်တောလုံးမှာ ရှိသည့် သစ်ရွက်များအနက် အဘယ်သစ်ရွက်က ပိုများသနည်း' ဟု မေးတော်မူ၏။

'သစ်တော တစ်တောလုံးမှာ ရှိသည့် သစ်ရွက်များက ပိုများပါသည် အရှင်ဘုရား' ဟု ရဟန်းတို့က ဖြေကြားကြ၏။

'မှန်ပေသည် ...ချစ်သားတို့၊ သင်တို့အား ငါ ဟောကြားခဲ့သော တရားတော်များသည် ငါ့လက်ထဲမှာ ရှိသည့် သစ်ရွက်များနှင့် တူ၏၊ ငါသိတော်မူသော တရားများသည် သစ်တောတစ်ခုလုံးမှာရှိသည့် သစ်ရွက်များနှင့်တူ၏' ဟု မြတ်စွာဘုရား မိန့်ဆိုတော်မူ၏။

The Buddha taught mankind only what was absolutely essential for emancipation. Even so, He has forestalled many a scientist and philosopher of today.

မြတ်စွာဘုရားသည် လူသားတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် အမှန်တကယ် အတိအကျ လိုအပ်သော တရားများကိုသာ ဟောကြားတော်မူသည်။ သို့စဉ်လျက်လည်း မြတ်စွာဘုရားသည် ယခုခေတ် သိပ္ပံပညာရှင်များစွာနှင့် ဒဿနိက ပညာရှင်များစွာတို့ထက် ပို၍ဦးအောင် အမှန်တရားများကို ဟောကြားညွှန်ပြတော်မူခဲ့ပြီး ရှေ့က ကြွသွားလျက်ရှိတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

# Chapter IV

## အခန်း (၄)

## Kamma and the Life-flux-Santati

## ကံနှင့်အသက်စီးကြောင်း-သန္တတိ

THUS, in brief, we have seen that the Buddha does not attempt to explain the origin of life to mere worldlings who are more concerned with First Causes than with the leading of spiritual lives.

ဤသို့လျှင် မြတ်စွာဘုရားသည် ပုထုဇဉ်မှုဖြစ်ကြသော သူတို့အား သက်ရှိဘဝ၏ မူလအစကို ရှင်းပြရန် မကြိုးပမ်းခဲ့ကြောင်းကို အကျဉ်းအားဖြင့် ကျွန်ုပ်တို့ မြင်သိခဲ့ကြရပြီ။ ဤပုထုဇဉ်တို့သည် ဘာသာတရားနှင့်အညီ နေထိုင်ခြင်းထက် ပထမအကြောင်းတရားများကို ရှာဖွေရန် ပို၍စိတ်ဝင်စားနေကြသည်။

At the same time there is the assurance that if a worldling bides his time, living well the holy life,



e can realize for himself, when he too reaches the al, the intricate workings of the cosmos and find e answers to those questions that once baffled m so much. 'For', says the Buddha, 'Moral and rtuous Wanderers (Ascetics) and Brahmans (i.e. iests) do not force maturity on that which is nripe; they, being wise, wait for that maturity.'[1]

(1. Pāyāsi Sutta, Dig. Nik. by Rhys Davids.)

တစ်ချိန်တည်း၌ပင် အကယ်၍ ပုထုဇဉ်သည် အခွင့်ကောင်းကို စောင့်ဆိုင်း၍ မြင့်မြတ်သောဘဝကို ကောင်းစွာ နေထိုင်သွားမည် ဆိုက သူသည်လည်း ပန်းတိုင်သို့ ရောက်ရှိလိမ့်မည်၊ ထိုအခါ စကြဝဠာ၏ အသေးစိတ်လုပ်ကိုင်ပုံများကို သူကိုယ်တိုင် သိရှိလာပြီးလျှင် သူ့အား လွန်စွာစိတ်ရှုပ်ထွေးစေခဲ့သော မေးခွန်းများ၏ အဖြေတို့ကို ရှာတွေ့လာရမည်ဟု အာမခံချက် ရှိပါသည်။

အကြောင်းမှာ ကိုယ်ကျင့်ကောင်း၍ မွန်မြတ်သော လှည့်လည်သူများ (ရသေ့များ) နှင့် ဗြာဟ္မဏများ (ဘုန်းတော်ကြီးများ) သည် မှည့်ဝင်းသေးသော အရာကို မှည့်ဝင်းလာအောင် အတင်းအကြပ် မပြုကြချေ။ သူတို့သည် ပညာရှိကြသည်ဖြစ်၍ မှည့်ဝင်းလာမည့် အချိန်ကို စောင့်ဆိုင်းကြသည်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်။ [၁]

(၁။ ပါယာသိသုတ်၊ ဒီဃနိကာယ်)

It is wrong, therefore, to assert that the Buddha was 'Agnostic' on certain issues as is sometimes

www.burmeseclassic.com

www.burmeseclassic.com



sought to be made out by some uninformed write The Buddha is known as the Fully Enlightened O And, He always knew. He observed Silence when it was to the spiritual advantage of his qu tioner, and not because He seemed to say wit Himself – Agnosco – 'I do not know!'

ထို့ကြောင့် အချို့သော အသိအမြင် ဗဟုသုတ နည်းပါးကြသ စာရေးဆရာများက တစ်ခါတစ်ရံ ရှာဖွေရေးသား ဖော်ပြသလို အ သော အကြောင်းအရာများ၏ အရင်းအမြစ်များကို မသိနိုင်ဟု မြ စွာဘုရား ခံယူထားကြောင်း အတိအကျ ပြောဆိုခြင်းသည် မမှန်က ပါ။ မြတ်စွာဘုရားသည် တရားအလုံးစုံကို သိမြင်တော်မူသေ သဗ္ဗညုတ ဉာဏ်ပိုင်ရှင် သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်တော်မူပါသည်။ ဖြစ်၍ သူသည် အမြဲသိရှိတော်မူပါသည်။ မေးခွန်း မေးမြန်းသူ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုကို ရှေးရှုသောအခါမျိုး၌သာ မြ စွာဘုရားသည် တိတ်ဆိတ်မှုကို စောင့်ထိန်းတော်မူပါသည်။ သူ စိတ်ထဲ၌ 'ငါ မသိဘူး'ဟု ပြောပြလိုသည့်အတွက် သူ တိတ်ဆ ဆိတ်ဆိတ် နေတော်မူခြင်း မဟုတ်ပါ။

He denied the postulated Supreme Godhea Creator, the unchanging soul and eternal heave the theist. Brushing aside irrelevant questions, Buddha takes for its starting point the 'being', a is, here and now, and traces back the cause of conditioned existence. And says that it is the eriences of the past that have produced the present being. These experiences constituted no more nor less than all the good and evil acts of the individual. This is called Kamma.

ဘုရားသခင် ရှိသည်ဟု ယုံကြည်သူတို့က မဆန်းစစ်ဘဲ အမှန် ခံယူထားသော အနန္တ တန်ခိုးရှင် ထာဝရဘုရားသခင် သို့မဟုတ် ဆင်းရှင်၊ မပြောင်းလဲသော ဝိညာဉ်နှင့် ထာဝရကောင်းကင်ဘုံတို့ မြတ်စွာဘုရား ငြင်းပယ်တော်မူသည်။ မဆီဆိုင်သော မေးခွန်းများ ပယ်ရှား၍ မြတ်စွာဘုရားသည် စတင်ရန် အမှတ်အဖြစ်'သတ္တဝါ' ဤနေရာ ဤအခါ၌ ၎င်းအရှိအတိုင်း ယူငင်ပြီးလျှင် ၎င်း၏ ပြု စီရင်ထားသော တည်နေမှု၏ အကြောင်းရင်းကို နောက်ပြန် ခြေ ကောက်တော်မူသည်။ သူတွေ့ရသော အဖြေမှာ အတိတ်မှ အတွေ့ ကြုံများ (အကြောင်းတရားများ) က လက်ရှိသတ္တဝါကို ဖြစ်ပေါ်စေ ဖြစ်သည်ဟု သူ မိန့်ဆိုတော်မူ၏။ ဤအတွေ့အကြုံများ ဟူသည် ထိုသတ္တဝါက ပြုလုပ်ခဲ့သော ကောင်းသည့်အပြုအမူများနှင့် ဆိုး သော အပြုအမူများပင် အပိုအလိုမရှိဘဲ အတိအကျ ဖြစ်ပေ၏။ ဤ ပြုအမူများကို ကမ္မ = ကံဟု ခေါ်ပါသည်။

Life or existence, whether in celestial or in the wer forms of consciousness, is conditioned by our amma which may be likened to a force like ectricity. It is this force that finds manifestation various states of consciousness, whether on a ss or subtle and refined level, on the principle,

www.burmeseclassic.com

www.burmeseclassic.com



that 'wheresoever your treasure is there will your heart be also'.

အသက် သို့မဟုတ် ဘဝသည် နတ်ပြည်၌ ဖြစ်သည်ဖြစ်စေ၊ အ ရှုံးသိမှု(စိတ်)၏ နိမ့်ကျသော ပုံသဏ္ဌာန်များ၌ ဖြစ်သည်ဖြစ်စေ ကျွန် တို့၏ ကံက ပြုပြင်စီရင်ပေးသည့်အတိုင်း ဖြစ်ရ၏။ ဤကံကို လျှ စစ် ကဲ့သို့သော အား(ဝါ) စွမ်းအားနှင့် နှိုင်းယှဉ်နိုင်၏။ ဤကံ အားကပင်လျှင် သတ္တဝါတို့အား စိတ်၏အခြေအနေအမျိုးမျိုး၌ ဖြ လာအောင် အကောင်အထည်ဖော်ပေး၏။ ထိုအကောင်အထည် ပေးသော နေရာသည် ရုန့်ရင်းကြမ်းတမ်းသော ဘုံ၌ ဖြစ်ချင်ဖြစ်မည် သိမ်မွေ့ပြီး ကောင်းမွန်သော ဘုံ၌ ဖြစ်ချင်ဖြစ်မည်။ 'သင်၏ ရတ ရှိသည့် နေရာ၌ သင်၏ နှလုံးသား ရှိလိမ့်မည်'ဟူသော သဘောတ အရ ကံက ပုံဖော်ပေးခြင်း ဖြစ်၏။

In other words, our forms, such as god, godling (deva), man, animal, ghost, and so on are mere the outward manifestations of this invisible Kammic force. This all pervading force carries with it all our innate characteristics, which usually lie latent, but may rise to the surface at unexpected moments, thus making it difficult for any one to judge another. From the Buddhist point of view therefore it is also meaningless to talk of 'hating the sin and loving the sinner'. For, apart from the act of sinning there is really no 'sinner'.

တစ်နည်းဆိုသော် ဗြဟ္မာ၊ နတ်(ဒေဝ)၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ သော ကျွန်ုပ်တို့၏ ပုံသဏ္ဌာန်များသည် ဤမမြင်နိုင်သော ကံစွမ်း ၏ အပြင်ပန်း ပုံသဏ္ဌာန်များမျှသာ ဖြစ်ကြပါ၏။ ဤအလုံးစုံ ပျံ့နှံ့နေသော စွမ်းအားသည် ၎င်းနှင့်အတူ ကျွန်ုပ်တို့၏ မွေး ထူးခြားသည့် အမူအကျင့် လက္ခဏာများကို သယ်ဆောင်လာ ဤထူးခြားသည့် လက္ခဏာများသည် ငုပ်လျှိုးနေလေ့ရှိပြီးလျှင် လင့်ထားသော အချိန်အခါများ၌ မျက်နှာပြင်သို့ ပေါ်လွင် များလာတတ်၏။ သို့အတွက် လူတစ်ယောက်က အခြား တစ် ကို အကဲဖြတ်ရန် ခက်ခဲအောင် ကံက လုပ်ဆောင်၏။ ဤ ကြောင်းကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ ရှုထောင့်မှ ကြည့်လျှင် ပြစ်ကို မုန်းတီး၍ အပြစ်ကျူးလွန်သူကို ချစ်ခင်၏'ဟူသော စကား အဓိပ္ပာယ် မရှိချေ။ အဘယ်ကြောင့်ဆိုသော် အပြစ်ကျူးလွန် အပြုအမူမှတစ်ပါး 'အပြစ်ကျူးလွန်သူ'ဟူ၍ အမှန်တကယ် ခြင်းကြောင့်တည်း။

If this position is understood, one will be able to understand readily th t the outward forms are merely the vessels which hold the Kammic energy. A man does not really become a dog in one birth or does a dog, for instance, become a man in a subsequent birth. But the force which once manifested itself in the form of a man, can manifest its energies at other times as a god, godling (deva), animal, ghost, or man (again), etc., in much the same

www.burmeseclassic.com

www.burmeseclassic.com



way as electricity manifests its energy in bulbs of different colours and different voltages. In other words, the external phenomena, such as gods, godlings,(deva), beasts, ghosts, men, etc., are mere the receptacles which hold the kammic energy of the individual life-flux.

ဤအခြေအနေကို သိနားလည်ပြီးလျှင် ပြင်ပ ပုံသဏ္ဌာန်များ သည် ကံစွမ်းအင်ကို ထိန်းသိမ်းထားသည့် ထည့်စရာ ခွက်များမျှသာ ဖြစ်သည်ကို အလွယ်တကူပင် နားလည်နိုင်ပါလိမ့်မည်။ လူ တ ယောက်သည် တစ်ဘဝတည်းဖြင့် ခွေးတစ်ကောင် အမှန်တကယ် မဖြစ်လာပါ၊ ခွေးတစ်ကောင်သည်လည်း ဥပမာအားဖြင့် နောက်ဘ ၌ လူတစ်ယောက် ဖြစ်မလာပါ။ သို့ရာတွင် လူတစ်ယောက်ပုံသဏ္ဌာ ဖြင့် တစ်ချိန်က အကောင်အထည်ပေါ်လာသော ကံစွမ်းအားသ အခြားသော အချိန်များ၌ ၎င်း၏ စွမ်းအင်များကို ဗြဟ္မာ၊ နတ်(ဒေ တိရစ္ဆာန်၊ ပြိတ္တာ သို့မဟုတ် လူ(တစ်ဖန်) စသည်အနေဖြင့် အကော အထည် ပေါ်လာစေနိုင်ပါသည်။ ဤသို့ အကောင်အထည်ပေါ်လ ခြင်းသည် လျှပ်စစ်ဓာတ်က ၎င်း၏ စွမ်းအင်ကို အရောင်အမျိုးမျိုး နှင့် ဗို့အား အမျိုးမျိုးရှိသည့် မီးသီးများ၌ အသွင်အမျိုးမျိုး ဖြစ်ပေါ် ခြင်းနှင့် ဆင်တူပါသည်။ တစ်နည်းဆိုသော် ဗြဟ္မာများ၊ နတ်မျ (ဒေဝ များ)၊ သားရဲတိရစ္ဆာန်များ၊ ပြိတ္တာများ၊ လူများ စသည့် ပြ ရုပ်နာမ် ဖြစ်ရပ်များသည် ပုဂ္ဂိုလ် တစ်ဦးစီ၏ အသက် စီးကြော ဟူသော ကံစွမ်းအင်ကို ထိန်းသိမ်းထားသော ထည့်စရာ ခွက်မျ သာ ဖြစ်ကြသည်။

(လျှပ်စစ်စွမ်းအင်သည် လျှပ်စီးကြောင်းအဖြစ် စီးနေသလို ကံ အင်သည်လည်း အသက်စီးကြောင်းအသွင်ဖြင့် စီးနေ၏။)

mma ကံ

At this stage a brief explanation of Kamma uld be useful. Leaving aside all its technical ects, which must be gone into more thoroughly en one is sufficiently interested in the subject to eak away the veil of Ignorance (Avijjā) that shrouds the minds of many, Kamma may be scribed as the result of CRAVING in its diverse ms. This Craving it is that generates the driving ce of Kamma.

ဤအဆင့်၌ ကံအကြောင်းကို အကျဉ်းမျှ ရှင်းပြလျှင် အသုံးကျ မည်။ ကံအကြောင်းကို အလုံအလောက် စိတ်ဝင်စားလာသည့် ကံ၏ ပညာရပ်ဆိုင်ရာ အသေးစိတ် အချက်အလက်များကို ပို က်နှိုက်ချွတ်ချွတ် လေ့လာရန် ပါလိမ့်မည်။ သို့မှသာ လူများ ၏ စိတ်များကို ဖုံးလွှမ်းထားသော မသိမှု(အဝိဇ္ဇာ)၏ ဇာလွှာ ဖောက်ခွဲနိုင်ပေလိမ့်မည်။ ယခု ထိုအသေးစိတ် အချက်အလက် ကို ဘေးဖယ်ထားလိုက်လျှင် ကံသည် ထူးထွေ များပြားသော င်များအဖြစ် ရှိသည့် ပြင်းပြစွာ လိုချင်တပ်မက်မှု၏ အကျိုး ဖြစ်သည်ဟု ဖော်ပြရပေမည်။ ဤလိုချင်တပ်မက်မှုသည် ကံ န်းအားကို ထုတ်ဖော်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



For, the energy generated by the act of cravin is directive, and tremendous in its effect. That i to say, whenever we crave, we crave for somethin and the energy so generated will tend to bring th something about. This principle, by the way, the one underlying New Thought, Christian Scienc and similar movements. They all tell us that wha ever we desire strongly enough and definitely enoug we shall obtain, be it health, wealth, or power

အကြောင်းမှာ လိုချင်တပ်မက်မှု၏ လုပ်ဆောင်မှုဖြင့် ထု လွှတ်ပေးသော စွမ်းအင်သည် ၎င်း၏အကျိုးသက်ရောက်မှု၌ ကြီး ၍ လမ်းညွှန်မှု ပေးနိုင်သည်။ ဆိုလိုသည်မှာ မည်သည့်အခါ၌ ကျွ တို့ လိုချင်တပ်မက်သည်ဖြစ်စေ တစ်စုံတစ်ခုကို ကျွန်ုပ်တို့ လို တပ်မက်ပြီးလျှင် ထိုသို့လိုချင်တပ်မက်မှုကြောင့် ထုတ်လွှတ်ပေးလို သည့် စွမ်းအင်သည် ထိုတစ်စုံတစ်ခုကို ရအောင် အကောင်အထ ဖော်ပေးသည်။ အခန့်သင့်၍ ပြောရလျှင် ဤသဘောတရားသ 'စိတ်ကူးသစ်'၊ 'ခရစ်ယာန်သိပ္ပံ'နှင့် အလားတူ လှုပ်ရှားမှုမျာ အခြေခံသဘောတရားပင် ဖြစ်သည်။ ၎င်းတို့အားလုံးက ကျွန်ုပ် ကို ပြောပြသည်မှာ မည်သည့်အရာကိုမဆို ကျွန်ုပ်တို့က အ အလောက် ပြင်းပြစွာ အလုံအလောက် တိကျစွာ အလိုရှိလျှင် ကျ မာရေး၊ စီးပွားရေး၊ တန်ခိုးအာဏာ မည်သည့်အရာဖြစ်ပါစေ ထိုအ ကို ကျွန်ုပ်တို့ ရရှိပေလိမ့်မည်။

Then there is also the natural law, name



that whatever we acquire we must again lose as soon as the force behind the acquisition, the force of the original craving, has spent itself. It is then that we suffer doubly, for it is harder to miss what we have become accustomed to, than not to get what we do not expect.

ထို့နောက် သဘာဝနိယာမတစ်ခုလည်း ရှိပါသည်။ ဤနိယာမ အဆိုမှာ ကျွန်ုပ်တို့သည် မည်သည့်အရာကို ရရှိသည်ဖြစ်ပါစေ၊ ထို ရရှိမှု၏ နောက်၌ ရှိသော စွမ်းအား၊ မူလ လိုချင်တပ်မက်မှု၏ စွမ်းအား ကုန်ခန်းသွားသည်နှင့် တစ်ပြိုင်နက် ထို ရရှိထားသော အရာကို ကျွန်ုပ် တို့ ပြန်လည်ဆုံးရှုံးရမည် ဟူ၍ ဖြစ်၏။ ထိုအခါ ကျွန်ုပ်တို့သည် စိတ် ဆင်းရဲမှု နှစ်ဆ ခံစားရသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ ရင်းနှီးကျွမ်းဝင်ပြီးသော အရာကို ဆုံးရှုံးရခြင်းသည် ကျွန်ုပ်တို့ မမျှော် လင့်ထားသည့်အရာကို မရရှိခြင်းထက်ပို၍ နာကြည်းစေသောကြောင့် ဖြစ်၏။

Another important aspect in regard to Kamma requires a brief explanation here: that is this: the cravings of our previous existences also pre-dispose us to our present cravings. If they have been specific along certain lines--say the desire to become a builder of houses--the results will also be specific as far as the new circumstances will allow. In the next birth, then, we shall become builders of

www.burmeseclassic.com

www.burmeseclassic.com



dwellings through an innate tendency that will drive us in that direction. In our childhood we shall show aptitude to building with nursery blocks; in youth we shall desire to erect tents and shelters, or study architecture; in man-hood we shall become building contractors or architects.

ကံနှင့်ပတ်သက်သော အခြားအရေးကြီးသော အချက်တစ်ချက်ကို ဤတွင် အကျဉ်းမျှ ရှင်းပြရန် လိုအပ်သည်။ ထိုအချက်မှာ ဤသို့ဖြစ်၏။ ကျွန်ုပ်တို့၏ အတိတ်ဘဝများမှ လိုချင်တပ်မက်မောမှုများသည် ကျွန်ုပ်တို့၏ ပစ္စုပ္ပန်လိုချင်တပ်မက်မောမှုများဆီသို့ ကျွန်ုပ်တို့ကို စိတ်တိမ်းညွတ်အောင်လည်း ပြုလုပ်၏။ ၎င်းလိုချင်တပ်မက်မှုတို့သည် တစ်စုံတစ်ရာသော လမ်းကြောင်းများအတိုင်း အတိအကျဖြစ်ခဲ့လျှင် ဥပမာ- အိမ်များကို တည်ဆောက်သူဖြစ်လိုသောဆန္ဒရှိသည် ဆိုပါစို့၊ အခြေအနေသစ်များက ခွင့်ပြုသည့် အတိုင်းအတာအထိ အကျိုးတရားတို့သည်လည်း တိတိကျကျဖြစ်လာလိမ့်မည်။ နောက်ဘဝသို့ ရောက်သောအခါ မွေးရာပါ တိမ်းညွတ်မှုတစ်ရပ်က အိမ်ဆောက်သူများ ဖြစ်အောင် တိုက်တွန်း နှိုးဆော်သည့်အတွက် ကျွန်ုပ်တို့ အိမ်ဆောက်သူများ ဖြစ်လာကြလိမ့်မည်။ ကျွန်ုပ်တို့ ငယ်ရွယ်စဉ်အခါ၌ ကလေးကစားစရာ သစ်သားတုံးများနှင့် အိမ်ဆောက်ဖို့ ပင်ကိုစွမ်းရည်ကို ပြသလိမ့်မည်။ ကြီးပြင်းလာ၍ လူငယ်များဖြစ်လာကြသည့်အခါ ရွက်ဖျင်တဲများနှင့် နားခိုစရာများကို ကျွန်ုပ်တို့ တည်ဆောက်လိုကြမည်၊ သို့မဟုတ် ဗိသုကာပညာကို လေ့လာလိုကြမည်။ လူကြီးများ ဖြစ်လာကြသည့်အခါ ကျွန်ုပ်တို့သည်



ဆောက်လုပ်ရေး ကန်ထရိုက်တာများ၊ သို့မဟုတ် ဗိသုကာပညာရှင်များ ဖြစ်လာကြလိမ့်မည်။

Since there is always an intermingling accumulation of energies from previous cravings, some stronger, some weaker, some more definite, some less so, they will, all of them, tend to come to the surface sooner or later, as opportunities present themselves and as they are evoked by circumstances. That is why human life is so varied and in many respects so contradictory. Whatever energy has been generated, that must also be released. Craving generates energy: Action releases it.

ယခင် လိုချင်တပ်မက်မှုများမှ စွမ်းအင်များသည် အမြဲတစေ ရောယှက် စုပုံနေကြလိမ့်မည်။ ဤလိုချင်တပ်မက်မှုများအနက် အချို့သည်ပြင်းပြ၍ အချို့က အားပျော့လိမ့်မည်။ အချို့သည် တိကျ၍ အချို့က တိကျမှုနည်းလိမ့်မည်။ ၎င်းတို့အားလုံးပင်လျှင် အခွင့်အရေးများ ရရှိလာလျှင်ဖြစ်စေ၊ အခြေအနေများက နှိုးဆွပေးလျှင်ဖြစ်စေ အနှေးနှင့်အမြန်ဆိုသလို မျက်နှာပြင်သို့ ပေါ်တက်လာရန် အာစူနေကြသည်။ ဤအကြောင်းကြောင့်ပင်လျှင် လူသားတို့၏ဘဝများသည် အမျိုးမျိုး အဖုံဖုံ ကွဲပြားနေကြပြီးလျှင် အချက်များစွာ၌ အလွန်ဆန့်ကျင်နေကြခြင်း ဖြစ်၏။ ထုတ်လုပ်ပေးသမျှ စွမ်းအင်များကို ထုတ်လွှတ်ပေးရမည်။ လိုချင်တပ်မက်မှုက စွမ်းအင်ကို ထုတ်လုပ်ပေး၏၊ ပြုလုပ်ခြင်းက ထိုစွမ်းအင်ကို လွှတ်ထုတ်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



Hundreds of cravings have given us an accumulation of energy: we are, therefore, capable of hundreds of different kinds of actions. But the most dominant cravings find vent in the most distinct activities. Thus there also arise child-prodigies, such as musicians, mathematicians, and so on, manifesting a particular dominant craving in keeping with opportunities afforded by environment.

ရာပေါင်းများစွာသော လိုချင်တပ်မက်မှုများသည် ကျွန်ုပ်တို့အား စွမ်းအင်အစုအပုံတစ်ခုကို ရရှိအောင် ထုတ်လုပ်ပေးထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရာပေါင်းများစွာသော အပြုအမူအမျိုးမျိုးကို ပြုလုပ်နိုင်စွမ်း ရှိကြသည်။ သို့သော် လွှမ်းမိုးမှု အကြီးဆုံးရှိသော လိုချင်တပ်မက်မှုများက အထူးခြားဆုံးသော ပြုလုပ်မှုများအဖြစ် ထွက်ပေါက်ရရှိကြသည်။ သို့ဖြစ်၍ ပတ်ဝန်းကျင် အခြေအနေက အထောက်အပံ့ပြုသဖြင့် ရရှိလာသော အခွင့်အရေးများနှင့် ယှဉ်စပ်၍ တစ်စုံတစ်ခုသော လွှမ်းမိုးနိုင်စွမ်း ရှိသည့် လိုချင်တပ်မက်မှုသည် ဂီတပညာရှင်များ၊ သင်္ချာပညာရှင်များ စသည်ကဲ့သို့သော ဉာဏ်ကြီးရှင်ကလေးများအဖြစ် အကောင်အထည် ပေါ်လာသည်။

From this we may readily gather that whatever happens to us, is coming to us, is deserved. Good, bad, or indifferent, it has been our own making, our own kamma. No one else is to blame, no God and no Devil. We should accept, therefore, whatever



comes of evil with resignation, and whatever of good, without elation.

ဤအချက်မှ ကျွန်ုပ်တို့ အဆင်သင့် နားလည်သဘောပေါက်နိုင်သည်မှာ ကျွန်ုပ်တို့အား ဘာပဲ ဖြစ်ဖြစ်၊ ဘာပဲ ရောက်လာလာ ထိုက်ထိုက်တန်တန် ဖြစ်ခြင်း လာခြင်း ဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မကောင်းမဆိုးဖြစ်စေ ဖြစ်သမျှအားလုံးသည် ကျွန်ုပ်တို့၏ ပြုလုပ်ချက် (ဝါ) ကျွန်ုပ်တို့၏ ကံပင် ဖြစ်သည်။ အခြားဘယ်သူ့ကိုမျှ အပြစ်တင်စရာမရှိပါ။ ဘုရားသခင်လည်း မရှိပါ။ မာရ်နတ်လည်း မရှိပါ။ သို့အတွက် ကျွန်ုပ်တို့သည် ဘယ်လိုအဆိုးပဲ ရောက်လာသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ် အောင့်အည်းသည်းခံ၍ လက်ခံသင့်ကြ၏။ ဘယ်လိုအကောင်းပဲ ဖြစ်လာလာ ဝမ်းမြောက်တိ မဖြစ်ဘဲ ခံယူသင့်ကြ၏။

This tendency to action, this generated and stored up energy is what constitutes our self. We are nothing more nor less than tendency to action, resulting from craving. This is our self, our I, our individuality, our character. It is our capacity to respond.

Even as a gong, when struck will respond with its own particular tone and volume, depending upon the kind of metal of which it is composed, the shape it holds, the way it is suspended, and the strength of the blow; so, too, each of us, when being acted

www.burmeseclassic.com

www.burmeseclassic.com



upon by our environment, will respond in a parti cular fashion. And the tendency to respond thus and not otherwise is our Kamma.

ဤပြုမူရန် ကိုင်းညွတ်မှု၊ ဤထုတ်လုပ်ပြီး သိုလှောင်ထားသော စွမ်းအင်သည် ကျွန်ုပ်တို့၏ 'အတ္တ'ကို ကိုယ်စားပြု၏။ ကျွန်ုပ်တို့သည် လိုချင်တပ်မက်မှု၏ အကျိုးသက်ရောက်မှုဖြစ်သော 'ပြုမူရန် ကိုင်းညွတ်မှု' ထက် ပိုလည်း မပို၊ လျော့လည်း မလျော့၊ ဤပြုမူရန် ကိုင်းညွတ်မှုမှလွဲလျှင် အခြားမည်သည့်အရာမျှ မဟုတ်ချေ။ ဤကိုင်းညွတ်မှုသည် ကျွန်ုပ်တို့၏ 'အတ္တ'၊ ကျွန်ုပ်တို့၏ 'ငါ'၊ ကျွန်ုပ်တို့၏ တစ်သီးပုဂ္ဂလ၊ ကျွန်ုပ်တို့၏ ကိုယ်ကျင့်စရိုက် ဖြစ်၏။ ၎င်းသည် ကျွန်ုပ်တို့၏ တုံ့ပြန်ရန် အရည်အချင်း ဖြစ်သည်။

မောင်းတစ်ခုကို ရိုက်ခတ်လိုက်သည့်အခါ မောင်းသည် ၎င်း၏ ကိုယ်ပိုင် ထူးခြားသော အသံဂုဏ်ရည်နှင့် အရွယ်အစားအလိုက် ပြန်ပေလိမ့်မည်။ ထိုအသံဂုဏ်ရည်နှင့် အသံ အတိုးအကျယ်တို့သည် မောင်းကို ပြုထားသည့် သတ္တုအမျိုးအစား၊ မောင်း၏ ပုံသဏ္ဌာန် မောင်းကို ဆွဲချိတ်ထားပုံနှင့် တီးခတ်မှု၏ ပြင်းအားတို့အပေါ်တွင် မူတည်လိမ့်မည်။

ထိုနည်းအတူ ကျွန်ုပ်တို့ တစ်ဦးစီသည် ပတ်ဝန်းကျင်မှ တစ်ရာ သက်ရောက်လာစေသောအခါ တစ်မူထူးခြားသော ပုံဖြင့် တုံ့ပြန်ကြလိမ့်မည်။ တစ်ဖန် ဤသို့ တုံ့ပြန်ရန်၊ အခြားနည်း မတုံ့ပြန်ရန် ကိုင်းညွတ်နေမှုသည် ကျွန်ုပ်တို့၏ 'ကံ' ဖြစ်သည်။



## Kamma differentistes beings into low and high states
## ကံက သတ္တဝါများကို အယုတ်အမြတ်ခွဲခြားပုံ

On one occasion a certain young man named **Subha** approached the Buddha, and questioned why and wherefore it was that among human beings there are low and high states.

'For', said he, 'we find amongst mankind the short-lived and the long-lived, the sickly and the healthy, the ill-looking and the good-looking, the uninfluential and the influential, the poor and the rich, the low-born and the high-born, the ignorant and the intelligent.'

တစ်ချိန်သောအခါ၌ **သုဘ** အမည်ရှိသော လုလင်တစ်ယောက်သည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် လူသားများအနက် အချို့က အခြေအနေ နိမ့်ကျ၍ အချို့က အခြေအနေ မြင့်မားရသော အကြောင်းတရားများကို မေးမြန်း၏။

"အကြောင်းက ..." သုဘ လုလင်က ဆက်ဆို၏။ "လူသားများအနက် အသက်တိုသူများနှင့် အသက်ရှည်သူများကို ကျွန်ုပ်တို့ တွေ့ရ၏၊ ဖျားနာသူများနှင့် ကျန်းမာသူများကိုလည်း တွေ့ရ၏၊ အကျည်းတန်သူများနှင့် ရုပ်ချောသူများကိုလည်း တွေ့ရ၏၊ သြဇာအာဏာ မရှိသူများနှင့် သြဇာအာဏာ ကြီးသူများကိုလည်း တွေ့ရ၏၊ ဆင်းရဲသူများနှင့် ချမ်းသာသူများကိုလည်း တွေ့ရ၏၊ ဇာတ်နိမ့်သူများနှင့် ဇာတ်မြင့်သူများကိုလည်း တွေ့ရ၏၊ အသိဉာဏ်နည်းသူများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် အသိဉာဏ် ထက်မြက်သူများကိုလည်း တွေ့ရ၏။"

The Buddha briefly replied: 'Every living being has Kamma as its own, its inheritance, its cause, its kinsman, its refuge. Kamma is that which differentiates all living beings into low and high states.

မြတ်စွာဘုရားသည် အကျဉ်းမျှ ပြန်လည်မိန့်ကြားတော်မူ၏။ "သက်ရှိသတ္တဝါတိုင်းသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊ ကံသာလျှင် အမွေခံ ရှိ၏၊ ကံသာလျှင် အကြောင်းရင်း ရှိ၏၊ ကံသာလျှင် အဆွေအမျိုး ရှိ၏၊ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိ၏၊ ကံသည်သာလျှင် သတ္တဝါအားလုံးကို နိမ့်သောအခြေအနေနှင့် မြင့်သည့် အခြေအနေများ ရှိအောင် ခွဲခြားမှု ပေး၏။"

He then enumerated the causes of such differences:

If, for instance, a person destroys life, is a hunter, besmears his hands with blood, is engaged in killing and wounding, and is not merciful towards living beings, he, as a result of his killing when born amongst makind, will have a brief life.

If a person avoids killing, leaves aside cudgel and weapon, and is merciful and compassionate towards all living beings, he, as a result of his non-killing, when born amongst mankind, will enjoy long life.

ထို့နောက် မြတ်စွာဘုရားသည် ထိုသို့ ကွဲပြားခြင်းများ၏ ...ကြောင်းတို့ကို အသေးစိတ် ရှင်းပြတော်မူ၏။

အကယ်၍ ဥပမာအားဖြင့် လူတစ်ယောက်သည် သူတစ်ပါးတို့ အသက်ကို ဖျက်ဆီး၏၊ အမဲလိုက် မုဆိုး ဖြစ်၏၊ သူ၏ လက်များ ...သွေးနှင့် လိမ်းကျံစေ၏၊ သတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရအောင် ...င်း၌ အားထုတ်ကြိုးပမ်းနေ၏၊ သက်ရှိသတ္တဝါများအား သနား...နာခြင်း မရှိ၊ သတ်ဖြတ်မှု ကျူးလွန်ခဲ့သော သူ၏ အကုသိုလ်ကံ ...ကြောင့် ငရဲသို့ ကျရောက်ရပြီးနောက် လူ့ဘုံတွင် ပြန်လည် ...ားသောအခါ၌ အသက်တိုလိမ့်မည်။

လူတစ်ယောက်သည် သတ်ဖြတ်ခြင်းကို ရှောင်ကြဉ်၏၊ တုတ်၊ ...လက်နက်များကို ဘေးဖယ်ထား၏၊ သက်ရှိသတ္တဝါအားလုံးကို ...ကြင်နာ၏၊ ဤသူသည် သတ်ခြင်းကို ရှောင်ကြဉ်သော အကျိုး...င့် လူ့ဘုံ၌ ပြန်လည်မွေးဖွားသောအခါ အသက်ရှည်လိမ့်မည်။

If a person is in the habit of harming others ... fist or clod, with cudgel or sword, he, as a ...sult of his harmfulness, when born amongst mankind, will suffer from various diseases.

If a person is not in the habit of harming others, ... as a result of his harmlessness, when born ...ngst mankind, will enjoy good health.

...ကယ်၍ လူတစ်ယောက်သည် သူတစ်ပါးတို့အား လက်သီး ...မဟုတ် မြေစိုင်ခဲဖြင့်ဖြစ်စေ၊ တုတ် သို့မဟုတ် ဓားဖြင့် ဖြစ်စေ ...နစ်နာအောင် ပြုလုပ်လေ့ရှိ၏။ ဤသို့ ထိခိုက်နစ်နာအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြုမူသည့် အကျိုးကြောင့် ထိုသူ သေလွန်သည့်အခါ အပါယ်သို့ ကျ၏၊ ကုသိုလ်ကံ ပေးမှ၍ လူ့ဘုံ၌ ပြန်ဖြစ်လျှင် အနာရောဂါ ထူပြော သူ ဖြစ်ရ၏။

အကယ်၍ လူတစ်ယောက်သည် သူတစ်ပါးတို့အား ထိခိုက်နစ်နာအောင် ပြုလုပ်လေ့ မရှိ။ ဤသို့ ထိခိုက်နစ်နာမှု မပြုလုပ်မိ ရှောင်ကြဉ်စောင့်ထိန်းသည့် အကျိုးကြောင့် ထိုလူသည် လူ့ဘုံ၌ ပြန်လည် မွေးဖွားသည့်အခါ ကျန်းမာရေး ကောင်းမွန်ခြင်းကို ခံစားရ၏။

If a person is wrathful and turbulent, is irritated by a trivial word, gives vent to anger, ill-will and resentment, he, as a result of his irritability, when born amongst mankind, will be ill-looking.

If a person is not wrathful and turbulent, is not irritated even by a torrent of abuse, does not give vent to anger, ill-will, and resentment, he as a result of his amiability, when born amongst mankind, will be good-looking.

အကယ်၍ လူတစ်ယောက်သည် ဒေါသကြီး၍ ကြမ်းတမ်းခက်ထန်၏၊ အသေးအဖွဲ့စကားမျှဖြင့် စိတ်ဆိုး၏၊ ဒေါသကို ထွက်စေ၏၊ စိတ်ထား ဆိုးသွမ်း၏၊ စိတ်မကျေဘဲ အာဃာတ ထား၏။ ဤလူသည် သူ၏ စိတ်ဆိုးခြင်းအကျိုးကြောင့် လူတို့အကြား၌ ပြန်လည် မွေးဖွားသောအခါ အကျည်းတန်လိမ့်မည်။

အကယ်၍ လူတစ်ယောက်သည် ဒေါသ မကြီးတတ်၊ ကြမ်းတမ်းခက်ထန်မှု မရှိ၊ သဲသဲမဲမဲ အပြစ်တင်လာလျှင်ပင် စိတ်ဆိုးခြင်း မ



ဒေါသ မထွက်အောင်၊ စိတ်ထားမဆိုးသွမ်းအောင်၊ အာဃာတ မထားအောင် စိတ်ကို ချုပ်တည်းနိုင်၏။ ဤလူသည် သူ၏ ခင်မင်ရင်းနှီးမှုကြောင့် လူတို့၏အကြား၌ ပြန်လည်မွေးဖွားသည့်အခါ ရုပ်ရည်လှပမည်။

If a person is jealous, envies the gains of others, marks of respect and honour shown to others, stores jealousy in his heart, he, as a result of his jealousy, when born amongst mankind, will be uninfluential.

If a person is not jealous, does not envy the gains of others, marks of respect and honour shown to others, stores not jealousy in his heart, he, as a result of his non-jealousy, when born amongst mankind, will be influential.

အကယ်၍ လူတစ်ယောက်သည် မနာလိုဝန်တိုတို၏၊ သူတစ်ပါး၏ ဥစ္စာဓနရှိမှု၊ အရိုအသေခံရမှုနှင့် ဂုဏ်ပြုခံရမှုတို့ကို မနာလို၊ သူ၏ နှလုံးသားတွင် မနာလိုမှုကို သိုလှောင်ထား၏။ ဤလူသည် သူ၏ မနာလိုဝန်တိုမှု၏ အကျိုးကြောင့် လူတို့၏အကြား၌ ပြန်လည် မွေးဖွားသည့်အခါ သြဇာအာဏာ မရှိချေ။

အကယ်၍ လူတစ်ယောက်သည် မနာလိုဝန်တိုမှု မရှိ၊ သူတစ်ပါး၏ ဥစ္စာဓန ရှိမှု၊ အရိုအသေ ခံရမှုနှင့် ဂုဏ်ပြုခံရမှုတို့ကို မနာလို မဖြစ်ချေ။ သူ၏ နှလုံးသား၌ မနာလိုမှုကို သိုလှောင်မထားချေ။ ဤလူသည် သူ၏ မနာလိုမှု ကင်းရှင်းမှုကြောင့် လူတို့အကြား၌ ပြန်လည် မွေးဖွားသည့်အခါ သြဇာအာဏာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



If a person does not give anything for charity, he, as a result of his greediness, when born amongst mankind, will be poor.

If a person is bent on charitable giving, he, as a result of his generosity, when born amongst mankind, will be rich.

အကယ်၍ လူတစ်ယောက်သည် အလှူဒါနအတွက် မည်သည့် အရာကိုမျှ ပေးကမ်းခြင်း မရှိပါ။ ထိုလူသည် သေလွန်ပြီးနောက် လူတို့အကြား၌ ပြန်လည်မွေးဖွားသော် သူ၏ တပ်မက်မှု လော ကြောင့် ဆင်းရဲနွမ်းပါးလိမ့်မည်။

အကယ်၍ လူတစ်ယောက်သည် အလှူဒါနပြုရန် ကိုင်းညွ ၏၊ ပေးလှူ၏။ ဤလူသည် သူ၏ ရက်ရောမှုအကျိုးကြောင့် လူ့ လောက၌ ပြန်လည်မွေးဖွားလျှင် ချမ်းသာကြွယ်ဝလိမ့်မည်။

If a person is stubborn, haughty, honours not those who are worthy of honour, he, as a result of his arrogance and irreverence when born amongst mankind, will have a birth in a low family.

If a person is not stubborn, not haughty, honours those who are worthy of honour, he, as a result of his humility and reverence, when born amongst mankind, will have a birth in a high family.

အကယ်၍ လူတစ်ယောက်သည် ခေါင်းမာပြီး မာနကြီး၏ ဂုဏ်ပြုထိုက်သူကိုလည်း ဂုဏ်မပြု။ ဤသူသည် သူ၏ အလွန်မာ

ကြီးခြင်းနှင့် မရိုသေတတ်မှုတို့၏ အကျိုးကြောင့် လူ့ဘုံလောက၌ တစ်ဖန် မွေးဖွားလာသည့်အခါ အမျိုးဇာတ် နိမ့်သော မိသားစု၌ ဖြစ် ၏။

အကယ်၍ လူတစ်ယောက်သည် ခေါင်းမာခြင်း မရှိ၊ မာန်မာန ကြီးခြင်းလည်း မရှိ၊ ပူဇော်ထိုက်သူတို့ကို ပူဇော်၏။ ဤလူသည် သူ၏ စိတ်ထား နိမ့်ကျမှုနှင့် လေးစားလိုက်နာမှုတို့၏ အကျိုးကြောင့် ပျက်ကြွေ သေလွန်ပြီးနောက် လူ့ဘုံလောက၌ ပြန်လည်မွေးဖွား သော် အမျိုးဇာတ် မြင့်သည့် မိသားစု၌ ဖြစ်ရ၏၊

If a person does not approach the learned and the virtuous and inquire what is good and what is evil, what is right and what is wrong, what should be practised and what should not be practised, what should be done and what should not be done, what conduces to one's welfare and what to the reverse, he, as a result of his non-inquiring spirit, when born amongst mankind, will be ignorant.

If a person does approach the learned and the virtuous and make the above inquiries, he, as a result of his inquiring spirit, when born amongst mankind, will be intelligent.

အကယ်၍ လူတစ်ယောက်သည် မည်သည့်အရာက ကောင်း၍ မည်သည့်အရာက ဆိုးသည်၊ မည်သည့်အရာက မှန်ကန်ပြီး မည်သည့် အရာက မှားယွင်းသည်၊ မည်သည့်အရာကို လေ့ကျင့်ရပြီး မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



အရာကို မလေ့ကျင့်ရ၊ မည်သည့်အရာကို ပြုလုပ်သင့်ပြီး မည်သည့် အရာကို မပြုလုပ်သင့်၊ မည်သည့်အရာက မိမိ၏ကောင်းကျိုးချမ်းသာ ကို အကျိုးပြု၍ မည်သည့်အရာက အကျိုးမပြုသနည်း၊ ဤသို့ မေးမြန်း စုံစမ်းရန် ပညာတတ်များနှင့် ကိုယ်ကျင့်တရား ကောင်းသူများကို မချဉ်းကပ်ချေ။ ထိုသူသည် သူ၏ မမေးမြန်း မစုံစမ်းလိုသော စိတ် ဓာတ်ကြောင့် သေလွန်ပြီးသည့်နောက် လူ့ဘုံလောကတွင်ပြန်လည် မွေးဖွားသော် ပညာမဲ့သူ ဖြစ်လာလိမ့်မည်။

အကယ်၍ လူတစ်ယောက်သည် ပညာတတ်များနှင့် ကိုယ်ကျ[င့်] တရား ကောင်းသူများကို ချဉ်းကပ်၍ အထက်ပါ စုံစမ်းမေးမြန်းခြင်း များကို ပြုလုပ်၏။ ထိုလူသည် သူ၏ စုံစမ်းမေးမြန်းလိုသော စိတ် ဓာတ်ကြောင့် သေလွန်ပြီးသည့်နောက် လူတို့အကြား၌ ပြန်လည်မွေး ဖွားသော် ပညာရှိသူ ဖြစ်လာလိမ့်မည်။

Depending on this difference in Kamma appea[rs] the differences in the birth of beings, high and lo[w], base and exalted, happy and miserable. Dependin[g] on the difference in Kamma appears the differen[ce] in the individual features of beings as beautiful an[d] ugly, high-born or low-born, well-built or deforme[d]. Depending on the difference of Kamma appears th[e] difference in the worldly conditions of beings a[s] gain and loss, fame and disgrace, blame and prais[e], happiness and misery.

ပြုလုပ်ထားကြသော ကံများအပေါ် မူတည်၍ သတ္တဝါများ၏ ...တိ ပဋိသန္ဓေတို့သည် အမျိုးမျိုးကွဲပြားကြရ၏။ အချို့က အမျိုး ...တ်၏၊ အချို့က နိမ့်ကျ၏၊ အချို့က ယုတ်ညံ့၍ အချို့က မြင့်မြတ် ...၏၊ အချို့က ပျော်ရွှင်ချမ်းမြေ့၍ အချို့က ဆင်းရဲပူဆွေးကြရ၏။

ကံများ၏ ခြားနားခြင်းအပေါ် မူတည်၍ ပုဂ္ဂိုလ်တစ်ဦးစီ၏ ရုပ် ...င် ကြန်အင် လက္ခဏာများ ကွဲပြားသွားကြသည်။ အချို့က ရုပ် ...ည်လှပ၏၊ အချို့က အကျည်းတန်၏၊ အချို့က အထက်တန်းစား ...မွေးဖွားလာကြ၏၊ အချို့က အောက်တန်းစား၌ မွေးဖွားလာကြ ...၏၊ အချို့က ကိုယ်လက်အင်္ဂါ စုံလင်၏၊ အချို့က ကိုယ်လက်အင်္ဂါ ...ယွင်း၏။

ကံများ၏ ခြားနားခြင်းအပေါ် မူတည်၍ပင် သတ္တဝါတို့၏ ...ာကီ အခြေအနေများလည်း ကွဲပြားကြ၏။ အချို့က လာဘ်ပေါ ...၏၊ အချို့က ဥစ္စာဆုံးရှုံး၏၊ အချို့က ကျော်ကြား၏၊ အချို့က ...သရေပျက်ကြရ၏၊ အချို့က ကဲ့ရဲ့ရှုတ်ချခြင်း ခံရ၏၊ အချို့က ...မ်းခြင်း ခံရ၏၊ အချို့က ပျော်ရွှင်ကြ၏၊ အချို့က ဆင်းရဲပူဆွေး ...ကြရ၏။

Buddhism also teaches that there are three [ty]pes of Kamma: Kamma that ripens in the same [li]fetime, Kamma that ripens in the next life and [Ka]mma that ripens in successive births. Generally [sp]eaking, these three forms of Kamma are bound [to] produce results (vipāka), but to produce any [ef]fect, several auxiliary causes are required, and it [so]metimes happens that such auxiliary causes do

www.burmeseclassic.com



not arise, and there are no effects. It may als come about that some weak Kamma is counteracte by stronger Kamma of an opposite type, and so doe not produce vipāka or resultant.

ဗုဒ္ဓဘာသာသည် ကံသုံးမျိုး ရှိကြောင်းကိုလည်း ညွှန်ပြပေး၏ လက်ရှိဘဝ၌ပင် မှည့်ဝင်းလာသော (အကျိုးပေးတတ်သော) ကံ၊ ဒုတိယ ဘဝ၌ အကျိုးပေးတတ်သော ကံ၊ တတိယ ဘဝမှစ၍ ဘ အဆက်ဆက် အကျိုးပေးတတ်သော ကံတို့ ဖြစ်ကြ၏။ ယေဘုယ အားဖြင့် ပြောရလျှင် ဤကံသုံးမျိုးတို့သည် မိမိတို့၏ အကျိုး (ဝိပါက အသီးသီးကို ပေးကြမည် သေချာ၏။ သို့ရာတွင် အကျိုးသက်ရော မှု တစ်စုံတစ်ရာ ဖြစ်ပေါ်စေရန်အတွက် ကူညီထောက်ပံ့ပေးသည အကြောင်းများစွာ လိုအပ်၏။ တစ်ခါတစ်ရံတွင် ထိုအထောက်အ အကြောင်းတရားများသည် မပေါ်ပေါက်ဘဲ ရှိတတ်၏။ ထိုအခါ တို့၏ အကျိုးသက်ရောက်မှုများသည် မဖြစ်ထွန်းဘဲ ရှိကြရ၏။ တ ခါ တစ်ရံတွင် အားပျော့သော ကံတစ်ခုကို ဆန့်ကျင်ဘက် အမျိ အစား ဖြစ်သည့် ပို၍အားကြီးသော ကံတစ်ခုက တွန်းလှန်တိုက်ဖျက တတ်၏။ ထို့ကြောင့် ထိုအားပျော့သော ကံသည် ဝိပါက သို့မဟုတ် အကျိုးကို မပေးနိုင်တော့ချေ။

But, usually the results of good and bad Kamm may be seen manifesting side by side, as for in stance, when a child is born into a rich and power ful family, but is physically weak; or, being born o poor parents may be healthy and highly intellige



In fact, all possible combinations of fortune and misfortune are accountable to the admixture of past good and bad Kamma.

သို့ရာတွင် ကောင်းသော ကံနှင့် မကောင်းသော ကံတို့သည် သော်းချင်း ယှဉ်လျက် ပြိုင်တူအကျိုးပေးတတ်ကြ၏။ ဥပမာအားဖြင့် ကလေးတစ်ယောက်သည် ချမ်းသာ၍ အံရှိန်အဝါကြီးသော မိသားစု တစ်ခု၌ မွေးဖွားလာ၏၊ သို့ရာတွင် ခန္ဓာကိုယ်က အားပျော့ချည့်နဲ့ နေ၏၊ သို့မဟုတ် ဆင်းရဲသည့် မိဘများ၌ မွေးဖွားလာသော်လည်း ခန္ဓာကိုယ် သန်စွမ်း၍ အလွန်ဉာဏ်ထက်၏၊ အမှန်တကယ်တွင် ကံ ကောင်းခြင်းနှင့် ကံမကောင်းခြင်းတို့၏ ပေါင်းရောနေသော အတွဲ မျိုးစုံကို အတိတ်ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ အကျိုးပေးမှုများ ရောစပ်နေခြင်းဖြင့် ရှင်းပြနိုင်ပါသည်။

Briefly, the generating of these three types of Kamma depends on Causes that are to be found in the workings of our minds. For, man's mind may be likened to a piano keyboard playing tunes all the time. This keyboard has seventeen keys, or, thought-moments, and these comprise one whole thought-process. Of these, there are seven important keys which play a dominant role, and which determine all our moment-to-moment actions. In Buddhist Psychology they are referred to as the Javana process.

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းအားဖြင့် ဆိုရလျှင် ဤကံသုံးမျိုးကို ထုတ်ဖော်ပေးခြင်းသည် ကျွန်ုပ်တို့၏ စိတ်များ အလုပ်လုပ်ပုံများတွင် တွေ့ရသော အကြောင်းတရားများပေါ်၌ မူတည်၏။ အကြောင်းမှာ လူ၏ စိတ်သည် တီးလုံးများကို တစ်ချိန်လုံး ဖော်ထုတ်ပေးနေသော စန္ဒရား လက်နှိပ် ခလုတ်ခုံနှင့် ဆင်တူ၏။ ဤခလုတ်ခုံ၌ ခလုတ် (၁၇) ခုသို့မဟုတ် စိတ္တက္ခဏ (၁၇) ချက် ရှိ၏။ ဤစိတ် (၁၇) ချက်တို့သည် စိတ်ဖြစ်စဉ် (ဝီထိ) တစ်ခုကို ဖြစ်ပေါ်စေ၏။ ဤခလုတ် (၁၇) ခုတို့အနက် ခုနစ်ခုသည် အရေးကြီးသော ခလုတ်များ ဖြစ်ကြပြီးလျှင် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြ၏။ ၎င်း ခုနစ်ခုသည် ကျွန်ုပ်တို့၏ ခဏတိုင်း ခဏတိုင်း ပြုမူချက်အားလုံးကို အဆုံးအဖြတ်ပေးကြ၏။ ဗုဒ္ဓ အဘိဓမ္မာတွင် ဤစိတ် ခုနစ်ခုကို ဇောဖြစ်စဉ် (ဇောစိတ်များ) ဟု ခေါ်၏။

And, in the manner one presses these seven keys, so to speak, provided the auxiliary causes also arise, the tunes will be played. Or, in the manner one re-acts to the impact of sensations that pour through the five sense-organs on to the Javana keys, one begins to create his future heavens and hells.

စကားပမာအားဖြင့် ဤခလုတ် ခုနစ်ခုကို နှိပ်လိုက်သော ပုံဟန်အတိုင်း အထောက်အပံ့အကြောင်းများလည်း တိုက်ဆိုင်လာလျှင် တီးလုံးများကို တီးခတ်ပေးပေလိမ့်မည်။ သို့မဟုတ် အာရုံဝင်ရောက်ရာ တံခါး (ဒွါရ) ငါးပေါက်မှတစ်ဆင့် ဇောခလုတ်များပေါ်သို့ စီးဆင်းလာကြသော ခံစားမှုများ၏ ထိတိုက်မှုအပေါ် လူတစ်ယောက် တုံ့ပြန်သည့် ပုံဟန်အတိုင်း ထိုသူသည် သူ၏အနာဂတ် ကောင်းကင်ဘုံများနှင့် ငရဲများကို စတင်ဖန်တီးနေပေလိမ့်မည်။



For instance, if the re-action to the impact is on the first of these seven thought-moments, the resultant (vipãka), if any, will be in this life-time itself; if the re-action is on the seventh of the seven thought-moments, the resultant, if any, will be in the next or subsequent birth; and, if the re-action is on any of the intervening thought-moments – from second to sixth – the resultant, if any, depending on gravity, will be at some time, in this, the next, or any future birth, before Nibbãna is finally attained.

ဥပမာ အကယ်၍ ခံစားမှု၏ ထိတိုက်မှုအပေါ် တုံ့ပြန်ချက်သည် ဇောစိတ် ခုနစ်ချက်အနက် ပထမစိတ်၌ ဖြစ်ပေါ်သော အကျိုး (ဝိပါက) တစ်စုံတစ်ရာ ဖြစ်ပေါ်လျှင် ဤဘဝတွင်ပင် ဖြစ်ပေါ်လိမ့်မည်။ ဇောစိတ် ခုနစ်ချက်အနက် သတ္တမစိတ်၌ တုံ့ပြန်ချက် ဖြစ်ပေါ်သော် အကျိုးတစ်စုံတစ်ရာ ဖြစ်ပေါ်လျှင် လာမည့် နောက်ဘဝတွင် ဖြစ်ပေါ်လိမ့်မည်။ အကယ်၍ အလယ်ဇောငါးချက်အနက် ဒုတိယဇောမှ ဆဋ္ဌမ ဇောအထိ ဇောတစ်ခုခု၌ တုံ့ပြန်မှု ဖြစ်ပေါ်သော အကျိုးသက်ရောက်မှုသည် ကံ၏ စွမ်းအင်ပေါ် မူတည်၍ တတိယဘဝမှ စတင်ကာ နိဗ္ဗာန်ရောက်သည့် နောက်ဆုံးဘဝတိုင်အောင် ဖြစ်ထွန်းလိမ့်မည်။

Now, this should not surprise us very much.

www.burmeseclassic.com

www.burmeseclassic.com



For, do we not think before we act? And, in the process of thinking, do we not sometimes do a thing readily, spontaneously, or, again, with a degree of caution, –seeming to hesitate, as it were.

Hence, even though we do not realize it, we are all doing a bit of gear-changing in our minds before performing any act, and this regulates all our actions into three different streams of resultants – three types of Kamma. And, the situations confronting us at any time, have been projected, to a large extent, by the way our mental gears changed from time to time in response-to sense-impressions.

ယခု ဤအကြောင်းသည် ကျွန်ုပ်တို့အား အလွန်တရာ အံ့ဩ ဖွယ်ရာမဖြစ်စေသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ မပြုလုပ် မီ စဉ်းစားကြသည်မဟုတ်လော၊ တစ်ဖန် စဉ်းစားမှုဖြစ်စဉ်၌ ကျွန်ုပ် တို့သည် တစ်စုံတစ်ခုကို တစ်ခါတစ်ရံတွင် အဆောတလျင် အလို အလျောက် မပြုလုပ်ပါသလော၊ သို့မဟုတ် တစ်ခါတစ်ရံတွင် အသင့် အတင့် သတိမူ၍ အနည်းငယ်ဆိုင်းငံ့ကာ မပြုလုပ်ပါသလော။

သို့ဖြစ်၍ ကျွန်ုပ်တို့ သတိမမူမိသည်ဖြစ်စေကာမူ ကျွန်ုပ်တို့ အားလုံးသည် တစ်စုံတစ်ရာကို မပြုလုပ်မီ ကျွန်ုပ်တို့၏စိတ်များ၌ အနည်းငယ်မျှ ဂီယာပြောင်းလဲခြင်းကို ပြုလုပ်နေကြ၏။ ဤသို့ ပြု လုပ်ခြင်းသည် ကျွန်ုပ်၏ ပြုလုပ်ချက်အားလုံးကို အကျိုးစီးကြောင်း သုံးသွယ်အဖြစ်သို့ (ဝါ) ကံ သုံးမျိုးအဖြစ်သို့ ရောက်အောင် ထိန်း ကျောင်းပေး၏။ တစ်ဖန် မည်သည့်အခါ၌မဆို ကျွန်ုပ်တို့ ရင်ဆိုင်



ရသော အခြေအနေများသည် အာရုံသိမှုများကို တုံ့ပြန်လျက် တစ် ချိန်ပြီး တစ်ချိန် ကျွန်ုပ်တို့၏စိတ် ဂီယာများ ပြောင်းလဲနေပုံက အဓိက အားဖြင့် စီမံထားပေးသည့် အကျိုးတရား ဖြစ်သည်။

Nature has thus ordered herself well, and the process of Becoming is kept going from moment to moment, and from birth to birth. As Shakespeare once so aptly said: 'All the world's a stage, and all the men and women are merely players. They have their exits and their entrances. And one man in his time plays many parts'.

သဘာဝသည် ဤသို့လျှင် သဘာဝဖြစ်စဉ်များကို စနစ်တကျ ဖြစ်အောင် စီမံလျက်ရှိသည်။ ထို့အပြင် 'ဖြစ်ခြင်း' နည်းစဉ်ကို ခဏ ခဏ ဖြစ်ပေါ်အောင် တစ်ဘဝပြီး တစ်ဘဝ ဆက်လက်ဖြစ်ပေါ်အောင် သဘာဝက ထိန်းထားပေး၏။ ကမ္ဘာကျော် စာရေးဆရာ ရှိတ်စပီး ယားက အလွန် လျော်ကန်စွာ ပြောဆိုခဲ့သလို "ကမ္ဘာလောက တစ်ခု လုံးသည် ဇာတ်စင်တစ်ခု ဖြစ်၏၊ ယောကျ်ားများနှင့် မိန်းမများ အား လုံးမှာ ဇာတ်ကောင်များ ဖြစ်ကြ၏၊ သူတို့သည် အလှည့်ကျ ဇာတ် ခုံပေါ် တက် က,ပြီးနောက် ထွက်ခွာသွားကြ၏။ ၎င်းအပြင် လူ တစ်ယောက်သည် သူ၏ဘဝ၌ အခန်းကဏ္ဍများစွာ၌ ပါဝင်ကပြရ

If we remember these points we may understand why a powerful swindler, criminal or even murderer of today sometimes seems to get away

www.burmeseclassic.com

www.burmeseclassic.com



with his crime, while the 'good-fearing' and pious folk of today appear to be dogged with misfortune with every stride they take! From the Buddhist point of view there is nothing to be alarmed at this.

ဤအချက်များကို ကျွန်ုပ်တို့ မှတ်မိလျှင် အဘယ့်ကြောင့် ယနေ့ ခွန်အားကြီးသော လိမ်ညာသူ၊ ရာဇဝတ်ကောင် သို့မဟုတ် လူသတ်သမားသည်ပင်လျှင် တစ်ခါတစ်ရံတွင် သူ၏ပြစ်မှုမှ လွတ်မြောက်သွားဟန် ရှိခြင်းကိုလည်းကောင်း၊ အဘယ့်ကြောင့် ယနေ့ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဘာသာရေး ကိုင်းရှိုင်းကြသော လူတို့သည် သူတို့ ခြေတစ်လှမ်း လှမ်းတိုင်း ကံဆိုးခြင်းနှင့်သာ ရင်ဆိုင်တိုးနေရခြင်းကို လည်းကောင်း ကျွန်ုပ်တို့ နားလည်နိုင်ကြလိမ့်မည်။ ဗုဒ္ဓ ဘာသာ ရှုထောင့်မှ ကြည့်လျှင် ဤအကြောင်းကို ထိတ်လန့်စရာမလိုပေ။

It may, in the case of the former (where a very strong past good Kamma is operating), be an instance, where folk are misusing what they had worked hard for themselves in an earlier time, while in the latter case, too, it may just be that though these people are now quiet and chastened, they had not always been like that in earlier incarnations and are now, in a way, paying for what they too have had.

ပထမ လူဆိုးများ ဥပမာ၌ (အလွန်အားကြီးသော အတိတ်ကံ တစ်ခုက အကျိုးပေးနေသဖြင့်) ထိုသူတို့သည် စောစောပိုင်းအချိန်



တုန်းက သူတို့အဖို့ သူတို့ ပင်ပင်ပန်းပန်း လုပ်ကိုင်ထားသည်များကို အလွဲသုံးစားနေခြင်း ဖြစ်ပေလိမ့်မည်။ ဒုတိယ ဘာသာရေး ကိုင်းရှိုင်းသူများ ဥပမာ၌လည်း ဤသူတို့သည် ယခု ငြိမ်ဝပ်ပြီး ကျိုးနွံရိုးသား ကြပါသော်လည်း အတိတ်ဘဝများ၌ ဤကဲ့သို့ အမြဲရှိခဲ့ကြသည် မဟုတ်၊ ယခင်ဘဝတွင် တစ်နည်းတစ်ဖုံအားဖြင့် သူတို့ မကောင်းမှုများ ပြုခဲ့ပြီးသည်ကို ပြန်လည်ပေးဆပ်နေခြင်း ဖြစ်ပေလိမ့်မည်။

Understanding this, the Buddhist naturally pities the wrong doer, while at the same time not envying his good fortune. Yes, pity him, because he is harming himself, like the man who foolishly withdraws all his money putting none back into the bank again. A day soon dawns when he is penniless. That, in effect, also explains why many a king of a former time is perhaps a beggar on the streets today.

ဤအကြောင်းကို နားလည်ကြသည့်အတွက် ဗုဒ္ဓဘာသာဝင်တို့ သည် သဘာဝကျစွာပင် အမှားပြုလုပ်သူများကို သနားကြင်နာ၍ တစ်ချိန်တည်း၌ပင်လျှင် သူ၏ ဥစ္စာကြွယ်ဝချမ်းသာခြင်းကို မနာလို ဝန်တိုခြင်း မဖြစ်ချေ။ မှန်ပါ၏၊ သူ့ကို သနားခြင်းမှာ သူ့ကိုယ်သူ ထိခိုက်နစ်နာအောင် ပြုနေခြင်းကြောင့် ဖြစ်၏။ ဥပမာအားဖြင့် ဘဏ် ထဲမှ သူ့ငွေအားလုံးကို မိုက်မဲစွာ ထုတ်ယူပြီးနောက် တစ်ဖန် ဘဏ် သို့ တစ်ပြားတစ်ချပ်မျှ ပြန်မသွင်းသော သူနှင့် ဆင်တူ၏။ ထိုသူ အတွက် ငွေတစ်ပြားမျှ မရှိသော နေ့သည် မကြာမီ အရုဏ်တက်လာ

www.burmeseclassic.com



လိမ့်မည်၊ ထိုအရာသည် တစ်ချိန်တုန်းက ရှင်ဘုရင် ဖြစ်ခဲ့သူများက အဘယ့်ကြောင့် ယနေ့လမ်းများပေါ်တွင် သူတောင်းစားများ ဖြစ်နေကြသည်ကိုလည်း အမှန်တကယ် ရှင်းပြပေး၏။

The inequalities and seeming injustices of life thus become intelligible in the light of the law of cause and effect. And that is also how we can get reason out of the mass of incongruity we call human life.

သို့ဖြစ်၍ ဘဝ၏ မညီမျှမှုများနှင့် မတရားဟု ထင်ရသော အချက်များသည် အကြောင်းနှင့်အကျိုး နိယာမ၏ အလင်းရောင်တွင် သဘောပေါက် နားလည်နိုင်သော အခြေသို့ ရောက်လာသည်။ ထိုအပြင် လူ့ဘဝဟု ကျွန်ုပ်တို့ ခေါ်ဆိုသော ကမောက်ကမ အစုအပုံထဲမှ အကြောင်းအကျိုး ညီညွတ်မှုကို မည်ကဲ့သို့ ရရှိနိုင်ကြောင်းကိုလည်း ထိုအချက်က ဖော်ပြ၏။

Buddhists are patient by nature, and always merciful and long-suffering towards the wrong-doer. They are tolerant because they are convinced that they are not dealing with one life-time only; they are dealing with infinity. Old scores are settled automatically in due time. And, nothing is final until Nibbãna is attained.

ဗုဒ္ဓဘာသာဝင်တို့သည် ပင်ကိုသဘာဝအားဖြင့် သည်းခံနိုင်စွမ်း ရှိကြပြီးလျှင် အမှားပြုလုပ်သူတို့အား သနားကြင်နာ၍ သည်



း ခံကြသည်။ သူတို့ သည်းခံနိုင်ခြင်းအကြောင်းမှာ သူတို့သည် ဘဝမျှသာ နေထိုင်ဆက်ဆံရခြင်း မဟုတ်ဘဲ ဘဝ အဆုံးအပိုင်း းမရှိ နေထိုင်ဆက်ဆံရမည်ကို လက်ခံယုံကြည်ကြသောကြောင့် ။ အတိတ်က မကျေနပ်ဖွယ် အကြောင်းများကို အချိန်က ကု သးသဖြင့် အလိုအလျောက်ပင် ကျေအေးလိုက်ကြသည်။ ထို နိဗ္ဗာန်ကို မျက်မှောက်မပြုရသေးသမျှ ကာလပတ်လုံး မည် အရာကိုမျှ နောက်ဆုံးပိတ် ဖြစ်သည်ဟု မဆိုသာချေ။

Thus we see that our mental, intellectual, and ral differences are mainly due to our own actions tendencies, which are the pre-dispositions to present conditions, while the manner in which act to situations confronting us now from time me also contribute to the situations in which shall find ourselves in the future.

သို့ဖြစ်၍ ကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာ အသိဉာဏ်ဆိုင်ရာ ကျင့်တရားဆိုင်ရာ ခြားနားခြင်းများသည် အဓိက အားဖြင့် တို့၏ ကိုယ်ပိုင်ပြုမူချက်များနှင့် စိတ်ကိုင်းညွတ်မှုများကြောင့် ကြောင်းကို ကျွန်ုပ်တို့ သိမြင်နိုင်သည်။ အတိတ်က ကျွန်ုပ်တို့၏ များနှင့် စိတ်ကိုင်းညွတ်မှုများသည် ကျွန်ုပ်တို့၏ လက်ရှိ နေများကို ပြုပြင်စီရင်ပေးကြသည့် ကြိုတင်စိတ်နေစိတ်ထား ကြပြီးလျှင် ယခု အခါအားလျော်စွာ ကျွန်ုပ်တို့ ရင်ဆိုင်နေ အခြေအနေများအပေါ် ကျွန်ုပ်တို့၏ တုံ့ပြန်ပြုမူပုံများသည်

www.burmeseclassic.com

www.burmeseclassic.com



လည်း အနာဂတ်၌ ကျွန်ုပ်တို့ ကြုံတွေ့ရမည့် အခြေအနေများကို ပြင် စီရင်ပေးကြပေလိမ့်မည်။

"By Kamma one attains glory and praise,
By Kamma bondage, ruin, tyranny,
Knowing that Kamma bears fruit manifold,
Why say ye, 'In the world no Kamma is?'"

(1. Ven. Narada, The Buddha Dhamma

"ကံကြောင့်သာလျှင် လူတစ်ယောက်သည် ထင်ပေါ်ကျော် ခြင်းနှင့် ချီးမွမ်းခြင်းတို့ကို ရရှိ၏။

ကံကြောင့်ပင်လျှင် နှောင်ဖွဲ့ခံရမှု၊ ပျက်စီးမှုနှင့် မတရား နိုးမှုတို့ကို ခံယူရ၏။

ကံသည် အမျိုးမျိုး အဖုံဖုံ အကျိုးပေးနေသည်ကို သင်သိပါလျှ အဘယ့်ကြောင့် 'လောကတွင် ကံမရှိပါ' ဟု သင်ပြောဆိုရသနည်း"

(ဆရာတော် ဘဒ္ဒန္တ နာရဒ၏ 'ဗုဒ္ဓဓမ္မ' စာအု

A note by Dr. George Grimm in The Doctrine the Buddha, p.246, would be of considera interest to us in our attempts to understand t law of Kamma. For, says Dr. Grimm:

'It is not difficult in all these cases also to sh the law of affinity as the regulator of the grasp of a new germ that occurs at death.'

'ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်' စာအုပ်၊ စာမျက်နှာ ၂၄ ဒေါက်တာ ဂျော့ဂရင်း (မ) ၏ ရေးသားချက်သည် ကမ္မနိယာ



းလည်သဘောပေါက်အောင် ကြိုးပမ်းနေကြသော ကျွန်ုပ်တို့အား နှစ်စွာ စိတ်ဝင်စားဖွယ် ဖြစ်စေလိမ့်မည်။ အကြောင်းကား ဒေါက် ဂရင်း (မ) က ဤသို့ ဆို၏ –

'ဤသာဓကဖြစ်ရပ်အားလုံးတွင် နီးကပ်စွာ ဆက်စပ်မှု နိယာမ သေဆုံးချိန်၌ သန္ဓေအသစ်တစ်ခုကို စွဲမြဲစွာ ဆုပ်ကိုင်မိအောင် ဆင်းကွပ်ပေးကြောင်းကို ပြသရန် မခဲယဉ်းပါ။'

Who is so devoid of compassion as to be able to ll men or even animals, carries deep within himlf the inclination to shorten life. He finds satisction or even pleasure in the short-livedness of her creatures. Short-lived germs have therefore me affinity which makes itself known after his ath in the grasping of another germ which then es place to his own detriment. Even so, germs-ring within themselves the power of developing o a deformed body, have an affinity for one who s pleasure in ill-treating and disfiguring others.

'လူသတ်ရန် သို့မဟုတ် တိရစ္ဆာန်များကိုပင် သတ်ဖြစ်ရန် ကြင်နာတရား အလွန်ကင်းမဲ့သော သူသည် သူ၏ သန္တာန်အတွင်း သက်ကို တိုစေသည့် ကိုင်းညွတ်မှုကို နက်ရှိုင်းစွာ သယ်ဆောင် ာက် ရှိ၏။ သူသည် အခြားသတ္တဝါများ၏ အသက်တိုတောင်း ကျေနပ်မှု သို့မဟုတ် ပျော်ရွှင်မှုကိုပင် တွေ့မြင်ရ၏။ ထို့ကြောင့် က်တိုသော သန္ဓေများသည် ဆက်စပ်မှုအချို့ ရှိ၏။ ဤဆက်စပ်

www.burmeseclassic.com



မှုက သူ သေလွန်သောအခါ အခြားသန္ဓေတစ်ခုကို ဆွဲတွယ်ယူခြင်းဖြင့် ၎င်းကိုယ် ၎င်း ပေါ်လွင်ထင်ရှားစေ၏။ ထိုသန္ဓေအသစ်သည် ထိုသူ ပျက်စီးရာပျက်စီးကြောင်းအတွက် ဖြစ်ပေါ်လာ၏။ ထိုအခါ အင်္ဂါချို့ယွင်းသည့် ကိုယ်ခန္ဓာအဖြစ်သို့ ကြီးထွားလာစေသော စွမ်းအား ရှိကြသည့် သန္ဓေများသည် သူတစ်ပါးတို့အား အဆိုးပြုမှုခြင်းနှင့် ကိုယ်လက်အင်္ဂါ ချို့ယွင်းအောင် ပြုလုပ်ခြင်းတို့၌ ပျော်ရွှင်တတ်သည့် သူနှင့် နီးကပ်စွာ ဆက်စပ်မှု ရှိ၏။

'An angry person begets within himself a affinity for ugly bodies and their respe tive germs since it is the characteristic mark of anger to dis figure the face.

'စိတ်ဆိုးသောလူတစ်ယောက်သည် သူ၏သန္တာန်၌ အရုပ်ဆိုး သော ခန္ဓာကိုယ်များနှင့် ၎င်းတို့၏ သန္ဓေအသီးသီးတို့အတွက် ဆက် စပ်မှု (ဝါ) ဆွဲငင်မှုကို ဖြစ်ပေါ်စေ၏။ အဘယ့်ကြောင့်ဆိုသော် မျက် နှာကို ပုံပျက်စေခြင်းသည် ဒေါသ၏ ထူးခြားသည့်အမှတ်လက္ခဏာ ဖြစ်သောကြောင့်တည်း။

Whoever is jealous, niggardly, haughty, carr within himself the tendency to grudge everything to others and to despise them. Accordingly germ that are destined to develop in poor outward circum stances, possess affinity for him'.[1]

(1. Ven. Nārada, The Buddha Dhamma



မနာလိုတတ်သော နှမြောတွန့်တိုတတ်သော မာနကြီးသော သူသည် သူတစ်ပါးတို့အပေါ်၌ အရာရာတွင် မကျေမနပ် ငြူစူတတ်၏၊ သူတစ်ပါးတို့ကို အထင်အမြင်သေးတတ်၏။ ဤအကြောင်းကြောင့် ညံ့ဖျင်းသော ပြင်ပအခြေအနေများ၌ မလွဲမသွေ ဖွံ့ဖြိုးတိုးတက်ရမည့် သန္ဓေများသည် ထိုသူနှင့် နီးကပ်စွာ ဆက်စပ်မှု ရှိပေ၏။

(ဆရာတော်ဘဒ္ဒန္တ နာရဒ၏ 'ဗုဒ္ဓဓမ္မ' စာအုပ်မှ)

It is, of course, only a consequence of the above, that a change of sex may also ensue.

Thus it is related in the Digha Nikāya No.XXI that Gopikā, a daughter of the Sakya house, was reborn after her death as Gopaka Devaputta (the son of Deva), because the female mind had become repulsive to her, and she had formed a male mind within herself.

အထက်တွင် ဆွေးနွေးခဲ့သော သဘောတရား၏ အကျိုးဆက် အရ လိင်ပြောင်းလဲခြင်းလည်း ဖြစ်ပေါ်နိုင်သည်မှာ ထင်ရှားပါ၏။

သို့ဖြစ်၍ ဒီဃနိကာယ် (အမှတ် ၂၁) ၌ ဖော်ပြချက်အရ သကျ မိ၏ သမီးတစ်ယောက်ဖြစ်သော ဂေါပိကာသည် အမျိုးသမီး စိတ်ထားကို ရွံမုန်း၍ မိမိသန္တာန်တွင် အမျိုးသားစိတ်ထားကို မွေးမြူ သည့်အတွက် ခန္ဓာပျက်ကြွေ သေလွန်ပြီးသည့်နောက်၌ ဂေါပက နတ်သား (ဒေဝ၏ သား) အဖြစ် မွေးဖွားလာပါသည်။

Whatever pain or happiness we experience is,

www.burmeseclassic.com

www.burmeseclassic.com



therefore, an inevitable consequence of a past act. The Buddha Dhamma makes no provision for rewards and punishments. The followers of the Buddha speak in terms of cause and effect.

ထို့ကြောင့် မည်သည့်ဆင်းရဲခြင်း သို့မဟုတ် ပျော်ရွှင်ခြင်းကို ကျွန်ုပ်တို့ ကြုံတွေ့ခံစားရသည်ဖြစ်စေ ၎င်းသည် အတိတ်ပြုလုပ်မှု၏ မလွဲရှောင်နိုင်သော အကျိုးဆက်တစ်ရပ်သာ ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏ တရားတော်တွင် ဆုပေးခြင်းနှင့် ဒဏ်ပေးခြင်းတို့ကို ထည့်သွင်း ဖော် ပြထားခြင်း မရှိပါ။ ဗုဒ္ဓမြတ်စွာ၏ တပည့်များသည် အကြောင်းနှင့် အကျိုးကို လက်ကိုင်ပြု၍ ပြောဆိုကြ၏။

In the words of Silācāra Thero: 'If a person does something in his sleep, gets out of bed and walks over the edge of a verandah, he will fall into the road below and in all likelihood break an arm or leg or suffer something worse. But this will happen not at all as a punishment for his sleep-walking, but merely as its result.

And the fact that he did not remember going out on the verandah would not make the slightest difference to the result of his fall from it, in the shape of broken bones. So the follower of the Buddha takes measures to see that he does not walk over verandahs or other dangerous places, asleep or



awake, so as to avoid hurting himself or anybody who might be below and on whom he might fall.'

သီလာစာရ ထေရဆရာတော်၏ စကားလုံးဖြင့် ပြောရလျှင် ... အကယ်၍ လူတစ်ယောက်သည် အိပ်ပျော်နေခိုက် တစ်စုံတစ်ခုကို ပြုလုပ်လျှင် ဥပမာ အိပ်ရာမှ ထ၍ ဝရန်တာသို့ လျှောက်သွားပြီးကာ၊ ဝရန်တာအနားစွန်းကို ကျော်လွန်သွားလျှင် အောက်ရှိလမ်းမပေါ် သို့ လိမ့်ကျသွားလိမ့်မည်၊ အဖြစ်နိုင်ဆုံး အလားအလာမှာ လက်တစ် ဖက် သို့မဟုတ် ခြေထောက်တစ်ဖက် ကျိုးသွားလိမ့်မည်၊ သို့မဟုတ် ပို၍ အနာတရဖြစ်သွားလိမ့်မည်။ သို့ရာတွင် ဤသို့ဖြစ်ခြင်းသည် သူ၏ အိပ်ပျော်ဆဲ လမ်းလျှောက်ခြင်းအတွက် ဒဏ်ပေးခံရခြင်း လုံးဝ မဟုတ်ဘဲ ထိုသို့ လမ်းလျှောက်ခြင်း၏ အကျိုးဆက်မျှသာ ဖြစ်၏။

ထို့အပြင် ဝရန်တာအပြင်သို့ ထွက်သွားခြင်းကို မမှတ်မိခြင်း ဟူသော အချက်သည် ဝရန်တာမှ လိမ့်ကျခြင်း၏ အကျိုးတရား (အရိုးကျိုးခြင်း စသည်) ကို အနည်းငယ်မျှ ပြောင်းလဲခြင်း မဖြစ်စေ။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ တပည့်မှားသည် အိပ်ပျော်လျက်နှင့် ဖြစ်စေ၊ နိုးလျက်နှင့် ဖြစ်စေ၊ ဝရန်တာ အစွန်းများကို ကျော်လွန်၍ သို့မဟုတ် အခြား အန္တရာယ်ရှိသည့်နေရာများသို့ ဝင်ရောက်၍မသွား စေရန် အလေးဂရုပြုကြသည်။ သို့မှသာလျှင် သူ့ကိုယ်သော်လည်း ကောင်း၊ လိမ့်ကျ၍ ထိတိုက်မိသော အောက်ရှိ လူတစ်ယောက် ယောက်ကိုသော်လည်းကောင်း ထိခိုက်ဒဏ်ရာရစေခြင်း မရှိအောင် ရှောင်ရှားနိုင်လိမ့်မည်။"

Though the Buddha attributes this variation

www.burmeseclassic.com

www.burmeseclassic.com



in character and outward disposition in differe[nt] beings to Kamma, yet He does not assert th[at] everything is due to Kamma. There are five Ord[ers] of Niyãmas according to the Buddha. Kamma [is] only one of the five orders that prevail in the un[i]verse.

ဗုဒ္ဓမြတ်စွာသည် သတ္တဝါအမျိုးမျိုး၌ ကိုယ်အမူအကျင့်ေ[...] ပြင်ပစိတ်နေသဘောထားပါ အမျိုးမျိုးအဖုံဖုံ ကွဲပြားနေခြင်းမှာ [...] ကြောင့်ဖြစ်သည်ဟု ရည်ညွှန်းမိန့်ဆိုသော်လည်း အရာအားလုံးသ[ည်] ကံကြောင့်ဖြစ်သည်ဟု မမိန့်ဆိုပါ။ ဗုဒ္ဓမြတ်စွာ၏ တရားတော်အ[...] ကမ္ဘာပေါ်၌ ဖြစ်ပျက်ပြောင်းလဲမှုများကို စနစ်တကျ ထိန်းချုပ်[...] သော နိယာမ (ဝါ) စည်းစနစ် ငါးမျိုးရှိ၏။ ထိုကမ္ဘာ့နိယာမ ငါး[...] တွင် ကမ္မနိယာမသည် တစ်ခုသာလျှင် ဖြစ်ပါသည်။

## Santati, i.e., flux or continuity... but no 'Soul'
## သန္တတိ ဟူသော ဖြစ်ပျက်အစဉ်... သို့သော် 'အတ္တ' မရှိ

But Kamma or the 'force' of energy which [is] generated through our good and evil actions is [not] stored within the psyche (mind) or in a 'soul' [a] theistic concept. The Buddha teaches that the[re is] no such 'storehouse' in this everchanging comp[lex] machinery of man, for, man himself, is mere[ly a] group of five aggregates (Pañcakkhandha).



သို့ရာတွင် ကံ သို့မဟုတ် ကျွန်ုပ်တို့၏ အကောင်းနှင့် အဆိုး ပြုမှုများမှတစ်ဆင့် ထုတ်လွှတ်ပေးသော စွမ်းအင်၏ 'အား' ကို စိတ် ၌ သိုလှောင်ထားသည် မဟုတ်၊ ဘုရားသခင်ရှိသည်ဟု ယူဆသော အယူဝါဒ၏ 'အတ္တ' (ဝါ) 'ဝိညာဉ်' ၌ သိုလှောင်ထားသည်လည်း မဟုတ်။ ထိုသို့သော 'သိုလှောင်ရုံ' သည် လူဟူသည့် အမြဲတစေ ပြောင်းလဲနေသော ဤရှုပ်ထွေးသည့် ယန္တရားစက်[...] ဟသည်ရှိ ကြောင်းကို ဗုဒ္ဓမြတ်စွာ မိန့်ကြားတော်မူသည်။ အဘယ်ကြောင့် ဆို သော် လူသည်ပင်လျှင် ခန္ဓာငါးပါး (ပဥ္စက္ခန္ဓာ) တို့၏ အစုမျှသာဖြစ် သောကြောင့်တည်း။

But the Buddha teaches that instead of such an unchanging 'soul' or permanent 'entity', there is a flux or Santati (continuity), which is the result of every experience the individual has passed through, every influence felt, every impression received, and dependent on this Santati (continuity), a group of appropriate aggregates (suitable to that individual flux or Santati) comes together, and a new being arises at the death of the old being. Apart from this group of aggreagtes and apart from this changing flux (or Santati) which itself is changing every moment, as 'it' takes in and lets out, so to speak, impressions from time to time, there is no 'store-house', nor a being.

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့သော မပြောင်းလဲသည့် 'အတ္တ' သို့မဟုတ် အမြဲတည်ရှိသော 'အရာ' အစား ခဏမစဲ ဖြစ်ပျက်နေခြင်း သို့မဟုတ် သန္တတိ (ဆက်လက်၍ ဖြစ်နေခြင်း) သာ ရှိသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။ ထိုသန္တတိသည် ပုဂ္ဂိုလ်တစ်ဦးစီက ဖြတ်သန်းခဲ့ရသော အတွေ့အကြုံတိုင်း၏ အကျိုးခံစားခဲ့ရသော ဩဇာသက်ရောက်မှုတို့၏ အကျိုး၊ ခံယူခဲ့ရသော စိတ်ဓာတ်စွဲထင်မှုတိုင်း၏ အကျိုးဖြစ်ပြီးလျှင် ဤသန္တတိ (ဆက်လက်၍ ဖြစ်ခြင်း) အပေါ် တည်မှီ၍ (ထိုပုဂ္ဂလိက ဖြစ်ပျက်အစဉ် သို့မဟုတ် သန္တတိနှင့် ဆီလျော်သော) သင့်လျော်သည့် ခန္ဓာများ၏ အစုတစ်ခုသည် အတူတကွ ဖြစ်လာကြ၏။ ထိုအခါ ယခင်သတ္တဝါ သေဆုံးပြီးလျှင် သတ္တဝါသစ် တစ်ဦး ဖြစ်ပေါ်လာ၏။ ဤခန္ဓာများ၏ အစုနှင့် ဤပြောင်းလဲနေသော ဖြစ်ပျက်အစဉ် (သို့မဟုတ် သန္တတိ) မှ လွဲလျှင် သိုလှောင်ရုံလည်း မရှိ၊ သတ္တဝါဟူ၍လည်း မရှိချေ။ ထိုဖြစ်ပျက်အစဉ် (သန္တတိ) ကိုယ်တိုင်သည်လည်း တစ်ချိန်ပြီး တစ်ချိန် စိတ်ဓာတ်စွဲထင်မှုများကို လက်ခံယူပြီး ထုတ်လွှတ်ရင်းဖြင့် ခဏမစဲ ပြောင်းလဲလျက် ရှိသည်။ 'သိုလှောင်ရုံ' ဟူ၍လည်း မရှိ၊ သတ္တဝါဟူ၍လည်း မရှိချေ။

Strange though it may seem, yet it is true, that this glorious and noble outlook on life and its problems receives wonderful corroboration from the researches of modern Western Psychologists. For the recent tendency in philosophical thought has been so marked that modern psychology is nicknamed, 'Psychology without a psyche (soul).'



ဘဝနှင့် ဘဝပြဿနာများအပေါ် ရှုကြည့်သော ဤချီးကျူးဂုဏ်သရေထိုက်ပြီး မြင့်မြတ်သော အမြင်သည် ခေတ်သစ် အနောက်တိုင်း စိတ်ပညာရှင်များ၏ သုတေသနပြုချက်များမှ အံ့သြဖွယ်ရာထောက်ခံအားပေးမှုကို ရရှိနေခြင်းမှာ ထူးဆန်းသည်ဟု ထင်ရသော်လည်း အမှန်ပင် ဖြစ်နေပါသည်။ အကြောင်းမှာ မကြာမြင့်မီသော အချိန်မှစ၍ ဒဿနအတွေးအခေါ်များ၏ ဦးတည်ချက်သည် အလွန်ထူးခြားစွာ ပြောင်းလဲခဲ့သည့်အတွက် ခေတ်သစ် စိတ်ပညာကို 'ဝိညာဉ် (အတ္တ) ကင်းမဲ့သော စိတ်ပညာ' ဟူ၍ ပြောင်းလဲကာ ခေါ်ဆိုကြ၏။

Says **W. S. Lily**, the great Roman Catholic author: "The existence of the immortal in man is becoming increasingly discredited under the influence of the dominant schools of modern thought. The scientists whom the nineteenth century heard most gladly have been much more affirmative in negation. The so-called "soul" they insist is a "bundle of sensations, emotions, sentiments, all relating to the physical experiences of the race and the individual."

အောင်မြင်ကျော်ကြားသော ရိုမန်ကက်သိုလစ် စာရေးဆရာ ဖြစ်သူ **ဒဗလျူ-အက်(စ်)လီလီ** က ဤသို့ဆို၏။ "ခေတ်သစ် အတွေးအခေါ် ဆိုင်ရာ အဓိက ဂိုဏ်းများ၏ ဩဇာသက်ရောက်မှုကြောင့် လူ၌ မသေနိုင်သော ဝိညာဉ်ရှိသည် ဆိုခြင်းကို ပို၍ပို၍ အယုံအကြည် နည်းလာကြ၏။ ၁၉ ရာစုနှစ် ပြည်သူတို့က သိပ္ပံပညာရှင်

www.burmeseclassic.com



များထံမှ အထူးဝမ်းမြောက်စွာ ကြားသိရသည်မှာ ထိုသိပ္ပံပညာရှင်တို့သည် ဝိညာဉ်မရှိကြောင်းကို အထူးထောက်ခံ၍ အတည်ပြုပေးနေကြခြင်း ဖြစ်၏။ 'ဝိညာဉ်' ဟု ခေါ်ဆိုနေကြသော အရာသည် လူမျိုး တစ်မျိုးနှင့် လူ တစ်ဦးစီ၏ ရုပ်ပိုင်း တွေ့ကြုံခံစားမှုများနှင့် ဆက်စပ်နေသော ခံစားမှုများ၊ စိတ်လှုပ်ရှားမှုများ၊ သိမ်မွေ့သော စိတ်အာရုံများ၏ အထုပ်ကလေးများ ဖြစ်ကြသည်ဟု ထိုသိပ္ပံပညာရှင်တို့ အနိုင်အမာ ပြောဆိုနေကြ၏။"

**Wundt**, the eminent psychologist, in his well-known work, tells us: "Psychology proves that not only our sense-perception, but the memorial images depend for their origins upon the functionings of the organs of sense and movement", and holds that a continuance of this sensuous consciousness must appear irreconcilable with the facts of experience.

ထင်ရှား ကျော်ကြားသော စိတ်ပညာရှင် **ဝန်း(တ်)က** သူ၏ လူသိများသည့် စာအုပ်တွင် ကျွန်ုပ်တို့အား ဤသို့ ပြောပြ၏။

"ကျွန်ုပ်တို့၏ အာရုံသိမှုသာမက မှတ်ဉာဏ်တွင် မှတ်သားထားသော ပုံရိပ်များသည် ၎င်းတို့၏ အစမူလများအတွက် အာရုံသိအင်္ဂါများ၏ အလုပ်လုပ်ပုံများနှင့် လှုပ်ရှားမှုအပေါ်တွင် မူတည်ကြ၏" ထို့အပြင် ဝန်း(တ်)သည် ဤအာရုံသိမှု၏ ဆက်လက်ဖြစ်နေခြင်းနှင့် ကိုယ်တွေ့အချက်အလက်များတို့ကို ညီညွတ်အောင် ပြုလုပ်၍ မရဟု ထင်မြင်ယူဆရမည်ဟူသော အယူကို လက်ခံ၏။



**Professor James**, who is even more modern than Wundt, accounts the term 'soul' a mere figure of speech to which no reality corresponds. 'The word', he insists, 'explains nothing and guarantees nothing; its successive thoughts are the only intelligible things about it; and definitely to ascertain the correlation of these with brain processes is as much as psychology can empirically do'.

ဝန်း(တ်) ထက် ပို၍ ခေတ်မီသော အမေရိကန် ပညာရေး **ပါမောက္ခဂျိမ်း(စ်)**က 'ဝိညာဉ်(ဝါ)အတ္တ' ဟူသော ဝေါဟာရသည် စကားတန်ဆာတစ်ခုသာ ဖြစ်ပြီး မည်သည့်စစ်မှန်သော အရာကိုမျှ ကိုယ်စားပြုခြင်း မရှိဟု မိန့်ဆို၏။ 'ထိုစကားလုံးသည် မည်သည့်အရာကိုမျှ ရှင်းပြခြင်းမရှိသည့်အပြင် မည်သည့်အရာကိုမျှလည်း အာမခံ၍ မပေါ်၊ ၎င်း၏ ဆင့်ကဲဆင့်ကဲ ဖြစ်သော အတွေးများသည် ၎င်းနှင့် ဆက်သက်၍ တစ်ခုတည်းသော သဘောပေါက်နိုင်သည့် အရာများ ဖြစ်ကြ၏။ တိတိကျကျ ပြောရလျှင် ဤအရာများနှင့် ဦးနှောက် ဖြစ်စဉ်များတို့၏ ဆက်နွယ်မှုကို သေသေချာချာ ဖော်ထုတ်ပေးရန် လောက်ကိုသာ စိတ်ပညာက လက်တွေ့မျက်မြင်အားဖြင့် ပြုလုပ်နိုင်သည်။'

Western science forsooth can do nothing more. But Eastern sages by psychical exercises can so develop the clairvoyant faculty that they can look into past lives. For instance, we hear the Buddha,

www.burmeseclassic.com

www.burmeseclassic.com



the greatest Eastern Sage ever known to man saying:

'I recalled my varied lo' in former existences as follows: first one life, then two lives, then three, four, five, ten, twenty, up to fifty lives, then a hundred, a thousand, a hundred thousand, then the dissolution of many world cycles, then the evolution of many world cycles. In that place I was of such name, such a family, such a caste, such a dietary, such the pleasure and pain I experienced, such my life's end. Vanishing from there, I came into existence elsewhere. Then such was my name, such my family ... etc. Thus, I recalled the many births in my former existences.

'Ignorance was dispelled, and knowledge arose; darkness vanished, and light arose...'

( from 'Reminiscences of Previous Births--Pubbe-Nivāsānussati Nāṇa').

အနောက်တိုင်း သိပ္ပံပညာသည် အမှန်ပင် ဤထက်ပို၍ ဘာမျှ မပြုလုပ်နိုင်ချေ။ သို့သော် အရှေ့တိုင်းပညာရှိများသည် ဘာဝနာပွား ခြင်းဖြင့် အဘိညာဉ်တန်ခိုးများကို ထူထောင်ပြီးလျှင် အတိတ်ဘဝ



များကို မြင်အောင် ရှုကြည့်နိုင်ကြ၏။ သာဓကအဖြစ် လူတို့ သိပြီးသမျှ ပညာရှိအပေါင်းတွင် အကြီးကျယ်ဆုံး ပညာရှိဖြစ်တော်မူသော မြတ်စွာဘုရားက ဤသို့ မိန့်ဆိုခဲ့သည်ကို ကျွန်ုပ်တို့ကြားရသည်–

'ငါသည် များပြားသော ရှေး၌ ဖြစ်ဖူးသော ဘဝများစွာကို ဤသို့ အောက်မေ့၏– ပထမတစ်ဘဝ၊ ထို့နောက် နှစ်ဘဝ၊ ထို့နောက် သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ဆယ်ဘဝ၊ ဘဝ နှစ်ဆယ်၊ ဘဝငါးဆယ်အထိကို လည်းကောင်း၊ ထို့နောက် ဘဝတစ်ရာကိုလည်းကောင်း၊ ဘဝတစ်ထောင်ကို လည်းကောင်း၊ ဘဝ တစ်သိန်းကို လည်းကောင်း၊ ထို့နောက် များစွာသော ပျက်ကပ်တို့ကို လည်းကောင်း၊ ထို့နောက် များစွာသော ဖြစ်ကပ်တို့ကို လည်းကောင်း အောက်မေ့၏။ ထိုနေရာ၌ ငါသည် ဤသို့သော အမည် ရှိခဲ့၏၊ ဤသို့သော မိသားစု ရှိခဲ့၏၊ ဤသို့သော အမျိုးဇာတ် ရှိခဲ့၏၊ ဤသို့သော အစာ ရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုနေရာမှ ကွယ်ပျောက်ခဲ့၍ အခြားတစ်နေရာ၌ ဘဝသစ်ဖြစ်ပြန်ခဲ့၏။ ထိုဘဝ၌လည်း ငါ့အမည်သည် ဤသို့ ရှိခဲ့၏၊ ငါ့မိသားစုသည် ဤသို့ ရှိခဲ့၏ ... စသည်ဖြင့်၊ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည် အနွယ်နှင့်တကွ များပြားသော ရှေး၌ နေခဲ့ဖူးသော ဘဝကို အောက်မေ့နိုင်၏။

'မသိမှု အဝိဇ္ဇာကို ဖယ်ရှားလိုက်ပြီးလျှင် ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ပညာ ဖြစ်ပေါ်လာပြီ၊ အမှောင် ကွယ်ပျောက်ပြီးနောက် အလင်း ပေါ်ပေါက်လာပြီ…'

('အတိတ်ဘဝများကို ပြန်ပြောင်းအောက်မေ့ခြင်း– ပုဗ္ဗေနိဝါသာနုဿတိဉာဏ်'မှ)

◇◇◇

## Chapter V

## အခန်း (၅)

## Can We Believe in Re-birth?

## ဘဝသစ် ဖြစ်ခြင်းကို ယုံကြည်နိုင်သလား

Now, a question arises. Can we be sure of 'Re-birth', or, survival after death? In other words, does this accumulated energy or 'force' continue to re-manifest itself on other and various planes of consciousness, or does it cease to exist with our death?

ယခု မေးခွန်းတစ်ခု ပေါ်လာသည်။ 'တစ်ဖန် ဘဝသစ်ဖြစ်ခြင်း' သို့မဟုတ် သေပြီးသည့်နောက် အသက်ရှင်နေခြင်းကို ကျွန်ုပ်တို့ သေချာချာ ယုံကြည်နိုင်ပါသလား၊ တစ်နည်းဆိုသော် ဤ စုဆောင်းထားသော စွမ်းအင် သို့မဟုတ် 'စွမ်းအား'သည် အသိစိတ်ရှိသည့် အခြားသော အမျိုးမျိုးသော ဘုံများ၌ ၎င်းကို ထင်ထင်ရှားရှား ပေါ်ထွန်းအောင် ပြသနိုင်ပါသလား၊ သို့တည်းမဟုတ် ကျွန်ုပ်တို့၏ သေဆုံးခြင်းနှင့်အတူ ထို'စွမ်းအား'သည် ချုပ်ငြိမ်းသွားပါသလား။

www.burmeseclassic.com

www.burmeseclassic.com



According to the Law of Conservation of Energ and Indestructibility of Matter, it is certain that i the process called 'death' nothing is lost. The anima heat goes off somewhere in the atmosphere or i some other matter; the animal magnetism an vitality are momentarily lost sight of, but soon the will be attached to other organic beings such a plants or animals to begin a new cycle of embod- ment. The physical constituents of the body will g to their appropriate places, into the air as gase into the water as fluids, into the earth as salts an minerals, and in a short time may form the parts o a flower, or fruit, or animal.

စွမ်းအင်တည်မြဲ၍ ဒြပ်ကို ဖျောက်ဖျက်၍ မရဟူသော နိယာ အရ 'သေခြင်း'ဟု ခေါ်ဆိုသော ဖြစ်စဉ်တွင် မည်သည့်အရာမျှ ပျော ဆုံးခြင်း မရှိကြောင်းမှာ သေချာပါသည်။ သတ္တဝါ၏ အပူစွမ်းအ သည် လေထုတစ်နေရာသို့ဖြစ်စေ၊ သို့မဟုတ် အခြားဒြပ်တစ်ခု သို့ ဖြစ်စေ ထွက်ခွာသွား၏။ သတ္တဝါ၏ သံလိုက်ဓာတ်နှင့် အ စွမ်းအားတို့မှာ ယာယီအားဖြင့် မျက်ခြည်ပြတ်သွားပါသော်လ မကြာမီပင် အပင်နှင့် သတ္တဝါများကဲ့သို့သော အခြားသက်ရှိမျ တွဲဆက်မိပါလိမ့်မည်။ ဤသို့ဖြင့် ဘဝသံသရာသစ်သည် စတင် ပေလိမ့်မည်။ ရုပ်ခန္ဓာကိုယ်၌ ဖွဲ့စည်းပါဝင်နေကြသည့် အစိတ်အ များသည် ၎င်းတို့နှင့် သင့်လျော်လျောက်ပတ်သော နေရာများသို့ ...က်ကြလိမ့်မည်။ အချို့က လေထဲသို့ ဓာတ်ငွေ့များအဖြစ် ရောက် ...ကြမည်၊ အချို့က ရေထဲသို့ အရည်များအဖြစ် ရောက်သွားကြ ... အချို့က မြေကြီးထဲသို့ ဓာတ်ဆားများနှင့် ဓာတ်သတ္တုများ ...စ် ရောက်သွားကြမည်၊ ထို့နောက် အချိန်အနည်းငယ်အတွင်း ...လျှင် ပန်းပွင့် သို့မဟုတ် သစ်သီး၊ သို့မဟုတ် သတ္တဝါ၏ အစိတ် ...င်းများ ဖြစ်သွားကြလိမ့်မည်။

But, where or what is the willing, the thinking, remembering, the directing force which once ...trolled all these and held them together in unity? This, as we have seen, is the life-flux (Santati) ... continues to seek manifestation from one ...ere of existence to another, as nothing can be ...royed, in keeping with the law of the conser- ...on of energy. And, this energy is sustained and ...tained by the force of Craving.

သို့ရာတွင် ဖြစ်စေလိုမှု၊ စဉ်းစားမှု၊ အောက်မေ့အမှတ်ရမှုနှင့် ...အားလုံးကို ချုပ်ထိန်း၍ တညီတညွတ်တည်း ဖြစ်အောင် ...ကို ပေါင်းစုပေးထားခဲ့သော လမ်းညွှန်ပေးသည့် စွမ်းအား ...ည် အဘယ်နေရာနှင့် အဘယ်အသွင်သို့ ကူးပြောင်းသွားကြ ...။

ဤအရာသည် ကျွန်ုပ်တို့ မြင်သိခဲ့သလို အသက်စီးကြောင်း ...)ပင် ဖြစ်၏။ ဤအသက်စီးကြောင်းသည် ဘုံဘဝတစ်ခုမှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသို့ ဘဝသစ် ဖြစ်ပေါ်လာရေးအတွက် ဆက်လက်ကာ ရှာ
၏။ အကြောင်းမှာ စွမ်းအင်တည်မြဲမှု နိယာမအရ မည်သည့်အရာ
ပျောက်ပျက်၍မသွားနိုင်ခြင်းကြောင့် ဖြစ်၏။ ထို့အပြင် ဤစွမ်းအ
ကို လိုချင်တပ်မက်မှု (လောဘ) ဟူသော စွမ်းအားက ဆက်လက်တ
နေနိုင်အောင် ထိန်းသိမ်းထားပေး၏။ (အကျိုးပေးခွင့် ရသော ကံ
စွမ်းအားကြောင့် ဘဝသစ်၌ ရုပ်နာမ်သစ်တို့ ဖြစ်ပေါ်ကြလိမ့်မည်

But, this force is invisible. Yes. But much th
has in the past been invisible, is now made know
through other processes. For instance, ultra-vio
rays are invisible but show their existence throu
their chemical reaction. Is it not reasonable th
to assume that consciousness and memory are al
able to exist invisibly in nature and volitionally sh
their existence through the vital and the physic
unity manifested by a living being? In fact, this
the revolutionary conclusion to which western m
of science have now come to having weighed all t
latest scientific discoveries in the realms of ph
siology and biology as well as psychology and ps
chical research.

သို့ရာတွင် ဤစွမ်းအင်ကို မမြင်နိုင်ပါ။ မှန်၏၊ သို့သော် ယ
က မမြင်နိုင်သော အရာများစွာကို ယခုအခါ အခြားနည်းစဉ်ရ
တစ်ဆင့် သိမြင်လာအောင် ပြုလုပ်နိုင်၏။ ဥပမာအားဖြင့် ခရမ်းလ



ရောင်ခြည်များကို မမြင်ရပါသော်လည်း ၎င်းတို့၏ ဓာတ်ပြုသတ္တိ
များမှတစ်ဆင့် ၎င်းတို့တည်ရှိကြောင်းကို သိရ၏။ သို့ဖြစ်လျှင် အသိ
စိတ်နှင့် မှတ်ဉာဏ်တို့သည်လည်း မမြင်နိုင်သော အသွင်ဖြင့် သဘာဝ
တွင် တည်နေနိုင်ပြီး၊ သက်ရှိသတ္တဝါတစ်ဦးက အကောင်အထည်
ဖော်ပေးသည့် အဓိက စွမ်းအားနှင့် ရုပ်စွမ်းအားတို့၏ ပေါင်းဆုံမှုမှ
တစ်ဆင့် ၎င်းတို့၏ တည်ရှိမှုကို စေတနာအလျောက် ဖော်ပြပေးသည်
ဟု ထင်မြင်ယူဆခြင်းသည် အကြောင်းအကျိုး မညီညွတ်ပါသလော၊
အမှန်တွင် အနောက်တိုင်း သိပ္ပံပညာရှင်များသည် ခန္ဓာဗေဒနှင့် ဇီဝ
ဗေဒ နယ်ပယ်များ၌ လည်းကောင်း၊ စိတ်ပညာနှင့် ပရစိတ်ပညာ
သုတေသန နယ်ပယ်များ၌လည်းကောင်း၊ နောက်ဆုံး သိမြင်ရသည့်
သိပ္ပံတွေ့ရှိချက်များကို ဆန်းစစ်ပြီးသည်နောက် ယနေ့ ကောက်ချက်
ချကြသော ထင်မြင်ယူဆချက်သည် ဤခေတ်ပြောင်းတော်လှန်ရေး
ထင်မြင်ယူဆချက်ပင် ဖြစ်သည်။

There is, indeed, no forcing aside **Professor Fechner's** conviction that the problem is a psycho-physical problem.

Thus is established scientifically the existence in man of a subconsciousness which in the great mass of people is almost totally dormant. Hence, the shallowness and unscientific nature of the question of objectors to the Re-birth Doctrine who ask why, if we have lived before here on this planet

www.burmeseclassic.com

www.burmeseclassic.com



in human body we do not remember it, must no be obvious.

ဤပြဿနာသည် နာမ်၊ ရုပ် ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သ ဟု **ပါမောက္ခ ဖက်နာ** ၏ ခိုင်မာသော ယုံကြည်ချက်ကို အ တကယ်ပင် ဘေးဖယ်ရှားလိုက်ခြင်း မရှိပါ။

သို့ဖြစ်၍ လူ၌ မသိစိတ်ရှိကြောင်းကို သိပ္ပံနည်းကျ အတည် ပြီး ဖြစ်သွား၏၊ ဤမသိစိတ်သည် လူအများစု၌ လုံးဝနီးပါးမျှ ငုပ်လျှ နေ၏။ ဤအကြောင်းကြောင့် ဤကမ္ဘာဂြိုဟ်ပေါ်တွင် လူ့ဘဝ ယခင်က ကျွန်ုပ်တို့ နေထိုင်ခဲ့ဖူးလျှင် အဘယ့်ကြောင့် ဤအကြော ကို ကျွန်ုပ်တို့ မမှတ်မိရသနည်းဟု ပြန်လည်ဘဝသစ်ဖြစ်ခြင်း သဘော တရားကို ကန့်ကွက်ကြသောသူတို့၏ မေးခွန်းသည် တိမ်သော သိ နည်း မကျသော သဘာဝ ရှိခြင်းမှာ ယခု သိသာထင်ရှားပါပြီ။

However, even this objection has now bee overcome by the new Science of Hypnotism. Fa **Albert Moll** in Hypnotism, **Dr. Pitre**, Dean of th Faculty of Medicine, Bordeaux, France, **Sigmu Freud**, the illustrious German Psychologist, and host of others in more recent times, have prove conclusively that many long forgotten incidents i life dating back not merely to childhood but to th moment of conception in the mother's womb, ca be recalled through Hypnotism, and it has also bee found reasonable to assume in the same mann that the many experiences irrupted into the normal consciousness through this process and found unaccountable are those experiences preserved in memory from a life ante-dating birth.

သို့စေကာမူ ဤကန့်ကွက်ချက်ကိုပင်လျှင် ယခုအခါ စိတ်ညို့၍ အိပ်မွေ့ချခြင်း သိပ္ပံပညာသစ်ဖြင့် ဖြေရှင်းကာ ကျော်လွှားနိုင်ခဲ့ ပြီ ဖြစ်ပါသည်။ အကြောင်းမှာ **အယ်လ်ဘတ်မောလ်**က 'စိတ်ညို့၍ အိပ်မွေ့ချခြင်း' စာအုပ်၌လည်းကောင်း၊ ပြင်သစ်နိုင်ငံ ဘော်ဒိုးမြို့ ဆေးဝါးဗေဒ မဟာဌာနမှူးဖြစ်သူ **ဒေါက်တာ ပီထရေ**က လည်း ကောင်း၊ အလွန့်ထင်ပေါ်ကျော်ကြားခဲ့သော ဂျာမန် စိတ်ပညာရှင် **ဆစ်ဂမန် ဖရွ**နှင့် ပို၍ နောက်ကျသောခေတ်မှ ပညာရှင်များစွာတို့ က လည်းကောင်း၊ လူ့ဘဝ၌ ကလေးဘဝအထိသာမက မိခင်၏ မ်းကြာတိုက်၌ ပဋိသန္ဓေ စ တည်ခါစ အချိန်အထိ ဖြစ်ခဲ့ပြီးသော အကြောင်းအရာများစွာကို အချိန်ကြာမြင့်စွာကပင် မေ့ပျောက်ခဲ့ပြီး ဖြစ်ပါသော်လည်း စိတ်ညို့၍ အိပ်မွေ့ချလိုက်သည့်အခါ ပြန်လည် ၍ သတိရပြီး သိရှိနိုင်ကြောင်းကို ငြင်းဆိုနိုင်အောင် အပြီးအပိုင် သက်သေပြခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ဤနည်းစဉ်အတိုင်း ပုံမှန်အသိစိတ်သို့ ရုတ်တရက် ပြင်းထန်စွာ ဝင်ရောက်လာပြီး အကြောင်းမပြနိုင်သော အတွေ့အကြုံ များစွာတို့သည် ဤဘဝမတိုင်မီ အတိတ်ဘဝ၌ မှတ်ဉာဏ်တွင် မှတ် သား ထားခဲ့သည့် အတွေ့အကြုံများ ဖြစ်ကြကြောင်းကို အထက်ပါ နည်းအတိုင်း ယူဆရန် အကြောင်းအကျိုး ညီညွတ်သည်ဟု တွေ့ရှိ ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## Three Typical Cases of Re-birth
## ဘဝသစ်ဖြစ်ခြင်း နမူနာသုံးခု

Notwithstanding the scientific basis for this there have been many cases reported of people, in India particularly, recalling incidents of their previous lives. The following instances from the French Treatise by **Leon Denis**, entitled Life and Destiny would be of interest:-

ဤအကြောင်းနှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျ အခြေခံ ရှိခြင်းကို မသိပါသော်ငြားလည်း အတိတ်ဘဝ အကြောင်းအရာများကို ပြန်လည် အမှတ်ရကြသော လူများစွာတို့၏ အကြောင်းကို စာနယ်ဇင်းများတွင် တင်ပြထားကြသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် တွေ့ရှိရပါသည်။ **လီယွန် ဒင်းနစ် (စ်)** ရေးသားသော 'ဘဝနှင့် ကံကြမ္မာ' အမည်ရှိ ပြင်သစ် ကျမ်းစာအုပ်၌ ဖော်ပြထားသည့် အောက်ပါ ဖြစ်ရပ်များသည် စိတ်ဝင်စားဖွယ် ကောင်းပါသည်။

(1) A case is related of a child at Simala (India) who remembered that he was assassinated in the year 1814. His name (in his previous life) was Mr Tucker, and he was Superintendent of the Council. The child recalled even small incidents of that life and, taken to the place where the assassination occurred, was terror-stricken.



(၁) သာဓက တစ်ရပ်မှာ အိန္ဒိယနိုင်ငံ စင်မလမြို့မှ ကလေးငယ် တစ်ယောက်သည် ၁၈၁၄ ခုနှစ်၌ မိမိ အသတ်ခံခဲ့ရသည်ကို မှတ်မိ၏။ အတိတ်ဘဝက သူ၏အမည်မှာ မစ္စတာ တတ်ကာ ဖြစ်ပြီးလျှင် ကောင်စီ၏ ကြီးကြပ်ရေးမှူး ဖြစ်ခဲ့၏။ ကလေးငယ်သည် ထိုဘဝမှ အသေးအမွှား အဖြစ်အပျက်များကိုပင် ပြန်လည်သတိရ၏။ သူ အသတ်ခံရသော နေရာသို့ သူ့အား ခေါ်သွားသောအခါ သူ အလွန် ထိတ်လန့်ကြောက်ရွံ့သည်ကို တွေ့ရ၏။

(2) In 1880, at Vera Cruz (Mexico), a seven years old child possessed the power to heal. Several people were healed by vegetable remedies prescribed by the child. When asked how he knew these things, he said that he was formerly a great doctor and his name then was Jules Alpherese. This surprising faculty developed in him at the age of four years.

(၂) ၁၈၈၀ ခုနှစ်၌ မက္ကဆီကိုနိုင်ငံ ဗယ်ရာခရု(ဇ်)မြို့၌ ခုနစ်နှစ်သားအရွယ် ကလေးတစ်ယောက်သည် ရောဂါကုသနိုင်စွမ်း ရှိသည်ကို တွေ့ရ၏။ ထိုကလေး ညွှန်ပြပေးသော သစ်ရွက် သစ်ဖု ဆေးဝါးများဖြင့် လူများစွာတို့သည် ရောဂါ ပျောက်ကင်းသွားကြ၏။ ဤဆေးဝါးအကြောင်းများကို သူ မည်သို့ သိသနည်းဟု သူ့အား မေးမြန်းသောအခါ သူသည် အတိတ်ဘဝက ကျော်ကြားထင်ရှားသော ဆရာဝန်ကြီးတစ်ဦး ဖြစ်ခဲ့ပြီးလျှင် သူ၏အမည်မှာ ဂျူး(လ်စ်) အယ်လ်ဖရက်(စ်) ဖြစ်ကြောင်း သူ ပြောပြ၏။ ဤ အံ့ဩဖွယ်ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်သည် ဤကလေးငယ်၌ အသက် လေးနှစ်အရွယ်မှစ၍ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

(3) The famous Roman Catholic French writer **Lamartine** described in his Voyage in the Orient his distinct reminiscences of a far past. He says: "I had in Judea no Bible or chart in hand. There was no person to give me the antique name of the valleys and mountains. Nevertheless, I at once recognised the Valley and the Battlefield of Saul ! When we reached the convent, the Fathers confirmed with exactitude my previsions... With the exception of the Valley of Lebanon, I saw scarcely any spot which was not for me like a memory. Finally, careless of what even his Roman Catholic brethren or the Fathers might say, he put himself down on record in these words: "Have we lived two lives, or a thousand? Is not our memory but a tarnished image that the breath of God revives?"[1]

(1. From Ceylon lectures (1921) by Dr. Evans-Wentz

(၃) ကျော်စောထင်ရှားသော ရိုမန်ကက်သိုလစ် ပြင်သစ် စာရေးဆရာ **လမာတင်း**သည် 'အရှေ့တိုင်းတစ်ခွင် ရေကြောင်းခရီးစဉ်' အမည်ရှိသော သူ၏စာအုပ်၌ ဝေးကွာသော အတိတ်ဘဝ အတွေ့အကြုံများကို ထင်ထင်ရှားရှား ပြန်ပြောင်းသတိရကြောင်း ဖော်ပြ



ထား၏။ သူ ပြောပြသည်မှာ 'ဂျူဒီယာ ရောက်တော့ ကျွန်ုပ်၏လက်ထဲမှာ သမ္မာကျမ်းစာအုပ်လည်း မရှိ၊ မည်သည့်ဇယားမျှလည်း မရှိ၊ တောင်ကြားချိုင့်ဝှမ်းများနှင့် တောင်များ၏ ရှေးဟောင်းအမည်များကို ကျွန်ုပ်အား ပြောပြရန် လူလည်း မရှိ။ သို့ပါသော်လည်း တောင်ကြား ချိုင့်ဝှမ်းနှင့် ဆောလ်စစ်မြေပြင်ကို ကျွန်ုပ် ချက်ချင်းမှတ်မိသည်။ ခရစ်ယာန် သီလရှင်ကျောင်းသို့ ရောက်သောအခါ ဘုန်းတော်ကြီးများက ကျွန်ုပ်၏ ကြိုတင်အမြင်များ မှန်ကန်ကြောင်းကို အတိအကျ အတည်ပြုပေးကြ၏။ ... လက်ဘနွန်ချိုင့်ဝှမ်းမှ လွဲလျှင် ကျွန်ုပ်၏မှတ်ဉာဏ်တွင် မမှတ်ထားမိသော နေရာဟူ၍ ကျွန်ုပ်မတွေ့ရသလောက်ပင်။

နောက်ဆုံး၌ သူ၏ ရိုမန်ကက်သိုလစ် ညီအစ်ကိုများနှင့် ဘုန်းတော်ကြီးများ မည်သို့ ဝေဖန်ကြမည်ကို အလေးမမှုတော့ဘဲ သူ့အကြောင်းကို ဤစာလုံးများဖြင့် မှတ်တမ်းတင်လိုက်ပါသည်။ ... 'ကျွန်ုပ်တို့သည် ဘဝနှစ်ခု သို့မဟုတ် ဘဝတစ်ထောင် နေခဲ့ရသလော၊ ကျွန်ုပ်တို့၏ မှတ်ဉာဏ်သည် အရောင်မှေးမှိန်စွန်းထင်နေသော ပုံရိပ်များကိုသာ မှတ်မိပြီးလျှင် ထိုမှတ်ဉာဏ်ကို ဘုရားသခင်၏ အသက်ရှူငွေ့က ပြန်လည်ထွန်းတောက် လန်းဆန်းလာစေသည် မဟုတ်ပါသလား။'

[ဒေါက်တာ အီဗန်(စ်)ဝင်း(တ်ဇ်)၏ သီရိလင်္ကာဟောပြောပွဲများ-၁၉၂၁]

To those who are willing to accept Truth wherever Truth is found, these words of a great Roman Catholic author would be of profound interest.

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားကို တွေ့ရှိရသည့် နေရာတိုင်း၌ အမှန်တရားကို လက်ခံလိုသူတို့အဖို့ ကြီးကျယ်ထင်ရှားသော ရိမန်ကက်သိုလစ် စာရေးဆရာ၏ ဤစကားလုံးများသည် လွန်ကဲစွာ စိတ်ဝင်စားဖွယ် ဖြစ်စေပါလိမ့်မည်။

These are some of the salient features in the Buddha's teachings, many of which are now being confirmed from time to time by the researches of independent thinkers in the West. The Buddha makes no appeal to emotion. His appeal is to man's reason and intelligence.

ဤအကြောင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ တရားတော်များ၌ အဓိကကျသော ထူးခြားချက်အချို့ ဖြစ်ပါ၏။ ဤထူးခြားချက် များစွာကို ယခုအခါ မကြာမကြာ ဆိုသလို အနောက်တိုင်းမှ လွတ်လပ်သော တွေးခေါ်ရှင်များ၏ သုတေသနများက အတည်ပြုပေးလျက် ရှိပါသည်။ ဗုဒ္ဓမြတ်စွာသည် ပြင်းပြသော ခံစားမှု၊ စိတ်လှုပ်ရှားမှုတို့ကို ဖြစ်ပေါ်စေပြီး ကြောက်ရွံ့ရှိသေလာအောင် သို့မဟုတ် ကြိုက်နှစ်သက်လာအောင် ပြုလုပ်ခြင်းမျိုးကို လုပ်ဆောင်တော် မမူပါ။ လူတို့၏ ဆင်ခြင်ဉာဏ်နှင့် ဒဲသိဉာဏ်တို့ကို နိုးကြားစေပြီး အမြင်မှန် ရလာအောင်သာ လုပ်ဆောင်တော်မူသည်။

The seeker after Truth would note, however, that in dealing with great problems of birth, life and death, the Buddha's methods and approach have been different to those prevailing in our own time.



မည်သို့ပင် ဖြစ်စေကာမူ အမှန်တရားကို ရှာဖွေသူသည် မွေးဖွားခြင်း၊ အသက်ရှင်ခြင်း၊ သေခြင်းတို့နှင့် ပတ်သက်သော ကြီးကျယ်သည့် ပြဿနာများကို ဖြေရှင်းရာတွင် ဗုဒ္ဓမြတ်စွာ၏ နည်းများနှင့် ချဉ်းကပ်ပုံသည် ကျွန်ုပ်တို့ကိုယ်တိုင် ရောက်ရှိနေသည့်ခေတ်၌ ရေပန်းစားနေသော နည်းများအားလုံးနှင့် ကွဲပြားကြောင်းကို သတိပြုမိပါလိမ့်မည်။

For, while today mathematics and the controlled experiments are used, the Buddha resorted to the expedient of similes and metaphors to bring home the truths He propounded to His hearers. That is the only difference between conditions obtaining 2,500 years ago and now.

အကြောင်းမှာ သင်္ချာပညာနှင့် ထိန်းချုပ်ထားသော စမ်းသပ်ချက်များကို ယနေ့ အသုံးပြုကြသည့်နည်းတူ မြတ်စွာဘုရားသည် သူ၏ ကြားနာသူတို့အား ဟောကြားတော်မူသည့် အမှန်တရားကို သဘောပေါက် ထင်ရှားစေရန်အတွက် ဥပမာများနှင့် တင်စားမှုများ၏ ကျွမ်းကျင်သော ထက်မြက်မှုကို အသုံးပြုတော်မူပါသည်။ ဤအချက်သည် လွန်ခဲ့သော နှစ် ၂၅၀၀ ကျော်က ရရှိနိုင်သော အခြေအနေများနှင့် ယနေ့ အခြေအနေများ၏ တစ်ခုတည်းသော ခြားနားချက် ဖြစ်ပါသည်။

◊◊◊

www.burmeseclassic.com

www.burmeseclassic.com

## Chapter VI

### အခန်း (၆)

### Buddhism and Science

### ဗုဒ္ဓဘာသာနှင့်သိပ္ပံပညာ

The Truth is the same in any age, even if the methods leading to its understanding vary. And when we consider the evidence in the light of modern science, we shall find that the results achieved have been the same.

အမှန်တရားသည် ထိုအမှန်တရားကို နားလည်စေသော နည်းများက ကွာခြားကြစေကာမူ မည်သည့်ခေတ်၌မဆို အတူတူပင်ဖြစ်၏။ ထို့အပြင် ခေတ်သစ်သိပ္ပံပညာ၏ အလင်းရောင်အောက်တွင် အထောက်အထားများကို ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်သောအခါ ရရှိသော အဖြေများသည် အတူတူပင် ဖြစ်ကြ၏။



For instance, the Buddhist view of mind and matter— phenomena—is that they are all illusions, not real. Numerous are the instances wherein the Buddha draws attention to this. Māyā is what He called the illusory nature of material phenomena. Whether man or beast, angel or devil, from the atom to the stars in the heavens, everything is governed by the law of 'Dependent Origination' — Paṭicca-Samuppāda. When the conditions or causes cease, the object, too, ceases. But the sphere of Māyā—Illusion—is one of 'relative reality', that is to say, a thing is real on its own level, but not real in any absolute sense.

ဥပမာ– နာမ်နှင့်ရုပ် — သဘာဝဖြစ်ရပ်— နှင့်ပတ်သက်၍ဗုဒ္ဓဘာသာအမြင်မှာ ၎င်းဖြစ်ရပ်အားလုံးသည် အစစ်အမှန် မဟုတ်ဘဲ အမြင်မှားခြင်းများသာ ဖြစ်ကြ၏။ မြတ်စွာဘုရားသည် သာဓကများစွာ၌ ဤအချက်သို့ အာရုံရောက်အောင် ဆွဲဆောင်တော်မူခဲ့၏။ ရုပ်ဖြစ်ရပ်များ၏ အမြင်မှားစေသော သဘာဝကို 'မာယာ' ဟု သူခေါ်ဆော်မူခဲ့၏။ လူ သို့မဟုတ် သားရဲတိရစ္ဆာန်ဖြစ်စေ၊ ကောင်းကင်ဘုံသားအခန် သို့မဟုတ် မာရ်နတ်ဖြစ်စေ၊ အဏုမြူမှစ၍ ကောင်းကင်၌ ရှိသော ကြယ်များအထိ အရာအားလုံးသည် 'အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်းနိယာမ' — ပဋိစ္စသမုပ္ပါဒ်တရားတော်၏ ထိန်းချုပ်မှုကို ခံယူကြရ၏။ အခြေအနေများ (ဝါ) အကြောင်းတရားများ ချုပ်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



သွားကြသောအခါ အကျိုးတရားဖြစ်သည့်အရာသည်လည်း ချုပ်ငြိမ်းသွား၏။ သို့သော် မာယာ၏ စက်ဝန်း — အမြင်မှားခြင်း — သည် 'သမုတိသစ္စာ' တစ်မျိုး ဖြစ်၏။ ဆိုလိုသည်မှာ အရာဝတ္ထုတစ်ခုသည် သူ့အဆင့်နှင့် သူ (လူတို့၏ အမြင်တွင်) အမှန်တကယ် ရှိ၏။ သို့သော် ပကတိအမှန်သဘော (ပရမတ်သဘော) အရ ပြောရလျှင် အမှန်တကယ် မရှိပါ။

For example, to the consciousness functioning on the same level, a solid is a solid exactly as it appears to us, but to the consciousness functioning on a different level, or on a different vibrational frequency, the solid would appear in a different way. It would be, as physics tells us it is, a collection of atomic particles in continual movement, held together by the electronic laws of attraction and repulsion, and so forth.

ဥပမာအားဖြင့် အဆင့်တူ လုပ်ဆောင်နေသော အသိစိတ်ဖြင့် ရှုကြည့်လျှင် အစိုင်အခဲတစ်ခုသည် ကျွန်ုပ်တို့ မြင်တွေ့ရသည့်အတိုင်း အတိအကျပင် အစိုင်အခဲ ဖြစ်ပါ၏။ သို့သော် ခြားနားသော အဆင့်၌ လုပ်ဆောင်နေသော အသိစိတ်ဖြင့် ရှုကြည့်လျှင် ထိုအစိုင်အခဲကို တစ်မူထူးခြားစွာ မြင်တွေ့ရလိမ့်မည်။ ရူပဗေဒပညာရှင်များက ကျွန်ုပ်တို့အား ပြောပြသည့်အတိုင်း ထိုအစိုင်အခဲသည် ခဏမစဲ ရွေ့လျားနေကြသော အဏုမြူအမှုန်ကလေးများ၏ အစုအဖွဲ့ တစ်ခု ဖြစ်ပေလိမ့်မည်။ ထိုအမှုန်ကလေးများသည် ဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်း



င်ရာ အီလက်ထရွန်နစ် နိယာမများက တစ်ပေါင်းတည်း စုဖွဲ့နေ ထိန်းထားပေး၏။ ဤသို့ စသည်ဖြင့် ရှုမြင်ကြရမည်။

Another easily understandable example would e that of light. For, while we say there is light, ere are beings who see darkness where we, huans, see light. Such beings are the owls. Hence, a word, from the Buddhist point of view the aterial world is one of illusion.

အခြား လွယ်ကူစွာ နားလည်နိုင်သော ဥပမာတစ်ခုမှာ အလင်း င် ဖြစ်၏။ အကြောင်းကား ကျွန်ုပ်တို့က အလင်းရောင်ရှိသည် ဆိုကြပါသော်လည်း လူတို့က အလင်းကို မြင်တွေ့နေသည့် နေ အမှောင်ထုသာ ရှိသည်ဟု မြင်တွေ့ကြသော သတ္တဝါများလည်း ပေ၏။ ထိုသို့သော သတ္တဝါများမှာ ဇီးကွက်များ ဖြစ်ကြ၏။ အကြောင်းကြောင့် စကားတစ်လုံးတည်းဖြင့် ပြောရလျှင် ဗုဒ္ဓဘာ အမြင် ရှုထောင့်အရ ဤရုပ်လောကကြီးသည် အမြင်မှားခြင်း ပ်သာ ဖြစ်ပေ၏။

And, it is this fundamental fact that the Buddha es so hard to drive into the minds of His folers. Unless this basic fact of all phenomena is gnized and realized by the Seeker, he remains to the wheel of life, and can make no progress e path to Liberation.

ဤအခြေခံအချက်ကို သူ၏ တပည့်များ၏ နှလုံးသားထဲ၌ စွဲ

www.burmeseclassic.com

www.burmeseclassic.com



ထင် ကျန်ရစ်အောင် မြဲတ်စွာဘုရားသည် ထပ်ကာဖန်ဖန် ဟောကြား...
တော်မူခဲ့၏။ အကယ်၍မူ အမှန်တရား ရှာဖွေသူသည် ရုပ်နာမ်ဖြစ်...
ရုပ်၏ ဤအခြေခံအချက်ကို သတိမမူလျှင် မသိမြင်လာလျှင် သူသည်...
သံသရာဘဝစက်၌ ချည်နှောင်မြဲ ချည်နှောင်ခံနေရပြီးလျှင် ဘဝ လွတ်...
မြောက်ရေး လမ်းစဉ်ပေါ်သို့ တက်လှမ်းနိုင်တော့မည် မဟုတ်ချေ။

For his ignorance leads him to believe th... there is form and substance when in reality the... is not. And his ignorance binds him to the process... of cause and effect, and his mind continues to mo... like a prisoner confined within his own false con... structions. He cannot get outside the orbit of h... own limitations, and so cannot see the process i... its entirety or understand his own nature. The... is, therefore, no end to suffering for one who i... victim to such Delusion (Moha). To win one's liber... tion, there must be realization that relative co... cepts are unreal, because they are relative.

အကြောင်းမှာ သူ၏ မသိမှု (အဝိဇ္ဇာ) သည် ပုံသဏ္ဌာန်နှင့် ဒြ...
ဝတ္ထုတို့ အမှန်မရှိပါဘဲလျက် ပုံသဏ္ဌာန်နှင့် ဒြပ်ဝတ္ထုတို့ ရှိသည်...
သူ့အား ယုံကြည်စေလိမ့်မည်။ ထို့အပြင် သူ၏ မသိမှုသည် သူ့အား...
အကြောင်းအကျိုး ဖြစ်စဉ်၌ ချည်နှောင်ထားကာ သူ၏စိတ်သည်...
ကိုယ်တိုင် တည်ဆောက်ထားသော လှောင်အိမ်တွင်း၌ နေသည့် လောကအထဲ...
၌ အကျဉ်းသားတစ်ဦးပမာ ဆက်လက်ရွေ့လျားနေလိမ့်မည်။ ...

...ကြောင့် သူ၏ ကိုယ်ပိုင် ကန့်သတ်ချက်များ၏ အပြင်သို့ သူသည် ရုန်း...
...ထွက်နိုင်ရုံသာမက ဖြစ်စဉ်ကိုလည်း ပြည့်စုံစွာ မမြင်သိချေ။ သူ၏...
...ကိုယ်ပိုင်သဘာဝကိုလည်း မသိနားမလည်ချေ။
... ဤအကြောင်းကြောင့် ထိုသို့သော အသိမှားမှု (မောဟ) ၏
...ကောင်တစ်ဦး ဖြစ်သောသူအဖို့ ဆင်းရဲဒုက္ခသည် အဆုံး အပိုင်း...
...း မရှိပါ။ မိမိဘဝ၏ လွတ်မြောက်မှုကို ရရှိနိုင်ရေးအတွက်
...တိ သစ္စာဖြစ် သော ယူဆ ချက် များ သည် အ စစ် အ မှန် မ ဟုတ်
...ကြောင်း ကို သိ မြင် ထား ရ မည်။ ၎င်း သ မု တိ ယူ ဆ ချက် များ သည်
...ဆထားသော သဘောများသာ ဖြစ်ကြသဖြင့် အစစ်အမှန် မဟုတ်
...ပါ။

In fact, 'experiments have revealed that the ...le mass of the electron was due to its electrical ...arge. This also proved conclusively that matter ...s devoid of a material substratum and paved the ...y for the making of the atom bomb which became ...ossibility once it was proved that matter was ...ergy pure and simple. On the authority of science, ...refore, we have to look upon the whole material ...rld as an illusion in which energy masquerades ...he form of matter'.

... အမှန်တွင် အီလက်ထရွန်၏ ဒြပ်ထုအားလုံးသည် ၎င်း၏ လျှပ်...
...ဓာတ်ကြောင့် ဖြစ်ကြောင်းကို လက်တွေ့ စမ်းသပ်ချက်များက
...ပြခဲ့သည်။ ဤအချက်သည် ဒြပ်ဝတ္ထု၌ ရုပ်အနှစ်သာရ မရှိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ငြင်းဆို၍ မရအောင် သက်သေပြခဲ့သည့်အပြင် အဏုမြူဖုံးပြ... ရန်အတွက် လမ်းခင်းပေးခဲ့သည်။ ဒြပ်သည် စွမ်းအင်သန့်သန့်ရှ... ရှင်းသာ ဖြစ်ကြောင်းကို သက်သေပြလာနိုင်သောအခါ အဏုမြ... ပြုလုပ်ခြင်းသည်လည်း ဖြစ်နိုင်သော အလားအလာ ရှိလာပါသည်။

ထို့ကြောင့် သိပ္ပံပညာ၏ အဆိုအမိန့်အရ ကျွန်ုပ်တို့သည် ... လောကတစ်ခုလုံးကို အမြင်မှားခြင်းသာ ဖြစ်သည်ဟု ရှုမြင်ရပေ... မည်။ ဤအမြင်မှားနေသော လောက၌ စွမ်းအင်သည် ဒြပ်ဝတ္ထုအသွ... အမျိုးမျိုးဖြင့် ဟန်ပါပါ သရုပ်ဆောင်နေလျက် ရှိသည်။

Indeed, the Buddha's views on phenome[na] are thus confirmed today by western science. Fo[r] whatever our senses may say, the picture present[ed] to us through physics of the phenomenal world [is] that there is no solidity, form or substance to [be] seen anywhere in the universe, but merely [a] collocation of forces in a perpetual state of flux[—] momentary 'arising and passing away'.

ဤသို့လျှင် မြတ်စွာဘုရား၏ ရုပ်နာမ်ဖြစ်ရပ်များအပေါ် ရှုမြ... များကို ယနေ့သိပ္ပံပညာက အမှန်တကယ်ပင် မှန်ကန်ကြောင်း အတ... ပြုပေးထားပြီး ဖြစ်၏။ အကြောင်းမှာ ကျွန်ုပ်တို့၏ အသိအာရုံ... က မည်သို့ဖော်ပြသည်ဖြစ်စေကာမူ ရူပဗေဒက ကျွန်ုပ်တို့အား ... ပြပေးသော ရုပ်နာမ်ဖြစ်ရပ်ဆိုင်ရာ ကမ္ဘာရုပ်ပုံလွှာသည်ကား အ... အခဲ သဘောမရှိ၊ ပုံသဏ္ဌာန်မရှိ၊ အနှစ်အသား မရှိ၊ ဤအစိုင်အခဲ... သဏ္ဌာန်၊ အနှစ်အသား သဘောတရားတို့ကို စကြဝဠာတစ်ခုလုံး...ည်သည့်နေရာတွင်မျှ မမြင်တွေ့နိုင်။ ခဏမစဲ ဖြစ်ပျက် ပြောင်းလဲ...သော သန္တတိအစဉ်အဖြစ် အမြဲထာဝရတည်ရှိနေကြသည့် အတု...ကွ ပေါင်းစပ်ထားသော အားများသာ ရှိသည်ဟူ၍ ဖြစ်သတည်း။

The turning point in the scientific world came [w]hen the atom was analysed, and it was found to [re]solve into energy — a process of transmutation [fr]om one form of radiation to another, a continual [cy]cle of 'arising and passing away' of electronic [p]articles.

According to physics, then, solids are nothing [m]ore than events in the continuum of space and [ti]me, and material objects are mainly space. Solid[ity it]self is merely a convention of speech based on the [p]erceptive data provided by the senses and has no [b]asis in reality. From the electrons therefore to [th]e stars in their heavenly courses there is nothing [th]at is not in motion. Immobility is only in appear[a]nce.

သိပ္ပံကမ္ဘာ၌ အလှည့်အပြောင်းသည် အဏုမြူကို ခွဲခြမ်း စိတ်...ရာ၌ စွမ်းအင်အဖြစ်သို့ ဖြိုခွဲနိုင်သည့်အချိန်မှ စတင်ခဲ့သည်။ အဏုမြူ... စွမ်းအင်အဖြစ်သို့ ပြိုကွဲခြင်းသည် ရောင်ခြည်တစ်မျိုးမှ အခြား တစ်...သို့ ကူးပြောင်းပေးသော နည်းစဉ်ဖြစ်၏။ အီလက်ထရွန် အမှုန်

www.burmeseclassic.com

www.burmeseclassic.com



များ၏ ခဏမစဲ ဆက်တိုက်ဖြစ်ပျက်နေသော ပတ်လည်သံသရာသ ဖြစ်၏။

ထို့ကြောင့် ရူပဗေဒ သဘောတရားအရ အစိုင်အခဲများ ဟူသ မှာ ဟင်းလင်းပြင်နှင့် အချိန်တို့၏ အဆက်မပြတ် ဖြစ်ပျက်နေမှုအ ၌ ဖြစ်ရပ်ငယ်များသာ ဖြစ်ကြပြီးလျှင် ရုပ်ဝတ္ထုများဟူသည်မှာ အဓိ အားဖြင့် ဟင်းလင်းပြင်သာ ဖြစ်သည်။

အစိုင်အခဲသည်ပင်လျှင် အာရုံများက ပေးဆောင်သည့်မှားယွ သော အချက်အလက်များအပေါ် အခြေခံ၍ တီထွင်ထားသည့်အ အနှုန်း ဝေါဟာရတစ်ခုမျှသာ ဖြစ်၏။ အစစ်အမှန်ဖြစ်သော အခြေ ဟူ၍ မရှိချေ။ သို့ဖြစ်၍ အီလက်ထရွန်များမှ စတင်လျက် ကော ကင်တွင် သွားလာနေကြသော ကြယ်တာရာများအထိ မရွေ့လျား တည်ငြိမ်နေသော အရာ ဟူ၍ မရှိချေ။ မရွေ့လျားခြင်း ဟူသည် ထင်မြင်ချက်မျှသာ ဖြစ်၏။

Thus, we see, that in its own way science ha helped the Buddhist cause, because the process universal flux and its inherent substancelessnes of matter are fundamentals of Buddhism. But th process of universal flux and inherent substanc lessness of matter have greater implications tha we at first suspected.

သို့ဖြစ်၍ သိပ္ပံပညာသည် မိမိ၏နည်း မိမိ၏ဟန်ဖြင့် ဗုဒ္ဓဘာ သာဝင်တို့၏ ဘက်တွင် ပါဝင်ကူညီပေးခဲ့သည်ကို ကျွန်ုပ်တို့ မြင်တွေ့



ရ၏။ အဘယ်ကြောင့်ဆိုသော် စကြဝဠာ သန္တတိအစဉ်နှင့် ဒြပ်၏ အနှစ်အသား ကင်းမဲ့ခြင်း သဘောတရားသည် ဗုဒ္ဓဘာသာ၏ အခြေခံ အချက်များ ဖြစ်ကြသောကြောင့်တည်း။ သို့ရာတွင် ဤစကြဝဠာ သန္တတိအစဉ်ဟူသော ဖြစ်ပျက်အစဉ်နှင့် ဒြပ်၏ အနှစ်အသား ကင်းမဲ့ မှု သဘောသည် ကျွန်ုပ်တို့ ပထမ ထင်မြင်ထားသည်ထက် ပိုမိုကျယ် ပြန့်စွာ အကျိုးသက်ရောက်မှု ရှိပါသည်။

For, now, we find that man and his mind are themselves part of the causal process. Man cannot get outside it, as it were, and view phenomena objectively, because he, too, is a part of this whole illusory fabrication. In other words, the whole subject-object relationship is now brought into question.

အကြောင်းမူ ယခုအခါ ကျွန်ုပ်တို့သည် လူနှင့် သူ၏ စိတ်တို့ က အကြောင်းအကျိုး ဖြစ်စဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်နေခြင်းကို မြင်တွေ့ရသောကြောင့်တည်း။ လူသည် ဤအကြောင်းအကျိုး ဖြစ် စဉ်မှ ဖယ်ခွာ၍ ရုပ်နာမ်ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုကြည့်၍ မရပါ။ သူသည်လည်း ဤအမြင်မှားနေသော လုပ်ကြံဖန်တီးမှု ဇာတ် လမ်းတွင် ပါဝင်နေသည် မဟုတ်ပါလား။ တစ်နည်းဆိုသော် ပုဂ္ဂလ ဓိဋ္ဌာန်–ဓမ္မဓိဋ္ဌာန် ဆက်သွယ်မှုတစ်ရပ်လုံးသည် မေးမြန်းစိစစ်ရန် အခြေအနေသို့ ဆိုက်ရောက်လာသည်။

Our conclusion then is that the phenomenal world is unreal, though on our present levels of

www.burmeseclassic.com

www.burmeseclassic.com



consciousness, receiving deceptive data, through the five bases or sense-organs, we are led to believe that it is real. In fact, it is this unreal mind which is itself part of the illusory phenomenal world, that makes us believe in a non-existent soul--or 'atma'.

ဤအခြေအနေတွင် ကျွန်ုပ်တို့သည် "မြင်တွေ့နေရသော ဖြစ်ရပ် လောကသည်မစစ်မှန်ကြောင်း" ကောက်ချက်ချကြရမည်။ ကျွန်ုပ်တို့၏ လက်ရှိသိမြင်နိုင်သော အဆင့်များတွင် ကျွန်ုပ်တို့၏ အာရုံသိအင်္ဂါများ (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်) တို့မှတစ်ဆင့် လက်ခံရရှိထားသော လှည့်စားထားသည့် အချက်အလက်များအရ ဤရုပ်နာမ် ဖြစ်ရပ် လောကသည် စစ်မှန်သည်ဟု ကျွန်ုပ်တို့ထင်မြင်မိကြ၏။ သို့သော် ဤဖြစ်ရပ်လောကသည် အစစ်အမှန် မဟုတ်ပါ။ အမှန်တွင်လည်း ထင်ယောင်ထင်မှား ရုပ်နာမ်ဖြစ်ရပ်လောက၏ တစ်စိတ်တစ်ဒေသ ဖြစ်နေသော ဤမစစ်မှန်သောစိတ်သည်ပင်လျှင် အမှန်တကယ်တည်ရှိသည့် 'ဝိညာဉ်' (ဝါ) 'အတ္တ' ကို ရှိသည်ဟု သက်ဝင်ယုံကြည်လာစေခြင်း ဖြစ်၏။

How this happens is explained by the Buddha by reference to a ball of fire, which, when whirled rapidly, can, for a time, create the illusion of a circle. From which we see that motion can create the illusion of rest under certain circumstances and for a certain time. Therefore, everything in the Universe is Māyā— Illution— a set of relations, nothing more!



ဤလှည့်စားမှု မည်သို့ဖြစ်ပေါ်လာသည်ကို မီးလုံးကြီးကို ကိုးကား၍ မြတ်စွာဘုရား ရှင်းပြတော်မူသည်။ မီးလုံးတစ်လုံးကို လျင်မြန်စွာ စက်ဝိုင်း လမ်းကြောင်းတွင် ဝှေ့ယမ်းပေးလျှင် မီးကွင်းကြီးတစ်ခုသည် အချိန်ကာလတစ်ခုမျှ တည်ရှိနေသည်ဟူသောအမြင်များမှ ဖြစ်ပေါ်လာ၏။ ဤဥပမာမှ အချို့သော အခြေအနေများနှင့် အချိန်ကာလ တစ်ခုအတွင်း၌ ရွေ့လျားမှုသည် တည်ငြိမ်မှုဟူသော အမြင်များကိုဖန်တီးပေးနိုင်ကြောင်း ကျွန်ုပ်တို့သိရ၏။ ထို့ကြောင့် စကြဝဠာအတွင်းရှိ အရာဟူသမျှသည် အမြင်များမှ မာယာသာ ဖြစ်သည်၊ အကြောင်းအကျိုး ဆက်သွယ်မှုများသာဖြစ်သည်၊ ဤထက် ပိုလွန်၍ ဘာမျှ မရှိပါ။

The modern scientific view of the material world is thus in harmony with that of the Buddha.

သို့ဖြစ်၍ ခေတ်သစ်သိပ္ပံပညာ၏ ရုပ်လောက အမြင်သည် မြတ်စွာဘုရားအမြင်နှင့် ကိုက်ညီပါသည်။

**Kant** had actually suspected the subjectivity of space and time, but 50 years ago scientists agreed that space and time were independent realities. But **Einstein** had now finally revolutionised the minds of scientific men by propounding his famous Theory of Relativity.

And as if to add to the discomfiture of the theists, late in 1949, Einstein put forward his most recent theory— the **Unified Theory**, which 'encom-

www.burmeseclassic.com

www.burmeseclassic.com



passes not only the boundless gravitational and electro-magnetic fields of interstellar space, but also the tiny, terrible field inside the atom.'

**'ဂျာမန်ဒဿနိကဗေဒပညာရှင် ကန့်'** သည် ဟင်းလင်းပြင် (အာကာသ) နှင့် အချိန်တို့၏ ပြဋ္ဌာန်းခံရသည့်သဘောကို တကယ်ပင် သံသယဖြစ်ခဲ့မိ၏။ သို့သော် လွန်ခဲ့သော နှစ် ၅၀ ကျော်က သိပ္ပံပညာရှင်များက အာကာသနှင့် အချိန်တို့သည် လွတ်လပ်စွာ တည်ရှိကြသော စစ်မှန်သောအရာများဖြစ်ကြသည်ဟု တညီတညွတ်တည်း လက်ခံခဲ့ကြ၏။ သို့ရာတွင် **ကမ္ဘာ့သိပ္ပံပညာကျော် အိုင်းစတိုင်း** သည် သူ၏ ကျော်ကြားသော ဆက်စပ်မှုသဘောတရား (ရယ်လတီဗတီ သီအိုရီ) ကို ထုတ်ဖော်၍ အဆိုပြုလိုက်ခြင်းဖြင့် သိပ္ပံပညာရှင်များ၏ စိတ်များကို ယခုအခါ တော်လှန်ပြောင်းလဲစေလိုက်ပြီး ဖြစ်သည်။

ထို့အပြင် ဖန်ဆင်းရှင် ဘုရားသခင် ရှိသည်ဟု ယုံကြည်သူတို့အား ပို၍စိတ်ရှုပ်ထွေးစေ၊ အနေခက်စေသကဲ့သို့ ဖြစ်သွားစေသည့် အကြောင်းမှာ အိုင်းစတိုင်းသည် ၁၉၄၉ ခုနှစ်နှောင်းပိုင်းတွင် သူ၏ နောက်အကျဆုံး သီအိုရီဖြစ်သည့် **ညီညွတ်စွာ ပေါင်းစည်းထားသော စက်ကွင်းသီအိုရီ** ကို ယုတ်ဖော်ကြေညာလိုက်ခြင်းဖြစ်၏။ ဤသီအိုရီ၏ သဘောတရားတွင် အကန့်အသတ်မဲ့သော ဖြစ်သော ဒြပ်ဆွဲငင်အားနိယာမနှင့် ကြယ်များအကြားရှိအာကာသဓာတ်အကြောင်းတို့လည်း ပါဝင်၏၊ အက်တမ်အတွင်းရှိ ငယ်ပင်ငယ်ပါသော်လည်း ကြောက်စရာကောင်းသော စက်ကွင်းအကြောင်းလည်း ပါဝင်၏။



In the light of this enlightening theory regarding the two primordial forces, as a commentator puts it, 'the whole complex of the universe — the macrocosmos and the microcosmos will resolve into a homogeneous fabric in which matter and energy are indistinguishable and all forms of motion from the slow-wheeling of the galaxies to the wild flight of electrons become simply changes in the structure and concentration of the primordial fields'.

ရှေးဦးအကျဆုံးအချိန်မှစ၍ တည်ရှိခဲ့သော စွမ်းအားနှစ်မျိုးနှင့် ပတ်သက်သည့် ဤအသိဉာဏ် ပွင့်လင်းစေသော အဆိုပြုချက် (သီအိုရီ) ၏ အလင်းရောင်အောက်တွင် ဝေဖန်သူတစ်ဦး ပြောဆိုသကဲ့သို့ 'အစိတ်အပိုင်းများစွာတို့နှင့် ရှုပ်ထွေးစွာ ပေါင်းစည်းထားသော စကြဝဠာတစ်ခုလုံး၊ အလွန်ကြီးကျယ်သော စကြဝဠာအဖွဲ့အစည်းများနှင့် အလွန်သေးငယ်သည့် အဏုမြူစကြဝဠာ အဖွဲ့အစည်းများတို့သည် တစ်သားတည်း ညီညွတ်စွာ ပေါင်းစည်းသွားလိမ့်မည်၊ ထိုအခါ ဒြပ်နှင့် စွမ်းအင်တို့ကို ခွဲခြား၍မရတော့ဘဲ ကြယ်စုကြီး (ဂလက်ဆီ) များ၏ နှေးကွေးစွာ ရွေ့လျားနေခြင်းမှစ၍ အီလက်ထရွန်တို့၏ လျင်မြန်ကြမ်းတမ်းစွာ ပျံသန်းနေခြင်းတို့အထိ ရွေ့လျားမှု အသွင်အားလုံးတို့သည်လည်း ထိုရှေးဦးအကျဆုံး စွမ်းအားစက်ကွင်းတို့၏ တည်ဆောက်ပုံနှင့် ပေါင်းစပ်ဖွဲ့စည်းပုံ ပြောင်းလဲခြင်းမျှသာ ဖြစ်လာကြတော့၏။

Here, then, is beautiful explanation of the

www.burmeseclassic.com

www.burmeseclassic.com



puzzling harmony of the Cosmos without recourse to a mysterious unknown—God. The Buddha encompassed both gravitational and electro-magnetism in His Doctrine of Anicca—Transiency.

ဤကား လျှို့ဝှက်ဆန်းကြယ်၍ မသိနိုင်သော ဘုရားသခင်ကို ကိုးကားမှု မပြုဘဲ စကြဝဠာများ၏ အံ့သြဖွယ်ရာ ညီညွတ်မှုကို ဖြေရှင်းပြသော အလွန်လှပသည့် ဖြေရှင်းချက်တစ်ရပ် ဖြစ်ပါ၏။ ဗုဒ္ဓမြတ်စွာသည် ဒြပ်ထုဆွဲအားနှင့် လျှပ်စစ်သံလိုက် သဘောတရားတို့ကို သူ၏ အနိစ္စ မတည်မြဲမှုဒေသနာတော်တွင် အကျုံးဝင်အောင် ဟောပြောတော်မူခဲ့သည်။

There is also ample proof that the corollaries which spring up as a result of Einstein's revolutionary outlook have all been anticipated by the Buddha. for, the whole universe, as we have seen is Māyā. After all, we identify an object by its colour, smell, taste, and so on, but these exist only in our minds and 'can no more be ascribed to the external object than can the tickling or pain caused sometimes by touching such an object'.

သိပ္ပံပညာကျော် **အိုင်းစတိုင်း**၏ ခေတ်ပြောင်းတော်လှန်ရေး အမြင်၏ အကျိုးဆက်အရ ခုန်ကျော်ထွက်ပေါ်လာကြသည့် နောက်ဆက်တွဲအမှန်သဘောများကို ဗုဒ္ဓမြတ်စွာက ကြိုတင်သိမြင်ထားသည့် အထောက်အထားများလည်း အလျှံပယ်ရှိနေပါသည်။ အကြောင်း



မှာ စကြဝဠာအလုံးစုံသည် ကျွန်ုပ်တို့မြင်သိခဲ့သည့်အတိုင်း မာယာဖြစ်နေသောကြောင့်တည်း။ အားလုံးကို ခြုံကြည့်လျှင် အရာဝတ္ထုတစ်ခုကို ၎င်း၏ အဆင်း၊ အနံ့၊ အရသာ စသည့် အရည်အသွေးတို့ဖြင့် မည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိရှိကြသည်။ သို့သော် ဤအရည်အသွေးတို့သည် ကျွန်ုပ်တို့၏ စိတ်များထဲ၌သာ တည်ရှိကြသဖြင့် ပြင်ပ၌ရှိသော အရာဝတ္ထု၏ အရည်အသွေးများဟု မဆိုနိုင်ပါ။ ပမာဆိုသော် ထိုအရာဝတ္ထုကို စမ်းသပ်ခြင်းကြောင့် တစ်ခါတစ်ရံ ဖြစ်ပေါ်လာသော ယားကျိကျိခံစားမှု သို့မဟုတ် နာကျင်သော ခံစားမှုသည် ထိုအရာဝတ္ထုဖြစ်သည်ဟု မဆိုနိုင်သကဲ့သို့တည်း။

'Thus scientists and philosophers are now agreed that the whole universe is a construction of the mind and exists only in the mind as an edifice of conventional symbols shaped by the senses of man'.

Hence, if we could see 'things as they really are', the world may appear in an entirely different hue or even as one vast void.

'By mind the world is led, by mind is drawn;
And all men own the sovereignty of mind'.

သို့ဖြစ်၍ စကြဝဠာတစ်ခုလုံးသည် စိတ်၏ တည်ဆောက်မှုတစ်ခု ဖြစ်ပြီးလျှင် လူ၏အာရုံများက ပုံဖော်ပေးသည့်အတိုင်း ထုံးတမ်း စဉ်လာ သင်္ကေတများနှင့် တည်ဆောက်ထားသော အဆောက်အအုံအဖြစ် စိတ်ထဲ၌သာ တည်ရှိကြောင်းကို ယခုအခါ သိပ္ပံပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဒဿနိက ပညာရှင်များ (တွေးခေါ်ရှင်များ) တို့ သဘောတူညီကြပါသည်။

ဤအကြောင်းကြောင့် 'အရာဝတ္ထုများကို ၎င်းတို့ အမှန်တကယ်တည်ရှိကြသည့်အတိုင်း' ကျွန်ုပ်တို့ မြင်တွေ့နိုင်ကြမည်ဆိုလျှင် ကမ္ဘာကြီးသည် လုံးဝ ခြားနားသော အရောင်အသွေး သို့မဟုတ် ကြီးမားကျယ်ပြောသော ဟင်းလင်းပြင်တစ်ခုအဖြစ် ထင်ပေါ်လာလိမ့်မည်။

'စိတ်သည် ကမ္ဘာလောကကို ဦးဆောင်လျက်ရှိ၏၊
စိတ်သည် ကမ္ဘာလောကကို ဆွဲငင်နေ၏၊
လူအားလုံးတို့သည် စိတ်၏အချုပ်အခြာ အာဏာကို ပိုင်ဆိုင်ကြ၏။'

From time to time in His discourses, the Buddha has compared the world to foam, a bubble or to a mirage. The unsubstantiality of matter is specifically referred to in the Sutta Nipāta:-

'As void one should look upon the world
O Mogharāja, being ever mindful;
When he has destroyed the theory of self,
Then will he overcome death'.

မြတ်စွာဘုရားသည် သူ၏တရားဒေသနာများ၌ ကမ္ဘာလောကကို ရေမြှုပ်နှင့်လည်းကောင်း၊ ရေပူဖောင်းနှင့် လည်းကောင်း၊ တံလျှပ်နှင့် လည်းကောင်း မကြာမကြာ နှိုင်းယှဉ်ဖော်ပြတော်မူခဲ့၏။ ရုပ်ဒြပ်၏ ခိုင်မြဲသော အနှစ်အသား မရှိခြင်းကို နိပါတသုတ္တန်၌ အောက်ပါအတိုင်း တိတိကျကျ ရည်ညွှန်းပြတော်မူ၏ -



"အို... မောဃရာဇ... အစဉ်အမြဲ သတိရှိသည်ဖြစ်၍
ကမ္ဘာလောကအပေါ်၌ ရေမြှုပ်၊ ရေပူဖောင်း၊ တံလျှပ်ကဲ့သို့
အနှစ်သာရ မရှိသည်ကို ရှုမြင်လေလော့။
အတ္တဟူသော အယူအဆကို ဖျက်ဆီးနိုင်သောအခါ
သေခြင်းတရားကို အောင်နိုင်ပေလိမ့်မည်။"

Now **Einstein** has also said that matter and mind must arise together or not at all; that, in other words, there is simultaneous genesis of matter and mind. The question then arises, 'Who created these two illusions?' The answer obviously is that they created each other, for no other reason, than that no sane person would attempt to create an illusion and confer his imprimatur on it as perfect truth having the basis of Self.

ယခုအခါ **ကမ္ဘာသိပ္ပံပညာကျော် အိုင်းစတိုင်း** သည် ရုပ်နှင့် နာမ်တို့ အတူတကွ ဖြစ်ပေါ်ရမည်ဖြစ်ကြောင်း၊ သို့မဟုတ်လျှင် လုံးဝ မဖြစ်ပေါ်နိုင်ကြောင်း၊ တစ်နည်းဆိုသော် အစကနဦးကတည်းက ရုပ်နှင့် နာမ်တို့၏ တစ်ပြိုင်နက် ဖြစ်ပေါ်ကြကြောင်းကို မိန့်ဆိုခဲ့ပြီး ဖြစ်သည်။ ထိုအခါ မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်၊ "ဤအမြင်မှား နှစ်ရပ်ကို မည်သူက ဖန်တီးခဲ့သနည်း"

ထင်ရှားပေါ်လွင်နေသည့်အဖြေမှာ '၎င်းတို့သည် တစ်ခုကိုတစ်ခု ဖန်တီးခဲ့သည်' ဟူသော အဖြေပင်ဖြစ်၏။ အကြောင်းမှာ စိတ်မှန်ရှိသော မည်သူတစ်ဦးတစ်ယောက်ကမျှ အခြားအကြောင်းတစ်မျိုး

www.burmeseclassic.com

မျိုးကြောင့် အမြင်များတစ်ခုကို ဖန်တီးပြီးလျှင် ထိုအမြင်များကို အတ္တအပေါ် အခြေခံသည့် ပြည့်စုံသော အမှန်တရားအဖြစ် သတ်မှတ်ရန် သူ၏သဘောတူညီမှုကို ပေးကမ်းလိမ့်မည် မဟုတ်သောကြောင့် ဖြစ်၏။

And, Einstein says, 'I cannot conceive of an Almighty Creator who punishes and rewards the objects of his own creation. It is a challenge to his omnipotent fairness'.

ထို့ပြင် အိုင်းစတိုင်းက ဤသို့ ပြောခဲ့၏။ "မိမိ ဖန်ဆင်းထားသော သတ္တဝါများကို ဆုပေးဒဏ်ပေးသည့် အနန္တတန်ခိုးရှင် ဖန်ဆင်းရှင်ကို ကျွန်ုပ်စဉ်းစားလို့ မရပါ။ ဤသို့ မိမိဖန်ဆင်းထားသည့် သူတို့ကို ဆုပေးဒဏ်ပေးရသည်ဆိုလျှင် သူ၏ အကန့်အသတ်မရှိ တန်ခိုးကြီးမားခြင်း၊ တရားမျှတခြင်းတို့ကို စိန်ခေါ်ရာရောက်သွားပေလိမ့်မည်။"

The Buddha explained the strange phenomenon of 'self-creation' by referring to two sticks neither of which can be made to stand upright by itself, but both of which can be made to do so if they are made to support each other.

ဗုဒ္ဓမြတ်စွာဘုရားသည် 'အတ္တ–ဖန်ဆင်းမှု' ဟူသော ဆန်းကြယ်သည့် ဖြစ်ရပ်ကို တုတ်နှစ်ချောင်း ဥပမာဖြင့် ရှင်းပြတော်မူသည်။ ထိုတုတ်နှစ်ချောင်းအနက် မည်သည့်တုတ်ကမျှ မိမိဘာသာ မတ်မတ်တည်နေနိုင်ချေ။ သို့သော် တစ်ချောင်းကို တစ်ချောင်း ထောက်ပံ့ထားစေသည့်အခါ နှစ်ချောင်းစလုံး မတ်မတ်တည်နေနိုင်ကြ၏။



The fact, however, that they must arise together or not at all, also makes them inseparable twins, which in turn, point to a common source. **Henri Bergson** has shown what that source is. For, he has explained at some length that mind is a condensation from consciousness. He has also said that once Consciousness is present, matter can be deduced from it. In other words, Consciousness gives rise to mind and matter. And, that precisely is what the Buddha has said: 'Consciousness (Viññana) gives rise to mind (Nāma) and matter (Rūpa). Now, how would we explain this?

သို့စေကာမူ 'ရုပ်နှင့်နာမ်တို့ အတူတကွဖြစ်ပေါ်ကြရမည်၊ သို့မဟုတ်က လုံးဝ မဖြစ်ပေါ်နိုင်' ဟူသောအချက်သည် ရုပ်နှင့်နာမ်တို့အား ခွဲခြား၍မရသော အမွှာများဖြစ်အောင် ပြုလုပ်ပေး၏။ ဤသို့ အမွှာပူးဖြစ်ခြင်းက တစ်ဖန် ရုပ်နှင့်နာမ်တို့၏ ဘုံအရင်းအမြစ်ကို ညွှန်ပြ၏။ ထိုအရင်းအမြစ်က မည်သည့်အရာဖြစ်သည်ကို တွေးခေါ်ရှင် **ဟင်နရီဘာတ်(ဂ်)ဆင်**က ဖော်ပြပေးခဲ့၏။ အကြောင်းမှာ နာမ်သည် အာရုံသိမှုမှတစ်ဆင့် အနှစ်ဖွဲ့စုလာခြင်းဖြစ်ကြောင်းကို အတော်အတန် ရှည်လျားစွာ သူ ရှင်းပြခဲ့၏။ အနှစ်ဖွဲ့စုလာခြင်း ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် ၎င်းမှတစ်ဆင့် ရုပ်ကိုဆင်ခြင်တွေးဆယူနိုင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သူ ပြောဆိုခဲ့သေး၏။ တစ်နည်းဆိုသော် အာရုံသိမှုက နာမ်
နှင့် ရုပ်တို့ကို ဖြစ်ပေါ်လာစေ၏။ ဤအချက်ကိုပင် ဗုဒ္ဓမြတ်စွာက
အတိအကျ မိန့်ဆိုတော်မူ၏။ "အာရုံသိမှု (ဝိညာဏ်) သည် နာမ်
(နာမ) နှင့် ရုပ် (ရူပ) တို့ကို ဖြစ်ပေါ်စေ၏။" (ဝိညာဏပစ္စယာ နာမရူပံ
ကို ထောက်ရှုပါ) ယခု ဤအချက်ကို ကျွန်ုပ်တို့ အဘယ်သို့ ရှင်းပြကြ
မည်နည်း။

According to the Buddhist law of Dependent Origination (Paṭiccasamuppāda), Mind (or nāma) stands only for the three mental groups, viz. feeling, perception, mental-formations. Consciousness is singled out, in order to show that all mental and physical life of beings is dependent on it. In other words, this means that without Consciousness (or awareness), there can not be mental or physical phenomena, while at the same time, for there to be Consciousness, there must also be mental and physical phenomena.

အကြောင်းကို စွဲ၍ အကျိုးဖြစ်ပေါ်ခြင်းဟူသော ဗုဒ္ဓဘာသာ
နိယာမ (ပဋိစ္စသမုပ္ပါဒ) အရ နာမ် (နာမ) သည် အာရုံခံစားမှု အာ
အာရုံမှတ်သားမှုအစုနှင့် နာမ်ပိုင်းဆိုင်ရာ ပြုပြင်စီရင်မှုအစုဟူသော
စေတသိက်နာမ်ခန္ဓာ သုံးပါးကိုသာ ကိုယ်စားပြု၏။ သတ္တဝါတို့၏
နာမ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အသက်ရှင်နေမှုများ အားလုံး
သည် အာရုံသိမှုအပေါ်တွင် မှုတည်ကြောင်းကို ဖော်ပြရန်အတွက်



အာရုံသိမှု မရှိလျှင် နာမ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာဖြစ်
ရပ်များ မဖြစ်ပေါ်နိုင်။ တစ်ချိန်တည်း၌ပင်လျှင် အာရုံသိမှု ဖြစ်ပေါ်
လာရန်အတွက် နာမ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာဖြစ်ရပ်များ ရှိရ
မည် ဖြစ်ကြောင်းကို ပြဆိုလိုခြင်းဖြစ်သည်။

Hence, any state of Consciousness (or, awareness), can arise only along with its concomitant Mental phenomena, such as feeling, etc.,by way of 'Co-nascence', or, simultaneous arising (Sahajāta-paccaya). Because Consciousness (or, awareness) cannot arise and exist without feeling, and feeling cannot arise and exist without consciousness (or, awareness) of it.

ဤအကြောင်းကြောင့် အာရုံသိမှု၏ မည်သည့်အခြေအနေမဆို
၎င်း၏ ယှဉ်ဘက်ဖြစ်သော ခံစားမှုစသည့် နာမ်ဖြစ်ရပ်နှင့်အတူတကွ
သာလျှင် 'အတူတကွဖြစ်ခြင်း' သို့မဟုတ် တစ်ပြိုင်နက်ဖြစ်ပေါ်ခြင်း
(သဟဇာတ ပစ္စယ) ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာနိုင်၏။
ခံစားမှု စသည့် စေတသိက်မရှိလျှင် အာရုံသိမှု (စိတ်) မပေါ်ပေါက်
နိုင်၊ မတည်ရှိနိုင်၊ ခံစားမှု စသည်ကို သိသော အာရုံသိမှု (စိတ်) မရှိ
လျှင်လည်း ခံစားမှုမဖြစ်ပေါ်နိုင်၊ မတည်ရှိနိုင်ပါ။ (စိတ်နှင့်စေတသိက်
တို့သည် အပြန်အလှန် အညမည သတ္တိဖြင့် ကျေးဇူးပြုကြသည်။)

"It is therefore true to say that through Consciousness (or, awareness) mental and physical

www.burmeseclassic.com

www.burmeseclassic.com



phenomena are conditioned, while on the other hand, it is equally true to say that there can be no consciousness without mental and physical phenomena. For, there must be mental and physical phenomena present if one is to be conscious (or aware) of them.

ထို့ကြောင့် အာရုံသိမှု (စိတ်) မှတစ်ဆင့် နာမ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖြစ်ရပ်များကို ပြုပြင်စီရင်ပေးရသည်ဟု မှန်ကန်စွာ ဆိုနိုင်သကဲ့သို့ အပြန်အလှန်အားဖြင့် နာမ်ရုပ်ဖြစ်ရပ်များ မရှိဘဲနှင့် အာရုံသိမှု (စိတ်) မရှိနိုင်ကြောင်းကို မှန်ကန်စွာ ဆိုနိုင်ပါသည်။ အကြောင်းမှာ ရုပ်နာမ်ဖြစ်ရပ်များကို သိဖို့အတွက် ထိုရုပ်နာမ်ဖြစ်ရပ်များ ရှိရမည်ဖြစ်သောကြောင့်တည်း။

Hence, with the arising or presence of Consciousness (or, awareness), there is mental and physical phenomena by way of 'Co-nascence', or simultaneous arising (Sahajāta-paccaya). This, as **Bergson** has explained at some length, means that 'mind is a condensation from Consciousness'. For Mind (nāma) as we have seen, means the three mental groups, viz. feeling, perception, mental-formations. And, for these to arise there must be Consciousness. Hence, if Consciousness is reduced to a smaller circuit or circle, we get mind.

သို့ဖြစ်၍ အာရုံသိမှု (စိတ်) ဖြစ်ပေါ်တည်ရှိလာသည်နှင့် တစ်ပြိုင်နက် ရုပ်နာမ် ဖြစ်ရပ်သည်လည်း သဟဇာတ ပစ္စယ သတ္တိအရ တစ်ပြိုင်နက်တည်း အတူတကွ ဖြစ်ပေါ်လာ၏။ ဤအခြင်းအရာသည် တွေးခေါ်ရှင် **ဘတ်(ဂ်)ဆင်** အကျယ်တဝင့် ရှင်းပြခဲ့သလို နာမ်သည် အာရုံသိမှုမှတစ်ဆင့် အနှစ်ဖွဲ့စုလာခြင်း ဖြစ်ကြောင်းကို ဆိုလိုခြင်းပင်။ အကြောင်းကား နာမ် (နာမ) သည် ခံစားမှု၊ အာရုံ မှတ်သားမှုနှင့် နာမ်ပိုင်းပြုပြင်စီရင်မှု ဟူသော စိတ်စေတသိက် နာမ်ခန္ဓာ သုံးပါးကို ဆိုလိုကြောင်း အထက်၌ ရှင်းပြခဲ့ပြီး ဖြစ်သည်။ ဤနာမ်ခန္ဓာတို့ ဖြစ်ပေါ်ရန်အတွက် အာရုံသိမှု (စိတ်) ရှိရမည်။ သို့ဖြစ်၍ အာရုံသိမှုကို ပို၍သေးငယ်သော ပတ်လမ်း သို့မဟုတ် စက်ဝိုင်းအဖြစ်သို့ စုဖွဲ့လိုက်လျှင် နာမ်ကို ကျွန်ုပ်တို့ ရရှိသည်။

We now come to the next proposition made by Bergson, namely, that once Consciousness is present, Matter (or Rūpa) can be deduced from it. To get a clearer understanding of this let us study one of the states of Consciousness—eye-consciousness, for example. We then find that when for the first time at birth, the visual organ, the eye, begins to function, at that very first moment, of the arising of eye-consciousness, there is co-arising or simultaneous arising (Sahajāta-paccaya) of the sensitive visual organ. For, as long as the sensitive organ of the eye does not yet exist, so long eye-consciousness

www.burmeseclassic.com

www.burmeseclassic.com



does not arise. Hence, if eye-consciousness is present, the sensitive organ of the eye has also arisen.

ကျွန်ုပ်တို့သည် ယခုဘာတ် (ဂ) ဆင်၏ ဒုတိယအဆိုပြုချက်ကို စဉ်းစားကြမည်။ ၎င်းအဆိုပြုချက်မှာ 'အာရုံသိမှု တည်ရှိနေသည့်အခါ ၎င်းမှတစ်ဆင့် ရုပ် (ရူပ) ကို ဆင်ခြင်တွေးဆယူနိုင်သည်' ဟူသော အဆိုဖြစ်၏။ ဤအဆိုကို ပိုမိုရှင်းလင်းစွာ နားလည်နိုင်ရန်အတွက် အာရုံသိမှုအခြေတစ်ခု၊ ဥပမာအားဖြင့် မြင်သိမှု ကို ကျွန်ုပ်တို့ လေ့လာကြည့်ပါစို့။

မွေးဖွားသည့်အခါ အမြင်အာရုံအင်္ဂါဖြစ်သော မျက်စိက ပထမဦးဆုံးအကြိမ်အဖြစ် စတင်အလုပ်လုပ်သည်ကို ကျွန်ုပ်တို့ တွေ့ရမည်ဖြစ်၏။ ထို ပထမဆုံးအကြိမ်၌ပင်လျှင် မြင်သိစိတ် ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အာရုံသိသည့် အမြင်အင်္ဂါ (စက္ခုပသာဒ၊ မျက်စိအကြည်ရုပ်) သည်လည်း (သဟဇာတ–ပစ္စယ သတ္တိအရ) အတူတကွ ဖြစ်ပေါ်လာ၏။ အကြောင်းမှာ မျက်စိ၏ အာရုံသိသည့်အင်္ဂါ (စက္ခုပသာဒ) မတည်ရှိသေးသမျှ ကာလပတ်လုံး မြင်သိစိတ်သည်လည်း မဖြစ်ပေါ်လာနိုင်ပါ။ သို့ဖြစ်၍ မြင်သိစိတ် ဖြစ်ပေါ်လာသည့်အခါ စက္ခုပသာဒသည်လည်း ဖြစ်ပေါ်လာပြီး ဖြစ်ရပေမည်။

A further explanation here, however, would not be out of place. During life there is a difference. For, during life, Consciousness is a later-arising condition dependent on the already arisen (Rūpa)



physical phenomena, as the sensitive organ of the eye may be present without eye-consciousness, when, for example, another sense-organ like the ear, is functioning. Hence, during life, consciousness forms merely a prop and support for the upkeep of the body. In as much as the feeling of hunger is a condition for the feeding and upkeep of this already arisen body, so, too, by its later-arising, Consciousness is a condition and support to this already arisen body. For, if Consciousness would arise no more, the physical organs would gradually cease their functioning, lose their faculties, and the body would die.

သို့ရာတွင် ဤနေရာ၌ ထပ်မံ၍ ရှင်းပြရလျှင် ပို၍ အကျိုးရှိပါလိမ့်မည်။ အသက်ရှင်နေသည့်အခါတွင် ခြားနားမှု ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အသက်ရှင်နေစဉ်အခါ၌ အာရုံသိမှုသည်ဖြစ်ပေါ်နှင့်ပြီးသော ရုပ်ဖြစ်ရပ်ကို မှီ၍ နောက်မှ ဖြစ်ပေါ်ရသည့် အခြေအနေတစ်ရပ် ဖြစ်သည်။ ဥပမာအားဖြင့် နားကဲ့သို့ အခြားအာရုံသိအင်္ဂါတစ်ခုခုက အလုပ်လုပ်နေသည့်အခါ မျက်စိ၏ အာရုံထင်နိုင်သော အင်္ဂါ (စက္ခုပသာဒ) သည် မြင်သိစိတ် မဖြစ်ဘဲလျက် တည်ရှိနေပေလိမ့်မည်။

ဤအကြောင်းကြောင့် အသက်ရှင်နေသည့်အခါ အာရုံသိမှု (စိတ်) သည် ခန္ဓာကိုယ်ကို ထိန်းသိမ်းမှုအတွက် အထောက်အကူ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှုသာ ဆောင်ရွက်ပေး၏။ ဆာလောင်ခြင်း၏ ခံစားမှုသည် ဤဖြစ်ပေါ်နှင့်ပြီးသော ခန္ဓာကိုယ်ကို အစာကျွေးရန်နှင့် ထိန်းသိမ်းပေးရန် အခြေအနေတစ်ရပ် ဖြစ်သကဲ့သို့ ထို့အတူပင်လျှင် နောက်မှဖြစ်ပေါ်သော အာရုံသိမှုသည် ဤဖြစ်ပေါ်နှင့်ပြီးသော ခန္ဓာကိုယ် ရှင်သန်အောင် အခြေအနေနှင့် အထောက်အကူတစ်ရပ်အဖြစ် ကျေးဇူးပြုသည်။ အကြောင်းမှာ အကယ်၍ အာရုံသိမှု မဖြစ်ပေါ်တော့လျှင် ရုပ်အင်္ဂါများသည် ၎င်းတို့၏အလုပ်လုပ်မှုကို တဖြည်းဖြည်း ရပ်တန့်၍ ၎င်းတို့၏ သဘာဝစွမ်းရည်များကို ဆုံးရှုံးပြီးလျှင် ခန္ဓာကိုယ် သေဆုံးသွားမည် ဖြစ်သည်။

From which we see that for Consciousness to arise there must be the 'Co-nascence', or, simultaneous arising of feeling, perception, etc., because Consciousness and all its mental concomitants are inseparable, bound up together, and mutually dependent upon one another. And, as long as these mutually support and depend on each other, the body being fed through the sense-organs, continues to live.

အထက်ပါ ဆွေးနွေးချက်မှ ကျွန်ုပ်တို့သိရသည်မှာ အာရုံသိမှု (စိတ်)ဖြစ်ပေါ်ရန်အတွက် အာရုံခံစားမှု (ဝေဒနာ)၊ အာရုံမှတ်သားမှု (သညာ) စသည်တို့လည်း အတူတကွ တစ်ပြိုင်နက်ဖြစ်ပေါ်ကြရမည် ဟူခြင်းပင်၊ အဘယ်ကြောင့်ဆိုသော် စိတ်နှင့် ၎င်း၏ယှဉ်ဖက် စေတသိက်တို့သည် ခွဲခြားမရအောင် အတူတကွ ပေါင်းစပ်နေကြပြီးလျှင်



တစ်ခုပေါ်တစ်ခု အပြန်အလှန် မှီခိုနေရသောကြောင့် ဖြစ်၏။ သို့အတွက် ဤစိတ်စေတသိက်တို့က အချင်းချင်း အပြန်အလှန် ထောက်ပံ့ တည်ရှိနေသရွေ့ကာလပတ်လုံး ခန္ဓာကိုယ်သည် အာရုံသိအင်္ဂါများမှတစ်ဆင့် အစာ အဆက်မပြတ် ရရှိသည်ဖြစ်၍ ဆက်လက်ထာ အသက်ရှင်နေပေလိမ့်မည်။

We have, however, not discuss[illegible] another important question that arises, namely, that mental phenomena, such as feeling, perception, and so on, cannot arise without physical bases, or sense-organs. How, then do the sense-organs arise?

သို့သော် အခြားအရေးကြီးသော မေးခွန်းတစ်ခုကို ကျွန်ုပ်တို့ မဆွေးနွေးကြရသေးပါ။ ထိုမေးခွန်းမှာ ဝေဒနာ၊ သညာ စသော နာမ်ဖြစ်ရပ်များသည် ရုပ်အခြေခံများသို့မဟုတ် အာရုံသိအင်္ဂါများ (ဌါရ အမည်ရသည့် ပသာဒ ရုပ်များ) မရှိဘဲနှင့် မဖြစ်ပေါ်လာနိုင်ခြင်းပင် ဖြစ်၏။ ဤအာရုံသိအင်္ဂါများသည် အဘယ်သို့ဖြစ်ပေါ်ကြသနည်း။

According to Buddhism, the four characteristics of matter, viz. cohesion, extension, heat and motion, are to any one of the five bases or sense-organs, at the very moment of their first coming into existence, a condition by way of simultaneous-arising (Sahajāta-paccaya); during life these four physical characteristics are to the five bases, or sense-organs, a condition by way of Foundation

www.burmeseclassic.com

www.burmeseclassic.com



(Nissaya), on which the sense-organs are entirely dependent. Furthermore, the physical phenomenon 'Vitality', or, rūpa-jivit'indriyo is a necessary condition by way of its 'presence' for the arising of the five bases, or sense-organs.

In other words, for the five Bases, or sense-organs to exist there must be Physical life which depends on 'Vitality', without which the five Bases or sense-organs, could not arise and exist. The five sense-organs can also exist only as long as they get their necessary nutriment (āhāra) through the presence of physical phenomena.[1]

(1. condensed from Word of the Buddha by Nyanatiloka.)

ဗုဒ္ဓဘာသာတွင် အခြေခံဘူတရုပ်လေးပါးဖြစ်ကြသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့သည် ပသာဒရုပ် သို့မဟုတ် အာရုံသိအင်္ဂါငါးပါးတို့ကို ၎င်းတို့ စတင်ဖြစ်ပေါ်လာသည့် အခိုက်အတန့်ကလေး၌ အတူတကွ တစ်ပြိုင်နက်ဖြစ်ပေါ်ခြင်းဟူသော သဟဇာတပစ္စယသတ္တိအရ ကျေးဇူးပြုကြ၏။ တစ်ဖန် အသက်ရှင်စဉ်အခါ၌ ဤအခြေခံဘူတရုပ် လေးပါးတို့သည် ပသာဒရုပ်ငါးပါး သို့မဟုတ် အာရုံသိအင်္ဂါများကို နိဿယပစ္စယသတ္တိဟူသော မှီရာအဖြစ် ကျေးဇူးပြုကြ၏၊ အာရုံသိအင်္ဂါများသည် ဘူတရုပ်တို့၏ နိဿယသတ္တိအပေါ်တွင် လုံးဝတည်မှီနေကြ၏။ ထို့အပြင် 'အသက်ရှင်သန်နေမှု' သို့မဟုတ် ရူပဇီဝိတိန္ဒြိယ (ရုပ်ဇီဝိတ) သည် 'ထင်ရှားစွာတည်ရှိခြင်း'



ဟူသည့် အတ္ထိပစ္စယသတ္တိဖြင့် လိုအပ်သော အခြေအနေတစ်ရပ်အရ ပသာဒရုပ်ငါးပါး သို့မဟုတ် အာရုံသိအင်္ဂါများ ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။

တစ်နည်းဆိုသော် ပသာဒရုပ်ငါးပါး သို့မဟုတ် အာရုံသိအင်္ဂါများ တည်ရှိနိုင်ကြရန်အတွက် 'ရုပ်ဇီဝိတ' အပေါ် တည်ရှိနေသည့် ရုပ်အသက်ရှိရန် လိုအပ်၏။ ရုပ်ဇီဝိတ မရှိလျှင် ပသာဒ[illegible] မဖြစ်ပေါ်နိုင်၊ မတည်ရှိနိုင်ကြပါ။ အာရုံသိအင်္ဂါငါးပါးတို့သည် ၎င်းတို့၏ လိုအပ်သော အစာသြဇာ (အာဟာရ) ကို ရုပ်ဖြစ်ရုပ်များ၏ တည်ရှိခြင်းမှတစ်ဆင့် ရရှိနေသည့်အချိန်ကာလအတွင်း၌သာ တည်ရှိနိုင်ကြ၏။ ၎င်းတို့ဖြစ်ပေါ်တည်ရှိရန် အာဟာရရုပ်ဟူသော သြဇာကိုလည်း လိုအပ်သောကြောင့် ဖြစ်၏။

(ဉာဏတိလောက ရေးသားသည့် 'ဗုဒ္ဓ၏ စကားတော်' မှ အကျဉ်းချုံးထား၏။)

Buddhism thus proves conclusively what Bergson perhaps merely surmised, namely, that 'once Consciousness is present, matter can be deduced from it'.

သို့ဖြစ်၍ တွေးခေါ်ရှင်ကြီး **ဘတ်(ဂ်)ဆင်** က ကြံဆတွေးခေါ်၍ ပြောဆိုလိုက်သည့် 'အာရုံသိမှု – စိတ် စတင်တည်ရှိလာသည့်အချိန်တွင် ၎င်းမှတစ်ဆင့် ရုပ်ကိုလည်း ဆင်ခြင်တွေးဆယူနိုင်သည်' ဟူသော အဆိုကို ဗုဒ္ဓဘာသာက ငြင်းဆို၍မရအောင် သေချာကျနစွာ သက်သေပြနိုင်သည်။

Thus, we see, that both modern science and

www.burmeseclassic.com

www.burmeseclassic.com



philosophy have arrived at the stage where 'Consciousness gives rise to mind (Nāma) and matter (Rūpa). But the Buddha goes further, to the root of the matter, and in explaining the Law of Dependent Origination—Paticca-Samuppāda—shows how Consciousness (Viññāṇa) is derived from Saṅkhāras (Kamma-formations), and how Saṅkhāras (Kamma-formations) arise from Ignorance (Avijjā).

ထို့ကြောင့် ခေတ်သစ်သိပ္ပံပညာနှင့် ဒဿနိက ဗေဒတို့သည် 'အာရုံသိမှု – စိတ်ကို အကြောင်းပြု၍ နာမ် (နာမ) နှင့် ရုပ် (ရူပ) တို့ ဖြစ်ပေါ်လာခြင်း' ဟူသော အဆင့်သို့ရောက်ရှိလာကြပြီးဖြစ်သည်ကို ကျွန်ုပ်တို့ သိနားလည်ရသည်။ သို့သော် မြတ်စွာဘုရားသည် ပို၍ အရင်းအမြစ်ကျအောင် သိမြင်တော်မူပြီးလျှင် အကြောင်းကို စွဲ၍ အကျိုးဖြစ်ပေါ်လာသည် ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ရှင်းပြရာ၌ အသိစိတ် (ဝိညာဏ) သည် သင်္ခါရ (ကံတရား) များကို အကြောင်းပြု၍ ဖြစ်ပေါ်လာပုံ၊ ထို့နောက် သင်္ခါရ (ကံတရား) များသည် မသိမှု (အဝိဇ္ဇာ) ကို အကြောင်းပြု၍ ဖြစ်ပေါ်လာပုံတို့ကို ညွှန်ပြတော်မူခဲ့၏။

What applies to mind and matter must also apply to object and observer. But, matter and mind, we know, are unreal. Hence, object and the observer are both unreal because they have no separate existence. The correct view of the world then is that



the world itself is real enough, but is only a set of relations. These relations are the building blocks of the universe, and are explained in detail in Patthāna (the last of the great works on the Abhi-Dhamma—Buddhist Psychology).

နာမ်နှင့် ရုပ်တို့အတွက် မှန်ကန်သော အချက်များသည် အာရုံနှင့် ရှုကြည့်သူတို့အတွက်လည်း မှန်ကန်ရပေမည်။ ကျွန်ုပ်တို့ သိနားလည်ထားသည့်အတိုင်း ရုပ်နှင့် နာမ်တို့သည် သီးခြားစီ မတည်ရှိကြပါ။ ထို့ကြောင့် အာရုံနှင့် ရှုမြင်သူတို့သည်လည်း သီးခြားစီမတည်ရှိနိုင်ကြသည့်အတွက် နှစ်ဦးစလုံး စစ်မှန်သောအရာများ မဟုတ်ကြပါ။ သို့ဖြစ်၍ လောက၏အမြင်မှန်မှာ လောကကိုယ်တိုင်က အလုံအလောက် စစ်မှန်ပါသော်လည်း အကြောင်းအကျိုး ဆက်နွယ်မှုများသာ ဖြစ်၏။ ဤဆက်နွယ်မှုများသည် စကြဝဠာ၏အခြေခံ တည်ဆောက်ရေး တုံးကလေးများ ဖြစ်ကြ၏။ ဤအကြောင်းအကျိုး ဆက်သွယ်မှုများကို ဗုဒ္ဓစိတ်ပညာဟူ၍ သတ်မှတ်နိုင်သည့် အဘိဓမ္မာ၏ ကြီးကျယ်သော ဒေသနာများတွင် နောက်ဆုံးဒေသနာ (ဝါ) ပဋ္ဌာန်းတရားတော်၌ အသေးစိတ် ရှင်းပြထားပါသည်။

The Law of Dependent Origination (Paticca-Samuppāda) arose from the Orient, and was the fruit of long struggle, experience and research carried out by the Bodhisattva (i.e., Aspirant to Bodhi or Enlightenment), as he struggled from existence to existence seeking Perfection. In His

www.burmeseclassic.com

www.burmeseclassic.com



final birth He attained Full Enlightenment and became a Sammā-Sambuddha. That was 2,500 years ago. The Doctrine was first preached to only five persons, who were at one time His erstwhile companions and, later on, after their conversion by Him, became His first disciples. Today there are over 500,000,000 disciples, comprising the Buddhist world.

အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်းနိယာမကို ပြသောပဋိစ္စသမုပ္ပါဒ် ဒေသနာသည် အရှေ့တိုင်း၌ ပေါ်ပေါက်လာသည်။ ၎င်းသည် (ဗောဓိဉာဏ် သို့မဟုတ် သဗ္ဗညုတဉာဏ်တော်ကို ရရှိရန် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်သူ) ဘုရားလောင်း ဗောဓိသတ္တ၏ ဘဝပေါင်းများစွာ ပါရမီဖြည့်ကျင့်ခဲ့ရာဝယ် ရှည်လျားသော ကြိုးပမ်းမှုအတွေ့အကြုံနှင့် သုတေသနပြုမှုတို့မှ ပေါ်ပေါက်လာသော အသီးအပွင့် ဖြစ်ပေ၏။ သူ၏နောက်ဆုံးဘဝတွင် အရိယသစ္စာလေးပါးကို အပြည့်အဝ ထိုးထွင်းမြင်သိပြီးနောက် သဗ္ဗညုတဉာဏ်ကို ရကာ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်ကို ရရှိတော်မူသည်။

ထိုသို့ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းသည် လွန်ခဲ့သော နှစ် ၂၅၀၀ ကျော်က ဖြစ်သည်။ တရားတော်ကို ပထမဦးဆုံး ဟောကြားသည်မှာ ပဉ္စဝဂ္ဂီငါးဦးကိုသာ ဟောကြားခြင်းဖြစ်၏။ ဤပဉ္စဝဂ္ဂီတို့သည် ဥရုဝေလတော၌ သူတရားအားထုတ်ခဲ့စဉ်က သူ၏ ဝတ်ကြီးဝတ်ငယ်များကို ဖြည့်ကျင့်ပေးခဲ့သော သီတင်းသုံးဖော်များ ဖြစ်ခဲ့ကြ၏။ သူတို့သည် ရဟန်းအဖြစ်သို့ ရောက်ရှိပြီးကြသောအခါ၌ သူ၏



ပထမတပည့်သာဝကများ ဖြစ်လာကြ၏။ ယနေ့တွင် ဗုဒ္ဓဘာသာကမ္ဘာတစ်ခုလုံး၌ ဗုဒ္ဓဘာသာကိုးကွယ်သူများသည် သန်း ၅၀၀ ကျော် ရှိပေသည်။

This great Doctrine now appears to find an almost parallel in the West, in the Theory of Relativity and the Unified Field Theory propounded by **Einstein** in 1949. Thus Einstein becomes one of the greatest scientists of our time, even though he has not completely solved the whole problem of manifest existence.

ဤကြီးကျယ်သော တရားတော်သည် ယခုအခါ အနောက်တိုင်း၌ ၁၉၄၉ ခုနှစ်တွင် သိပ္ပံပညာရှင်ကြီး **အိုင်းစတိုင်း**ထုတ်ဖော်တင်ပြခဲ့သည့် ဆက်စပ်မှုသီအိုရီနှင့် ညီညွတ်စွာ ပေါင်းစပ်ထားသော စက်ကွင်း သီအိုရီတို့နှင့် သဘောချင်းတိုက်ဆိုင်လုနီးပါး ဖြစ်လာသည်။ ဤသီအိုရီတို့ကြောင့် အိုင်းစတိုင်းသည် ကျွန်ုပ်တို့၏ ခေတ်၌ အကြီးကျယ်ဆုံးသော သိပ္ပံပညာရှင်တစ်ဦး ဖြစ်လာပါသည်။ သို့သော် သူသည် ဘဝဖြစ်တည်လာမှု၏ ပြဿနာတစ်ခုလုံးကို ပြည့်စုံစွာ မဖြေရှင်းနိုင်သေးချေ။

◇◇◇

www.burmeseclassic.com

www.burmeseclassic.com

# Chapter VII

## အခန်း (၇)

## Buddhism Solves the Riddle of Life

## ဗုဒ္ဓဘာသာက ဘဝပဟေဠိကို ဖြေရှင်းခြင်း

IN the foregoing chapter we have seen probably the limits to which western science can go in its examination of phenomena: it appears to have come to rock bottom in its analysis of physical phenomena. For, while theories are propounded, and even held to be true, western men of science are unable to tell us how we are to find out whether what they propound is true. For, man and his mind, as we have seen, are also part of the phenomenal process. And, any attempt he makes with his present mind to examine phenomena, would be as if he were trying to look at that with which he is himself identified.



For instance, when the mind registers an impression which seems to say that we are seeing an object, can we be sure that what we see is indeed an object? Or, that we are seeing something that has even a close resemblance to what we think we see?

ပြီးခဲ့သော ရှေ့အခန်း၌ ဖြစ်ရပ်များကို အနောက်တိုင်း သိပ္ပံပညာက စုံစမ်းစစ်ဆေးရာတွင် ပေါက်မြောက်နိုင်သလောက် အကန့်အသတ် နယ်နိမိတ်များကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ကြပြီး ဖြစ်၏။ ရုပ်ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာရာ၌ အောက်ခြေကျောက်တုံးအထိ ၎င်းတို့ ရောက်ရှိကြပြီဟု ယူဆရာ၏။ ထိုထက် နက်နဲအောင် ဆင်းနိုင်ပုံရ၊ အဘယ်ကြောင့်ဆိုသော် သီအိုရီ–ယူဆချက်များကို ထုတ်ဖော်ကြညာပြီးနောက် ထိုယူဆချက်တို့ မှန်ကန်သည်ဟုပင် အချို့က ယူဆကြသော်လည်း အနောက်တိုင်း သိပ္ပံပညာရှင်များသည် ကျွန်ုပ်တို့အား ထိုထုတ်ဖော်ကြေညာချက်များ မှန်သည် မှားသည်ကို စူးစမ်းနိုင်အောင် နည်းလမ်း မညွှန်ပြနိုင်ကြသည်ကို တွေ့ရသောကြောင့် ဖြစ်၏။ အကြောင်းကား လူနှင့် သူ၏ စိတ်သည် ကျွန်ုပ်တို့ တွေ့ရှိခဲ့ပြီးသည့်အတိုင်း ရုပ်နာမ်ဖြစ်ရပ်အစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်၏။ ထို့အပြင် သူ၏ ပစ္စုပ္ပန်စိတ်နှင့် ထိုဖြစ်ရပ်အစဉ်ကို စစ်ဆေးရန် သူ့တစ်စုံတစ်ရာ ကြိုးစားလျှင် သူကိုယ်တိုင်နှင့် တစ်ထပ်တည်း ဖြစ်သော အရာကို ကြည့်ရှုရန် သူကြိုးစားနေသကဲ့သို့ ဖြစ်သွား၏။ ဥပမာ ကျွန်ုပ်တို့ အရာဝတ္ထုတစ်ခုကို မြင်တွေ့နေရသည်ဟု ဆိုလိုဟန် ရှိသော စိတ်တွင် စွဲထင်ချက်တစ်ခုကို စိတ်က သိရှိလိုက်သည့်အခါ ကျွန်ုပ်တို့မြင်တွေ့နေသော အရာသည် အရာဝတ္ထုတစ်ခုဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ သေချာပေါက် မှတ်ယူနိုင်ပါသလား။ သို့မဟုတ် ကျွန်ုပ် မြင်နေရသည်ဟု ထင်သောအရာနှင့် နီးကပ်စွာ ဆင်တူသည့် တစ်စုံတစ်ရာကို ကျွန်ုပ်တို့ မြင်တွေ့နေပါသလား။

Science can give no assurance herein. But Buddhism can meet the Atomic Challenge, because the supramundane knowledge of Buddhism begins where science leaves off. And this is clear enough to anyone who has made a study of Buddhism. For through Buddhist Meditation, the atomic constituents making up matter have been seen and felt, and the sorrow, or unsatisfactoriness (or, Dukkha), of their 'arising and passing away' (dependent on causes) has made itself known to the mind which has stopped identifying itself with what we call a 'soul' or 'ātma' — the illusion of Sakkāyadiṭṭhi, it is called in the Buddha's teaching.

ဤအရာ၌ သိပ္ပံပညာသည် အာမခံချက် မပေးနိုင်ပါ။ သို့သော် ဗုဒ္ဓဘာသာသည် အဏုမြူစိန်ခေါ်ချက်ကို ရင်ဆိုင်ဝံ့၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာ၏ လောကုတ္တရာပညာသည် သိပ္ပံပညာ အဆုံးသတ် ထွက်ခွာသွားသော နေရာမှ စတင်သောကြောင့် ဖြစ်၏။ ဤအချက်သည် ဗုဒ္ဓဘာသာကို ကောင်းစွာ လေ့လာသူတို့အား လွန်စွာ ထင်ရှားစေပါသည်။ အကြောင်းမှာ ဗုဒ္ဓနည်းကျ ဘာဝနာ ရှုပွားခြင်းဖြင့် ရုပ်ကို ဖွဲ့စည်းထားသည့် အဏုမြူအစိတ်အပိုင်းများကိုမြင်



တွေ့ရ၊ ခံစားရသည်သာမက (အကြောင်းတရားများအပေါ် အမှီပြု၍) ...င်းတို့၌ ခဏမစဲ ဖြစ်ပျက်နေခြင်းနှင့် ဆင်းရဲခြင်းသဘောသို့မဟုတ် ...ကျေနပ်ဖွယ်ရာမရှိသည့်သဘော (ဒုက္ခ) တို့သည်လည်း စိတ်တွင် ထင် ...ှားစွာ ပေါ်လွင်လာကြ၏။ ထိုစိတ်သည် ဗုဒ္ဓတရားတော်၌ သက္ကာ ...ဒိဋ္ဌိဟု အမည်ရသော အမြင်မှားမှုဖြစ်သည့် 'ဝိညာဉ်' သို့မဟုတ် ...တ္တ' နှင့် မိမိ တစ်ထပ်တည်းဖြစ်သည်ဟု စွဲယူခြင်းကို ရပ်တန့်ထား ...းသော စိတ် ဖြစ်၏။

If through Buddhist Meditation the process of ...rising and passing away' of the atomic constituents ...f matter have been seen, even so long ago as 2,500 ...ears ago, it must now be clear that the Buddha ...hamma is based upon the direct perception of ...ltimate Truth; and it is only natural that the ...iscoveries of science can merely confirm it as they ...re doing today.

အကယ်၍ ဗုဒ္ဓနည်းကျ ဘာဝနာရှုခြင်းမှတစ်ဆင့် ရုပ်၏ ...ဏုမြူအစိတ်အပိုင်းများ၏ 'ခဏမစဲ ဖြစ်ပျက်နေမှု' ဖြစ်စဉ်ကို မြင် ...တွေ့ရသည်ဆိုလျှင် အလွန်ကြာမြင့်ပြီဖြစ်သော နှစ် ၂၅၀၀ ကျော်က ...ဗုဒ္ဓဓမ္မသည် အဆုံးစွန် အမှန်တရား (ပရမတ္ထတရား) ကို တိုက် ...ရိုက် မြင်သိမှုအပေါ်၌ အခြေခံတည်ဆောက်ထားကြောင်းမှာ ယခု ...အလွန်ထင်ရှားလောက်ပေပြီ။ ထို့ကြောင့် သိပ္ပံပညာ၏ တွေ့ ...ရှိချက်များသည် ဗုဒ္ဓဓမ္မကို အတည်ပြုပေးရန် ယနေ့လုပ်ဆောင်နေ

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ အတည်ပြုပေးရန်လောက်သော စွမ်းဆောင်နိုင်ခြင်းမှာလည်း သဘာဝကျလှပါ၏။

Now, what is the solution to the problem of manifest existence, and how are we to discover the Truth ourselves and see things as they truly are, face to face, as it were? The Buddha, in His great compassion, asks us to develop a transcendental mind: that is to say, a mind which is outside the causal process. And then, He says, we too would be able to view the whole universe objectively, from outside, as it were!

ယခု ထင်ရှားပေါ်လွင်သော ဘဝပဟေဠိ၏ အဖြေကား အဘယ်နည်း၊ ကျွန်ုပ်တို့ကိုယ်တိုင် အမှန်တရားသစ္စာကို မည်သို့ ရှာဖွေတွေ့ရှိနိုင်သနည်း၊ ထို့အပြင် အရာခပ်သိမ်းကို ၎င်းတို့တည်ရှိနေသော အနေအအထားအတိုင်း အရှိကိုအရှိအတိုင်း ကျွန်ုပ်တို့ မည်သို့ ရင်ဆိုင် မြင်တွေ့နိုင်သနည်း။ မြတ်စွာဘုရားသည် မဟာကရုဏာတော်ဖြင့် ကျွန်ုပ်တို့အား အတွေ့အကြုံအာရုံကို လွန်မြောက်နိုင်သော စိတ်ကို ထူထောင်ရန် မိန့်ကြားတော်မူ၏။ အတွေ့အကြုံအာရုံကို လွန်မြောက်နိုင်သော စိတ် ဟူသည်မှာ အကြောင်းအကျိုးဖြစ်စဉ်၏ပြင်ပ၌ တည်နေနိုင်သော စိတ်ကိုဆိုလို၏။ ထိုအခါ ကျွန်ုပ်တို့သည်လည်း စကြာဝဠာတစ်ခုလုံးကို ပြင်ပမှနေ၍ ၎င်းတည်ရှိခဲ့သည့်အတိုင်း ဓမ္မဓိဋ္ဌာန်နည်းကျကျ ရှုမြင်ရလိမ့်မည်ဟု မြတ်စွာဘုရား မိန့်တော်မူသည်။



When we ourselves develop such a mind, recognising the fleeting nature of phenomenal existence in the realms of Being and Becoming, there will arise in our minds a feeling of Repulsion—Nibbidā—for such continued manifestation. And the Buddha says the development of such a mind is possible in every way.

ကျွန်ုပ်တို့ကိုယ်တိုင် ထိုကဲ့သို့သော စိတ်မျိုးကို ပျိုးထောင်နိုင်သောအခါ ဖြစ်ပြီး တည်ရှိနေခြင်းနှင့် ဖြစ်လာခြင်းနယ်ပယ်များ၌ ရုပ်နာမ်ဖြစ်ရပ်တို့၏ ခဏမစဲ ဖြစ်ပျက်နေသော မတည်မြဲသော သဘာဝကို သိရှိလာပြီးလျှင် ရုပ်နာမ်ဖြစ်ရပ်တို့ကို ငြီးငွေ့လာသည့် ခံစားမှု (နိဗ္ဗိဒါဉာဏ်) သည် ကျွန်ုပ်တို့၏ စိတ်များ၌ ဖြစ်ပေါ်လာလိမ့်မည်။ မြတ်စွာဘုရားသည် ထိုသို့သော စိတ်မျိုးကို နည်းအမျိုးမျိုးဖြင့် ပျိုးထောင်နိုင်ကြောင်းကို မိန့်ဆိုတော်မူသည်။

For there are already three types of beings known to Buddhists who have developed such a Mind: these are, a Samma-Sambuddha (i.e., a Fully-Enlightened Being like our Buddha Himself), a Pacceka Buddha (i.e., a Silent Buddha), an Arahat (i.e., one who has realized the Doctrine himself through the aid of a Buddha's teaching).

အကြောင်းမှာ ထိုသို့သော စိတ်မျိုးကို ပျိုးထောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်သုံးမျိုး ရှိနှင့်ပြီးဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင်များ သိရှိကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုပုဂ္ဂိုလ်တို့မှာ သဗ္ဗညုတဉာဏ်ကို ရရှိပြီးသည့် ကျွန်ုပ်တို့၏ မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ် (၀ါ) သမ္မာသမ္ဗုဒ္ဓ၊ တရားဟောပြောခြင်း မရှိသော ဗုဒ္ဓ (၀ါ) ပစ္စေကဗုဒ္ဓနှင့် မြတ်စွာဘုရား၏ တရားတော် အထောက်အပံ့ဖြင့် အရိယသစ္စာလေးပါးကို ပေါက်မြောက်စွာ ထိုးထွင်း သိပြီးသော ပုဂ္ဂိုလ် (၀ါ) ရဟန္တာတို့ ဖြစ်ကြ၏။

That such a state of mind can be attained is the teaching of the Supreme Buddha. In His dispensation, that state of Supramundane Consciousness which is outside the realms of causal processes is called Nibbāna. In the Itivuttaka the Buddha referring to Nibbāna as the Goal of ultimate human understanding and striving, outside all causal states free and unfettered, says:—

ထိုသို့သော စိတ်အခြေအနေကို ရရှိနိုင်ကြောင်းကို အထွတ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ သူ၏ တရားဒေသနာ၌ ထိုလောကုတ္တရာ၏ အာရုံသိမှုအခြေသည် အကြောင်းအကျိုးဖြစ်စဉ်ရှိသော ဘုံများ၏ ပြင်ပ၌ တည်ရှိပြီးလျှင် နိဗ္ဗာန်ဟု အမည်ရ၏။ ဣတိဝုတ္တက ပါဠိတော်၌ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို လူသားတို့၏ အဆုံးစွန်သော သိနားလည်မှုနှင့် ကြိုးပမ်းမှုတို့၏ ပန်းတိုင်ဖြစ်သည်ဟူ၍လည်းကောင်း၊ အကြောင်းအကျိုး ဆက်သွယ်မှုအားလုံး၏ ပြင်ပ၌ တည်ရှိပြီး လွတ်လပ်၍ သံယောဇဉ် နှောင်ကြိုး ကင်းမဲ့သည်ဟူ၍လည်းကောင်း ရည်ညွှန်းတော်မူပြီးလျှင် ဤသို့ မိန့်ဆိုတော်မူ၏ –



"There is, O Bhikkhus, an Unborn (Ajata), Unoriginated (Abhũta), Unmade (Akata) and Non-conditioned (Asankhata). If O Bhikkhus, there were not this Unborn, Unoriginated, Unmade, and Non-conditioned, an escape from the born, originated, made and conditioned, would not be possible here. As there is, O Bhikkhus, an Unborn, Unoriginated, Unmade, and Non-conditioned, an escape from the born, originated, made, conditioned is possible."[1]

(1. Ven. Narada. The Buddha Dhamma)

"အို ရဟန်းတို့ ... မွေးဖွားခြင်း ကင်းသော (အဇာတ)၊ အကြောင်းတရား ကင်းသော (အဘူတ)၊ ပြုလုပ်မှု ကင်းသော (အကတ)၊ ပြုပြင်စီရင်မှု ကင်းသော (အသင်္ခတ) သဘောသည် ရှိသည်သာတည်း။ အို ရဟန်းတို့ ... အကယ်၍သာ ဤမွေးဖွားခြင်း ကင်းသော၊ အကြောင်းတရား ကင်းသော၊ ပြုလုပ်မှု ကင်းသော၊ ပြုပြင်စီရင်မှု ကင်းသော သဘောသာ မရှိခဲ့လျှင် မွေးဖွားခြင်း ရှိသော၊ အကြောင်းတရား ရှိသော၊ ပြုလုပ်မှု ရှိသော၊ ပြုပြင်စီရင်မှု ရှိသော အခြေအနေမှ လွတ်မြောက်ခြင်းဟူသည် အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း။ အို ရဟန်းတို့ ... မွေးဖွားခြင်း ကင်းသော၊ အကြောင်းတရား ကင်းသော၊ ပြုလုပ်မှု ကင်းသော၊ ပြုပြင်စီရင်မှု ကင်းသော သဘောတရား ရှိသောကြောင့်သာလျှင် မွေးဖွားခြင်း ရှိသော၊ အကြောင်းတရား ရှိသော၊ ပြုလုပ်မှု ရှိသော၊ ပြုပြင်စီရင်မှုရှိသောအခြေအနေမှ လွတ်မြောက်နိုင်ခြင်း ဖြစ်ပေ၏။

(ဘဒ္ဒန္တ နာရဒ ဆရာတော်၏ 'ဗုဒ္ဓဓမ္မ' မှ)

www.burmeseclassic.com



The being who has attained to such a state of Mind can live on, viewing phenomena objectively. And, usually he does so for the good and welfare of other beings. In time, when the force of energy that propelled him onto that final state of human existence is ultimately exhausted, he dies to that state. But, unlike his earlier incarnations, he is now not re-born onto any of the several planes of cognition, as Craving which gives rise to further manifestation, has been firmly rooted out. For, when all Craving ceases, the laws of 'attraction and repulsion' that give rise to a new being through the grasping of a new germ, are no longer set in motion. Nothing, however, is annihilated in the process. But, what we have all the time been conventionally calling a 'being' does not arise again.

ထိုသို့သော စိတ်အခြေအနေသို့ ရောက်ရှိသွားသော ပုဂ္ဂိုလ် တစ်ဦးသည် သဘာဝဖြစ်ရပ်များကို မမှိတ်မသုန်ကျကျ ရှုမြင်လျက် ဆက်လက်ကာ နေထိုင်သွားနိုင်၏။ ထိုသို့ဆက်လက်နေထိုင်သွား စဉ် အခြားသတ္တဝါတို့၏ ကောင်းကျိုးချမ်းသာအတွက် သယ်ပိုး ဆောင်ရွက်သွားလေ့ရှိ၏။ အချိန်ကျရောက်၍ လူ့ဘဝ၏ ထိုနောက် ဆုံး အခြေသို့ ရောက်အောင် တွန်းပို့ပေးခဲ့သော စွမ်းအင်၏ ခွန်အား နောက်ဆုံးပိတ် ကုန်ဆုံးသွားသည့်အခါ ထိုအခြေသို့ သူ ကွယ်လွန် သွား၏။ သို့သော် သူ၏ ရှေးရှေးက ဘဝသစ် ပြန်လည်ဖြစ်ပေါ်ခြင်း



နှင့် မတူဘဲ အာရုံသိသော ဘုံများစွာအနက် မည်သည့်ဘုံ၌မျှ ယခု ပြန်လည်မွေးဖွားခြင်း မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် နောက် ထပ် တစ်ဖန် ဘဝသစ်ကို ဖြစ်ပေါ်စေတတ်သည့် လိုချင်တပ်မက်ခြင်း (တဏှာ) ကို ခိုင်မြဲစွာ နုတ်ပယ်ဖယ်ရှားထားခဲ့ပြီး ဖြစ်သောကြောင့် တည်း။

အကြောင်းကား တဏှာလောဘ ချုပ်ငြိမ်းသွားသောအခါ မျိုး စေ့ သစ်၏ ဆွဲတွယ်ခြင်းမှ တစ်ဆင့် ဘဝသစ်ကို ဖြစ်ပေါ်စေသည့် 'ဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်း' နိယာမများသည် အသက်ဝင် လှုပ် ရှားခြင်း မရှိတော့ချေ။ သို့စေကာမူ ဤဖြစ်စဉ်၌ မည်သည့်အရာကိုမျှ အပြီးအပြတ် ချေမှုန်းသုတ်သင်လိုက်ခြင်း မရှိချေ။ သို့သော် 'သက်ရှိ သတ္တဝါ' တစ်ဦးဟု ကျွန်ုပ်တို့ တစ်ချိန်လုံး အစဉ်အလာအရ ခေါ်ဆို ခဲ့ကြသော ပုဂ္ဂိုလ်သည် တစ်ဖန်ဖြစ်ပေါ်ခြင်း မရှိတော့ချေ။

**Sir Edwin Arnold**, describing that final cessation from the recurring cycles of birth and death, says in his Light of Asia:

*If any teach Nibbāna is to cease,*
*Say unto such they lie;*
*If any teach Nibbāna is to live,*
*Say unto such they err.*

**ဆာအက်(ဒ်)ဝင်အာနိုး** သည် သူ၏ 'အာရှအလင်းရောင်' အမည်ရှိသည့် စာအုပ်၌ ထပ်ကာဖန်ဖန် မွေးဖွားခြင်းနှင့် သေခြင်း သံသရာမှ နောက်ဆုံးပိတ် ချုပ်ငြိမ်းသွားခြင်းကို ဤသို့ သရုပ်ဖော် ထားပါသည်-

www.burmeseclassic.com

www.burmeseclassic.com



*တစ်စုံတစ်ယောက်သောသူက နိဗ္ဗာန်သည်*
*ချုပ်ငြိမ်းရန်ဖြစ်သည်ဟု သင်ပြလျှင်*
*ထိုသူ လိမ်ညာနေသည်ဟု ပြောလိုက်ပါ။*

*တစ်စုံတစ်ယောက်သော သူက နိဗ္ဗာန်သည်*
*အသက်ရှင်နေရန် ဖြစ်သည်ဟု သင်ပြလျှင်*
*ထိုသူ မှားယွင်းသွားပြီဟု ပြောလိုက်ပါ။*

The continuity alone is broken. For, the four characteristics of matter— cohesion, extension, heat and motion— do not come together to provide a foundation (Nissaya) for future manifestation. These must always co-exist (even if one predominates over the others) to provide a foundation for phenomenal manifestation. They cannot exist separately, according to Buddhism. That ultimate state where there is no phenomenal manifestation, also called Pari-Nibbãna, is attained at death, only by one who has previously reached the state of Nibbãna (Non-Craving).

ဆက်လက်ဖြစ်ပေါ်ခြင်းသာလျှင် ပြတ်တောက်သွား၏။ အကြောင်းမှာ အခြေခံ ရုပ်လေးပါးဖြစ်ကြသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့သည် အနာဂတ် ဘဝ ဖြစ်ပေါ်လာရေးအတွက် (နိဿယသတ္တိအရ) မှီရာအဖြစ် ကျေးဇူးပြုရန် အတူတကွ မပေါင်းစည်းမိကြသောကြောင့် ဖြစ်၏။ ဤအခြေခံရုပ်လေးပါးသည် ရုပ်



နာမ် ဖြစ်ရပ်များ ထင်ရှားပေါ်လွင်လာရန်အတွက် အခြေခံ မှီရာအဖြစ် ကျေးဇူးပြုရန် အမြဲတစေ ယှဉ်တွဲတည်ရှိကြရ၏။ (ထိုသို့ယှဉ်တွဲတည်ရှိရာ၌ ရုပ်တစ်ခုခုက အခြားရုပ်များကို လွှမ်းမိုးနိုင်သည်။) ဗုဒ္ဓ ဘာသာ အရ ဤရုပ်တို့သည် တသီးတခြားစီ မတည်ရှိနိုင်ကြပါ။ ထိုရုပ်နာမ် ဖြစ်ရပ်များ ထင်ရှားပေါ်လွင်ခြင်း မရှိသော နောက်ဆုံးအခြေ (ဝါ) ပရိနိဗ္ဗာနကို တဏှာချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးကြသော ရဟန္တာတို့ကသာလျှင် သေဆုံးပြီးသည့်အခါ၌ ရရှိနိုင်ကြသည်။

Now, it will be interesting to ask ourselves whether such a state, where there is neither annihilation on the one hand, nor existence on the other yet a 'state', in contra-distinction to any known physical (mundane) form, is, in any way, possible of attainment? Sceptics may perhaps say that it is merely a theory–an empty dream–and, to such the story we have narrated earlier concerning the silly fish and the turtle might well apply.

ယခု ကျွန်ုပ်တို့သိပြီးသမျှ ရုပ်နာမ် (လောကီ) ပုံသဏ္ဌာန်တို့နှင့် ဆန့်ကျင်လျက် လုံးဝချုပ်ငြိမ်း ပျက်သုဉ်းခြင်းလည်း မဟုတ်၊ ဆက်လက် ဖြစ်တည်ခြင်းလည်း မဟုတ်သော ထိုနိဗ္ဗာန်ဟု ခေါ်ဆိုသည့် အခြေအနေကို ရရှိ၊ ရောက်ရှိနိုင်သည့် အလားအလာရှိပါသလားဟု ကျွန်ုပ်တို့ကို မေးကြည့်ရန် စိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။ သံသယ ရှိသူများက နိဗ္ဗာန်ဟူသည် အယူအဆ သီအိုရီမျှသာဖြစ်သည်၊ အနှစ်ကင်းသော အိပ်မက်မျှသာဖြစ်သည်ဟု ဆိုကောင်းဆိုကြလိမ့်

www.burmeseclassic.com



မည်။ ထိုသူတို့အတွက် စောစောက တင်ပြခဲ့သော မိုက်မဲသည့် ငါးနှင့် ရွှေလိပ်တို့၏ ပုံပြင်သည် အလွန်သင့်လျော်ပါလိမ့်မည်။

Looking at the prospects before us, however, in the light of modern atomic discoveries, we find that Nibbãna is, indeed, the only real state. For, Nibbãna involves the absence of cohesion, extension, heat and motion. And, interpreting temperatures as the intensity of thermal motion, scientists too have been led to conclude that there should be such a 'state' at a lowest possible— 'the absolute zero' temperature where molecular motion is said to stop entirely.

သို့ရာတွင် ခေတ်သစ် အဏုမြူတွေ့ရှိချက်များ၏ အထောက်အထားအရ ကျွန်ုပ်တို့၏ မျက်မှောက်ရှိရှေ့အလားအလာများကို ဆန်းစစ်ကြည့်လျှင် နိဗ္ဗာန်သည် တကယ်ပင် တစ်ခုတည်းသော အမှန်တည်ရှိသည့် အခြေအနေဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့ရ၏။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်တွင် ဖွဲ့စည်းမှု (အာပေါ)၊ ကျယ်ပြန့်မှု (ပထဝီ)၊ ပူမှု (တေဇော) နှင့် ရွေ့လျားမှု (ဝါယော) သဘောတို့ ကင်းစင်သောကြောင့် ဖြစ်၏။ ထို့အပြင် သိပ္ပံပညာရှင်များသည်လည်း အပူချိန်ကို အပူကြောင့် ရွေ့လျားမှု၏ ပြင်းအားအဖြစ် သတ်မှတ်ကြပြီးလျှင် ပကတိသုညအပူချိန်ဟု ခေါ်သော အနိမ့်ဆုံး ဖြစ်နိုင်သည့် အပူချိန်တွင် ထိုသို့သော အခြေအနေမျိုး ရှိလိမ့်မည်ဟု ကောက်ချက်ချကြရသည်။ ထိုပကတိသုည အပူချိန်တွင် မော်လီကျူးများ၏ ရွေ့လျားမှုအားလုံးသည် လုံးဝ ဥသုံ ရပ်ဆိုင်းသွားကြမည်ဟု အဆိုရှိသည်။



Using thermo-dynamics for our arguments too we can come to a similar conclusion, at least in theory, and postulate that under certain circumstances, motion stops entirely. That is the Buddhist point too. Hence, scientifically-speaking a state equivalent to Nibbãna is in every way possible of attainment. For, if one characteristic of matter, say motion, is absent, the others too cannot exist. But the western approach to the problem does not go beyond the realm of theory, and is only hypothetical—does not 'deliver the goods'. And, at best, for all practical purposes, merely leads to the appearance of the constituents of matter in different forms. A clear illustration of this being found in respect of certain substances, which at high boiling points, turn into gases, and tend towards unlimited expansion, which might reach—even infinity.

ကျွန်ုပ်တို့ အချေအတင် ဆွေးနွေးကြရာ၌ သာမိုဒိုင်းနမစ် (အပူကြောင့် ရွေ့လျားမှု) ပညာကို အသုံးပြုခြင်းဖြင့်လည်း အလားတူ နိဂုံးကောက်ချက်ကို ထုတ်ယူနိုင်ပြီးလျှင် အချို့သော အခြေအနေများ၌ ရွေ့လျားမှုသည် လုံးဝရပ်တန့်သွားသည်ဟု ယုတ္တိဗွအဆုံး သဘောတရားအနေဖြင့် အဆိုပြုနိုင်၏။ ဗုဒ္ဓဘာသာအမြင်သည်လည်း ထို့သို့ပင် ဖြစ်သည်။ သို့ဖြစ်၍ သိပ္ပံနည်းကျပြောရလျှင် နိဗ္ဗာန်နှင့် ညီ

www.burmeseclassic.com

www.burmeseclassic.com



မှုသော 'အခြေအနေ' ကို ရနိုင်သော အလားအလာသည် သေချာစွာ ရှိသည်ဟု ဆိုနိုင်၏။

အကြောင်းကား ရွေ့လျားမှုကဲ့သို့သော ဒြပ်၏အရည်အသွေး တစ်ခု မရှိတော့လျှင် အခြားသော အရည်အသွေးများလည်း မတည်ရှိနိုင်တော့ခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် ပြဿနာကို ဖြေရှင်းရန် အနောက်တိုင်း၏ ချဉ်းကပ်မှုသည် သိအိုရီ အယူအဆနယ်ပယ်ကို မကျော်လွန်နိုင်ဘဲ အဆိုပြုချက်မျှသာ ဖြစ်သဖြင့် အသံသာ မြည်ပြီး အဆံမပါသကဲ့သို့ ဖြစ်၏။ ထို့အပြင် ထိုချဉ်းကပ်နည်းသည် လက်တွေ့ ကိစ္စရပ်များအားလုံးအတွက် ဒြပ်၏အစိတ်အပိုင်းများက အသွင်အမျိုးမျိုးဖြင့် ထင်ပေါ်လာခြင်းသို့သာ ဦးတည်၏။ အထင်ရှားဆုံးသာဓကတစ်ရပ်မှာ အချို့သောအရာဝတ္ထုများသည် ၎င်းတို့၏ ရည်ရွယ်မှတ် အပူချိန်များ၌ အငွေ့များအဖြစ်သို့ ကူးပြောင်းသွားကြပြီးလျှင် အကန့်အသတ်မရှိ ကျယ်ပြန့်သွားနိုင်ကြသဖြင့် တိုင်းတာ၍မရသော အခြေသို့ ရောက်ရှိသွားခြင်း ဖြစ်၏။

Matter does not disappear altogether. In fact, if it did, we would all disappear from the scene and the measuring instruments too, and there would be none to watch the proceedings and live to tell the tale. Indeed, violence will have been done to the laws of Science whereby matter can neither be created nor destroyed. Without pursuing such fantastical ideas to their logical conclusions, let us revert to the subject under discussion. For one



cannot work against physical laws and the western approach is doomed to failure from the start.

ဒြပ်သည် လုံးဝဥဿုံပျောက်ကွယ်မသွားပါ။ အမှန်တွင် အကယ်၍ ဒြပ်ကွယ်ပျောက်သွားနိုင်လျှင် ကျွန်ုပ်တို့အားလုံးသည်ပင် ယခုမြင်ကွင်းမှ ကွယ်ပျောက်သွားကြပြီးလျှင် တိုင်းတာသည့် ကိရိယာများသည်လည်း ကွယ်ပျောက်သွားကြလိမ့်မည်။ အဖြစ်အပျက်များကို ကြည့်ရှုနေသူများလည်း မရှိကြတော့သည့်အတွက် ပုံပြင်ကိုပြောပြရန် အသက်ရှင်နေသူများလည်း ကျန်ရှိတော့မည် မဟုတ်ချေ။ သိပ္ပံနိယာမများသည်လည်း အမှန်တကယ်ပင် ကမောက်ကမ ဖြစ်သွားကြလိမ့်မည်။ ဒြပ်ကို အသစ်ဖန်တီး၍ မရ၊ ဒြပ်ကို ဖျောက်ဖျက်၍လည်း မရဟု သိပ္ပံနိယာမများက ဆိုထားပါသည်။ ထို့ကြောင့် ဒြပ်ပျောက်ကွယ်သွားခြင်းမှာ မဖြစ်နိုင်ပါ။

ထိုသို့သော ယုံကြည်ဖွယ်ရာမရှိဘဲ စိတ်ကူးယဉ်ဆန်သည့် စိတ်ကူးများကို အကြောင်းအကျိုး ဆက်စပ်ကာ ဆုံးခန်းတိုင်အောင် လိုက်လံစဉ်းစားခြင်း မပြုတော့ဘဲ ကျွန်ုပ်တို့ ဆွေးနွေးနေသည့်အကြောင်းအရာဆီသို့ ပြန်လည် ဦးလှည့်ကြပါစို့။ အကြောင်းမှာ ရူပဗေဒနိယာမများကို ဆန့်ကျင်၍ ကျွန်ုပ်တို့ အလုပ်မလုပ်နိုင်ကြပါ။ ထို့ကြောင့် အနောက်တိုင်း ချဉ်းကပ်နည်းသည် စလုံးရေ စကတည်းကပင် ကျရှုံးရန် ကြမ္မာဆိုး ငင်လျက်ရှိသည်။

However, we know that the constituents of matter provide a base or foundation (Nissaya) for phenomenal manifestation. Many religious systems

www.burmeseclassic.com

www.burmeseclassic.com



have evolved high-sounding theories, beginning with 'faith in God' and ending there too. But none have told us how to remove the foundation—how to stop the process of Becoming. For, they have not realized that 'faith in God', beautiful though it is, is no permanent remedy for the evil existence, for the roots of the evil lie deeper.

သို့ပါသော်လည်း ဒြပ်၏ အစိတ်အပိုင်းများသည် သဘာဝ ဖြစ်ရပ်များ ပေါ်ထွင်လာရန်အတွက် အခြေခံအုတ်မြစ် (နိဿယ) ဖြစ်သည်ကို ကျွန်ုပ်တို့ သိနားလည်ကြ၏။ ဘာသာရေးစနစ်များစွာတို့သည် ကျယ်လောင်စွာ မြည်ဟိန်းသော သီအိုရီ အယူအဆများကို တစ်စတစ်စ ပြောင်းလဲတိုးတက်စေခဲ့၏။ 'ဖန်ဆင်းရှင်ဘုရားသခင်၌ သက်ဝင်ယုံကြည်မှု'နှင့် စတင်ပြီး ဤအချက်နှင့်ပင် အဆုံးသတ်ခဲ့ကြသည်။

သို့သော် အခြေခံအုတ်မြစ်ကို မည်သို့ဖယ်ရှားရမည်၊ ဘဝသစ်ဖြစ်ခြင်း နည်းစဉ်ကို မည်သို့အဆုံးသတ်ရမည်ကို မည်သည့်ဘာသာရေးစနစ်ကမျှ ကျွန်ုပ်တို့အား မပြောပြပါ။ အကြောင်းကား 'ဖန်ဆင်းရှင် ဘုရားသခင်၌ သက်ဝင်ယုံကြည်မှု'သည် လှပပါသော်လည်း ဆိုးသွမ်းသော ဘဝအတွက် ကြာရှည်ခိုင်မြဲသော အဖြေ မဟုတ်ကြောင်းကို သူတို့သိရှိကြသောကြောင့် ဖြစ်၏။ ဆိုးသွမ်းခြင်း၏ အရင်းအမြစ်များသည် ပို၍ နက်ရှိုင်းစွာ ငုပ်လျှိုးနေသောကြောင့် ဖြစ်ပါသည်။

The child may find security in its mother's arms and be perfectly happy there. Even so, the



child-mind may take refuge in the bosom of deities and find comfort therein. But does the child know aught of its mother's sorrows and difficulties? Hardly, for she moves in a world that the child cannot understand. Does the child-mind know aught of the sorrows and difficulties deities have to content with in managing, so to speak, their little 'worlds'? Hardly, for they move in worlds that the undeveloped mind cannot comprehend.

Hence, if we are to find the 'peace that passeth all understanding', as adults among religionists, we must find a Way to stop birth which is the prelude to old-age, disease and death: the foundation upon which phenomenal manifestation is built must be removed.

ကလေးသည် မိခင်၏ ရင်ခွင်တွင် လုံခြုံမှုကိုတွေ့ရှိပြီး ထိုနေရာ၌ ပြည့်ဝစွာ ပျော်ရွှင်နေပေလိမ့်မည်။ ထိုသို့ဖြစ်စေကာမူ ကလေးစိတ်သည် နတ်သမီးများ၏ ရင်ခွင်တွင် ခိုလှုံပြီး ထိုနေရာ၌ ကိုယ်စိတ်ချမ်းသာမှုကို ရရှိကောင်း ရရှိနေပေလိမ့်မည်။ သို့ရာတွင် ကလေးသည် မိခင်၏ ဝမ်းနည်းပူဆွေးခြင်းများနှင့် အခက်အခဲများကို တစ်စုံတစ်ရာ သိနိုင်မည်လား။ သိနိုင်မည် မဟုတ်ပါ၊ အဘယ်ကြောင့် ဆိုသော် မိခင်သည် ကလေးနားမလည်နိုင်သည့် ကမ္ဘာတွင် လှုပ်ရှားနေသောကြောင့် ဖြစ်၏။ ကလေးစိတ်သည် နတ်သမီးများက စကာ

www.burmeseclassic.com

www.burmeseclassic.com



ပမာဆိုရလျှင် သူတို့၏ 'ကမ္ဘာငယ်များ' ကို စိမ်ကွပ်ကဲနေရခြင်း အတွက် ကြုံတွေ့နေကြရသည့် ဝမ်းနည်းပူဆွေးမှုများနှင့် အခက်အခဲများကို တစ်စုံတစ်ရာ သိနိုင်ပါမည်လား။ သိနိုင်မည်မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ထိုနတ်သမီးတို့သည် မဖွံ့ဖြိုးသေးသည့်စိတ်က နားမလည်နိုင်သော ကမ္ဘာများတွင် လှုပ်ရှားနေခြင်းကြောင့် ဖြစ်၏။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် 'နားလည်နိုင်မှုအားလုံးကို ကျော်လွန်သည့်ငြိမ်းချမ်းမှု' ကို ရှာဖွေရမည်ဆိုလျှင် ဘာသာရေးသမားများ အကြား၌ လူကြီးများကဲ့သို့ ပင်္ဂိုသန္ဓေနေခြင်း- ဓာတ်ကို ရပ်ဆိုင်းနိုင်သော နည်းလမ်းကို ရှာဖွေကြရမည်၊ ဓာတ်သည် ရင့်ရော်အိုမင်းခြင်း၊ ဖျားနာခြင်း၊ သေခြင်းတို့၏ ရှေ့ပြေးနိမိတ်ဖြစ်၏။ သို့ဖြစ်၍ ရုပ်နာမ်ဖြစ်ရပ်များ ထင်ရှားဖြစ်ပေါ်လာခြင်း၏ အခြေခံအုတ်မြစ်ကို ဖယ်ရှားပစ်ရမည်။

Only then, would we be able to say:

*O house-builder! (i.e., Craving) you are seen.*
*You shall build no house again.*
*All your rafters (i.e., passions) are broken,*
*Your ridge-pole (i.e., Ignorance) is shattered.*
*The Unconditioned has been attained.*

(Dhammapada)

ထိုအခါတွင်မှ ကျွန်ုပ်တို့ ဤသို့ပြောဆိုနိုင်လိမ့်မည်-

*"ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော*



*ဟယ်... တဏှာလက်သမား၊ ငါသည် သင့်ကို*
*(ပညာမျက်စိဖြင့်) ယခု မြင်အပ်ပြီ။*
*ခန္ဓာအိမ်ကို နောင်တစ်ဖန်*
*သင်ဆောက်လုပ်ရတော့မည် မဟုတ်။*
*သင်၏ (ကိလေသာတည်းဟူသော) အခြင်ရနယ်အားလုံးတို့ကို*
*(ငါ) ချိုးဖျက်အပ်ပြီ။*
*(အဝိဇ္ဇာ) တည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ။*
*(ငါ၏) စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ။*
*တဏှာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ရပြီ။"*

(ဓမ္မပဒ-၁၅၄)

To this day scientists are, as we have seen, groping in the dark—unable to help us attain to the Unconditioned state.

ယနေ့တိုင်အောင်ပင် သိပ္ပံပညာရှင်များသည် ကျွန်ုပ်တို့မြင်သိခဲ့ရသည့်အတိုင်း အမှောင်ထဲ၌ စမ်းတဝါးဝါးရှိနေကြပြီးလျှင် ကျွန်ုပ်တို့အား ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်အောင် မကူညီနိုင်ကြချေ။

Buddhism alone says the feat can be performed. The riddle of Existence can be solved. Birth can be stopped, —not by destroying matter universally, but by stopping the constituents of matter coming together to provide a foundation for what we call phenomenal manifestation. This is accomplished

www.burmeseclassic.com

www.burmeseclassic.com



by stopping motion, not as scientists are trying to do, from outside the atom or molecule, but from inside,—from within, so to speak! It is 'a-splitting' of the atom in the Metaphysical sense. For, when motion stops entirely, matter ceases to exist. That is the Buddhist view. And, no phenomenal manifestation is possible (as this depends on the constituents of matter in some from or other).

ဗုဒ္ဓဘာသာတစ်ခုတည်းကသာ ဤစွမ်းဆောင်မှုကို ပြုလုပ်နိုင်ကြောင်း ပြောဆိုပြီးလျှင် ဘဝပဟေဠိကို ဖြေရှင်းပေးနိုင်သည်။ စကြဝဠာ တစ်ခုလုံးနှင့် ဆိုင်သော ဒြပ်ကို ဖျက်ဆီးခြင်း မပြုဘဲ ရုပ်နာမ်ဖြစ်ရပ်ပေါ်ပေါက်လာခြင်းအတွက် အခြေခံအုတ်မြစ်သဖွယ် ဆောင်ရွက်ပေးရန် ဒြပ်၏ အစိတ်အပိုင်းများ ပေါင်းဆုံလာခြင်းကို တားဆီးပိတ်ပင်ခြင်းဖြင့် ပဋိသန္ဓေတည်နေခြင်းကို ရပ်ဆိုင်းနိုင်သည်။ ရွေ့လျားမှုကို ရပ်ဆိုင်းစေခြင်းဖြင့် ဤအမှုကို စွမ်းဆောင်နိုင်ခြင်း ဖြစ်သည်။ ရွေ့လျားမှုကို ရပ်ဆိုင်းစေရာ၌ သိပ္ပံပညာရှင်များ ကြိုးစားပြုလုပ်သလို အဏုမြူ သို့မဟုတ် မော်လီကျူး၏ပြင်ပမှ ပြုလုပ်ခြင်း မဟုတ်ဘဲ အတွင်းဘက်မှ (အဏုမြူထဲမှ) ပြုလုပ်ခြင်း ဖြစ်သည်။ ရုပ်လွန် ဆင်ခြင်မှုသဘောအရ အဏုမြူကို ခွဲခြမ်းခြင်း ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် ရွေ့လျားမှု လုံးဝရပ်ဆိုင်းသွားသောအခါ ဒြပ် (ရုပ်) တည်ရှိရန် ရပ်စဲသွားခြင်းကြောင့်ဖြစ်၏။ ဤကား ဗုဒ္ဓဘာသာ၏ အမြင် ဖြစ်၏။ ထိုအခါ ရုပ်နာမ်ဖြစ်ရပ်များ မဖြစ်ပေါ်နိုင်တော့ချေ။ (ရုပ်နာမ်ဖြစ်ရပ်များ ထင်ပေါ်လာရန်အတွက် ရုပ်၏ အစိတ်အပိုင်းများပေါ်တွင် တစ်နည်းမဟုတ်လျှင် အခြားတစ်နည်းဖြင့် မှီတည်နေသောကြောင့် ဖြစ်၏။)



However, as we have seen, in keeping with the development of knowledge in His time, the Buddha did not use the scientific jargon of today. He explained His doctrines in different ways—mainly in relation to the law of Kamma (i.e., Action) which operates through the force of Craving. He proved how true they were on the anvil of realization.

For, said the Buddha, where there is Craving, there will always be burning (heat) and a tendency to expand and to grasp, and so, as we understand the problem, the laws of 'attraction and repulsion' (which beget motion) will begin to function bringing together the molecules in varying combinations, which, as of yore, are referred to even today, as phenomenal manifestation, — the release of such force being directed onto the several planes of cognition like a spinning top that is wafted hither and thither, not through the propulsion of an External Agency, or God, as some imagine, but by its own kinetic energy generated through Craving for pleasures now here, now there, on the vast ocean of Samsāra.

www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း ကျွန်ုပ်တို့ မြင်သိခဲ့ရသည့်အတိုင်း မြတ်စွာဘုရားသည် သူ့ခေတ်၏အသိပညာတိုးတက်မှုနှင့် လျော်ညီစွာ ယနေ့ ထွန်းကားနေသည့် သိပ္ပံဝေါဟာရများကို အသုံးမပြုပါ။ သူ၏ တရားတော်ကို နည်းမျိုးစုံဖြင့် ရှင်းပြတော်မူ၏။ အဓိကအားဖြင့် လိုချင်တပ်မက်မှု–တဏှာစွမ်းအားမှတစ်ဆင့် အကျိုးသက်ရောက်မှု ရှိသည့် ကမ္မနိယာမနှင့် ဆက်စပ်ကာ ရှင်းပြတော်မူ၏။ ဤတရားတော်၏ မှန်ကန်မှုကို ကိုယ်တိုင် သိနားလည်ခြင်း ဟူသော ပေပေါ် တင်၍ သက်သေပြတော်မူ၏။

အဘယ့်ကြောင့်ဆိုသော် လိုချင်တပ်မက်မှု (တဏှာ) ရှိသည့် နေရာတိုင်း၌ ပူလောင်မှု (အပူ) ရှိပြီးလျှင် ကျယ်ပြန့်ရန်နှင့် ဆွဲတွယ်ရန် အလားအလာ ရှိလာသည်။ ထို့ကြောင့် ပြဿနာကို ကျွန်ုပ်တို့ နားလည်ကြသည့်အတိုင်း ဆွဲငင်မှုနှင့် တွန်းကန်မှုဆိုင်ရာ နိယာမများ အကျိုးသက်ရောက်လာပြီးလျှင် မော်လီကျူးရွေ့လျားခြင်းနှင့် အမျိုးမျိုးပေါင်းစပ်ခြင်းတို့ကို ဖြစ်ပေါ်စေ၏။ ထိုသို့ မော်လီကျူးများ ပေါင်းစပ်ခြင်းကိုပင် သဘာဝဖြစ်ရပ်များ ဖြစ်ပေါ်လာသည်ဟု ရှေး ယခင်ကရော ယခုပါ ပြောဆိုနေကြ၏။

ထိုသို့ သဘာဝဖြစ်ရပ်များ ဖြစ်ပေါ်ရာ၌ ထွက်ပေါ်လာသော စွမ်းအားသည် သတ္တဝါအသီးသီးကို ဘုံအမျိုးမျိုး၌ ဖြစ်ပေါ်အောင် ဆောင်ပေးသည်။ လည်ပတ်နေသော ဂျင်၏ စွမ်းအင်က ဂျင် လည် ပတ်ပုံအမျိုးမျိုးကို ဖန်တီးပေးသကဲ့သို့တည်း။ ထိုသို့ ဘုံအမျိုးမျိုး ရောက်အောင် တွန်းပို့ပေးသော စွမ်းအားသည် အချို့သော သူများ ယူဆသကဲ့သို့ ပြင်ပအဖွဲ့အစည်း သို့မဟုတ် ဖန်ဆင်းရှင်ဘုရားသခင်



ထံမှ ထွက်ပေါ်လာခြင်းမဟုတ်ဘဲ အလွန်ကျယ်ပြောသော သံသရာ သမုဒ္ဒရာတွင် ယခု ဤနေရာ၊ ခဏ ထိုနေရာ ဘုံအမျိုးမျိုး၏ ပျော်ရွှင်မှုကို နှစ်သက်တွယ်တာသည့် တဏှာမှတစ်ဆင့် ထိုဖြစ်ရပ်အသီးသီးမှ ပေါ်ထွက်လာသည့်စွမ်းအင်ပင် ဖြစ်သည်။

Here then is a scientific explanation to the perpetual cycle of birth and death,— this unceasing revolution. For, where there is motion, there will always be the other characteristics of matter to provide a foundation for Consciousness, which in its ultimate expansion through 'heat' generated at one-pointedness of mind, may through its intensity reach—even infinity, in much the same manner that some types of nuclear energy produced through, say a pound of helium, is able to run a 100-watt electric bulb for so long a time as 13,000,000 years.

ဤနေရာ၌ ဓာတ်နှင့်မရဏာတို့၏ အစဉ်အမြဲလည်ပတ်နေသော သံသရာ၊ တစ်နည်း မရပ်စဲနိုင်သော ဘဝလည်ပတ်မှုကို သိပ္ပံနည်းကျ ရှင်းပြနိုင်သည်။ အကြောင်းကား ရွေ့လျားမှုရှိသည့် နေရာတိုင်း၌ စိတ်အတွက် အခြေခံရုပ်အဖြစ် ပံ့ပိုးပေးရန် ရုပ်၏အခြားအရည်အသွေးများလည်း အမြဲတစေရှိနေကြမည်ဖြစ်၏။ ထိုစိတ်သည် နာမ်တရားတို့၏ အာရုံတစ်ခု၌ စုစည်းမိရာမှ ပေါ်ထွက်လာသော 'အပူ' မှတစ်ဆင့် အဆုံးတိုင် ကျယ်ပြန့်သွားရာဝယ် ၎င်း၏ ပြင်းအားပေါ် မူတည်၍ အကန့်အသတ်မဲ့သော အခြေထိအောင် ရောက်ရှိသွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မည်သည့်အရာနှင့် အလားတူသနည်းဟူမူ ဟီလီယမ်တစ်ပေါင်မှ ထွက်လာသော အဏုမြူစွမ်းအင်ကဲ့သို့ အချို့သော အဏုမြူစွမ်းအင် အမျိုးအစားတို့သည် ၁၀၀ ဝပ် လျှပ်စစ်မီးလုံးကို နှစ်ပေါင်း ၁၃ သန်းကြာမြင့်အောင် ထွန်းလင်းစေနိုင်သကဲ့သို့တည်း။

For, as we have said earlier, human or other physical forms are merely the vessels or receptacles (like bulbs) that hold the energy generated through various forms of Craving. Accordingly, we find the life-span in certain celestial worlds extending from 9,000,000 years to aeons of time—which, on the same analogy, do not seem to be impossible of attainment. These are the 'divine' states that mislead some of us into believing in 'Eternal' heavens.—Eternity!

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ရှေ့၌ ဖော်ပြခဲ့သလို လူ သို့မဟုတ် အခြားသော ရုပ်အသွင်သဏ္ဍာန်များသည် လိုချင်တပ်မက်မှု တဏှာ၏ အသွင်အမျိုးမျိုးမှ လွှတ်ထုတ်ပေးသည့်စွမ်းအင်ကိုထိန်းထားပေးသော (လျှပ်စစ်မီးလုံးကဲ့သို့) ခွက် သို့မဟုတ် ထည့်စရာများသာ ဖြစ်ကြသောကြောင့်တည်း။ သို့ဖြစ်၍ အချို့သော ဗြဟ္မာဘုံများ၌ သတ္တဝါတို့၏ သက်တမ်းများသည် နှစ် ကိုးသန်းမှ ကမ္ဘာပေါင်းများစွာ ကြာရှည်ကြသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ဤရှည်လျားသော သက်တမ်းများသည် တူညီသော ဥပမာအရ မရရှိနိုင်ဟု မထင်မှတ်ရပါ။ ဤသည်တို့ကား ကျွန်ုပ်တို့အထဲက အချို့သူတို့ကို 'ထာ



ဝရကောင်းကင်ဘုံ' (ဝါ) 'ထာဝရတည်မြဲမှု' ရှိသည်ဟု ယုံကြည်ရန် လမ်းမှားသို့ ပို့ဆောင်ပေးသော 'မြင့်မြတ်သည့်' အခြေအနေတို့တည်း။

This 'going' higher and higher into 'divine' or celestial regions, on the analogy of atoms may be likened to the behaviour of certain electrons that do big 'jumps' under certain circumstances and find a way deeper and deeper into the interior of the atom, emitting as they speed along bright rays of light in various forms of radiation from the surplus energy that has been let loose.

ဤသို့ ကောင်းကင်ဘုံများ၌ မြင့်သထက်မြင့်၊ မြတ်သထက်မြတ်အောင် မြင့်တက်သွားခြင်းသည် အဏုမြူများ ဥပမာဖြင့် ရှင်းပြရလျှင် အချို့သော အခြေအနေများ၌ အချို့သော အီလက်ထရွန်များသည် ကြီးမားသည့် 'ခုန်ကျော်မှုများ' ကို ပြုလုပ်၍ အဏုမြူ၏ အတွင်းပိုင်းသို့ နက်သထက်နက်အောင် ရောက်ရှိသွားကြကာ ၎င်းတို့၏ လျင်မြန်စွာ ရွေ့သွားစဉ် တောက်ပသော အလင်းရောင်ခြည်များကို ရောင်ခြည် အသွင်အမျိုးမျိုးဖြင့် လွှတ်ထုတ်ကြသည်နှင့် ဆင်တူ၏၊ လွှတ်ထုတ်လိုက်သည့် စွမ်းအင်အပိုမှ ရောင်ခြည်ထွက်လာခြင်း ဖြစ်၏။

For, we are told that certain highly placed 'divine' beings (i.e., Brahmas) who are reborn or 'jump', so to speak, into such exalted states through development of Meditation, radiate strong rays of light which are too powerful for ordinary beings to

www.burmeseclassic.com

www.burmeseclassic.com



behold. Similarly, in the lower 'divine' states of godlings (i.e., Devas) wherein meditation has not been developed to a high degree of potency, the rays of light emitted are not so bright and the beings themselves can be seen under certain conditions.

ကျွန်ုပ်တို့ ကြားသိရသည်မှာ အချို့သော အဆင့်မြင့်သည့် 'မြင့်မြတ်သူများ' (ဗြဟ္မာများ) သည် ဘာဝနာရှုပွား၍ ဈာန်တရားကို ရရှိခဲ့သည့်အကြောင်းကြောင့် ထိုသို့အဆင့်မြင့်သော ဘုံများ၌ ပြန်လည်၍ ဇာတိဖြစ်ခြင်း သို့မဟုတ် ဥပမာအားဖြင့် 'ခုန်ကျော်ခြင်း' ဖြစ်သောအခါ အလွန်တောက်ပသော အလင်းရောင်များကို လွှတ်ထုတ်နိုင်ကြသည်။ ဤအလင်းရောင်တို့သည် အလွန်စွမ်းအားကြီးကြသဖြင့် သာမန် လူသားတို့ မရှုကြည့်နိုင်ကြပါ။

အလားတူပင် ပို၍အဆင့်နိမ့်သည့် 'မြင့်မြတ်သော' အခြေများ (ဝါ) နတ်များ (ဒေဝများ) ၌ ဘာဝနာရှုပွားခဲ့ရာ၌ သမာဓိအဆင့် မြင့်အောင် မထူထောင်နိုင်ကြသည့်အတွက် ကိုယ်ရောင်ကိုယ်ဝါများသည် သိပ်မတောက်ပလှချေ။ ၎င်းတို့ကို အချို့သော အခြေအနေများ၌ မြင်တွေ့နိုင်သည်။

This difference too can be understood on the same analogy, for we are told that when the 'jump' of electrons is small into what may be likened to the atomic 'suburb', the energy let loose not being so powerful, the radiation appears in the form of 'visible



light', — thus establishing a relationship, as it were, between the microcosm and the macrocosm!

ဤခြားနားချက်ကိုလည်း အလားတူ ဥပမာဖြင့် နားလည်နိုင်ပါသည်။ အကြောင်းမှာ အီလက်ထရွန် 'ခုန်ကျော်မှု' က ဥပမာအားဖြင့် အဏုမြူ 'ဆင်ခြေဖုံး' သို့ သေးငယ်သည့် အတိုင်းအတာအရ ဖြစ်ပေါ်ခဲ့လျှင် လွှတ်ထုတ်သောအလင်းရောင်သည် 'မြင်နိုင်သောအလင်းရောင်' အသွင် ဖြစ်၏။ ဤသို့ဖြင့် အလွန်ကြီးကျယ်သော စကြဝဠာစနစ်နှင့် သေးငယ်သည့် ကမ္ဘာ (လူသား) အကြားတွင် ဆက်သွယ်မှုတစ်မျိုးကို ထူထောင်ပေးလိုက်၏။

Here then is perhaps a scientific explanation to the dazzling spectacle which, we are told, accompanies the appearance among human beings of certain highly placed celestial beings, as recorded in the Scriptures of almost every Creed.

ဤကား ဘာသာတရားအားလုံး၏ ကျမ်းစာများ၌ မှတ်တမ်းတင်ထားကြသည်ကို ကျွန်ုပ်တို့ ကြားသိရသည့်အတိုင်း လူတို့အကြား၌ အချို့သော အဆင့်မြင့်သော ကောင်းကင်ဘုံသားများ (နတ်ဗြဟ္မာများ) ပေါ်ပေါက်လာကြသည့်အတွက် မျက်စိပြာသွားလောက်အောင် တောက်ပသည့် ရင်သပ်ရှုမောဖွယ် ရှုခင်းများ ရှိခဲ့ကြောင်းကို ရှင်းပြရန် သိပ္ပံနည်းကျသော ရှင်းပြချက်တစ်ရပ် ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

Yet, though some of us who are in the vanguard

www.burmeseclassic.com

www.burmeseclassic.com



of humanity may reach such points—of 'Cosmic Consciousness', they are called,—it does not lead to the 'Boundless Security' associated with Nibbāna. For, the process of creation, of reproduction, goes on indefinitely.

သို့သော်ငြားလည်း ကျွန်ုပ်တို့အထဲမှ လူသားတို့၏ ဦးဆောင်ဦးရွက်များဖြစ်ကြသော အချို့သောသူတို့သည် ထိုသို့သောအဆင့်များသို့ (စကြဝဠာသိမှုအဆင့်ဟု သူတို့ခေါ်ဆိုကြသည်) ရောက်ရှိကြသည်ဟု ဆိုနိုင်ပါသော်လည်း နိဗ္ဗာန်နှင့် ယှဉ်စပ်နေသည့် 'အကန့်အသတ်မဲ့ လုံခြုံမှု' ဆီသို့ ဦးတည်သွားခြင်း မရှိပါ။ အကြောင်းမှာ ဖန်ဆင်းခြင်း ဖြစ်စဉ်၊ မျိုးပွားခြင်းဖြစ်စဉ်တို့သည် အကန့်အသတ် မရှိ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် ဖြစ်၏။

Relatively-speaking, we will not be a whit further than we were at the outset of our endeavours: we will still be where we were before. For, to the Buddhist, desire in all its aspects, whether human or divine, cannot but be productive of Suffering. The process of Becoming is still kept going, ever and anon, owing to Wrong Effort.

နှိုင်းဆ၍ပြောရသော် ကျွန်ုပ်တို့သည် စတင်ကြိုးပမ်းအားထုတ်သည့်အခြေမှ အနည်းငယ်မျှပင် ဝေးကွာ၍မသွားပါ။ ကျွန်ုပ်တို့ယခင်ရှိခဲ့သည့်နေရာ၌ပင် ရှိနေကြလိမ့်မည်။ အကြောင်းမှာ ဗုဒ္ဓဘာသာဝင်တို့အဖို့ လိုချင်မှုတဏှာသည် လူ၌ဖြစ်စေ နတ်ပြဟ္မာ၌ဖြစ်စေ ငင်း၏အသွင်သဏ္ဌာန်အမျိုးမျိုးဝယ် ဆင်းရဲခြင်းကို ဖြစ်ပေါ်စေခြင်းမှတစ်ပါး အခြားအရာတို့ကို မဖြစ်စေနိုင်ပါ။ အသစ် အသစ်ဖြစ်ပေါ်ခြင်း နည်းစဉ်သည် မှားယွင်းသောအားထုတ်မှုကြောင့် အမြဲတစေ အသစ် အသစ်ဖြစ်နေပေဦးမည်။



Here, then, on the analogy of the controlled experiment, where different substances, as conditions change, sometimes appear as solids, liquids and gases, we also see how sentient 'beings' have the inherent capacity to appear in varying forms of manifestation for varying periods of time.

That also explains the fundamental difference between the Buddha's teachings and all other religious systems, which for their Goal seek expansion and 'absorption in an universal Paramatma'.

ဤ၌တွင်လည်း ထိန်းချုပ်ထားသော စမ်းသပ်ချက်တစ်ခုကို ပုံနှိုင်း၍ ထိုစမ်းသပ်ချက်၌ အရာဝတ္ထုအမျိုးမျိုးသည် အခြေအနေများ ပြောင်းလဲသွားသောအခါ တစ်ခါတစ်ရံတွင် အခဲများအဖြစ် လည်းကောင်း၊ အရည်များအဖြစ်လည်းကောင်း၊ အငွေ့များအဖြစ် လည်းကောင်း တည်ရှိကြသလို အာရုံခံစားတတ်သော သတ္တဝါများသည်လည်း အချိန်ကာလ အပိုင်းအခြားအမျိုးမျိုး၌ ဘဝအမျိုးမျိုးအဖြစ် ပေါ်ပေါက်ရန် စွဲမြဲပါရှိနေသည့် စွမ်းရည်သတ္တိရှိကြောင်းကို ကျွန်ုပ်တို့ မြင်တွေ့နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်သည်လည်း မြတ်စွာဘုရား၏တရားတော်နှင့် အခြား ဘာသာရေးစနစ်အားလုံးတို့၏ အခြေခံခြားနားချက်ကို ရှင်းပြ၏။ အခြားဘာသာရေးစနစ်များသည် လူတို့၏ပန်းတိုင်အတွက် စကြဝဠာ ပရမအတ္တနှင့် ပေါင်းစပ်နိုင်ရန် ကျယ်ပြန့်ခြင်းနှင့် စုပ်ယူခြင်းကို ရှာဖွေကြသည်။

The ultimate aim of the Buddha's doctrines is not to lead humanity to such 'divine' states. Buddhism seeks to prevent the constituents of matter coming together to provide a foundation for phenomenal manifestation. This is accomplished, not merely in theory, by seeking to destroy or 'squeeze-out' matter, in any way, as western scientists are striving so hard to achieve at high and low temperatures in their laboratories and with their test-tubes, but in a practical way.

ဗုဒ္ဓတရားတော်၏ အဆုံးစွန်သော ရည်မှန်းချက်သည် လူသားတို့ကို ထိုသို့သော 'မြင့်မြတ်သည့်' အခြေအနေများသို့ ပို့ဆောင်ပေးရန် မဟုတ်ပါ။ ဗုဒ္ဓဘာသာသည် ရုပ်နာမ်ဖြစ်ရပ်များ ဖြစ်ပေါ်ခြင်းအတွက် အုတ်မြစ်ချပေးသည့် ရုပ်ဒြပ်၏ အစိတ်အပိုင်းများ ပေါင်းဆုံခြင်းကို တားဆီးဖို့နည်းလမ်းကို ရှာဖွေ၏။ ဤသို့ ရှာဖွေခြင်းသည် အနောက်တိုင်း သိပ္ပံပညာရှင်များ အထူးဝါယမစိုက်ထုတ်၍ဓာတ်ခွဲခန်းများနှင့် စမ်းသပ်ဖန်ပြွန်များတွင် မြင့်သောအပူချိန်၊ နိမ့်သော အပူချိန်တို့၌ တစ်နည်းနည်းဖြင့် ဒြပ်ကိုဖျက်ဆီးရန် သို့မဟုတ် 'ညှစ်ထုတ်ရန်' သဘောတရားအရ ရှာဖွေနေခြင်းမျှသာ မဟုတ်ဘဲ လက်တွေ့နည်းအရ အထမြောက်အောင်မြင်လျက် ရှိသည်။



The Unconditioned is attained through Right-Effort. For, through Right-Effort which depends on Right Views (which are Steps along the Noble Eightfold Path), when the force of Craving that leads to grasping and continued manifestation, and (formerly) set the laws of 'attraction and repulsion' in motion towards states of expanding Consciousness, is neutralised, no new 'being' arises: the two forces 'interlock', as it were! No offence is done to the laws of Science. Nothing is destroyed. Nibbāna remains.

ပြုပြင်စီရင်ခြင်း မရှိသော အခြေအနေကို ကောင်းစွာအားထုတ်မှုမှတစ်ဆင့် ရရှိသည်။ အဘယ်ကြောင့်ဆိုသော် မြင့်မြတ်သောမဂ္ဂင်ရှစ်ပါးကျင့်စဉ်၏ လှေကားထစ်များ ဖြစ်ကြသည့် မှန်ကန်စွာသိမြင်မှု (သမ္မာဒိဋ္ဌိ) အပေါ် တည်မှီနေသော ကောင်းစွာအားထုတ်မှု (သမ္မာဝါယာမ) မှတစ်ဆင့် ပြင်းထန်စွာ စွဲလမ်းမှုနှင့် ဆက်လက်၍ရုပ်နာမ်သစ် ဖြစ်ပေါ်မှုသို့ ဦးတည်သော တဏှာ၏ စွမ်းအားကို ပျက်ပြယ်စေသည့်အခါ 'ဘဝသစ်' ဖြစ်ပေါ်ခြင်း မရှိတော့သောကြောင့် ဖြစ်၏။ ဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်း စွမ်းအားနှစ်ရပ်တို့သည် အချင်းချင်း 'ချိတ်ဆက်' သွားသည်ဟု ဆိုရပေမည်။ ယခင်က ပြင်းထန်စွာ စွဲလမ်းမှုနှင့် ဆက်လက်၍ ရုပ်နာမ်သစ်ဖြစ်ပေါ်မှုသို့ ဦးတည်သော တဏှာစွမ်း

www.burmeseclassic.com

www.burmeseclassic.com



အားသည် ဆွဲငင်မှုနှင့် တွန်းကန်မှုနိယာမများကို ကျယ်ပြန့်လာသော စိတ်၏ အခြေအနေများဆီသို့ သက်ဝင်လှုပ်ရှားစေပါသည်။ ယခုဖြစ်ရပ်တွင် သိပ္ပံနိယာမများကို ချိုးဖောက်ခြင်း မရှိပါ။ မည်သည့်အရာကိုမျှ မဖျက်ဆီးပါ။ နိဗ္ဗာန်သည် ကျန်ရစ်၏။

The failure of scientists to provide such a Way to Freedom is mainly due to their being immersed in materialistic theories: this equally applies to other religionists. Thus the Buddha alone among Gods and Men, in bestowing upon mankind the knowledge of how to withdraw from between the pincers of Good and Evil, of God and Devil, of Criss and Cross, and attain to the Unconditioned without offending physical laws, becomes the Physician-cum-Scientist par-excellence of all time! Indeed, on reason alone, we should imagine there is a way.

ထိုသို့သော လွတ်လပ်မှုသို့ ပို့ဆောင်ပေးနိုင်သော နည်းလမ်းကို ထုတ်ဖော်ပေးရန် သိပ္ပံပညာရှင်များ၏ ကျရှုံးမှုသည် ရုပ်ပိုင်းဆိုင်ရာ သဘောတရား ယူဆချက်များ၌ သူတို့နစ်မြုပ်နေခြင်းကြောင့် အဓိက ဖြစ်၏။ ဤအချက်သည် အခြားသော ဘာသာရေးသမားများနှင့်လည်း အညီအမျှပင် သက်ဆိုင်ပါသည်။ သို့ဖြစ်၍ လူ နတ် ဗြဟ္မာများ၏ အကြားတွင် ဗုဒ္ဓမြတ်စွာ တစ်ဆူတည်းသာလျှင် အကောင်းနှင့်အဆိုး၊ ဘုရားသခင်နှင့် မာရ်နတ်ဆိုးတို့၏ ညှပ်လက်မများအကြားမှ အယှက်ယှက် အတင်တင် ဖြစ်နေကြသော အယူအဆများအကြားမှ ရုန်းထွက်နိုင်စေပြီးလျှင် ရူပဗေဒ နိယာမများကို ချိုးဖောက်ခြင်း မပြုဘဲ ပြုပြင်မှုကင်းရာ နိဗ္ဗာန်သို့ ရောက်နိုင် ဆိုက်နိုင်စေသည့် အသိဉာဏ်ကို ပေးဆောင်နိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အခါခပ်သိမ်း အထူးချွန် အပြောင်မြောက်ဆုံးသော သမားတော်ကြီးနှင့် သိပ္ပံပညာရှင်ကြီး ဖြစ်တော်မူ၏။ အမှန်တကယ်ပင် ကျွန်ုပ်တို့သည် နည်းလမ်းတစ်ခုရှိကြောင်းကို အကြောင်းအကျိုးပေါ် မူတည်၍သာ စဉ်းစားဆင်ခြင်ကြရမည်။



Pregnant with meaning, therefore, are His words as recorded in the Samyutta Nikāya:–

'When in deed, silent hours of thought,  
To the Truth the holy sage attains:  
Then is he free from joy and pain,  
From the form and the formless.  
Where water, earth, heat, air no footing found,  
There burns no lighting stars,  
nor shines the sun,  
the moon sheds not her radiant beams,  
But the home of darkness is not there'.

(Kindred Sayings).

သို့ဖြစ်၍ သံယုတ္တနိကာယ်တွင် မှတ်တမ်းတင်ထားသော ဗုဒ္ဓမြတ်စွာ၏ အောက်ပါစကားလုံးများသည် အဓိပ္ပာယ်များနှင့် ပြည့်စုံလျက်ရှိသည်–

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူး၏ နက်ရှိုင်း တိတ်ဆိတ်သည့် အချိန်နာရီများ၌
သစ္စာတရားကို မြင့်မြတ်သောပညာရှင်ကြီး သိမြင်သည့်အခါ
သူသည် ပျော်ရွှင်မှုနှင့် ဆင်းရဲမှုတို့မှလည်းကောင်း၊
ပုံသဏ္ဍာန်ရှိခြင်းနှင့် ပုံသဏ္ဍာန်မဲ့ခြင်းတို့မှလည်းကောင်း
လွတ်ကင်းသွား၏။
ထိုနေရာ၌ မြေ ရေ လေ မီးတို့၏ ခြေရာများကို မတွေ့ရပါ၊
တောက်ပသော ကြယ်များလည်း မထွန်းလင်းပါ၊
နေမင်းကြီးလည်း မထွန်းတောက်ပါ၊
ဖိုးရွှေလမင်းသည်လည်း
တောက်ပသော ရောင်ခြည်များကို မဖြာထုတ်ပါ၊
သို့စေကာမူ မှောင်မိုက်ခြင်း၏ နေအိမ်သည် ထိုနေရာ၌မရှိပါ"

(သံယုတ္တနိကာယ)

Unless we, too, develop a transcendental mind, therefore, (i.e., the mind of a Samma-Sambuddha, Pacceka-Buddha or Arahat), we shall, owing to Delusion (Avijjā), continue our evolutionary pursuits filled with craving for sensual and sensuous pleasures; and, as a natural result, we shall live but to suffer, entangling ourselves more and more in the process of Becoming.

ထို့ကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား သို့မဟုတ် ပစ္စေကဗုဒ္ဓါ သို့မဟုတ် ရဟန္တာအရှင်မြတ်၏ စိတ်ကဲ့သို့ သံသရာမှ လွန်မြောက်



နိုင်သော စိတ်ကို ကျွန်ုပ်တို့သည်လည်း မပျိုးထောင်နိုင်ကြလျှင် ကျွန်ုပ်တို့သည် မောဟအမိုက်မှောင်ကြောင့် ကာမဂုဏ်အာရုံများနှင့် စွဲမက်ဖွယ်ရာ ပျော်ရွှင်မှုများနောက်သို့ တဏှာရမ္မက်နှင့် ပြည့်လျှမ်းလျက် တရွေ့ရွေ့ပြောင်းလဲတိုးတက်ကာ ဆက်လက်လိုက်စားနေကြမည် ဖြစ်၏။ ထိုအခါ သဘာဝ ရလဒ်တစ်ရပ်အနေဖြင့် ကျွန်ုပ်တို့သည် ဘဝသံသရာတွင် ပို၍ပို၍ ငြိတွယ်ကပ်ရောက်လျက် ဆင်းရဲဒုက္ခအမယ်မယ်ကို ခံစားရန် ရှင်သန်နေကြပါလိမ့်မည်။

The Buddha Dhamma provides us with a way of attaining that state of Nibbānic freedom from sorrow, whence we, like the Buddha and His Arahats, need never emerge again. For, through Buddhist Meditation, recognizing first, the Four Noble Truths, namely, (1) The Noble Truth of Suffering, (2) The Noble Truth of the Cause of Suffering, (3) The Noble Truth of the Cessation of Suffering, and (4) The Noble Truth of the Path leading to the Cessation of Suffering, we gradually enter upon the Noble Eightfold Path, and are progressively brought from Illusoriness to Reality.

မြတ်စွာဘုရား၏ တရားတော်သည် ကျွန်ုပ်တို့အား ဝမ်းနည်းပူဆွေးခြင်းမှ လွတ်မြောက်သော နိဗ္ဗာန်အခြေအနေကို ရရှိစေသည့် နည်းလမ်းစဉ်ကို ညွှန်ပြပေးပါသည်။ ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်လျှင် ကျွန်ုပ်တို့သည် မြတ်စွာဘုရားနှင့် သူ၏ ရဟန္တာများကဲ့သို့ မည်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



မှု ပြန်လည်မွေးဖွားရန် မလိုအပ်တော့ပါ။ အကြောင်းကား ဘာဝနာ ရှုပွားခြင်းဖြင့် အရိယာသစ္စာလေးပါးကို ပထမသိမြင်ပြီးသော် ကျွန်ုပ် တို့သည် အရိယမဂ္ဂင်ရှစ်ပါးသို့ တစ်စတစ်စ ဝင်ရောက်သွားပြီးလျှင် မသိတွေဝေမှုမှ ထွက်ခွာကာ အစစ်အမှန်တရားဆီသို့ တိုးတက်၍ ရောက်ရှိသွားကြမည် ဖြစ်သောကြောင့်တည်း။ အရိယာသစ္စာလေး ပါးမှာ (၁) ဆင်းရဲခြင်း အမှန်တရား၊ (၂) ဆင်းရဲခြင်း၏ အကြောင်း ရင်း အမှန်တရား၊ (၃) ဆင်းရဲမှု ချုပ်ငြိမ်းခြင်း အမှန်တရားနှင့် (၄) ဆင်းရဲမှု ချုပ်ငြိမ်းရာသို့ ရောက်စေသော နည်းလမ်းအမှန်တရား တို့ ဖြစ်ကြ၏။

Thus, the wise man renounces evolutionary progress centring all his efforts upon withdrawing from the evolutionary currents in which all beings are swept onward. And, when Delusion (Avijjã) has disappeared and Wisdom has arisen, he heaps up neither meritorious nor demeritorious, nor imperturbable Kamma-formations.

သို့ဖြစ်၍ လိမ္မာသော ပညာရှိသည် တရွေ့ရွေ့ပြောင်းလဲ တိုး တက်မှုကို စွန့်လွှတ်၍ သတ္တဝါအားလုံး မျောပါနေရသော သံသရာ ရေစီးကြောင်းမှ ထွက်မြောက်နိုင်ရေးအတွက် သူ၏ကြိုးပမ်းမှု အား လုံးကို ရှုးစိုက်ထား၏။ တွေဝေမိုက်မဲမှု (အဝိဇ္ဇာ) ကင်းချုပ်၍ မဂ် ဉာဏ်ပညာ ထွန်းတောက်လာသောအခါ ကုသိုလ်တရားများနှင့် အ ကုသိုလ်တရားများကိုလည်းကောင်း နိုးကြွနိုင်စွမ်း မရှိကြသည့် ကံ တရားများကိုလည်းကောင်း သူ စုဆောင်းသိမ်းခြင်း မပြုတော့ပါ။



"Thus, through training and discipline, there is the entire fading away and extinction of this Delusion (Avijjã), and through the entire fading away and extinction of this Delusion, are extinguished the Kamma-formations. Through the extinction of the Kamma-formations, "Consciousness" (re-birth) is extinguished. Through the extinction of Consciousness the "Mental and Physical Existence" is extinguished. Through the extinction of the Mental and Physical Existence, the Six "Sense Organs" are extinguished. Through the existinction of the Six Sense-Organs, "Sensorial Impressions" are extinguished. Through the extinction of Sensorial Impression, "Feeling" is extinguished. Through the extinction of Feeling, "Craving" is extinghished. Through the extinction of craving, "Clinging" is extinguished. Through the extinction of Clinging, the "Process of Becoming", is extinguished. Through the extinction of the process of Becoming, "Re-birth" is extinguished. Through the extinction of Re-birth, "Decay and Death, Sorrow, Lamentation, Pain, Grief and Despair" are extinguished. Thus takes place the extinction of this whole mass of Suffering".

(1. Ven. Nyanatiloka, Word of the Buddha.)

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ သိလစောင့်ထိန်း၍ ဘာဝနာရှုပွားခြင်းကြောင့် မသိတွေဝေမှု (အဝိဇ္ဇာ) သည် လုံးဝဥဿုံ အကုန်ချုပ်ငြိမ်းသွားလေ၏။ မသိတွေဝေမှုလုံးဝချုပ်ငြိမ်းသွားခြင်းကြောင့် ကံတရားများဖြစ်သည့် သင်္ခါရ ချုပ်ငြိမ်းသွားလေ၏။ ကံတရားများ ချုပ်ငြိမ်းခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏ်နှင့် ဝိပါက်ဝိညာဏ်များ ချုပ်ငြိမ်းသွားကြ၏။ ဝိညာဏ်ချုပ်ငြိမ်းခြင်းကြောင့် စေတသိက်နာမ်ခန္ဓာသုံးပါးနှင့် ကမ္မဇရုပ်တို့ ချုပ်ငြိမ်းသွားကြ၏။ နာမ်တရား၊ ရုပ်တရားများ ချုပ်ငြိမ်းခြင်းကြောင့် အတွင်း အာယာတန ခြောက်ပါးဟူသော 'အာရုံအင်္ဂါများ' ချုပ်ငြိမ်းသွားကြ၏။ အတွင်း အာယာတန ခြောက်ပါး ချုပ်ငြိမ်းခြင်းကြောင့် အာရုံနှင့် ထိတွေ့မှု (ဖဿ) ချုပ်ငြိမ်းသွား၏။ ဖဿ ချုပ်ငြိမ်းခြင်းကြောင့် ခံစားမှု–ဝေဒနာ ချုပ်ငြိမ်းသွား၏။ ဝေဒနာ ချုပ်ငြိမ်းခြင်းကြောင့် လိုချင်တပ်မက်မှု–တဏှာချုပ်ငြိမ်းသွား၏။ တဏှာ ချုပ်ငြိမ်းသွားခြင်းကြောင့် စွဲလမ်းမှု–ဥပါဒါန် ချုပ်ငြိမ်းသွား၏။ ဥပါဒါန်ချုပ်ငြိမ်းခြင်းကြောင့် ကံအသစ်များကို စီရင်ခြင်း ဟူသည့် ကမ္မဘဝ ချုပ်ငြိမ်းသွား၏။ ကမ္မဘဝ ချုပ်ငြိမ်းခြင်းကြောင့် ဘဝသစ် ဖြစ်ပေါ်ခြင်းဟူသော ဇာတိ ချုပ်ငြိမ်းသွား၏။ ဇာတိ ချုပ်ငြိမ်းခြင်းကြောင့် အိုမင်းရင့်ရော်ခြင်း – ဇရာ၊ သေခြင်း – မရဏ၊ ပူဆွေးခြင်း – သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း–ဒုက္ခ၊ စိတ်ဆင်းရဲခြင်း – ဒေါမနဿနှင့် ပြင်းစွာ ပူပန်ခြင်း – ဥပါယာသတို့ ချုပ်ငြိမ်းသွားကြ၏။ သို့အတွက် ဆင်းရဲဒုက္ခအလုံးစုံ ချုပ်ငြိမ်းသွားလေ၏။

(ဘဒ္ဒန္တ ဉာဏတိလောက၏ 'မြတ်ဗုဒ္ဓ၏စကားတော်'မှ)



'Truly', says the Buddha, 'because beings ob-structed by delusion (Avijjā), and ensnared by craving (tanhā), now here, now there, seek ever fresh delight, therefore does there continually come to be fresh re-birth'.

'I proclaim', says the Buddha, 'that everything experienced by the senses is sorrow. But why? Because one in sorrow craves to be happy, and the so-called happy one craves to be happier still. So insatiate is worldly happiness'.

"အမှန်တကယ်ပင် သတ္တဝါများသည် မသိတွေဝေမှု (အဝိဇ္ဇာ) နှင့် ဖုံးလွှမ်းခံနေရသည်ဖြစ်၍ လိုချင်တပ်မက်မှု–တဏှာကျော့ကွင်းတွင် ကပ်ငြိနေသည်ဖြစ်၍ ယခု ဤနေရာ၊ ယခု ထိုနေရာတို့တွင် သစ်လွင်သည့် ပျော်ရွှင်မှုတို့ကို ရှာဖွေနေကြကုန်၏။ ဤအကြောင်းကြောင့် အသစ်အသစ်သော ပဋိသန္ဓေနေခြင်းတို့သည် အဆက်မပြတ်ဖြစ်ပေါ်ကြကုန်၏" ဟု မြတ်စွာဘုရား မိန့်တော်မူသည်။

"ကာမဂုဏ်ခံစားမှု ဟူသမျှသည် ဆင်းရဲခြင်းသာတည်း" ဟု ငါဘုရား ဟောကြားတော်မူ၏။ "အဘယ့်ကြောင့်နည်းဟူမူ ဆင်းရဲနေသော သူသည် ချမ်းသာပျော်ရွှင်မှုကို လိုချင်တောင့်တ၏၊ ထိုချမ်းသာ ပျော်ရွှင်နေသည်ဟု ခေါ်ဆိုရသောသူသည်လည်း ပို၍ချမ်းသာပျော်ရွှင်ရန် လိုလားတောင့်တ၏။ ဤသို့လျှင် လောကီချမ်းသာ ပျော်ရွှင်မှုသည် မည်သည့်အခါမျှ မပြည့်စုံနိုင်ချေ" ဟု မြတ်စွာဘုရား မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



From this brief analysis it will be seen that any attempt to interpret nature in terms of anthropomorphic concepts of our own creation and imagination is futile. For matter and mind, and, in fact, everything in the universe, is illusion—Māyā—dependent on a set of relations. And if matter and mind are themselves illusions, would not the belief in a Master-Mind as the Unknown Hand behind all phenomena be a Greater Illusion?

ဤခွဲခြမ်းစိတ်ဖြာမှု အကျဉ်းမှ ကျွန်ုပ်တို့ မြင်သိလာရသည်မှာ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖန်တီးမှုနှင့် ကြံစည်စိတ်ကူးမှုဖြစ်ကြသော လူနှင့် သဏ္ဍာန်တူသည့် အယူအဆများဖြင့် သဘာဝကို အဓိပ္ပာယ်ကောက်ရန် ကြိုးပမ်းမှုဟူသမျှသည် အကျိုးမရှိခြင်းပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရုပ်နှင့် နာမ်တရားတို့သည်လည်းကောင်း၊ အမှန်တကယ်တွင် စကြဝဠာအတွင်းရှိ အရာဟူသမျှသည်လည်းကောင်း လှည့်စားမှု 'မာယာ' မျှသာ ဖြစ်ကြပြီးလျှင် ဆက်သွယ်မှုတစ်စုံတစ်ရာပေါ်တွင် တည်မှီလျက်ရှိကြသောကြောင့် ဖြစ်၏။ ထို့အပြင် အကယ်၍ ရုပ်ဒြပ်နှင့် နာမ်တရားတို့ကိုယ်တိုင်က လှည့်စားမှုများ ဖြစ်ကြလျှင် ဖြစ်ရပ်များအားလုံး၏ နောက်ကွယ်၌ 'ဉာဏ်ကြီးရှင်' တစ်ဦးက 'မမြင်သိနိုင်သော လက်' ဖြင့် ဖန်တီးနေသည်ဟု ယုံကြည်ခြင်းသည် ပို၍ ကြီးကျယ်သော လှည့်စားမှု တစ်ရပ်ဖြစ်သည် မဟုတ်ပါလော။

Not uncaused and casually, therefore, nor by the fiat of some Omnipotent Deity did events happen, painful or otherwise, not as Job and the Psalmist taught 'God distributeth sorrows in his anger. For, God is a righteous judge, and God is angry every day'. Events came impelled by preceding conditions, causes that man could by intelligence and goodwill, study and govern, suspend or intensify.



ထို့ကြောင့် ဖြစ်ရပ်များသည် အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ အကြောင်းမရှိဘဲ အမှတ်မထင် ဖြစ်ပေါ်လာခြင်းလည်း မဟုတ်၊ တစ်စုံတစ်ဦးသော အနန္တ တန်ခိုးရှိသည့် နတ်ဘုရား၏ အမိန့်တော်ကြောင့် ပေါ်လာခြင်းလည်း မဟုတ်၊ သမ္မာကျမ်းစာတော်လာ ဂျော့(ဗ်) နှင့် ဆာလံကျမ်းပညာရှင်တို့ သင်ပြပေးကြသလို "ဘုရားသခင်သည် ဒေါသဖြစ်ပေါ်သည့်အတွက် နေ့စဉ်နေ့တိုင်း ဝမ်းနည်းပူဆွေးခြင်းကို ဖြန့်ဝေပေးသည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် မှန်ကန်သော တရားသူကြီး ဖြစ်ပြီးလျှင် နေ့စဉ်ပင်လျှင် စိတ်ဆိုးသောကြောင့် ဖြစ်၏" ဆိုသည်မှာလည်း မဟုတ်မမှန်ချေ။

ဖြစ်ရပ်များသည် ရှေ့က အကြောင်းတရားများ၏ စေ့ဆော်ပြုပြင်ပေးမှုကြောင့် ဖြစ်ပေါ်လာကြ၏။ လူသားတို့သည် ဤအကြောင်းတရားများကို အသိဉာဏ်နှင့် ကောင်းသောစိတ်ထားဖြင့် လေ့လာပြီး ချုပ်ထိန်းနိုင်သည်၊ ဆိုင်းငံ့ထားခြင်း သို့မဟုတ် တိုးမြှင့်ခြင်းကိုလည်း ပြုလုပ်နိုင်သည်။

Viewed thus, those great teachers of humanity who have propounded eternal heavens, omnipotent

www.burmeseclassic.com

www.burmeseclassic.com



deities, and unchanging souls in an everchanging process of flux (which is not the same even for two consecutive moments), however well-intentioned and sincere they might have been, are now seen not to have been endowed with any deeper insight into the real laws of nature than the most ignorant of their contemporaries, and their claim to be divinely inspired by God, not being supported by any evidence whatever, appears to be no more than a hallucination. And the whole concept of divine revelation is seriously undermined.

ဤသို့ရှုမြင်နိုင်လျှင် ဆိမ်းအလျှံ မြစ်ရေအယဉ်ကဲ့သို့ ခဏမစဲ ဖြစ်ပျက်ပြောင်းလဲနေသော ဖြစ်စဉ်၌ (ရှေ့ဆင့်နောက်ဆင့် ခဏငယ် နှစ်ခုအတွင်း၌ပင်လျှင် အတည်တကျ အတူတူမရှိသော ဖြစ်စဉ်၌) ထာဝရ ကောင်းကင်ဘုံများ၊ အနန္တ တန်ခိုးရှင် နတ်ဘုရားများနှင့် မပြောင်းလဲသည့် ဝိညာဉ်များကို တီထွင်ဟောပြောခဲ့ကြသော လူသားတို့၏ ကြီးကျယ်သည့် ဆရာများသည် မည်မျှပင် ကောင်းသော ရည်ရွယ်ချက်နှင့် ရိုးသားမှုတို့ ရှိကြစေကာမူ သူတို့၏ ခေတ်ပြိုင်လူသားများအနက် အသိဉာဏ်အနည်းဆုံးလူတို့ထက်ပို၍ သဘာဝ၏အစစ်အမှန် နိယာမများကို ထိုးထွင်းသိမြင်နိုင်သည့် စွမ်းရည် မရှိကြကြောင်းကို ယခုမြင်သိနိုင်ပါပြီ။

ထို့ပြင် သူတို့အား ဘုရားသခင်က မြင့်မြတ်စွာ စိတ်ထက်သန်လာအောင် အားပေးခဲ့သည်ဟု သူတို့ဆိုခဲ့ကြစေကာမူ ဤအဆိုကို



ထောက်ခံသော မည်သည့်အထောက်အထားမျှ မရှိချေ။ ထို့ကြောင့် ထိုအဆိုသည် အာရုံချောက်ချားမှုတစ်ရပ်ထက် မပိုလွန်ပါဟု ထင်ရှားလာပါသည်။ ထိုမှတစ်ပါးလည်း လျှို့ဝှက်ထားသည်ကို ဘုရားသခင်က ဖွင့်ဟဖော်ထုတ်ပေးသည်ဟူသော ယူဆချက်တစ်ရပ်လုံးသည်လည်း ကြီးကျယ်စွာ အခြေအနေပျက်ပြားသွားပါတော့သည်။

Thus while theistic creeds are unable to withstand the onslaughts of Science and are, one by one disintegrating like badly shuffled packs of cards, with their unenlightened adherents precariously hanging on to the debris, the teachings of the Supreme Buddha remain untouched, and are seen to be the only hope in a despairing world that is torn with strife and warfare, and threatened, even at this very moment, by the forces of irreligion on the one hand, and annihilation through atomic destruction on the other.

သို့ဖြစ်၍ ဖန်ဆင်းရှင် ဘုရားသခင်ရှိသည်ဟု ယုံကြည်ကြသော ဘာသာများသည် သိပ္ပံပညာ၏ အပြင်းအထန် တွန်းတိုက်မှုကို ကြံ့ကြံ့မခံနိုင်ကြသဖြင့် ညံ့ဖျင်းစွာ ကုလားဖန်ထိုးထားသော ဖဲချပ်များကဲ့သို့ တစ်ခုပြီးတစ်ခု ပြိုလဲနေကြပြီးလျှင် အသိဉာဏ်ပွင့်လင်းခြင်း မရှိကြသော ထိုဘာသာကိုးကွယ်သူများက အပျက်အစီးများကို ပြုတ်မလို ပြုတ်ခင် တွယ်ဖက်နေကြသည့် အချိန်အခါ၌ အထွတ်အထိပ် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တော်မူသော ဗုဒ္ဓမြတ်စွာဘုရား၏ သင်ပြချက်များသည် ထိခိုက်ခြင်း မရှိပါ။

ထို့အပြင် ပဋိပက္ခများ၊ စစ်မက်များနှင့် အုံကြွနေလျက် ဤအခိုက်အတန့်၌ပင်လျှင် တစ်ဖက်တွင် ဘာသာရေး မဟုတ်သော စွမ်းအားများ၏ ခြိမ်းခြောက်ခြင်းကို ခံနေရကာ အခြားတစ်ဖက်တွင်လည်း အဇကုမြူလက်နက်များဖြင့် လုံးဝဥဿုံဖျက်ဆီးခြင်းဘေးနှင့် ရင်ဆိုင်နေရသော စိတ်ပျက်ဖွယ်ရာ ယနေ့ကမ္ဘာတွင် တစ်ခုတည်းသော မျှော်လင့်ချက်မှာ ဗုဒ္ဓတရားတော်ပင် ဖြစ်သည်။

It may, however, be impossible for most of us to visualise a world of relations and we insist on looking for a Creator. In that case, instead of scanning the heavens for a heavenly Creator, should we not accept the Supreme Buddha's advice and look nearer home for an answer to the riddle of life? If we do this, we would soon see that the material world is, as the Buddha has said, nothing more than a construction of the consciousness. And, it is this that led **Eddington** to say: 'We have found a strange footprint on the shores of the unknown. We have devised profound theories to account for its origin. At last we have reconstructed the creature that made the footprint. And do ! It is our own'.

သို့ပါသော်လည်း ကျွန်ုပ်တို့ လူအများစုအတွက် အကြောင်း



အကျိုးများနှင့် တည်ဆောက်ထားသော ကမ္ဘာကို ရှုမြင်ရန် မလွယ်ကူပါ။ ထို့ကြောင့် ဖန်ဆင်းရှင်တစ်ဦးကို ရှာဖွေရန် ကျွန်ုပ်တို့ ဇွတ်အတင်း ကြိုးပမ်းနေကြသည်။ ထိုသို့ဖြစ်လျှင် ကောင်းကင်ဘုံမှ ဖန်ဆင်းရှင်တစ်ဦးကို ရှာဖွေရန် ကောင်းကင်ဘုံများကို လိုက်လံကြည့်ရှုနေမည့်အစား ကျွန်ုပ်တို့၏ အိမ်နှင့်နီးနီးနားနား ကြည့်ရှု၍ ဘဝပဟေဠိ၏ အဖြေကို ရှာဖွေရန် အနန္တဘုန်းရှင် မြတ်ဗုဒ္ဓ၏ အကြံပေးချက်ကို ကျွန်ုပ်တို့ လက်မခံသင့်ပါပြီလော။ မြတ်ဗုဒ္ဓ၏ အကြံပေးချက်အတိုင်း ကျွန်ုပ်တို့ ပြုလုပ်ကြလျှင် ဤရုပ်လောကကြီးသည် မြတ်စွာဘုရား ညွှန်ပြခဲ့သကဲ့သို့ စိတ်ဖြင့် တည်ဆောက်ထားသော လောကမှတစ်ပါး အခြား မည်သည့်အရာမျှ မဟုတ်ကြောင်း‡ကို ကျွန်ုပ်တို့ မကြာမတင်ပင် သိမြင်လာကြလိမ့်မည်။

ဤအချက်သည်ပင်လျှင် သိပ္ပံပညာရှင် **အက်ဒင်တန်**အား ဤသို့ မိန့်ဆိုရန် လမ်းညွှန်ပေးခဲ့သည် – "မသိမြင်နိုင်သော လောက၏ ကမ်းခြေများတွင် ထူးဆန်းသော ခြေရာတစ်ခုကို ကျွန်ုပ်တို့ မြင်တွေ့ရပြီ။ ၎င်း၏မူလကို ဖော်ထုတ်ရန်အတွက် ကြီးကျယ်သော ယူဆချက် သီအိုရီများကိုလည်း ကျွန်ုပ်တို့ တီထွင်ခဲ့ကြပြီ။ နောက်ဆုံး၌ ထိုခြေရာကို ချခဲ့သော သတ္တဝါကို ကျွန်ုပ်တို့ ပြန်လည်တည်ဆောက်လိုက်ပါသည်။ ကဲ ... ကြည့်ပါဦး၊ ထိုခြေရာသည် ကျွန်ုပ်တို့၏ ခြေရာပင် ဖြစ်ပါတကား။"

Men are free to exercise their reason with regard to all teachings. Hence, it is to the glory of the Buddha, that He allows His followers freedom.

www.burmeseclassic.com

www.burmeseclassic.com



boundless as the free sky above, which practically makes every man's own reason, the ultimate standard of his belief. In testimony of this are His own words in the Kãlãma Sutta: 'For this I taught you, not to believe merely because you have heard; but when you believed of your own consciousness, then to act accordingly and abundantly'.

လူတို့သည် ဘာသာတရားအားလုံးနှင့်ပတ်သက်၍ မိမိ၏ ဆင်ခြင်တုံတရားကို လေ့ကျင့်ရန် လွတ်လပ်ခွင့် ရှိသည်။ ဤအကြောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် သူ၏ငယ်သားများကို လွတ်လပ်သော ကောင်းကင်ကဲ့သို့ အကန့်အသတ်မရှိ လွတ်လပ်ခွင့် ပေးထားသည်မှာ သူ၏ဂုဏ်ကျက်သရေကို တိုးမြင့်စေပါသည်။ ဤသို့ခွင့်ပြုခြင်းသည် လူတစ်ဦးစီ၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားကို သူ့ယုံကြည်မှု၏ အဆုံးစွန်သော စံအဖြစ် ထားရှိရန် လက်တွေ့ကျကျ ပြုလုပ်ပေးလိုက်ခြင်းပင် ဖြစ်၏။

ဤအချက်၏ အထောက်အထားအဖြစ် ကာလာမ သုတ္တန်တွင် သူမိန့်ဆိုခဲ့သည့်စကားများကို ထောက်ရှုနိုင်ပါသည်– "ဤအကြောင်းကြောင့် သင်တို့အား ကျွန်ုပ်ညွှန်ကြား၏၊ သူတစ်ပါးတို့ ပြောဆိုသည်ကို ကြားရုံမျှဖြင့် သင်တို့မယုံကြည်ကြပါနှင့်။ သို့သော် သင်တို့၏ ကိုယ်ပိုင်အသိဖြင့် သင်တို့ယုံကြည်လာကြသောအခါ ထိုအတိုင်း စိတ်ရောကိုယ်ပါ ထပ်ကာထပ်ကာ ပြုကျင့်ပါလော့။"

Buddhism compromises not with False Views.



At the same time, no one is compelled to believe blindly; no one is coerced. There are no burnings at the stake; no threats of eternal damnation!

ဗုဒ္ဓဘာသာသည် လွဲမှားသော အယူဝါဒများနှင့် အပေးအယူပြု၍ လိုက်လျောညီနိုင်းခြင်းမျိုးကို လက်မခံပါ။ တစ်ချိန်တည်း၌ပင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မျက်ကန်း ယုံကြည်ရန် အတင်းအကျပ် မတိုက်တွန်းပါ၊ မည်သူ့ကိုမျှလည်း အတင်းအဓမ္မ မပြုလုပ်ပါ။ လူများကို ငုတ်တိုင်များ၌ ချည်နှောင်၍ မီးရှို့ခြင်းများကို မပြုလုပ်ခဲ့ပါ။ ထာဝရ အပြစ်ဒဏ်ကျခံစေမည်ဟူသော ခြိမ်းခြောက်မှုများကိုလည်း မပြုလုပ်ပါ။

'Long is the night to him who is awake,
Long is the road to him who is weary;
Long is the Samsãra to the foolish,
who know not the Sublime Truth'.

(Dhammapada).

"အိပ်မပျော်သူအတွက် ညဥ့်တာသည် ရှည်လျား၏၊
ပင်ပန်းနွမ်းနယ်သူအဖို့ ခရီးလမ်းသည် ရှည်လျား၏၊
နက်နဲသိမ်မွေ့သော သစ္စာတရားများကို မသိကြသော
သူမိုက်တို့အဖို့ သံသရာသည် ရှည်လျားလှစွာ၏။"

(ဓမ္မပဒ)

The End
ပြီးဆုံးပါပြီ

ဒေါက်တာမင်းတင်မွန်

www.burmeseclassic.com

www.burmeseclassic.com

**ဒေါက်တာဝင်းဘော်ချိန်၏ ရေးသားထုတ်ဝေပြီးစာအုပ်များ**

**ဤစာအုပ်ပါစာအုပ်များကို**

**ဖတ်ရှုလေ့လာလျှင် ကြီးကျယ်သော ဗုဒ္ဓဘာသာ့ဂုဏ်ရည်နှင့်**

**ကောင်းကျိုးချမ်းသာ၏ လမ်းကြောင်းကို ရရှိနိုင်ပါသည်။**

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။
၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်လိုစောင့်ရှောက်မလဲ။
၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့် အမြတ်ဆုံးရတနာဖြစ်သလဲ။
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျဘူး။
၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာ ပြန်ရိုက်ရသော စာအုပ်။
၆။ **ဘဝလမ်းနှစ်သွယ်** – သုဂတိ အလင်းလမ်းနှင့် အပါယ်ဒုဂ္ဂတိလမ်း ဘယ်လိုလှမ်း?
၇။ **ဘဝချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံး ချမ်းသာတွေက ဘာလဲ။
၈။ **[illegible]** – ဗုဒ္ဓအလိုတော်ကျသော ဝိပဿနာရှုနည်းက?
၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာရေးခြားကြဖို့။
၁၀။ **ဗုဒ္ဓနှင့် သစ္စာ အနှစ်ချုပ်** – အလှဆုံးတရားနှင့် အမြတ်ဆုံးတရားတို့ကို လက်တွေ့ကျင့်ဖို့။
၁၁။ **[illegible]** – တစ်လောကလုံးကို အလှဆုံး၊ မြင့်မြတ်စေသောတရား နှစ်ပါး။
၁၂။ **[illegible]** – ထူးဆန်းစွာ ရောဂါ ပျောက်ခြင်းများ
၁၃။ **[illegible]** – ကျန်းမာချမ်းသာစွာ နေနိုင်သည့် တရားရှုနည်း။
၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အကျိုးကြီးအောင် ဘယ်လိုလှူဒါန်းရမလဲ။
၁၅။ **မြတ်သီလ** – အလှဆုံး တန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်တရားရှိမှ လိုတိုင်းရစေ။
၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း၊ ဘာဝနာရှုနည်းများ။
၁၇။ **ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာသိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲလက်စွဲ။
၁၈။ **ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်** – The Aim and Way of Life.
၁၉။ **ဗုဒ္ဓဘာသာကျင့်ဝတ်နှင့် တာဝန်ဝတ္တရားများ** – Buddhist Ethics and Duties.
၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.

www.burmeseclassic.com

www.burmeseclassic.com

၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.

၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of The Buddha.

၂၃။ **တောင်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား** – တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။

၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ** – အတိတ်ဘဝတွေကို ဘယ်လို သိနိုင်သလဲ။

၂၅။ **အမြတ်ဆုံးပန်းတိုင် စေကန်ပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော တရားရှုနည်း။

၂၆။ **တက္ကသိုလ် အဘိဓမ္မာ ပေါင်းချုပ်** – ဗုဒ္ဓဒဿန အဘိဓမ္မာကို အရှင်းဆုံး တင်ပြထားသည့် စာအုပ်။
စာသင်သားများအား အဘိဓမ္မာ အထောက်အကူပြု။

၂၇။ **The Essence of Buddha-Abhidhamma** – ဗုဒ္ဓ အဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။

၂၈။ **Good English** – အင်္ဂလိပ်စာကို တတ်အောင် တော်အောင် သင်ပြမယ့် စာအုပ်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသားလက်စွဲ။

၂၉။ **ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ** (အိတ်ဆောင်) – မူ–လယ်–ထက် စာရိတ္တပညာ လက်စွဲ။

၃၀။ **တောင်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှု ရယူနည်း။

၃၁။ **စားအောက်တောရ စိတ်ဆက်** (အိတ်ဆောင်) – သမာဓိ ပြည့်မီအောင် ထူထောင်၍ ပရမတ်တရားများကို မြင်အောင် ဝိပဿနာရှုနည်း။

၃၂။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချ ကြီးပွားတိုးတက်မည်။

တရားကို ပေးလှူခြင်းသည် အမြတ်ဆုံးအလှူဖြစ်သည်။
တရားအရသာသည် အမွန်မြတ်ဆုံး အရသာ ဖြစ်သည်။
တရားနှင့် မွေ့လျော်ခြင်းသည် အကောင်းဆုံးမွေ့လျော်ခြင်းဖြစ်သည်။
တရားကို သိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံး ချမ်းသာကို ရယူနိုင်ကြပါစေ။

မြွှန်ရတနာ စာပေ
၁၅/၁၉၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁– ၂၈၆၆၁၀

www.burmeseclassic.com